www.burmeseclassic.com

ချောက်ချောက်ချားချား ပရဆန်းကြယ်လုံးချင်းဝတ္ထုသစ်

# သတ်မင်းဂျူပို

တောင်သမန်ထိပ်က

## မိစ္ဆာအိမ်



www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ်
၅၀၀၈၄၇၀၈၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၀၇၁၁၀၁၀
ထုတ်ဝေသူ
ဦးကျော်ဆန်း (ရဲအောင်စာပေ)
အမှတ် (၂)၊ ချွန်း ၁လမ်း။
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းနှင့် အဖုံးပုံနှိပ်သူ
ဦးကျော်ရင် (၀၅၄၁၇)
ရွှေခြသေ့ပုံနှိပ်တိုက်
အမှတ်-၂၀၈၊ ၃၁လမ်း၊ ၁၁-ရပ်ကွက်
ပန်းဘဲတန်း၊ ရန်ကုန်။
ပထမအကြိမ်
၂၀၁၂၊ ဩဂုတ်လ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၅၀၀ကျပ်။

၈၉၅ . ၈

သက်မင်းဂျူလိုင်
တောင်သမန်ထိပ်က မိစ္ဆာအိမ် / သက်မင်းဂျူလိုင်။ -ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၂။

၂၈၀-စာ၊ ၁၃X၂၀စင်တီ။
(၁) တောင်သမန်ထိပ်က မိစ္ဆာအိမ်


လောကမှာ . . .

အမှန်တကယ် ကြီးကျယ်အောင်မြင်တဲ့သူတွေဟာ

ရှုံ့မလိုတတ်ကြပါဘူး။

ရှုံ့လိုချင်တဲ့ သူ့ရဲ့စိတ်ကို . . .

သူကိုယ်တိုင် သတိနဲ့အသိတစ်ပြီး ထိန်းချုပ်တတ်တယ်။

ပြီးတော့ . . .

ပြိုင်ဆိုင်ပြီးတော့လည်း အနိုင်မယူတတ်ဘူး။

ကိုယ်လုပ်သင့်တဲ့အလုပ်ကို . . .

ကိုယ့်ဘာသာကိုယ် အားထုတ်လုပ်ကိုင်ကြရင်း

အောင်မြင်မှုပန်းတိုင်ကို ရောက်ရှိသွားကြတော့တာပါပဲ။

ကြယ်စင်သစ်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

အမှန်တကယ် ကြီးကျယ်မြင့်မြတ်လိုကြသူတွေဟာ သူတို့လုပ်ဆောင်ရမယ့်
အလုပ်ဟူသမျှတွေ ကို လုပ်ဆောင်နေကြရင်းက သူတို့ရောက်ရှိလို ့တဲ့
ရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်ပြတ်မခံ ထားကြဘူး။
သူတို့ဟာ . . .
စားတယ်၊ စောတယ်၊ ဆာတယ်၊ ပြည့်အင့်တယ်၊ ချမ်းတယ်၊ ပူတယ်ဆိုတဲ့
ဖျင်းရိခြင်း (၆) ပါးဆိုတာတွေကို သိတန်တောင်တွေ့ကြဘူး။
အချိန်နဲ့မလပ်အောင် လုပ်ဆောင်ကြရင်း
အချိန်ကို အကျိုးရှိအောင် အသုံးချကြရင်း
အချိန်နဲ့အမျှ တိုးတက်မြင့်မားသွားကြတော့တာပဲလေ . . .။





တောင်သမန်၊ ဦးပိန်တံတား၊ အမရပူရနှင့် ဒုဋ္ဌာဝတီထင့်စွာအခြောက်ခံရခြင်း

## တွေ့ဆုံခြင်း (တစ်)

အချိန်က... နေဝင်ရီသရော။
နေရာကား... ဦးပိန်တံတား[illegible]ယံတိုင်အနီး။
ပုဂ္ဂိုလ်ကား... အသက် [illegible] ကျော်အဘွားအိုတစ်ဦး။
အနီးအဘွားအိုသည် ဖျင်[illegible] [illegible]ထားပြီး အင်္ကျီမပါ ဗလာထီးတည်း။ အသားအ[illegible]ခြောက် ညိုရော်ရော်နှင့် လွန်စွာ ခြောက်သွေ့ပိန်ညှော်လွန်းလှသည်။ ကျုံလှီသေးငယ်သော ပန်းရိုးတွေက ငေါထွက်လျက်။ ခြေသလုံးတွင် ကြွက်သားများမရှိတော့။ လက်ချောင်းများက ရှည်လျားသေးသွယ်၍ လက်ဆစ်ရိုးတွေက တငေါငေါနှင့် လက်သည်းခြေသည်းများကမူ ရှုံ့ပဲ့တွန့်လိမ်ရှည်မည်းနေကြသည်။
ဆံပင်များက ဆွတ်ဆွတ်ဖြူလျက်၊ ထိပ်တည့်တည့်တွင် သျှောင်ပေစူးကဲ့သို့ ခပ်သေးသေး ထုံးချည်ထားသည်။ မေးရိုးပါးရိုးများကလည်း လျော့ကျကာ သွားများက ကျိုးပဲ့ကုန်ပြီထင့်... ။

www.burmeseclassic.com



ငင်းတို့ထက် ကျွန်ုပ် ဂရုပြုမိဆုံးအရာသည်ကား အဘွားအို၏ မျက်လုံးများပင်တည်း။ ဟုတ်သည်... အဲဘွားအို၏မျက်လုံး။ လက်ရှိ အသက်အရွယ်ဇရာနှင့်ဆိုလျှင် မှေးမွှားမှုန်ထိုင်းနေရမည့်အစား ထူးထူးခြားခြား အရောင်တဝင်းဝင်းနှင့် လင်းလက်နေသည်ကို ကျွန်ုပ် အံ့သြစွာတွေ့မြင်နေရပါ၏။

အဘွားအို၏အသွင်သဏ္ဌာန်ကို အစခပ်သိမ်း ခြုံငုံပြောဆိုရမည်ဆိုလျှင် ကျွန်ုပ်ငယ်စဉ်အခါက ကြည့်ခဲ့၊ ဖတ်ခဲ့ရသည့် စုန်းကဝေဝတ္ထု ရုပ်ရှင်ဇာတ်ကားများထဲမှ 'စုန်းမကြီး' နှင့် လွန်စွာပင် တူလွန်းလှသည်။ ရုပ်ရှင်ကားများထဲမှအတိုင်း ဝတ်ရုံနက်ကြီးကိုခြုံ၍ တောင်ငှေးကျောက်ကျောက်ကြီးဖွားဖွားချောင်းကိုသာ ကိုင်စွဲထားမည်ဆိုလျှင် တကယ့် 'ဇော်ဂနီ' စုန်းမကြီးတစ်ယောက်နှယ်ပါတည်း။

သို့သော် ထို ဇော်ဂနီ စုန်းမကြီး၊ ကဝေမကြီးဟု အထင်အမြင်လွဲမှားစေသည့် အဘွားအိုကြီးမှာ ကျွန်ုပ်အား ဒဏ္ဍာရီတစ္ဆေပုံပြင်ပေါင်းများစွာ၊ တကယ့်ဖြစ်ရပ်မှန် သမိုင်းအတ္ထုပ္ပတ္တိပေါင်းများစွာ၊ ခေတ်အဆက်ဆက် ရာဇဝင်များစွာတို့သာမက သူ မွေးဖွားကြီးပြင်းခဲ့ရာ နယ်ပယ်ဖြစ်သည့် တောင်သမန်၊ ဦးပိန်တံတား၊ အမရပူရနှင့် ဒုဋ္ဌာဝတီမြစ်ရိုးတစ်လျှောက်မှ သမိုင်းရာဇဝင်၊ ဒဏ္ဍာရီပုံပြင်များနှင့် ကိုယ်တွေ့သရဲတစ္ဆေပုံပြင်ဇာတ်လမ်းများကို ပြောပြခဲ့သည့် ကျွန်ုပ်၏ ကျေးဇူးရှင်အဘွားအိုတစ်ဦး ဖြစ်ခဲ့ပါသည်ဟု ဆိုလျှင်... ။

ထိုကျေးဇူးရှင်အဘွားအို၏ အမည်နာမသည်ကား...

ဖဖဖ





## တွေ့ဆုံခြင်း (နှစ်)

BURMESE CLASSIC

တောင်ပြုံးနှင့် ရတနဂူ နတ်ပွဲများသို့ မရောက်ဖြစ်ခဲ့သည်မှာ နှစ်ပေါင်းအတော်ပင်ကြာမြင့်ခဲ့ပါပြီ။ ထို့ကြောင့် ကျွန်ုပ်ငယ်စဉ် (လွန်ခဲ့သောနှစ်ပေါင်း ၄၀ ခန့်ဆီက) ပွဲတော်များနှင့် မည်ကဲ့သို့ ခြားနားလေသနည်းဟု သိလိုသဖြင့် ငင်းနတ်ပွဲနှစ်ပွဲသို့ ကျွန်ုပ်သွားရောက်ခဲ့ပါချေ၏။

အသက်အရွယ်ကြီးပြင်းလာသဖြင့် မပျော်တတ်သောကြောင့်သာ မဟုတ်။ အထူးသဖြင့် တောင်ပြုံးပွဲမှာ လူည်း၊ လှေ၊ ခြေလျင်သည်ဖြင့် အနည်းဆုံး နှစ်ညအိပ်ခန့်သွားလာတတ်ကြသည့် ကျွန်ုပ်ငယ်စဉ်အချိန်က တောင်ပြုံးပွဲများနှင့် နှိုင်းစာသော် ရာနိုင်နှုန်း (၁၀) မျှပင် ပျော်စရာမကျန်တော့ဟု ထင်မြင်မိသည်။

တောင်ပြုံးရွာထဲတွင် တည်းခိုကြ၊ အိမ်ငှားကြ၊ ကော်ဇောခန့်လန့်ကာများ ခင်းကျင်းကာ အိမ်ရှေ့ဝရန်တာတွင် ခတ်စက်ကြီးများ အပြိုင်ဖွင့်လျက် ဟိုပြေးသည်လွှားဖြင့် ပျော်မောရခြင်းများ၊



www.burmeseclassic.com

www.burmeseclassic.com



နတ်စင်နှင့် တည်းခိုကြသည့်အိမ် အခေါက်ခေါက်အခါခါ ကူးသန်းကြစဉ် ကြိတ်ကြိတ်တိုးစည်ကားသော ဈေးတန်းကြီးတစ်လျှောက် အထက်က ယို၊ အောက်က စိုလျက် ခြေမျက်စိမြုပ်သော ရွှံ့ဗွက်များထဲ၌ သွားလာရခြင်း၊ ကြက် ဝက် စသော ဟင်းလျာများထက် (ချုံပေါ်ရှက်) ဟင်းရွက်မျိုးစုံ ဟင်းချိုပူပူနှင့် တောင်ပြုံးငါးချဉ်ကို ကြက်သွန်မြိတ်၊ နံနံပင်၊ ငရုတ်သီးစိမ်းနိုင်နိုင်ထည့်၍ သုတ်ကာ ရှူးရှူးရှားရှားနှင့် မျက်ရည်များပင်ထွက်ကျသည်အထိ စားရခြင်းများ၊ မိုးရေစက်လက်တွင် 'တောထိုင်' လိုသော်လည်း ချုံတိုင်းတွင် လူရှိနေသဖြင့် မဟားဒယား ပြေးကြရခြင်းများ၊ 'တောထိုင်'စရာနေရာ ရှာဖွေရင်း နွားလှည်းစခန်းရှိ လှည်းပေါင်းမိုးများနောက်ကွယ်သို့ ဝင်တိုးကြရာမှ သမီးရည်းစားစုံတွဲများနှင့် ရင်ဆိုင်တိုးမိကြသဖြင့် ထွက်ပြေးကြရခြင်း စသောဖြစ်ရပ်များမှာ စင်စစ် ပျော်စရာကောင်းသော 'ဒုက္ခ' များသာ ဖြစ်ပါချေ၏။ "

လောက၌ ပျော်စရာဟူသမျှသည် ဒုက္ခထဲမှ ရကြသည်ဖြစ်၍ 'ဒုက္ခ' နှင့်ကင်းသော ပျော်စရာဟူသည် အဘယ်မှာရှိနိုင်ပါအံ့နည်း။ သို့သော် ယခု ကျွန်ုပ်ကြုံတွေ့ခဲ့ရသည့် 'ရတနာ့ဂူ၊ တောင်ပြုံးပွဲတို့တွင်မူ ထို 'ဒုက္ခ' များကို မတွေ့ရပါလေတော့၊ ဆိုင်ကယ်သံတညံညံ၊ ကားဟွန်းသံတညံညံ၊ ရောင်စုံခြယ်သထားကြသော လူရောင်စုံများဖြင့် လွန်ခဲ့သောနှစ်ပေါင်း (၅၀) ခန့်က တောင်ပြုံးအလှ၊ ရတနာ့ဂူအလှတို့သည် နမြောတသဖွယ်ရာ ပျက်ပြယ်မှေးမှိန်သွားခဲ့ကြပါချေပြီတည်း။





ရတနာ့ဂူနတ်ပွဲမှအပြန် အမရပူရကို ဖြတ်ကျော်၍လာခဲ့သည်။ ယခင်နှစ်ပေါင်း (၄၀) ကျော်က ကြုံခဲ့ဖူးသော ရပ်ကွက်အချို့ကို သတိရနေမိသည်။ သို့သော် နေအိမ်အဆောက်အအုံများက အမြင်ဆန်းစွာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားကြပါချေပြီ။

မပြောင်းလဲသည်ကား တောင်သမန်အင်းနှင့် ဦးပိန်တံတား။ သူတို့ပင်လျှင် မလွန်ဆန်နိုင်သော 'သင်္ခါရ' တရားကြောင့် အိုမင်းမစွမ်းအရွယ်များသို့ပင် ရောက်ရှိနေကြရှာသည်ထင့်... ။

တောင်သမန်အင်းသည်ပင် ငယ်ရွယ်နုပျိုစဉ်ကကဲ့သို့ ရေဖောင်ဖောင်၊ လှိုင်းဖွေးဖွေး မရှိပါလေတော့၊ ခပ်အိုအို ဦးပိန်တံတားကြီးက ငယ်ပေါင်းဖြစ်သည့် ကျွန်ုပ်ကိုပင် ခပ်စိန်းစိန်း ကြည့်နေသည်သို့... ။

ထိုအချိန်တွင်...

ууу



www.burmeseclassic.com

www.burmeseclassic.com



## တွေ့ဆုံခြင်း (သုံး)

ချုပ်ညရီတွင်...
ဖြူတ်ချည်းမြင်သည်...
ရွှေရင်သိမ့်သိမ့်ခုန်သည်သို့... ။

ဟူသော ကဗျာစာချိုးကလေးအတိုင်း နေဝင်ရီသရော နွား ရိုင်းသွင်းချိန်တွင် ရုတ်တရက် မမျှော်လင့်ဘဲ မြင်ကွင်းတစ်ခုကြောင့် ကျွန်ုပ်၏ရင်တစ်ခုလုံး ဦးစောက်ကျွမ်းပြန်ဖြစ်သွားသည်သို့... ။

စာချိုး ကဗျာတိုလေးထဲကကဲ့သို့မူ အချောအလှ နတ်သမီး ချောတစ်ပါးကို တွေ့လိုက်ရသဖြင့် ရင်ခုန်လှုပ်ရှားရသည် မဟုတ်၊ စုန်းကဝေရုပ်ရှင်ကားကြီးများထဲမှ လွန်စွာကြောက်မက်ဖွယ်ကောင်းလှ သည့် 'စုန်းမအိုကြီး' ကဲ့သို့သော အဘွားအိုတစ်ယောက်ကို မြင်တွေ့ လိုက်ရခြင်းကြောင့်ပင်တည်း။

ဟုတ်သည်... ။ ဦးပိန်တံတား၏ရေလယ်တိုင်အနီးတွင် အသားမွဲမွဲ၊ ပိန်ခြောက်ခြောက်၊ အရုပ်ဆိုးဆိုးနှင့် အသက် (၈၀)





ကျော်ခန့်ရှိ အဘွားအိုတစ်ယောက်ကို ကျွန်ုပ် ကြုံတွေ့လိုက်ရသည်။ ရုတ်တရက်မူ အဘွားအို၏ တွန့်လိမ်ရှုတ်ခြောက်နေသည့် ဇဟိဋ္ဌိသွင် ပြင်ကိုကြည့်ကာ လန့်ဖျပ်သွားမိသော်လည်း စကားလက်ဆုံကျသွား သည့်အခါမှာတော့ ဤ စုန်းမကြီးတစ်ယောက်နှင့်တူသော ဒေါ်မဲဇာ သည် ကျွန်ုပ်အတွက် လွန်စွာမှအဖိုးမဖြတ်နိုင်သော 'ဗဟုသုတ ဟင်း လေးအိုးကြီးတစ်အိုး' နှယ် ဖြစ်နေပါတော့သတည်း။

အနီ 'ဒေါ်မဲဇာ' ဟူသည့် နာမည်ခပ်ဆန်းဆန်း အဘွားအို နှင့် ကျွန်ုပ် တောင်သမန်အင်း၏ ဦးပိန်တံတားတွင် မကြာခဏ တွေ့ဆုံဖြစ်ခဲ့ကြသည်။ အနီးကောင်းကောင်းနှင့် အမြစ်အပွေးများ တက်နေသည့် မယ်ဇယ်ပင်ကြီးများအောက်တွင်လည်း စကားလက်ဆုံ ကျခဲ့ကြသည်။ တောင်သမ[illegible]ပြင်[illegible]ခင်လည်း လှေစီးရင်း အဘွားအို၏စကားများကို နားထောင်ခဲ့သည်။ ဒေါ်မဲဇာပြောပြခဲ့သော အဖြစ်အပျက်များ၊ ကိုယ်တွေ့ဖြစ်ရပ်များ၊ [illegible]သားအဆက်ဆက် ပြောပြခဲ့သည့် သမိုင်းရာဇဝင် အတ္တုပ္ပတ္တိများ၊ ဒဏ္ဍာရီပုံပြင်ဆန်ဆန် သရဲတစ္ဆေဇာတ်လမ်းများမှာ စာရေးဆရာတစ်ယောက်အတွက် စာဖွဲ့ ချင်စရာကောင်းလောက်အောင် စိတ်ဝင်စားဖွယ်၊ ချောက်ချားတုန်လှုပ် ဖွယ်၊ မှတ်သားနာယူဖွယ်၊ သတိသံဝေဂတရားရဖွယ်ရာကောင်းလှ သည်ဖြစ်၍ ကျွန်ုပ်ကိုယ်တိုင် ရေးမှတ်ကာ မှတ်တမ်းတင်ထားခဲ့ပါ သည်။

ထို့ကြောင့် ရှေ့တွင်ဖတ်ရှုရမည့် 'တောင်သမန်ထိပ်က မိစ္ဆာ အိမ်' ဆိုသည့် ချောက်ချောက်ချားချား ပရဆန်းကြယ် ဝတ္ထုဖြော်



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ ထိုအဘွားအို ဒေါ်မဲဇာကိုယ်တိုင် ကျွန်ုပ်အား ပြောပြခဲ့သည့် တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ခုကို အခြေတည်ကာ ဇာတ်အိမ်ဖွဲ့၍ ရေးသားထားကြောင်း ရှိုးသားပွင့်လင်းစွာ ဝန်ခံအသိပေးအပ်ပါသည်။

ဆိုရပါမူ. . .

ကျွန်ုပ်ကိုယ်တိုင်ပင် ဒေါ်မဲဇာပြောပြနေသည့် အဖြစ်အပျက်များကို နားထောင်ရင်း တောင်သမန်၊ ဦးပိန်တံတား၊ အမရပူရနှင့် နန္ဒာဝတီတစ္ဆေ အခြောက်ခံရလေပြီလားဟု. . . ။

သက်မင်းဂျူးလိုင်
၇-၁၁-၂၀၁၁
၃-လိပ်ဆံခွန်ကျေးရွာ
အမရပူရမြို့နယ်
ဖုန်း-၀၉၇၃၀၀၀၇၃၈





အပိုင်း (တစ်)

- ❑ မိန္ဒာအိမ်မှ သားကောင်နှုန်း သို့မဟုတ်
- ❑ ရွှေဒင်္ဂါးတစ်ထုပ်၊ အသက်တစ်ချောင်း
- ❑ တောင်သမန်သစ္စာဝှရှိုက်
- ❑ အိမ်မက်တတ်ပါသဲမှ လူတစ်ယောက် သို့မဟုတ်
- ❑ သိုလာဝိကို လွမ်းမောနေသူတစ်ယောက်
- ❑ ဝန်းခိုတားချပ်ထဲက သိုလာဝိပုံရိပ်များ
- ❑ အမှတ်တမဲ့မှ အမှတ်ထရတွေ့ဆုံခြင်း



www.burmeseclassic.com

www.burmeseclassic.com



မိုစ္ဆာအိမ်မှ သားတော်များ သို့မဟုတ်

လရောင်က မှုန်ပျပျ... ။

ကြယ်စုအလင်းအချို့က မှိန်ဖျော့ဖျော့... ။

သည်ကြားထဲ မည်းညစ်ညစ် တိမ်မည်းညိုတစ်အုပ်က လေနှင်ရာ တရွေ့ရွေ့သွားလာနေကြသဖြင့် ညဥ့်ကောင်းကင်တစ်ခုလုံး ပိုးတဝါးအလင်းဖြင့်သာ မှုန်ဝါးဝါးရှိနေပါချေ၏။

အချိန်က ညဥ့်ဆယ်နာရီခန့်ရှိပါပြီ။

တောင်သမန်အင်း၊ ဦးပိန်တံတားနှင့် မည်းမည်းအုပ်အုပ် မယ်ဇယ်ပင်တန်းကြီးများက မှုန်မွဲမွဲလရောင်ပျပျအောက်တွင် လေတိုက်သံ၊ သစ်ရွက်လှုပ်ခတ်သံ တညှိုးညှိုးနှင့်... ။ ထို့အတူ ဦးပိန်တံတားထိပ် ကုန်းမြင့်ထက်ရှိ အဆောက်အအုံမည်းမည်းကြီးကလည်း ညဥ့်အမှောင်ရေးရေးဝယ် ကြာခြေကြီးရင့်စွာဖြင့် ဝီတိ မလှုပ်မယှက်။

ကျွန်းသစ်များကို စိတ်တိုင်းကျဖြတ်၍ ထုထည်ကြီးမားစွာဖြင့်





ငါးဆောင်ပြိုင်ဆောက်လုပ်ထားသည့် ရှေးလက်ရာအိမ်ကြီးတစ်ဆောင်ဖြစ်သည်။ ဖရုန်များ အထပ်ထပ်သုတ်ထားသောကြောင့် တစ်အိမ်လုံးမည်းမှောင်လျက်ရှိသည်က တစ်ကြောင်း၊ အချို့နေရာများတွင် ပျက်စီးယိုယွင်းနေသည့်အပြင် ချုံနွယ်များ ဖုံးလွှမ်းရစ်ပတ်လျက်ရှိသည်က တစ်ကြောင်းကြောင့် ယခုကဲ့သို့ အမှောင်လွှမ်းသောညများတွင် အဝေးမှ ကြည့်လိုက်မည်ဆိုပါက မကောင်းဆိုး[illegible]ကြီးတစ်ကောင် ငုတ်တုတ်ငိုက်မျဉ်းနေသည်နှင့် [illegible]သည်။

ရုံဖန်ရုံခါ ရတနဂူနတ်ပွဲဘက်ဆီမှ [illegible] လေအသင့်တွင် လွင့်ပျံလာကြသည်။ မှုန်ဝါး[illegible] မဆိုမပို ကြယ်ရောင်အလင်းက တောင်သမန်အင်းစပ်ရှိ မယ်[illegible]င်ထုကို မထွင်းဖောက်နိုင်။

ထိုအချိန်တွင်...

'အူး ဝူး... အူ ဝူး ဝူး ဝူး'

ညဥ့်၏တိတ်ဆိတ်ခြင်းကို ဖောက်၍ ခွေးတစ်ကောင်၏ ရှူးရှူးဝါးဝါးအူသံကြီးက 'တောင်သမန်ကျောက်တော်ကြီးဘုရား'ဘက်ဆီမှ ထွက်ပေါ်လာသည်။ ထိုခွေးအူသံကြီးမှာ တိတ်ဆိတ်စွာ အိပ်မောကျလျက်ရှိသော ညဥ့်ယံတွင် သွေးပျက်ချောက်ချားဖွယ်ရာ လွင့်ပျံလျက်။

တောင်သမန်အင်း၊ ဦးပိန်တံတားနှင့် ငါးဆောင်ပြိုင် ရှေးဟောင်းအိမ်အိုကြီးသည် မှုန်ဝါးဝါးလရောင်နှင့် အမှောင်ထုတစ်ဝက်တစ်ပျက်အောက်တွင် တိတ်ဆိတ်ငြိမ်သက်နေသည်ဆိုသော်လည်း ထိုခွေးအူသံကြီးကို ကြားလိုက်ရသူများအဖို့ နောက်တစ်နေ့တွင် 'အူ



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာသတင်းဆိုး’ တစ်ခုကို ကြားရတော့မည်ဖြစ်ကြောင်း အလိုလို သိနေကြသည်သို့. . . ။

စင်စစ် ထို ‘ငါးဆောင်ပြိုင်ရှေးဟောင်းအိမ်အိုကြီး’ သည် မန္တလေးနေပြည်တော်ကြီးတွင် သီပေါအရှင်မင်းမြတ် အုပ်ချုပ်စဉ် ကာလက မင်းကင်းမြို့စားကြီး၏ စံအိမ်တော်ကြီးဖြစ်ခဲ့သည်။ ထိုမှ အစဉ်အဆက်နေထိုင်လာခဲ့ရာမှ နောက်ဆုံးမျိုးနွယ်စု (မိသားစု) မှာ တစ်ယောက်ပြီးတစ်ယောက် အသေဆိုးနှင့် သေဆုံးသွားခဲ့ကြသည်။

သို့သော်. . .

ထူးဆန်းသည်မှာ ထိုကဲ့သို့ သေဆုံးသည့် မိသားစုနွယ်တိုင်း မည်သို့မည်ပုံ သေဆုံးကြရသည်ကို မသိကြရပေ။ သတ္တဝါတစ်ကောင် ကောင်၏ လက်ချက်လေလား။ လူသတ်ခံ၍ သေဆုံးခဲ့ရသည်လား။ သို့တည်းမဟုတ်. သူ့အလိုလို သို့မဟုတ် တစ်စုံတစ်ရာ ပယောဂ တစ်ခုခုကြောင့် ထိတ်လန့်တကြားဖြစ်ကာ နှလုံးသွေးရပ်တန့်၍ သေ ဆုံးခဲ့ရခြင်းလေလား ဆိုသည်ကိုတော့ မည်သူတစ်ဦးတစ်ယောက်မျှ အတိအကျ မသိခဲ့ကြရပေ။

ထို့ပြင်သာမက သေဆုံးသူများ၏ရုပ်အလောင်းကို ပုလိပ်ဘက် မှသော်လည်းကောင်း၊ မှုခင်းဆရာဝန်များဘက်မှသော်လည်းကောင်း အမျိုးမျိုးအဖုံဖုံ အသေးစိတ် စစ်ဆေးခဲ့ကြသည့်တိုင် မည်သည့်ထူး ခြားမှုကိုမျှ မတွေ့ရပေ။ အတွင်းဒဏ်ရာ၊ အပြင်ဒဏ်ရာဟူ၍ တစ်စုံ တစ်ရာ မတွေ့ရ။ ထို့ပြင် အဆိပ်မိသော၊ အဆိပ်သင့်သော မသင်္ကာ စရာလက္ခဏာဟူ၍ တစ်စုံတစ်ရာမျှ မတွေ့ခဲ့ကြရပါချေ။

ကြယ်စင်သစ်စာပေတိုက်



သေဆုံးသူများမှာ ငါးဆောင်ပြိုင်အိမ်ကြီးအတွင်းရှိ အိပ်ခန်း တစ်ခုအတွင်းရှိ ခုတင်ကြီးတစ်လုံးပေါ်တွင် အိပ်ပျော်နေသကဲ့သို့ သူ့ အလိုလို သေဆုံးသွားကြခြင်းဖြစ်သည်။ ထိုကဲ့သို့ လက်သည်တရားခံ မပေါ်ဘဲ၊ ဒဏ်ရာဒဏ်ချက်မပေါ်ဘဲ သေဆုံးသူ များပြားလာသော အခါ ထိုမင်းကင်းမြို့စားကြီး၏ စံအိမ်တော်ဟောင်းကြီးတွင် နေထိုင် ဝံ့သူ မရှိကြတော့ပေ။

ပုလိပ်ဘက်မှလည်း လူသတ်မှုဟု ယူဆကာ လက်သည် တရားခံကို ကြိုးစား၍ စုံစမ်းရှာဖွေခဲ့ပါသော်လည်း မသင်္ကာဖွယ်ရာ သဲလွန်စဟူ၍ တစ်စုံတစ်ရာမျှ မတွေ့ခြင်း၊ ခေတ်ကာလအခြေအနေ ကလည်း (၁၉၃၅) ခုနှစ်၊ မြန်မာနိုင်ငံအား အင်္ဂလိပ်အစိုးရ အုပ်ချုပ် စိုးစံစဉ်အချိန်ဖြစ်နေခြင်းတို့ကြောင့်လည်းကောင်း၊ အုပ်ချုပ်ရေး ဥပဒေ လက်တံမမီသေးသဖြင့်လည်းကောင်း နောက်ဆုံး လက်လျှော့ထားခဲ့ သည့်အချိန် ဖြစ်ပါ၏။

တောင်သမန်ညဉ့်သည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။ လရောင်မှုန်ပြာပြာ မှိန်ဖျော့ဖျော့အောက်တွင် အမှောင်ထုက တောင် သမန်ဝန်းကျင်တစ်ဝိုက်တွင် ကြီးစိုးမင်းမူထားလေသည်။ မစို့မပို့ အလင်းရောင်ကြောင့် တောင်သမန်အင်း၊ ဦးပိန်တံတား၊ မယ်ဖယ်ပင် တန်း အစရှိသော အရာဝတ္ထုများမှာ အမှောင်ထဲတွင် မည်းမည်းရိပ် ရိပ်နှင့် ညဥ့်လေရူးတစ်ချက် ဝှေ့ယမ်းဆော့ကစားလိုက်တိုင်း ဟိုသည် ယိမ်းနွဲ့လှုပ်ယမ်းနေကြသည်မှာ မကောင်းဆိုးဝါးတစ္ဆေကောင်ကြီးများ ယိမ်းထိုးလှုပ်ရှားနေကြသည့်နှယ်ပါတည်း။

ကြယ်စင်သစ်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် အရိပ်မည်းကြီးနှစ်ခုမှာ ယိုင်ထိုး ယိုင်ထိုးနှင့် တောင်သမန်အစပ်မှ ဦးပိန်တံတားကြီးဆီသို့ တိုးဝင်လျှောက်လှမ်းလာကြသည်။ ထိုအရိပ်မည်းကြီးနှစ်ခုမှာ ရတနာ့ဂူနတ်ပွဲမှ ပြန်လာကြသည့် ကံကြီးမောင်နှင့် ဖိုးထိန်ဆိုသူတို့ ဖြစ်ကြသည်။

သူတို့နှစ်ဦးစလုံး ရွှေကြက်ယက်ရွာမှဖြစ်ပြီး ရတနာ့ဂူနတ်ပွဲမှအပြန် ဖိုးညိုကြီးထန်းတောတွင် ဝင်၍ ထန်းရည်သောက်ပြီး ပြန်လာခဲ့ကြခြင်း ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင် နှစ်ဦးသား ဦးပိန်တံတားထိပ်သို့ မရောက်မီမှာပင် အုံ့ဆိုင်းနေသော မိုးရိပ်မိုးသားများက ဝေါခနဲ ဆိုင်းမဆင့် ဗုံမဆင့် ရွာချလာသည်။

"ဟော့... မိုးရွာလာပြီ ဖိုးထိန့်ရေ ဘယ်လိုလုပ်ကြမလဲ၊ ဟို ဟို... တံတားပေါ်က ဇရပ်အထိ ပြေးကြမလား"

"မဖြစ်ဘူး ကံကြီးမောင်၊ မိုးက သည်းလာနေပြီ၊ ဟိုရှေ့က အိမ်အိုကြီးထဲမှာပဲ ဝင်ပြီးခိုကြစို့၊ ကဲ... လာ လာ"

နှစ်ယောက်သား ထန်းရည်မူးမူးနှင့် တောင်သမန်အင်းနှင့် ဦးပိန်တံတားထိပ်ယွန်းယွန်းရှိ ကုန်းမြင့်ထက်မှ ပျက်စီးယိုယွင်းနေသည့် ငါးဆောင်ပြိုင်အိမ်အိုကြီးဆီသို့ ခပ်သွက်သွက် ပြေးဝင်လာခဲ့ကြသည်။ မိုးထဲရေထဲတွင် ကသောကမျောပြေးဝင်လာစဉ်က သတိမထားမိသော်လည်း အိမ်အိုကြီးထဲသို့ ရောက်ရှိလာခဲ့မှ ဖိုးထိန် သတိရသွားခဲ့သည် ထင့်... ။

"ဟာ... ဒါ ဒါ ဒါ ဟို ဟို... တ တ တစ္ဆေခြောက်တယ်၊ လူသေတယ်ဆိုတဲ့ ငါး ငါး ငါးဆောင်ပြိုင်အိမ် အိမ်ကြီးပဲကွ၊ မ မ





မဖြစ်ဘူး... ပြန် ပြန်ထွက် ပြန်ထွက်ကြမယ် ကံကြီးမောင်"

"အိုး ဖိုးထိန်ရယ်... ဒီလောက် မိုးထဲလေထဲမှာ ဘယ်နေရာမှာ သွားပြီးမိုးခိုမှာလဲ၊ နောက်ပြီး ဒီမိုးက တော်တော်နဲ့စဲမှာ မဟုတ်ဘူး၊ ကဲ... လာပါကွာ၊ ငါ့လွယ်အိတ်ထဲမှာ ဖယောင်းတိုင်နဲ့မီးခြစ်ပါ,ပါတယ်၊ အခန်းတစ်ခုထဲမှာ နားကြတာပေါ့"

ဟုတ်သည်... ။ အညာမိုးက ဆိုင်းမဆင့် ဗုံမဆင့် ဖြုန်းခနဲ ရွာချလာခဲ့သည် မဟုတ်ပါလား။ အမှောင်ထုကြီးစိုးနေသည့် မိုးမှောင်မှောင်၊ လေမှောင်မှောင်တွင် အပြင်သို့ ထွက်ရန် မလွယ်ကူပါတော့၊

"အဲဒါကြောင့် ငါပြောတာပေါ့၊ စောစောပြန်ရအောင်ပါဆို၊ မင်းက ဖိုးညိုကြီးထန်းတောရောက်ရင် တော်တော်နဲ့ ပြန်မထွက်တော့ဘူး"

"သြော်... မင်းပဲ ဖိုးညိုကြီးထန်းတောက ထန်းရည်က သိပ်ကောင်းဆို၊ စိတ်တူကိုယ်တူ သောက်ခဲ့ပြီးမှ မင်းက အရစ်ရှည်ဘယ်၊ ဒီအိမ်ကြီးထဲမှာ ဘယ်လောက်ကောင်းတုံး၊ မိုးလုံလေလုံနဲ့ ပါလာတဲ့ ထန်းရည်လေးနဲ့ ထပ်ပြီး ဆက်ရက်မင်းစည်းစိမ်ခံလိုက်ရင် တစ်ညလုံး ဇိမ်ပဲ ဖိုးထိန်ရေ၊ ဟင်း ဟင်း... တစ်သက်လုံး ဒီအိမ်ကြီးကနေ ပြန်ချင်မှာတောင် မဟုတ်တော့ဘူး... ဟင်း ဟင်း ဟင်း"

"ဟာကွာ... ဒီကောင် မူးမူးနဲ့ ဘာတွေလျှောက်ပြောနေတာလဲကွ... နိမိတ်မရှိ နမာမရှိနဲ့"

ကံကြီးမောင် ထန်းရည်မူးမူးနှင့် ထင်မိထင်ရာ ပြောဆိုနေသဖြင့် တစ္ဆေသရဲဆိုလျှင် လွန်စွာကြောက်တတ်သော ဖိုးထိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



မျက်စိမျက်နှာပျက်လျက် တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေပါချေပြီကော။

အပြင်ဘက်တွင်လည်း အညာမိုးက တဖဲဝါဝါနှင့် ရွာချနေဆဲ။ စောစောက မှုန်ဝါးဝါးရှိနေသည့် တစ်ခြမ်းပဲ့လကလေးနှင့် ကြယ်စုလေးများပင် ဘယ်ကမ္ဘာသို့ ဝင်ရောက်ပျောက်ကွယ်သွားကြသည်မသိ။ ညဉ့်ကမ္ဘာတစ်ခုလုံး မိုးသံလေသံအောက်တွင် မလူးသာ မလွန့်သာနှင့် ရှိနေပါတော့သည်။

ဖယောင်းတိုင်မီး၏အလင်းရောင်အောက်တွင် ပင့်ကူမျှင်များ၊ ဖုန်များ အထပ်ထပ်နှင့် ပရိဘောဂအချို့ ခင်းကျင်းထားသည့် ညှော်ခန်းကျယ်ကြီးကို မြင်တွေ့လိုက်ကြရသည်။ ကံကြီးမောင်က ဖယောင်းတိုင်ကိုကိုင်မြှောက်ကာ ရှေ့မှဝင်လာသကဲ့သို့ ဖိုးထိန်က နောက်မှ ဆုတ်ကန် ဆုတ်ကန်နှင့် လိုက်လာပါ၏။

ထိုအခိုက်...

'ဂစ်... ဖြန်း ဖြန်း'

"အ"

ညဉ့်ငှက်တစ်ကောင်သည် စူးရှသောအသံကိုပေးကာ အခန်းထောင့်အမှောင်ရိပ်ထဲမှ သူတို့၏ဦးခေါင်းများကို အသွားအပြန် တောင်ပံနှင့် တဖြန်းဖြန်း ရိုက်ခတ်သွားသောကြောင့် နှစ်ယောက်သား ထိတ်ခနဲ လန့်သွားကာ ဖိုးထိန်မှာ အသံထွက်၍ပင် အော်လိုက်မိသည်။

"အား... ဒီငှက်ဆိုးကောင်က တစ်မျိုးကွာ"

ကံကြီးမောင်က ဖယောင်းတိုင်မီးကို လက်နှင့်ကာရင်း ငှက်ဆိုးကောင်ကို မေ့ဖျော့ပို့လိုက်သည်။





နောက်မှလိုက်ပါလာသည့် ဖိုးထိန်၏မျက်နှာမှာ သွေးများပင် မရှိတော့။ ကံကြီးမောင်၏လွယ်အိတ်ကြီးကို လှမ်း၍ဆွဲထားလိုက်ပြီး...

"ကံ ကံကြီးမောင်... ဒီ ဒီ ညှော်ခန်းထဲမှာပဲ နေကြရအောင်ကွာ၊ ဘယ်မှ ခြေ ခြေမရှည်ပါနဲ့တော့"

"ဟာ... မင်းကလည်း တစ်မှောင့်ကွာ၊ ရောက်တုန်းရောက်ခိုက် လှည့်ပတ်ကြည့်ရတာပေါ့၊ ဟော ဟော... ဟိုမှာ အပေါ်ထပ်ကိုတက်တဲ့ လှေကားကြီး"

ဟုတ်သည်...။ ညှော်ခန်းဆောင်အဆုံးတွင် အပေါ်ထပ်သို့ တက်သည့် ရောမကျွန်းလှေကားကြီးကို တွေ့လိုက်ကြရသည်။ လှေကားမှာ ကျွန်းလှေကားကြီးဖြစ်ပြီး လက်ရန်းများမှာ ပွတ်လုံးတိုင်များ ဖြစ်ကြသည်။ ကံကြီးမောင်က ဖွတ်တရွတ်သမား။ ဖိုးထိန်တားနေသည့်ကြားမှ ကျွန်းလှေကားကြီးမှတစ်ဆင့် အပေါ်ထပ်သို့ တက်လာခဲ့သည်။

အပေါ်ထပ်တွင် ပိတ်ထားသည့် အခန်းများကို တွေ့ရသည်။ ကံကြီးမောင်က လှေကားထိပ်တည့်တည့်မှ အခန်းတံခါးကို တွန်းဖွင့်လိုက်ပါ၏

'ကျွီ ကျွီ ကျွီ ကျီ ကျီ'

ဆိုနှင့်ဝေးနေသည်မှာ မည်မျှကြာမြင့်နေသည် မသိ။ အခန်းတံခါးကြီးက တကျည်ကျည်နှင့် ညည်းညူသံရှည်ကြီး အော်မြည်ကာ ပွင့်သွားလေသည်။ သို့သော် တံခါးကြီး ရပ်တန့်သွားသည့်တိုင် ညည်း



www.burmeseclassic.com

www.burmeseclassic.com



ညှုသံကြီးက ရပ်တန့်မသွားဘဲ ဆက်၍ကြားနေရသဖြင့် ဖိုးထိန်မှာ မျက်လုံးမျက်ဆန်များပင် ပြူးကျယ်လာကာ ကြက်သီးများ တဖြန်းဖြန်း သွားသည်သို့ . . . ။

ထိုစဉ် ဖယောင်းတိုင်မီးအလင်းရောင်အောက်တွင် အခန်းထောင့်မှ ကြေးခုတင်ကြီးတစ်လုံးကို တွေ့ရသည်။ ခုတင်ကြီးမှာ ရှေးဟောင်းလက်ရာ ကနုတ်ပန်းများဖြင့် တန်ဆာဆင်ထားသည့် ခုတင်ကြီးဖြစ်သည်။ ခုတင်အောက်တွင် မည်သည့်ပစ္စည်းမျှ မရှိ။ ခုတင်ပေါ်တွင်မူ မွေ့ရာ၊ ခေါင်းအုံးတို့ အစီအရီရှိနေကြပြီး ခုတင်ခြေရင်းဘက်တွင်မူ လူတစ်ရပ်ကျော်ခန့်ရှိသည့် ပန်းချီကားကြီးတစ်ချပ်ကို နံရံတွင် ချိတ်ဆွဲထားပါ၏။

"ရော် . . . ခုတင်တစ်လုံးနဲ့ ပန်းချီကားကြီးတစ်ချပ်ပါလား ဟန်ကျတာပဲ . . . မိုးအေးအေးမှာ ထန်းရည်သောက်ပြီး ခုတင်ပေါ်မှာ ကွေးလိုက်ရရင်တော့ ဘာပြောကောင်းမလဲ၊ ဆက်ရက်မင်းစည်းစိမ်ပဲ ဟေ့"

"ဟာ . . . ဟေ့ ဟေ့ကောင် . . . ပန်းချီကားကြီးကို သေသေချာချာ ကြည့်ပါဦးဟ၊ ငါတို့ကို သူ့မျက်လုံးကြီးနှစ်လုံးက စိုက်ပြီး ကြည့်နေသလိုပဲနော်၊ ငါတော့ ဒီအခန်းကြီးထဲမှာနေရတာ စိတ်မသန့်သလိုပဲ ကံကြီးမောင်၊ မိုးတိတ်ရင် ပြန် ပြန်ကြရအောင်နော်"

"မင်းကတော့ခက်နေပြီ ဖိုးထိန် . . . ကြောက်စရာမရှိ ပန်းချီကားထဲကပုံကိုတောင် ကြောက်ရတယ်လို့ကွာ၊ မှန်း . . . ကြည့်ရအောင်"





ဖိုးထိန်ညွှန်ပြသဖြင့် ကံကြီးမောင်မှာ ပန်းချီကားကြီးအနီးသို့ တိုးကပ်ကာ ဖယောင်းတိုင်မီးအလင်းရောင်ဖြင့် သေချာစွာ ကြည့်နေမိသည်။

ဟုတ်သည် . . . ။ မီးရောင်အောက်တွင် ပန်းချီကားကြီးထဲမှ အာဏာပါးကွက်သားကြီး၏ သွင်ဟန်က လွန်စွာမှ အသက်ဝင်လွန်းလှပါ၏။ သျှောင်တစောင်းနှင့် ခက်ထန်ကြမ်းရုလွန်းသောမျက်နှာတွင် မုတ်ဆိတ်ကျင်စွယ်များက ရှုပ်ပွေတွန့်လိမ်လျက်၊ မျက်နှာအမူအရာက ရက်စက်ကြမ်းကြုတ်သလောက် မာန်ပါပါကြည့်နေသည့် မျက်လုံးအစုံက မီးဝင်းဝင်းတောက်လုခမန်း။

ညာလက်တွင် သွေးစိမ်းရှင်ရှင် စီးကျနေသည့် ဓားကြီးတစ်လက်။ ဘယ်ဘက်လက်တွင် ဆုပ်ကိုင်ထားသည့် ဆံပင်ရှည်ကြီးများ ဖိုးရိုးဖားလျားနှင့် ခေါင်းပြတ်ကြီးတစ်ခုက သွေးတစက်စက်ကျနေသည်မှာ သွေးပျက်ချောက်ချားဖွယ်ရာ အနိဋ္ဌာရုံမြင်ကွင်းမှာ လွန်စွာမှ အသက်ဝင်လှပါ၏။

ပန်းချီကားချပ်ကြီးတစ်ခုလုံး၏ အသက်မှာ သွေးတစက်စက်ကျနေသော ခေါင်းပြတ်ကြီးနှင့် အရောင်တလက်လက်ထနေသည့် ဓား။ ထိုဓားမှ စီးကျနေသည့် သွေးစိမ်းရှင်ရှင်။ ကြည့်နေသူ၏ နှင်ဘတ်ထဲထိတိုင် ထိုးဖောက်ဝင်ရောက်နိုင်စွမ်းရှိသည့် မီးတောက်မျက်လုံးတစ်စုံ။

ဟုတ်သည် . . . ။ ပန်းချီကားချပ်ကြီးထဲမှ သျှောင်တစောင်းနှင့် ထိုးကွင်းမင်ကြောင်ထိုးထားသည့် ပါးကွက်အာဏာသားကြီး၏



www.burmeseclassic.com

www.burmeseclassic.com



စူးရဲလင်းလက်သော မျက်လုံးအစုံက အမြင့်ရှိ သက်ရှိထင်ရှား လူတစ်ယောက်က ကြည့်ရှုနေသလို မျက်လုံးအားက လွန်စွာမှ အားကောင်းကာ အသက်ဝင်နေသည်သို့... ။

နောက်ဆုံးတော့ ကံကြီးမောင်တစ်ယောက် ပန်းချီကားချပ်ကြီးထဲမှ မျက်လုံးအစုံကို ရှောင်ဖယ်ကာ နောက်သို့ လှည့်ထွက်ရန်ကြံရွယ်လိုက်စဉ် သူ့ကျောပြင်အား တစ်စုံတစ်ယောက်က ပုတ်လိုက်သလို ခံစားလိုက်ရသဖြင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်စဉ်...

"ဟင်"

သူ့နောက်ဘက်တွင် မည်သူမှုမရှိ။ ဖိုးထိန်မှာ ကြေးခုတင်ကြီး၏ခြေရင်းတွင်ထိုင်လျက် ကံကြီးမောင်ကိုသာ ငေးကြည့်နေပေ၏။ ဤသို့ဆိုလျှင် သူ၏ကျောပြင်အား ဖတ်ခနဲ ပုတ်သွားသည့် လက်ပိုင်ရှင်သည် အဘယ်သူပါနည်း။

ထိုအချိန်မှာပင် လေလုံသောအခန်းထဲတွင် မည်သည့်အရပ်မှ ဦးတည်၍တိုက်ခတ်လိုက်မှန်းမသိရသော လေရူးကလေးတစ်ချက်တိုက်သွားသလို သူ၏ကျောပြင်အနီးမှကပ်၍ တိုးဝှေ့ဖြတ်သန်းသွားသောကြောင့် ကံကြီးမောင်ကိုယ်တိုင်ပင် ဖြန်းခနဲ ကြက်သီးမွေးညင်းများပင် ထသွားပါလေ၏။

"ဘာ ဘာဖြစ်တာလဲ ကံကြီးမောင်"

ကံကြီးမောင်၏ ဖြူရော်ရော်မျက်နှာဖြင့် ပြောင်းလဲသွားသောအခြေအနေကြောင့် ခုတင်ကြီးပေါ်မှ ဖိုးထိန်က လှမ်း၍မေးလိုက်သည်။

"အို... ဘာမှ မဖြစ်ပါဘူးကွာ... လေတိုက်လို့ ချမ်းပြီး





တုန်သွားတာ ဖြစ်မယ်၊ ကဲ ဖိုးထိန်... လက်ကျန်ထန်းရည်လေးကိုမိုးအေးအေးနဲ့ သောက်လိုက်ကြရအောင်"

"ငါ မသောက်ချင်တော့ဘူး ကံကြီးမောင်၊ ဒီည မပြန်တော့ဘူးဆိုရင်လည်း ဒီခုတင်ပေါ်မှာ ငါအိပ်လိုက်ဦးမယ်၊ မင်းသောက်ပြီးရင် ငါ့ကိုနှိုးချင်ရင်နှိုး၊ မနှိုးချင်ရင်လည်း နေတော့"

ဖိုးထိန်က ပြောပြောဆိုဆိုနှင့် ခုတင်ကြီးပေါ်တွင် ဝုန်းခနဲလှဲချကာ အိပ်လိုက်သည်။ ကံကြီးမောင်တစ်ယောက်သာ ခုတင်အနီးရှိကြမ်းပြင်ထက်တွင် ထိုင်ချလိုက်ပြီး [illegible]လွယ်[illegible]ကြီ[illegible]လက်ကျန်တစ်ဝက်ခန့်ရှိသည့် ထန်းရည်ပု[illegible]ကို [illegible]ထုတ်ယူလိုက်သည်။

"မသောက်ချင်ရင်လည်းနေ[illegible] ဖိုးထိန်ရေ... [illegible]ငါတစ်ယောက်တည်းပဲ ဆက်ရက်မင်းစည်[illegible]. ဟင်းဟင်း"

ကံကြီးမောင်၏စကားကို ဖိုးထိန်မကြားတော့။ ခုတင်ထက်တွင် ပက်လက်လှန်ကာ လှဲချလိုက်သည်နှင့် ထန်းရည်မူးမူးဖြင့် တရှူးရှူး အိပ်မောကျသွားပါချေပြီကော။

အပြင်မှာတော့ အညာမိုးက တဝေါဝေါနှင့် ရွာချ၍ ကောင်းနေဆဲ။ မကြာမီ မိုးမှောင်မှောင်၊ ညဥ့်မှောင်မှောင်ထဲဝယ် သန်းခေါင်ဆက်နက်သော ညက တောင်သမန်ဝန်းကျင်တစ်ခုလုံးအား ဝါးမျိုသိမ်းပိုက်သွားပါတော့သည်။

ကံကြီးမောင်မှာလည်း လက်ကျန် ထန်းရည်တစ်ပုလင်းနှင့်ချာချာလည်မူးသွားကာ ခုတင်ပေါ်သို့ပင် မတက်နိုင်တော့ဘဲ ခုတင်



www.burmeseclassic.com

www.burmeseclassic.com



နံဘေး ကြမ်းပြင်ထက်တွင် တရှူးရှူးနှင့် အိပ်မောကျသွားခဲ့ပါချေပြီ တည်း။

မည်မျှကြာကြာ အိပ်မောကျသွားခဲ့သည် မသိ... ။ ကံကြီး မောင်တစ်ယောက် အိပ်ရာမှ နိုးလာသောအခါမှာတော့ မိုးစင်စင် လင်းလျက် ရှိပါချေ၏။ ထို့ပြင် အိမ်အိုကြီး၏အပြင်ဘက်တွင် မိုးလည်း တိတ်နေပါ၏။

"အီး... ကျွတ် အား ဟော... မိုး မိုးတောင်လင်းနေပြီပဲ ကိုး"

ကံကြီးမောင်မျက်စိနှစ်လုံးကို ပွတ်သပ်ကာ ကြမ်းပြင်ထက် မှ ကုန်းထလိုက်ရင်း ဖိုးထိန်ကိုသတိရ၍ လှမ်းကြည့်လိုက်သည်။ ဖိုးထိန်မှာ ခုတင်ထက်တွင် ဖုံလိုးပက်လက်နှင့် အိပ်မောကျနေဆဲ။

"ဟာ ဟော့ကောင်.. ဖိုးထိန် ဖိုးထိန် ထ ထ... မိုးလင်း နေပြီဟ"

သို့တိုင်အောင် ဖိုးထိန်က မလှုပ်မယှက်နှင့် အိပ်ပျော်လျက် ရှိနေဆဲမို့ ကံကြီးမောင် ခုတင်ကြီးအနီးသို့ တိုးဝင်သွားပြီး ဖိုးထိန်ကို လှုပ်၍ နှိုးလိုက်သည်။

"ဟော့ကောင်... ထ ထ ထတော့ကွ၊ ဖိုးထိန် ဖိုးထိန် ... ဟာ"

ကံကြီးမောင်က စိတ်မရှည်တော့သဖြင့် ဖိုးထိန်ကို ဆွဲလှုပ်၍ နှိုးလိုက်သည်တွင် ဖိုးထိန်၏မျက်နှာကို ရုတ်တရက် မြင်တွေ့လိုက်ရ သည်နှင့် နှလုံးသွေးများ ရပ်တန့်သွားမတတ် သွေးပျက်ချောက်ချား





သွားပါတော့သည်။

"ဟာ... အ အောင်မယ်လေး"

သူ့အား မျက်လုံးကြီးနှစ်လုံး ပြူးလျက်ကြည့်ရင်း ဖက်ကြီး စောင်းကာ သေဆုံးနေပြီဖြစ်သည့် ဖိုးထိန်၏အလောင်းကြီးက နံနက် ခင်း၏ အနိစ္စာရုံကြီးတစ်ခုကို ဖွင့်လှစ်ပြသလိုက်ပါချေပြီတည်း။

ဖိုးထိန်၏ခန္ဓာကိုယ်တွင် မည်သည့်ဒဏ်ရာဒဏ်ချက်မျှ မတွေ့ ရ။ အဆိပ်မိသော၊ အဆိပ်သင့်သော လက္ခဏာတစ်စုံတစ်ရာလည်း မတွေ့ရဘဲ ရှေးဟောင်းကြေးခုတင်ကြီးပေါ်တွင် ထူးဆန်းစွာ သေဆုံး လျက်ရှိသည့် သူငယ်ချင်းဖြစ်သူ ဖိုးထိန်၏ရုပ်အလောင်းကြီးကို ကြည့် ရင်း ကံကြီးမောင်တစ်ယောက် သွေးပျက်ရူးသွပ်လုခမန်း အော်ဟစ် ကာ တောင်သမန်ထိပ်ရှိ မိစ္ဆာအိမ်ကြီးပေါ်မှ ပြေးထွက်ခဲ့လေတော့ သည်။

ááá



www.burmeseclassic.com

www.burmeseclassic.com



## ရွှေဒင်္ဂါးထစ်ထုပ်၊ အသက်တစ်ချောင်း

အချိန်က ၁၉၃၉ ခုနှစ်ဝန်းကျင်က ဖြစ်သည်။

အမရပူရမြို့၏ တောင်သမန်အင်းကြီးပေါ်မှ ဖြတ်သန်းကာ ဆောက်လုပ်ထားသည့် တံတားကြမ်းပြင်နှင့်ရေပြင် အချိုးကိုက်ချိန်ဆ၍ ပုဂံမင်းလက်ထက်မှ ရှေးမြန်မာဗိသုကာကြီးများ လက်စွမ်းပြတည်ဆောက်ထားသည့် သစ်သားတံတားကြီးအား တချို့က 'ဦးပိန်တံတား' ဟု ခေါ်ကြသကဲ့သို့ အချို့ကလည်း တောင်သမန်အင်းကြီးအား ဖြတ်သန်းကာ ဆောက်ထားသဖြင့် 'တောင်သမန်တံတားကြီး' ဟူ၍လည်း ခေါ်ဆိုကြသည်။

အမရပူရနေပြည်တော်၊ ပုဂံမင်းလက်ထက်၊ ပုဂံမင်း၏ ခွင့်ပြုမိန့်ဖြင့် သာယာဝတီမင်း အမရပူရနေပြည်တော်သို့ ပြန်လည်ပြောင်းရွှေ့ထိုးနန်းစိုက်ရာ အင်းဝမြို့ဟောင်းတွင် စွန့်ပစ်ကျန်ရစ်ခဲ့သည့် နန်းတော်ဟောင်း၏ သစ်သားများ၊ တိုင်လုံးကြီးများအား အမရပူရမြို့ဝန်မင်း၏ 'ဝန်စာရေးဦးပိန်' မှ ပုဂံမင်း၏ကုသိုလ်တော်ဖြစ်သော 'တောင်သမန်ကျောက်တော်ကြီးဘုရား' သို့ ဘုရားဖူးများ လွယ်ကူချောမွေ့စွာ သွားရောက်ဖူးမြော်နိုင်ရန် ရည်ရွယ်၍ အသုံးပြုတည်ဆောက်ထားခဲ့သည့် သစ်သားတံတားကြီးဖြစ်သည်။





ထိုတံတားကြီးနှင့် အနောက်ယွန်းယွန်းတွင် လက်ထက်တော်ကြီးဟု အမည်ရသည့် မင်းတုန်းမင်းကြီးလက်ထက်မှစ၍ ခန့်အပ်ထားခြင်းခံရသည့် 'မင်းကင်းမြို့စားကြီး' ၏ စံအိမ်တော်ဟောင်းကြီးကလည်း ယခုအချိန်ထိတိုင် ခံ့တည်စွာ တည်ရှိနေဆဲပင်ဖြစ်ပါ၏။

မင်းတုန်းမင်းလက်ထက်မှစ၍ သားတော် သီပေါအရှင်မင်းမြတ်ထိတိုင် မင်းဆက်နှစ်ဆက် အမှုထမ်းခဲ့သည့် 'မင်းကင်းမြို့စားကြီး၏အဆက်အနွယ်များမှာ ကုသိုလ်ကံမကောင်းခဲ့ရှာကြပေ။ အကြောင်းမှာ 'မင်းကင်းမြို့စားကြီး၏ နောက်ဆုံးမျိုးဆက်နွယ်များမှာ ထိုတောင်သမန်ထိပ်မှ စံအိမ်တော်ကြီးပေါ်ဝယ် တစ်ယောက်ပြီးတစ်ယောက် အသေဆိုးနှင့် သေဆုံးခဲ့ကြရသည် မဟုတ်ပါလား။

ထိုအချိန်မှစ၍ တောင်သမန်အင်းထိပ်မှ စံအိမ်တော်ကြီးတွင် ထပြည့်လကွယ်ညတိုင်း အော်ဟစ်သံ၊ ဆူပူကြိမ်းမောင်းသံ၊ ငိုယိုညည်းညူသံ အစရှိသည့် မကောင်းသောအနိဋ္ဌာရုံများကို ကြားကြရသည်ဟု ဆိုကြသည်။

ခေတ်ကာလအဆက်ဆက် ကြာလာသည့်အခါ စံအိမ်တော်ကြီးမှာ အမွေဆက်ခံမည့်သူလည်း မရှိ၊ သရဲတစ္ဆေခြောက်သည်ဟုလည်း သတင်းကြီး၊ မိုးရွာရွာ နေပူပူ လူသူမနေကြဘဲ ပစ်ပယ်ထားခဲ့သဖြင့် စံအိမ်တော်ကြီး၏ ပြင်ပပတ်လည်ရှိ အကာအရံအချို့တွင်



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်နွယ်ပင်များ ကပ်ပေါက်ကာ ချုံနွယ်ပိတ်ပေါင်းများပင် ဖုံးလွှမ်းလျက်ရှိပါချေတော့သည်။

တောင်သမန်အင်း၊ ဦးပိန်တံတား၊ မယ်ဇယ်ပင်တန်းနှင့် ကျောက်တော်ကြီးဘုရား စသည့် အထင်ကရများ တည်ရှိနေသည်မို့ လူသွားလူလာမပြတ်လပ်သော်လည်း တောင်သမန်ထိပ်ယွန်းယွန်းတွင် ရှိသည့် 'မင်းကင်းမြို့စားကြီး'၏ စံအိမ်တော်ကြီးအနီးမှမူ မည်သူမျှ ဖြတ်သန်းသွားလာဝံ့ခြင်း မရှိကြ။

ယာခင်း၊ စိုက်ခင်းများနှင့် အင်းထဲတွင် ငါးရှာဖွေသူများ ရှိကြသဖြင့် ထိုသူများ ဖြတ်သန်းသွားလာခဲ့ကြသည်ဆိုလျှင် စံအိမ်တော်ဟောင်းကြီးထဲမှ ထိတ်လန့်ချောက်ချားဖွယ် အော်ဟစ်ညည်းညူသံကြီးများကို ကြားရတတ်သည်ဟု ဆိုကြသည်။ ညဥ့်နက်သန်းခေါင်ယံအချိန်တွင်လည်း တစ်စုံတစ်ခုကို အမြင့်မှပစ်ချလိုက်သကဲ့သို့သော အသံကြီးမျိုးကို ညဥ့်နက်အချိန်နှင့် လပြည့်လကွယ်ညတိုင်းတွင် ကြားကြရသည်ဟု လူပြောသူပြော များလာကြသည်။

တို့ထက်ပို၍ဆိုးသည်ကား ထိုစံအိမ်တော်ဟောင်းကြီးထဲသို့ အလောင်းအစားပြုလုပ်ကာ ညဥ့်အိပ်သူမှန်သမျှ နောက်နေ့နံနက်မိုးလင်းလျှင် မည်သည့်ဒဏ်ရာဒဏ်ချက်မျှ ရှာမတွေ့ရဘဲ နှလုံးသွေးရပ်တန့်ကာ သေဆုံးနေခြင်းပင်တည်း။

အင်္ဂလိပ်အစိုးရ၏ ပုလိပ်ဘက်တာဝန်ရှိသူများကလည်း လူသတ်မှုဟုယူဆကာ တရားခံကို ကြိုးစား၍ရှာဖွေပါသော်လည်း မသင်္ကာဖွယ်ရာ သဲလွန်စတစ်စုံတစ်ရာ မရကြသဖြင့် လက်လျှော့နေခဲ့





ကြသည်မှာ ကြာခဲ့ပြီဖြစ်ပါ၏။

မန္တလေးမြို့၏တောင်ဘက်အရပ်တွင် တည်ရှိသဖြင့် 'တောင်မြို့' ဟုခေါ်တွင်သည့် 'အမရပူရမြို့' တွင် နှစ်စဉ် ဝါခေါင်လပြည့်ကျော် (၈) ရက်နေ့မှ လကွယ်နေ့အထိ 'ရတနာ့ဂူနတ်ပွဲ' ဟူ၍ ရှိသည်။ တောင်ပြုန်းပွဲတော်ကြီးပြီးဆုံး၍ တစ်ပတ်အကြာတွင် ဆက်လက်၍ ကျင်းပခြင်းဖြစ်သည်။ ပုပ္ပားမယ်တော် မယ်ဝဏ္ဏာရင်ကွဲနာကျ၍ သေဆုံးသည့်နေရာတွင် အထိမ်းအမှတ်အဖြစ် ပွဲတော်ကျင်းပပြုလုပ်ခြင်းဖြစ်သည်ဟု ပြောကြပါ၏။

သို့သော် သားတော်နှစ်ပါး၏ တောင်ပြုန်းပွဲတော်သို့ ကြွမြန်းလာသော မယ်တော်ကြီးသည် ပုပ္ပားတောင်သို့ ပြန်လည်ကြွမြန်းရာ၌ 'ရတနာ့ဂူ' တွင် ကွန်းထောက်စခန်းချ၍ ကျင်းပပြုလုပ်သည့်ပွဲဟုလည်းကောင်း၊ တောင်ပြုန်းမင်းညီနောင်နှစ်ပါးတို့သည် မယ်တော်အား ပုပ္ပားတောင်သို့ လိုက်လံပို့ဆောင်ခဲ့ရာတွင် စခန်းချသည့်ပွဲဟူ၍လည်းကောင်း အဆိုများမှာ ပို၍ လူသိများလှပါသည်။

တချို့ကလည်း 'ရတနာ့ဂူ' နတ်ပွဲဖြစ်ပေါ်လာရခြင်းမှာ 'နန်းမတော်မယ်နုနှင့် စလင်းမင်းသားကြီး ဦးအို' တို့ကြောင့်ဟု ဆိုကြသည်။ စင်စစ် ရတနာ့ဂူပွဲတော်မှာ မူလက ဘုရားပွဲဖြစ်သည်။ မြန်မာနှစ် (၃၃၅) ခုနှစ် တိုင်းပြည်မငြိမ်မသက်၍ ကောလာဟလအမျိုးမျိုး၊ အဘောင် စနည်းအမျိုးမျိုးဖြင့် နိုင်ငံတစ်ဝန်းလုံး တုန်လှုပ်ချောက်ချားလျက်ရှိကြစဉ် (နန်းမတော်ကြီး) ၏ ငယ်ဆရာရင်းဖြစ်သော ရခိုင်ဆရာတော်၏ ညွှန်ကြားချက်အရ ဗြိုဟ်ပြေနံ့ပြေယတြာအနေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အင်းဝဘုရင် 'မင်းကြီးစွာစော်ကဲ' က 'ရတနာ့ဂူဘုရား' ကို တည်ထားခဲ့ခြင်းဖြစ်သည်။

<u>မှတ်ချက်</u>

အချို့က 'ရတနာ့ဂူ' ဟု ဆိုသဖြင့် 'သိုက်' ရှိသည်။ သိုက်ဘုရားဟုလည်း ယုံကြည်စွာ ပြောဆိုကြပါ၏။

စာရေးသူ

အမရပူရမြို့နယ်၊ ငယ်တိုးကျေးရွာအုပ်စု၊ ရွှေလှန်ကျေးရွာ၌ တည်ရှိသော 'ရတနာ့ဂူဘုရား' ကို နှစ်စဉ် ဝါခေါင်လပြည့်ကျော် (၈) ရက်မှ လကွယ်နေ့အထိ စည်ကားသိုက်မြိုက်စွာ ဘုရားပွဲကျင်းပခဲ့သည်ဟု ဆိုကြသည်။

သို့သော် မြန်မာနှစ် ၁၁၈၃ ခု၊ ကဆုန်လပြည့်ကျော် (၁၀) ရက်၊ (၂၅-၄-၁၈၂၁) ခုနှစ်တွင် အမရပူရရွှေနန်းတော်ကြီး၏ တောင်ဘက် ကုန်းသာယာရပ်မှစတင်၍ မီးလောင်မှုကြီးဖြစ်ပွားခဲ့သည်။ ရွှေနန်းတော်ပတ်လည်၊ လမ်းတန်းအိမ်၊ ဝန်အိမ်၊ လွှတ်တော်၊ စွယ်တော်ကျောင်း၊ ဗဟိုစင်တို့နှင့် ရွှေမြို့တော်မြောက်တံခါး၊ ၎င်းအနီးမှ အိမ်များပါ မီးသင့်လောင်ကျွမ်းခဲ့လေသည်။

ထိုကဲ့သို့သော အန္တရာယ်ဖြစ်ရပ်ဆိုးကြီးကြောင့် မြို့တော်သူမြို့တော်သားတို့မှာ များစွာ စိတ်နှလုံးချောက်ချားပြီး စိတ်လက်မချမ်းမသာဖြစ်ခဲ့ကြရသည်။ သို့ဖြစ်၍ ထိုဖြစ်ရပ်ဆိုးကြီးကို မေ့မေ့ပျောက်ပျောက်ဖြစ်စေခြင်းငှာ ပျော်ပွဲရွှင်ပွဲကြီးတစ်ခုပြုလုပ်ပေးရန် အရှင်နန်းမတော်ကြီးနှင့် နောင်တော်စလင်းစားတို့က စိတ်ကူးမိခဲ့ကြခြင်းဖြစ်ပါ





၏။ ထို့ကြောင့် မြို့သူမြို့သားများ အာရုံပြောင်း၍ စိတ်ထွက်ပေါက်ရရေး ပွဲတော်တစ်ရပ် ကျင်းပနိုင်ရန် စီစဉ်ကြသည်။ မြန်မာလူမျိုးများမှာ ပွဲလမ်းသဘင်နှင့် အပျော်အပါးတွင် လွန်စွာနှစ်သက်မှုကို သိသည်။ ထို့ကြောင့် 'ရတနာ့ဂူဘုရားပွဲ' ကို ခုတုံးလုပ်ကာ ပျော်ပွဲရွှင်ပွဲတစ်ရပ်အနေဖြင့် 'ရတနာ့ဂူနတ်ပွဲ' ကိုပါ တစ်ဆက်တည်း ကျင်းပပေးခဲ့ခြင်းပင်ဖြစ်ပါချေ၏။

<u>မှတ်ချက်</u>

အချို့ကလည်း လက်ဝဲမြင်းခုံတိုင်ရွာလယ်တွင် ကသည်းများကိုးကွယ်သည့် 'ကသည်းဘွားတော်ကြီးနတ်ကွန်း' ရှိသည်ဟု ဆိုကြသည်။ ကသည်းများသည် နှစ်စဉ် ဝါခေါင်လပြည့်ကျော်၌ 'ကသည်းဘွားတော်ကြီး'ကို ပူဇော်ပသကြသည်။ ထိုပူဇော်ပွဲသည် ရတနာဂူဘုရားပွဲနှင့်လည်း တစ်ချိန်တည်း ကျရောက်နေပါ၏။ သို့ဖြင့် ကသည်းဘွားတော်ကြီး ပူဇော်ပသသည့်ပွဲကို ရတနာ့ဂူဘုရားပွဲနှင့် တစ်ချိန်တည်း ကျင်းပပေးခြင်းဖြင့် လွန်စွာကြီးကျယ်သော ပျော်ပွဲရွှင်ပွဲ ရတနာ့ဂူနတ်ပွဲကို ကျင်းပပေးခဲ့ခြင်းဖြစ်သည်ဟုလည်း ဆိုကြသည်။

စာရေးသူ

ဤသို့ဖြင့် ရတနာ့ဂူနတ်ပွဲသည် ခေတ်ကာလအဆက်ဆက်ကို ကျော်လွှားဖြတ်သန်းလာခဲ့ရာမှ ၁၉၃၉-ခုနှစ် မြန်မာနိုင်ငံကိုနယ်ချဲ့အင်္ဂလိပ်အစိုးရအုပ်ချုပ်သော ကာလသို့ ရောက်ရှိလာခဲ့ပါသည်။ မြန်မာတို့သည် အင်္ဂလိပ်လက်အောက်သို့ ကျရောက်နေခဲ့သည့်အပိုင်



www.burmeseclassic.com

www.burmeseclassic.com



နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘုရားပွဲ၊ နတ်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကိုမူ မပျက်မကွက် ကျင်းပပြုလုပ်လေ့ရှိပါ၏။

ယခုလည်း ရတနာ့ဂူနတ်ပွဲတွင် အမရပူရမြို့ဝန်းကျင်ရှိ ကျေးရွာများသာမက မန္တလေးနေပြည်တော်တစ်ဝိုက်မှ မြို့ငယ်လေးများမှပါ လာရောက်ကြသဖြင့် နတ်နန်းများ၊ နတ်ကနားပွဲများ၊ ဈေးဆိုင်များ၊ ဇာတ်ပွဲ ရုပ်သေးရုပ်စုံပွဲများသာမက လောင်းကစား (ကျိုတ်ဝိုင်းများ) နှင့် အရက်ဝိုင်းများပါ ရှုပ်ထွေးစည်ကားလျက်ရှိပါသည်။

တစ်ခုသော (ကျိုတ်ဝိုင်းလောင်းကစားအရက်ဝိုင်း) တွင် သောက်စားပျော်ပါး ငြင်းခုံကြရင်း တောင်သမန်အင်းထိပ်မှ မင်းကင်းမြို့စားကြီး၏ နာမည်ကျော်ငါးဆောင်ပြိုင် စံအိမ်တော်ဟောင်းကြီးအကြောင်းသို့ ရောက်ရှိသွားကြသည်။

"ကျုပ်ကတော့ သရဲတစ္ဆေဆိုတာ ချိန့်လားလို့တောင် မေးချင်, တွေ့ချင်နေတာဗျ၊ တကယ်တော့ တစ္ဆေတို့, ကျတ်တို့, နာနာဘာဝတို့ဆိုတာ ခပ်ပျော့ပျော့ ခပ်ညံ့ညံ့လူတွေ ယုံနေ, ကြောက်လန့်နေကြတာပါ၊ ကျုပ်ကတော့ မယုံရေးချ မယုံထဲကပဲဗျို့ ဟင်း ဟင်း"

လူကောင်ခပ်ထွားထွား လေကျယ်ကျယ်လူတစ်ယောက်က အရက်ဝိုင်းတွင် အရက်သောက်ရင်း ဟောင်ဖွာ ဟောင်ဖွာ ပြောဆိုနေပါ၏။ ထို့ကြောင့် တစ်ဖက်စားပွဲဝိုင်းတွင် ထိုင်နေသူနှစ်ဦးက ထိုကိုလူထွားရှိရာသို့ လျှောက်လာကြပြီး ထိုင်ခုံလွတ်များတွင် 'ဝင်၍ ထိုင်ကာ...

"ကိုင်း... ဒီလိုဆို တောင်သမန်ထိပ်က မင်းကင်းမြို့စား





ကြီးရဲ့ ငါးဆောင်ပြိုင် စံအိမ်တော်ဟောင်းကြီးထဲမှာ တစ်ယောက်တည်း တစ်ညလောက် အိပ်ပံ့ရင် ကျုပ်တို့ဘက်က လောင်းကြေးထပ်မယ် ရာ... ဘယ့်နှယ်လဲ"

"အိုး ဟို... ဘာလဲ... မင်းတို့က ငါ့ကို စိန်လာပြီးခေါ်နေတာလား၊ ဒီမှာရောင်းရင်းတို့... ငါ့နာမည် ကျောက်မောင်းတဲ့ ယ်တကာလှည့်ပြီး လက်ဖွေ့ထိုးလာတဲ့သူကွ၊ မင်းတို့ပြောတဲ့ အိမ်ကြီးမှာ ငါတစ်ယောက်တည်း သွားအိပ်မယ်၊ ဘယ်ကြေးနဲ့လောင်းကြေး နိုင်မလဲ... ပြော"

"ခင်ဗျား တကယ်အိပ်မှာလား"

"ရော်... ကျားကိုက်ပါတယ်ဆိုမှ အပေါက်လေးနဲ့လားလို့ မေးနေသေး၊ ဟော့... ဒီမှာ သေသေချာချာမှတ်ထား... 'တွေ့မရှောင်ကျောက်မောင်း'တဲ့၊ မင်းတို့ရဲ့လောင်းကြေးကိုသာ ပြော... ဘယ်လိုပေးမှာလဲ"

ဆူညံဆူညံနှင့် အချေအတင်ပြောဆိုနေသံများနှင့် တောင်သမန်ထိပ်မှ မိစ္ဆာအိမ် (မင်းကင်းမြို့စားကြီး၏ စံအိမ်တော်ဟောင်း) ကြီးအကြောင်းများပါ ပါလာသဖြင့် သူတို့စားပွဲဝိုင်းသို့ လူသူအများ စိတ်ဝင်တစားဖြင့် စုဝေးဝိုင်းအုံလာခဲ့ကြသည်။

'တွေ့မရှောင်ကျောက်မောင်း' ဆိုသူအား စိန်ခေါ်ကာ လောင်းကြေးထပ်ကြသည့် လူနှစ်ယောက်အနက် အသားညိုညို၊ သနှင့် အသက် (၄၀) ကျော်ခန့် နှုတ်ခမ်းမွေးရေးရေးနှင့် လူဝဝ ကြီးက ကျောက်မောင်းကို စေ့စေ့ကြည့်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လောင်းကြေးကတော့ ခင်ဗျားလက်ခံနိုင်မှာပါ၊ ခင်ဗျားနိုင်ရင် ကျုပ်က ရွှေဒင်္ဂါး ဒါးဆယ်ပေးမယ်၊ ခင်ဗျားရှုံးခဲ့မယ်ဆိုရင်တော့ ကျုပ်ကို နှစ်ဆယ်ပေးရမယ်... ဘယ့်နှယ်လဲ"

"အိုး... စိန်လိုက် ရောင်းရင်းရေ၊ ဒါပေမဲ့ လောင်းကြေးငွေတွေက ဘယ်သူ့ဆီမှာ ထပ်ရမှာလဲ၊ ကျုပ်က တစ်နယ်သားနော်၊ စိတ်ချရမှဖြစ်မှာ"

"စိတ်ချ တွေ့မရှောင်ရေ... ကျုပ်တို့မြို့မှာ သိက္ခာ သမာဓိရှိတဲ့ ဘိုးတောင်ရိုးဆိုတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ရှိတယ်၊ လောင်းကြေးငွေတွေကို သူ့ဆီမှာ သွားပြီးအပ်ထားကြမယ်လေ၊ ခင်ဗျားနိုင်ရင် ခင်ဗျားယူသွား။ ကျုပ်နိုင်ရင် ကျုပ်ယူလိုက်ရုံပဲပေါ့"

"အိုကေ... ကြိုက်သွားပြီ၊ ဒါနဲ့ ကျုပ်က ဘယ်တော့သွားပြီး အိပ်ရမှာလဲ... အခုညပဲလား"

"မဟုတ်ဘူး... သန်ဘက်ခါ လကွယ်နေ့ည"

"ဟုတ်ပြီ... ဒါနဲ့ အဲဒီစံအိမ်တော်ကြီးမှာ အိပ်မယ်ဆိုရင် ဘာစည်းကမ်းချက်တွေ ရှိသေးလဲ... ကြိုတင်ပြီး ကျုပ်ကိုပြောထားဦး။ နောက် ကျုပ်အနိုင်ရသွားတဲ့အခါကျမှ ဘာဖြစ်လို့ ညာဖြစ်လို့ဆိုတဲ့ ဆင်ခြေလက်ခြေတွေ မလိုချင်ဘူးနော်"

တွေ့မရှောင်ကျောက်မောင်းဆိုသူက တင်တင်စီးစီး ပြောဆိုမေးမြန်းရင်း အရက်ခွက်ကို ဆတ်ခနဲ မော့သောက်လိုက်သည်။ သို့သော် တစ်ဖက်လူနှစ်ယောက်က လုံးဝစိတ်ဆိုးဟန်မပြ။ လေပြေလေးနှင့်ပင် ဖြေကြားလိုက်ပါ၏။





"ကောင်းပါတယ်... ဒါမှ ရှင်းရှင်းလင်းလင်း ဖြစ်သွားတာပေါ့၊ စည်းကမ်းချက်တွေက တခြားတော့မရှိပါဘူး... ခင်ဗျား အိပ်မယ့်ညမှာ အိမ်ကြီးထဲက ခင်ဗျားအိပ်ရမယ့်အခန်းထဲကို လိုက်ပို့ပေးမယ်၊ ကြိုက်တဲ့လက်နက် ယူသွားလို့ရတယ်၊ ဖယောင်းတိုင်တစ်တိုင်နဲ့ မီးခြစ်တစ်ဘူး ပေးခဲ့မယ်၊ ပြီးရင် အိပ်ခန်းတံခါးကို အပြင်ကနေ သော့ခတ်ပိတ်ထားမယ်၊ မနက်မိုးလင်းတာနဲ့ ကျုပ်တို့လာပြီး ပြန်ဖွင့်ပေးမယ်၊ အဲဒီအချိန်အထိ ခင်ဗျား ဘာမှမဖြစ်ဘဲ ရှိနေမယ်ဆိုရင် ဘိုးတောင်ရိုးဆီမှာ အပ်ထားတဲ့ လောင်းကြေးငွေအားလုံး ခင်ဗျား ယူသွားလို့ရပြီ"

"အိုး ဟိုး... ကြိုက်သွားပြီ၊ သိပ်ကောင်းတဲ့ အစီအစဉ်ပဲ၊ ကိုင်း... ဒါဆိုရင် သန်ဘက်ခါလကွယ်နေ့ညမှာ အဲဒီ ခင်ဗျားတို့ပြောတဲ့ စံအိမ်ကြီးမှာ အိပ်မယ်၊ ဟင်း ဟင်း... တစ်ညလုံး အရက်သောက်မယ်၊ ပြီးရင် တစ်ရေးတစ်မောအိပ်ပြီး မနက်မိုးလင်းတာနဲ့ ရွှေဒင်္ဂါး ထုပ်ယူပြီး ပြန်ရုံပဲပေါ့ဗျာ... ဟား ဟား ဟား ဟား"

အရက်မူးသံကြီးနှင့် လျှာလေးအာလေး ပြောဆိုရင်း အားပါးတရ ရယ်မောဟားတိုက်လိုက်သည့် ကျောက်မောင်း၏ရယ်မောသံကြီးက ရတနာ့ဂူနတ်ပွဲ၏ ညဥ့်ရင်ခွင်ထဲတွင် ပဲ့တင်ရိုက်ခတ်သွားပါချေတော့သည်။

ဤသို့ဖြင့် စိန်ခေါ်ချိန်းဆိုထားသည့် လကွယ်နေ့ညဦးပိုင်းတွင် တွေ့မရှောင်ကျောက်မောင်းအား လောင်းကြေးထပ်ထားကြသည့် သူနှင့်လူနှစ်ယောက်တို့က တောင်သမန်တံတားထိပ်မှ နာမည်ကျော်



www.burmeseclassic.com

www.burmeseclassic.com



မင်းကင်းမြို့စားကြီး၏ စံအိမ်တော်ကြီးထဲသို့ လိုက်လံပို့ဆောင်ကြသည်။

ထို့နောက် ကျောက်မောင်းအား စံအိမ်ကြီး၏အပေါ်ထပ် အိပ်ခန်းတစ်ခုထဲသို့ ထည့်၍ အပြင်မှတံခါးပိတ်သော့ခတ်ကာ လိုက်ပို့သူများအားလုံး တစ်ယောက်မကျန် ပြန်သွားခဲ့ကြသည်။ ကျောက်မောင်းဆိုသူမှာ အခန်းထဲသို့ရောက်သည်နှင့် ဖယောင်းတိုင်ထွန်းကာ ပါလာသည့်အရက်နှစ်လုံးနှင့် ခေါက်ဆွဲကြော်တို့ကို ကျကျနန စားသောက်သည်။

ညဦးပိုင်းကတည်းက အရက်သောက်ထားခဲ့ခြင်း၊ ယခုလည်း တစ်ဦးတည်း အရက်နှစ်လုံး ထပ်၍သောက်ခြင်းတို့ကြောင့် ကျောက်မောင်းတစ်ယောက် အရက်မူးမူးနှင့် ခုတင်ကြီးပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက်သာမက ကုလားသေ ကုလားမော အိပ်မောကျသွားခဲ့ပါတော့သည်။

နောက်တစ်နေ့နံနက်ပိုင်းတွင် လောင်းကြေးထပ်ထားသည့် အောင်ဒင်နှင့် သူ၏အဖွဲ့သားများ စံအိမ်တော်ကြီးထဲသို့ ဝင်ရောက်လာကြပြီး အခန်းတံခါးကို ဖွင့်ကြည့်လိုက်သောအခါတွင်မူ တွေ့မရှောင် ကျောက်မောင်းတစ်ယောက် ခုတင်ထက်တွင် ပက်လက်ကြီးဖြင့် မျက်လုံးကြီးပြူးကျယ်ကာ နှလုံးသွေးရပ်လျက် အသက်ပျောက်နေသည်ကိုသာ ထူးဆန်းအံ့ဩစွာ တွေ့မြင်လိုက်ကြရပါတော့သတည်း။

း း း





## တောင်သမန်သစ္စာပုရပိုက် (၁)

နေဝင်လုပြီ. . . ။

အနောက်ဘက်စစ်ကိုင်းတောင်ရိုးနှင့် မင်းဝံတောင်တန်းကြီးများပေါ်တွင် နေလုံးနီနီကြီးသည် မေးတင်ခိုနားစ ပြုနေပါပြီ။ အမျိုးအမည်မသိ အိပ်တန်းပြန် အဖြူရောင်ငှက်ငယ်တစ်အုပ်က ဝင်လုဆဲ နေလုံးနီနီကြီးနောက်သို့ မမီမကမ်းနှင့် ပျံသန်း၍ လိုက်ပါနေကြသည် သင့်. . . ။

တောင်သမန်အင်းကို ဖြတ်၍တိုက်ခတ်လာသော ဆည်းဆာလေရူးကြောင့် ဝါးရွက်ခြောက်တချို့ တဖျောဖျောနှင့် ပျံဝဲပြုတ်ကြွေကျလျက်။ အဖော်ပျောက်နေဟန်တူသည့် ငှက်ခါးတစ်ကောင်သည်သာ သရက်ရိပ်၌ခိုကာ တကီးကီးနှင့် အော်မြည်ခေါ်ကြွေးနေသည်သို့။

ဆိုရပါမူ. . .

တစ်နေ့တာကုန်ဆုံးတော့မည့် နေဝင်ဆည်းဆာ၏ မှိန်ဖျော့ဖျော့ အလင်းပျော့အောက်တွင် ကာဝိသုသာန်တစပြင်သည် တိတ်ဆိတ်ငြိမ်သက်နေပါ၏။ သချိုင်းအိုး၏ ညောင်ချုပ်ပင်ကြီးတစ်ပင်အနီး



www.burmeseclassic.com

www.burmeseclassic.com



ကုန်းမြင့်ထက်ရှိ သူ့သတ်ကုန်း၏ ကားစင်ခြေရင်းတွင် ကျောက်သားရုပ်တုတစ်ခုနှယ် မတုန့်မလှုပ်နှင့် ဘဝ၏နောက်ဆုံးအချိန်ကို ငံ့လင့်စောင့်စားနေရရှာသည့် သက်ရှိမိန်းမသားတစ်ဦး သို့မဟုတ် စောင်းသမလေး 'ကာဝီ'။

တစ်ဖက်တွင် တောင်စွယ်နေကွယ်မည့်အချိန်ကို ဓားထမ်းကာ စောင့်ဆိုင်းနေကြသည့် မင်းခစား အာဏာပါးကွက်သားနှစ်ဦးကလည်း ညှိုးချုံးသောမျက်နှာတို့ဖြင့် စောင်းသမလေး သျှိုလာဝီ သို့မဟုတ် ကာဝီမင်းသမီးလေး၏ သနားစဖွယ်ဖြစ်အင်ကို မကြည့်ရက်နိုင်သည့်အလား ကျောခိုင်းကာသာ ရပ်လျက်။

ထိုအချိန်တွင် ကျောက်ဆစ်ရုပ်တစ်ရုပ်နှယ် ငြိမ်သက်နေသည့် အနှောင်အဖွဲ့ကြားမှ သျှိုလာဝီမင်းသမီးလေး၏ နီထွေးသောနှုတ်ခမ်းအစုံတို့က တရှုရှုနှင့် လှုပ်ခတ်လာခဲ့သည်။

"ဘဝများစွာ သံသရာဝယ် စုန်ချည်လှည့်ပတ် ကျင်လည်ကျက်စားလာခဲ့ရင်း အတွံ့အတင်ရှိခဲ့ပါသော ဝဋ်ကြွေးဟူသမျှတို့သည် ဘုရားတပည့်တော်မအပေါ်တွင် တင်ရှိနေခဲ့ပါလျှင် ယခုခံစား ကြုံတွေ့နေရသော ဘဝတစ်ခုသည်သာ နောက်ဆုံးဘဝ ဖြစ်ပါစေသား"

တိုးတိုးညင်ညင် ထွက်ပေါ်လာသော ဆုတောင်းသံလေးက ကာဝီသချိုင်းတစပြင်ကို ဖြတ်ကာ တောင်သမန်အင်းရေပြင်ထက်သို့တိုင် လွင့်ပျံ့ရိုက်ခတ်သွားသည်သို့. . . ။ ထိုစဉ် ပူနွေးသောမျက်ရည်တစ်စက သျှိုလာဝီမင်းသမီးလေး၏ မျက်ဝန်းအိမ်ထောင့်စွန်းဆီမှ ပါးပြင်ထက်သို့ စီးကျလာခဲ့သည်။





"ဤဘဝမှာ လွန်မြောက်သည့်ရှိသော် ဖြစ်တည်မွေးဖွားလာမည့် နောင်ဘဝသစ်တစ်ခု၌ သန့်စင်မွန်မြတ်သော အနိုင်းမဲ့သစ္စာတရားများဖြင့်သာ ဆုံစည်းကြုံကြိုက်ခွင့်ရပါစေသား"

သျှိုလာဝီမင်းသမီးလေး၏ နီထွေးဖူးကြွနေသော ပန်းပွင့်နှုတ်ခမ်းလွှာမှ တလှုပ်လှုပ်နှင့် တိုင်တည်ရွတ်ဆိုနေဆဲမှာပင် ကမ္ဘာမြေပြင်သည် တဝေါဝေါမြည်ဟည်းလျက် အိုးထိန်းစက်ကဲ့သို့ လည်ပတ်လာလေသည်ထင့်. . . ။

'ဝေါ ဝေါ ဝေါ ဖျော ဝုန်း' 'ဟီး ဟီး ဟီး. . . ဂို ဟီး'

အရပ်ရှစ်မျက်နှာမှ မိုးသက်လေပြင်းများကလည်း တဝုန်းဝုန်းတကျိမ်းကျိမ်းနှင့် အော်မြည်ဟစ်ကြွေးလျက် သိကြားနှင့်အသူရာ စစ်ခင်းနေကြသလို လျှပ်စီးမိုးကြိုးများကလည်း တကျိမ်းကျိမ်း၊ တဒိုင်းဒိုင်းနှင့် ပစ်ခွင်းလာကြသည်။

'ကျိမ်း ဒိန်း ကျိမ်း'

မိုးအောက်မြေပြင်တစ်ခုလုံး အကြားမလပ် သူနိုင်ကိုယ်နိုင် အပြိုင်စစ်မက်ခင်းကျင်းနေကြသည်လေလားဟုပင် ထင်မှတ်မှားရလောက်အောင် မိုးခြိမ်းသံကြီးများ၊ တော်လည်းသံကြီးများ၊ မြူလဲသံကြီးများက ကမ္ဘာပျက်လုခမန်း ဆူညံစွာ အော်မြည်ဟစ်ကြွေးလျက်။ လောကကြီးတစ်ခုလုံး ထုထည်အင်အားကြီးမား နက်ရှိုင်းလှသော အမှောင်နက်နက်ကြီး ဖုံးအုပ်ဝါးမျိုသွားသည့် ခဏမှာပင်. . . ။

k k k



www.burmeseclassic.com

www.burmeseclassic.com



၄

## တောင်သမန်သစ္စာပုရပိုက် (၂)

စစ်ကိုင်းမင်း၏သားတော် အိမ်ရှေ့စံမင်းသား နန္ဒယော်ဓာ၏ နန်းဆောင်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပါ၏။ အပ်ကျသံမျှပင် ကြားရမလောက် ငြိမ်သက်နေသည့် စံနန်းဆောင်ကြီးအတွင်းဝယ် အိမ်ရှေ့စံ 'နန္ဒယော်ဓာ' မင်းသားလေးက အားလုံးကိုကျောခိုင်းလျက် တိတ်ဆိတ်တွေဝေစွာနှင့်... ။

နန္ဒယော်ဓာ၏ရင်ထဲမှာတော့ ကမ္ဘာမီးလောင်နေပါချေပြီ။ တော်လည်းသံ၊ မိုးပြိုသံများဖြင့် နှလုံးသားတွင် တဝုန်းဝုန်းနှင့် လောင်ကျွမ်းလျက်ရှိသည်ကို ချစ်ရပါသော သျှီလာဝီနမယ်တစ်ယောက် သိများမှ သိပါလေစ... ဟု။

စံအိမ်တော် လက်ဝဲဝင်းမှူး၊ အစောင့်ရဲမက်များနှင့် အခြွေအရံများကလည်း နန္ဒယော်ဓာမင်းသားငယ် မျက်နှာတော်ညိုမှောင်လျက် မသာမယာရှိနေသည်မို့ တုတ်တုတ်မျှမလှုပ်ရဲကြဘဲ ငြိမ်သက်စွာ ရှိနေကြပါ၏။

စစ်ကိုင်းမင်း၏ ယုံကြည်အားထားရသော သားငယ် နန္ဒ





ယော်ဓာမင်းသားလေးသည် ငယ်စဉ်ကတည်းကပင် ဖခင်ကြီး၏ အလိုလိုက်ခြင်းခံထားရသဖြင့် တစ်ဖွတ်ထိုးဆန်သည်။ စိတ်မှတ်သည်းခြေကြီးသည်။ သူမှန်သည်ထင်လျှင် ဘယ်သောအခါမှ နောက်တွန့်လက်ရွံ့သူ မဟုတ်။

စစ်ကိုင်းမင်းမြတ်၏ မြေနှာခက်စားမှု၊ အလိုလိုက်မှုတို့ကြောင့် မည်သည့်အရာမဆို လက်ညှိုးညွှန်ရာ ရေဖြစ်သကဲ့သို့ ပြီးပြည့်စုံသော ဘဝတွင် ရွှေလင်ပန်းနှင့် အချင်းဆေးလာခဲ့သူဟုလည်း ဆိုနိုင်ပါ၏။

ယခု နန္ဒယော်ဓာမင်းသားလေး၏ ခြေရင်းတွင် သျှီလာဝီ မင်းသမီးလေးမှာ အနှောင်အတည်းနှင့် ချုပ်နှောင်ခြင်းခံရလျက် ရှိနေပါသည်။ တိတ်ဆိတ်ငြိမ်သက်နေသည့် စံနန်းဆောင်ကြီးထဲဝယ် သျှီလာဝီမင်းသမီးလေး၏ ငိုရှိုက်သံသဲ့သဲ့ကသာ ကြီးစိုးမင်းမူနေပါ၏။

"အဟင့် ဟင့်... ဒီအရေးကိစ္စကြီးကို နမတော် ဘာတစ်ခုမှ မသိခဲ့ရရိုး အမှန်ပါ၊ ဒီလိုသစ္စာမဲ့တဲ့လုပ်ရပ်မျိုးကို လွန်ကျူးဖို့နေနေသာသာ... စိတ်နဲ့တောင်မှ ကြံရွယ်စိတ်ကူးရန် မသင့်တော်တဲ့ကိစ္စပါ မောင်တော်ရယ်၊ အဲဒီကိစ္စအတွက် နှ နမ... "

"တော် တိတ်... ဘာတစ်ခွန်းမှ မကြားလိုဘူး"

သျှီလာဝီမင်းသမီးလေး၏ ရှင်းလင်းချေပချက်မှာ မင်းသားငယ်၏ ဒေါသမာန် ဓားချက်အောက်တွင် အပိုင်းပိုင်းပြတ်တောက်သွားခဲ့ရပါချေပြီတည်း။ ထို့နောက် သျှီလာဝီမင်းသမီးလေးအား ကျောခိုင်းလျက်မှပင်...

"ဟင်း ဟင်း... နားနဲ့တောင် ရဲရဲမကြားဝံ့တဲ့သတင်းကို



www.burmeseclassic.com

www.burmeseclassic.com



ငါကိုယ်တိုင် မဝံ့မရဲနဲ့ ကြားခဲ့ရတုန်းက မယုံကြည်ခဲ့မိတာကို[...] ငါ့ရဲ့မဟာအမှားပဲ သျှိုလာဝီ''

နန္ဒယော်ဓာမင်းသားငယ်၏ နှုတ်ဖျားမှ စကားအချို့က[...] တုန်ယင်အက်ကွဲစွာ ကျလာခဲ့သည်။ အသက်နှင့်ဆက်၍ ချစ်ခင်မြတ်နိုး[...] ရပါသော သျှိုလာဝီမင်းသမီးလေး၏ မျက်နှာလေးကိုမှု နန္ဒယော်ဓာ[...] မင်းသား မကြည့်ချင်၊ မမြင်ချင်တော့ပြီထင့်... ။

ကျောခိုင်းဖယ်ခွာထားခဲ့ပါသော်လည်း နန္ဒယော်ဓာမင်းသား[...] ၏ နှလုံးသည်းပွတ်တွင် ခိုင်ကျည်စွာတွယ်နှောင်ရစ်ဖွဲ့နေသည့် သံ[...] ယောဇဉ်နှောင်ကြိုးကိုမူ လွယ်လင့်တကူ ဖြတ်တောက်ခြင်းငှာ မစွမ်[...] သာဟုဆိုသော်လည်း မြတ်နိုးချစ်ကြင်စွာ ချစ်ရပါသော ကြင်ဘက်[...] သက်လျှာ သျှိုလာဝီမင်းသမီးလေးအား ပစ္စုပ္ပန်၏ ပါးလွှာသောကာလ[...] ၏ ဟိုမှာဘက်ခြမ်းတွင် ဤနေ့ ဤအချိန်မှစ၍ မြေမြှုပ်သင်္ဂြိုဟ်ပစ်[...] တော့ပေမည်... ဟူ၍။

တောင်သမန်အင်းကို ဖြတ်သန်းတိုက်ခတ်လာသည့် ညနေ[...] ခင်းလေပြည်က လေသာပြတင်းမှတစ်ဆင့် နန္ဒယော်ဓာမင်းသားလေ[...] အား တိုးဝှေ့ဆော့ကစားသွားခဲ့သည့်တိုင် ရင်ထဲမှ အပူမီးကိုမူ ငြိမ်း[...] သတ်မပေးနိုင်။

နန္ဒယော်ဓာမင်းသား၏ နှုတ်ခမ်းအစုံသည် တဆတ်ဆတ်[...] လှုပ်ခါလျက်... ။ မျက်ရည်ကြည်တို့ အိုင်ဖွဲ့နေသည့် မျက်ဝန်းထောင့်[...] မှ မျက်ရည်တစ်စက်က သူ၏ပါးပြင်ထက်သို့ ကြမ်းရှပူလောင်စွာ ဖြတ်သန်းစီးဆင်းသွားချိန်...





''အမိန့်တော်မှတ်မယ်... ငါ့အမိန့်ကို တစ်သဝေမတိမ်း နာခံကြ''

တုန်ယင်လှုပ်ခတ်သံနှင့် ပြတ်သားစွာ ထွက်ပေါ်လာသည့် အိမ်ရှေ့စံ နန္ဒယော်ဓာမင်းသား၏ အမိန့်သံကြောင့် စံအိမ်တော်အတွင်း ရှိ အတိုင်ပင်ခံ လက်ဝဲဝင်းမှူး၊ ရဲမက်အချို့နှင့် အခြွေအရံများမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

အတာဒီမာနနှင့် ဒေါသမီးလျှံတို့ ပေါင်းစည်းလောင်မြိုက်နေ သည့်မီးသည် ငြိမ်းသတ်နိုင်ရန် ခက်ခဲလှပါ၏။ ယခု ထိုမီးလျှံကြား မှ နန္ဒယော်ဓာမင်းသားနှင့် သျှိုလာဝီမင်းသမီးလေးတို့၏ ရင်နင့်[illegible]ကွဲ ဖွယ်ရာ အဖြစ်ဆိုးကြီးသည် လောကသစ္စာသမိုင်းတွင် အမည်းစက် ကြီးတစ်ခုအဖြစ် ရိုင်းပျစွာ ကမ္ပည်းတွ[illegible]ည်[illegible]

သို့မဟုတ်... ။



www.burmeseclassic.com

www.burmeseclassic.com



## တောင်သမန်သစ္စာပုရပိုက် (၃)

ကြားလိုက်ရသည့် သတင်းစကားက ပုညဏ်ဦးခေါင်းအား မိုးကြိုးလက်နက်ဖြင့် ပစ်ခွင်းလိုက်သည်သို့ . . ။ လှည့်ပတ်စီးမျောနေသည့် နှလုံးသွေးတို့သည်ပင် ရုတ်ခြည်း ရပ်တန့်သွားကြလေပြီလား။

"အို . . . မဟုတ်ဘူး မဟုတ်ဘူး၊ ဒီ ဒီသတင်းဟာ ဘယ်လိုမှ မဖြစ်နိုင်ဘူး . . . မမှန်ဘူး"

အချုပ်ခန်းသံတိုင်ကို လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ဦးခေါင်းကို ဘယ်ညာအနှံ့ သွက်သွက်ခါမျှယမ်းကာ ပုညဟစ်အော်လိုက်သည်။ ပါးစပ်မှလည်း သူရူးတစ်ယောက်နှယ် တတွတ်တွတ်နှင့် ပေါက်ပေါက်ဖောက်သလို ရွတ်ဆိုနေမိသည်။

"မဟုတ်ဘူး မဟုတ်ဘူး . . . ငါ ငါ ဒီလောက်မယုတ်မာပါဘူး နန္ဒရယ်၊ မင်း မင်း သိပ်ပြီး အဆင်အခြင်မဲ့သလောက် မိုက်မဲရက်စက်လွန်းလှချည်လား၊ သို့ သို့လာဝီဟာ မင်းအပေါ်မှာ ဖြူစင်မြင့်မြတ်တဲ့ သစ္စာတရားနဲ့ ထာဝရချစ်နေတဲ့သူပါ နန္ဒရယ်၊ ဒါ ဒါတွေကို မင်း မင်း မသိကျိုးကျွန်ပြုလိုက်ပြီလား . . . ဟင်"

ကြယ်စင်သစ်စာပေတိုက်



ရာဇဝတ်သားများ ချုပ်နှောင်ထားရာ အနောက်ဆောင်အချုပ်ခန်းအတွင်းမှ ပန်းချီကျော် ပုညတစ်ယောက် မယုံကြည်နိုင်ဖွယ်ရာ အဖြစ်အပျက်များကို မည်ကဲ့သို့ ဖြေရှင်းလျှောက်လဲချက်ပေးရပါမည်နည်း။

အချိန်သည် သူ့အတွက် သေရေးရှင်ရေးတမျှ အရေးကြီးနေပါပြီ။ ယခုဆိုလျှင် အပြစ်မဲ့သူ သစ္စာရှင်မလေး သို့လာဝီတစ်ယောက် နန္ဒယော်ဓာမင်းသား၏လက်ထဲတွင် အဘယ်သို့ ရှိနေပါသနည်း။

အဆင်အခြင်ကင်းမဲ့သလောက် ဒေါသမာနကြီးမားလှသည့် နန္ဒယော်ဓာ . . ။ အချစ်ကြီးသလောက် အမျက်ကြီးသော နန္ဒယော်ဓာမင်းသား၏ ဒေါသမီးတောင်အောက်တွင် . . . ။

ပုညတစ်ယောက် ဆက်၍မတွေးရဲပါလေတော့။ ထိုစဉ် အချုပ်ခန်းထောင့်ရှိ စားပွဲငယ်တစ်လုံးပေါ်မှ ပုရပိုက်ချပ်အချို့နှင့် ကညစ်တံတစ်ချောင်းကို သူသတိရလိုက်မိသည်။ နန္ဒယော်ဓာမင်းသားထံသို့ သူကျူးလွန်ခဲ့သော ဖြစ်ရပ်များကို ရေးသားပေးပို့ရန်အတွက် ညနေပိုင်းလေးကမှ အချုပ်ထောင်မှူးမှတစ်ဆင့် ပေးပို့ထားခြင်း ဖြစ်သည်။

အခန်းထောင့်မှ ကညင်ဆီမီးသည် ရင်နှင့်မနီးသော်လည်း ထင်ငြိမ်ငြိမ်နှင့် ကူးစက်လောင်ကျွမ်းခဲ့လေပြီလား။ ပုည ချက်ချင်းပင် ထုံးဖြတ်ချက်ချကာ အချုပ်ခန်းထောင့်မှ စားပွဲဝိုင်းလေးဆီသို့ လျှောက်လာခဲ့သည်။

ကြယ်စင်သစ်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



"ငါ ငါ ရှင်းပြမှဖြစ်မယ်၊ ငါ့ရဲ့အချစ်ဆုံးရောင်းရင်း နန္ဒနဲ့ နှမလေးတစ်ယောက်လို ချစ်ခဲ့ရတဲ့ သစ္စာရှင်မလေး သျှိုလာဝီအတွက် သစ္စာတရားကို အလေးထားပြီး ကိုးကွယ်တတ်တဲ့ သစ္စာတရားရဲ့ ဘက်တော်သားတစ်ဦးအနေနဲ့ ဟောဒီသစ္စာပုရပိုက်မှာ ငါ ငါကိုယ်တိုင် စီရင်ရေးသားရမယ်... ငါ ငါ ရေးရမယ်"

ကောက်ရိုးမျှင်များ ဖြန့်ခင်းထားသည့် အချုပ်ခန်းထောင့်ရှိ စားပွဲဝိုင်းလေးတွင် ပုညထိုင်လိုက်သည်နှင့် သစ္စာတရား၏ နှလုံးသွေးတို့က ကညစ်ရေးသောလက်သို့ စီးဝင်ပူးကပ်လေပြီထင့်... ။ ဗဟိုန်စည် နာရီမောင်းတို့ ထိုးခတ်သံများကို ကြားနေရသော်လည်း ဘယ်နှချက် မှန်းမသိနိုင်တော့၊

အချိန်တို့သည် တရွေ့ရွေ့ ကုန်ဆုံးလျက်... ။ သန်းခေါင်ယံကို ကျော်လွန်လာသည့် ညဉ့်သည် တစ်စ တစ်စ အိုမင်းရင့်ရော်လာခဲ့သည်။ ပုည... သူ၏စိတ်ကိုနှစ်ကာ ရေးသားနေသည့် သစ္စာတရားတစ်ခု၏ ပြယုဂ်ဖြစ်သော ပုရပိုက်ချပ်ဆယ်ချပ်မြောက်သို့အရောက်တွင် ပြီးဆုံးခြင်းသို့ ရောက်သွားခဲ့ပေပြီ။

ထိုအချိန်တွင် အရှေ့ဘက်တစ်နိုမှ နေ့သစ်တစ်ခု မွေးဖွားပေးတော့မည့် အရုဏ်ဦးနေခြည်သည် ပျို့အန်စပြုလာခဲ့ပါသည်ကော။

ပုည ကညစ်တံကိုချကာ ရေးသားပြီးစီးသွားသည့် ပုရပိုက်ချပ်များကို သူ၏ဦးခေါင်းတွင် ရစ်ပတ်ထားသည့် ခေါင်းပေါင်းပဝါကို ဖြုတ်ကာ စုစည်းချည်နှောင်လိုက်သည်။

"အင်း... ငါရေးထားခဲ့တဲ့ သစ္စာပုရပိုက်တွေကို နန္ဒကိုယ်





တိုင် ဖတ်ကြည့်မိခဲ့ရင်တော့ သံသယတွေအားလုံး ရှင်းလင်းပြေပျောက်သွားမှာပါလေ၊ တစ်ခုပဲ စိုးရိမ်မိတယ်... ငါ့ရဲ့သစ္စာပုရပိုက်တွေကို နန္ဒ အချိန်မီဖတ်မိပြီး သျှိုလာဝီအပေါ် သံသယအမျက်တွေ ပြေပါစေလို့"

ထိုစဉ်မှာပင် ပုည၏နားထဲတွင် တဖျစ်ဖျစ်နှင့် အော်မြည်သံတချို့ တိုးဝင်လာကြသည်။ တစ်ဆက်တည်းမှာပင် မီးလောင်သည့် ညှော်နံ့တချို့ ရှူရှိုက်မိလိုက်သည်။

"ဟင်... ဘာ ဘာနံ့ပါလိမ့်၊ တစ်ခုခု မီးလောင်နေတဲ့ ညှော်နံ့မျိုးပါလား"

ပုည ဝုန်းခနဲ နေရာမှထကာ အချုပ်ခန်းသံတိုင်များကြားမှ အပြင်သို့ လှမ်းကြည့်လိုက်သည်။ အချုပ်ခန်းတစ်ဖက်ဆီမှ တဖျစ်ဖျစ်နှင့်လောင်ကျွမ်းနေသော မီးညွန့် မီးစွယ်များက သူရှိရာအခန်းဘက်သို့ အလုံအယက် တိုးဝင်နေကြသည်ကို ထိတ်လန့်တကြား မြင်တွေ့လိုက်ရပါ၏။

"ဟာ... မီး မီးတွေ မီးတွေ လောင်နေပါလား၊ ဟေး... အချုပ်ခန်းကို မီးလောင်နေပြီဟေ့"

ပုည၏ ထိတ်လန့်တကြားအော်ဟစ်သံကြီးက တိတ်ဆိတ်ငြိမ်သက်နေသည့် အရုဏ်နံနက်ခင်းကို လှန့်နှိုးလိုက်သည်သို့... ။ ထောင်အတွင်းမှာပင် ဆူဆူညံညံအသံများနှင့် တဝုန်းဝုန်း ပြေးလွှားအော်ဟစ်သံကြီးများက အိပ်မောကျနေသည့် အရုဏ်အောက်တွင် သက်ဝင်နိုးထလာကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး... ဒီဘက်က အချုပ်ဆောင်ဘက်ကိုပါ မီးတွေကူး လာပြီဟေ့"

"ဟေး... မီးတွေ မီးတွေ လောင်နေပြီဟ"

"ဟာ... ဟို ဟိုဘက်မှာ မီးတွေလောင်နေပြီဟေ့"

အားလုံး ထိတ်လန့်တကြား ဟစ်အော်ပြေးလွှားနေကြသည်ကို ပုညသတိလက်လွတ်ငေးကြည့်နေစဉ်မှာပင် မီးတောက်မီးလျှံများက သူနေထိုင်သည့် အချုပ်ခန်းနံရံကိုပင် ဝါးမျိုလောင်မြိုက်လျက်ရှိပါပြီ။ ထိုအချိန်တွင်မှ ပုည ဖျတ်ခနဲ သတိရလိုက်မိသည်က သူ၏ ပုရပိုက်ထုပ်။

"ဟာ... ပ ပ ပုရပိုက်ထုပ်၊ ပုရပိုက်ထုပ်"

ပုည ချက်ချင်းပင် အချုပ်ခန်းထောင့်ရှိ စားပွဲဝိုင်းဆီသို့ ပြန်လှည့်ကာ ပြေးလာခဲ့သည်။ ထို့နောက် စားပွဲပေါ်မှ ပုရပိုက်ထုပ်ကို ဖျတ်ခနဲ ဆွဲယူကာ မီးလောင်နေသည့် အချုပ်ခန်းအတွင်းမှ ပြေးထွက်ရန် ကြိုးစားလိုက်သည်။ သို့သော် မီးလောင်ကျွမ်းမှုအရှိန်က ကြီးမား လွန်းလှပါ၏။

သူကြည့်နေစဉ်မှာပင် အချုပ်ခန်း ဝဲဘက်ထောင့်မှ သစ်သား တိုင်ကြီးက ဝုန်းခနဲ လဲပြိုကျလာခဲ့သည်။

'ဝုန်း.. ဖြောင်း'

တဝုန်းဝုန်းလောင်မြိုက်လျက်ရှိသော မီးညွန့်မီးစွယ်များက မကောင်းဆိုးဝါး တစ္ဆေကောင်ကြီးများ၏ လက်တံရှည်ကြီးများသဖွယ် ပုညကို ဆွဲယူရစ်ပတ် ဝါးမျိုရန် ကြိုးစားနေကြသည်သို့... ။





"ဟာ... ဘုရား ဘုရား၊ မီး မီးတွေက ပိုပြီးတောင် အား ကောင်းလာကြပြီ၊ ငါ ငါ လောလောဆယ် သေ သေ သေလို့ မဖြစ်သေးဘူး၊ ဟောဒီပုရပိုက်ထုပ်ကို နန္ဒယော်ဓာမင်းသားဆီ ရောက် ဖို့ အရေးကြီးတယ်၊ ဒီ ဒီ မီး မီးလျှံတွေကြားထဲက အမြန်ဆုံး ဖောက်ထွက်မှဖြစ်မယ်"

မီးအရှိန်က ပုညကိုပင် လာ၍ဟပ်နေပါပြီ။ တဝုန်းဝုန်း တဖျောဖျောနှင့် လောင်မြိုက်လျက်ရှိသည့် မီးပင်လယ်ကြီးကို မမှုနိုင်။ မီးလောင်၍ ပွင့်လာသော အချုပ်ခန်းတံခါးမှထွက်ရန် ပုည ရှေ့သို့ ခုန်ထွက်လိုက်သည်။

"ဟေး... ဟိုင်း"

ပူလောင်သော မီးပင်လယ်ကို ဖြတ်ကျော်သည်။ ထို့နောက် ကျိုးပျက်လောင်မြိုက်နေသည့် မီးတံခါးမှ အတင်းဖြတ်၍ ထွက်လိုက် သည်။

"အား အိုး... အောင်မယ်လေး"

ငရဲမီးတမျှ ပူပြင်းလောင်ကျွမ်းနေသော မီးညွန့်မီးလျှံများက တစ္ဆေသရဲကောင်များနှယ် ပုညခန္ဓာကိုယ်ကြီးအား စွဲကပ်လောင်ကျွမ်း လျက် ရှိပါချေပြီကော။

"အား အီး"

ခန္ဓာကိုယ်အနှံ့ လောင်ကျွမ်းလျက်ရှိသည့် မီးတောက်မီးလျှံ များက ပုည၏ရင်မှ ဝေဒနာမီးကို အနိုင်ယူသွားခဲ့လေပြီလား။ ဝုန်းခနဲ ပြိုလဲကျသွားသည့် ခန္ဓာကိုယ်ကြီးကို ထူမတ်နိုင်စေရန် သူ အားယူ၍



www.burmeseclassic.com

www.burmeseclassic.com



ထလိုက်သည်။ သူ၏အဝတ်အထည်များက မီးလောင်ကျွမ်းကာ သူ၏အပေါ်ယံအရေပြားများပင် မီးစွဲလောင်လျှက်။ ထိုစဉ်...

'ဝုန်း.. ဖျော ဖျော'

"ဟာ... အ အား"

မီးလောင်ကျွမ်းနေသော တိုင်တစ်လုံးက ဝုန်းခနဲ ပြိုလဲကျကာ ပုည၏ ကုန်းထရန် အားယူရွေ့လျားနေသော ညာဘက်ခြေထောက်ပေါ်သို့ ပြုတ်ကျလာသည်။ ထို့ကြောင့် ပုည ဒုတိယအကြိမ်အော်ဟစ်ကာ ကြမ်းပြင်ထက်တွင် လဲကျသွားသည်။

'ဝုန်း ဒုန်း... ဖျော'

"အား... အောင်မယ်လေး"

ပုည ကြောက်အားလန့်အားဖြင့် မီးလောင်ပြင်အတွင်းမှ ရုန်းထွက်သည်။ သို့သော် သူ၏ ညာဘက်ခြေထောက်မှာ သစ်လုံးတိုင်ကြီးအောက်တွင် ပိပြားနေလေသည်ထင့်...။ မည်သို့မျှ ဆွဲထုတ်၍ မရပါလေတော့။

"အား အီး... အူး အင်း"

ဖွတ်အနာခံ၊ အပူခံ၍ ရုန်းထွက်ရန် ကြိုးစားသည်။ သို့သော် ပုည ပြန်၍လဲကျသွားပြန်သည်။ သည်တစ်ကြိမ် ထပ်၍လဲကျသွားခြင်းသည် ပုညအတွက် နောက်ဆုံးအချိန်များလေလား။ သူ လှမ်းမျှော်ကြည့်လိုက်တော့ ရဲတမျှပူလောင်လှသော မီးညွန့် မီးစွယ်ကြီးများ၊ မီးတောက်မီးလျှံကြီးများက ပုညဆီသို့ ပြေးဝင်လာကြသည်သို့

"ဟေး... ဟို ဟို မီးလောင်နေတဲ့အချုပ်ခန်းထဲမှာ လူ





လူတစ်ယောက် ရှိတယ်ဟေ့"

"ဟာ... ဟုတ်တယ်ဟေ့၊ အဲဒီအချုပ်သားကို ကယ်ထုတ်ကြ"

"အိုး... မလွယ်ဘူး၊ မီးတောက်ကြီးတွေက အားပြင်းတယ်"

လူတချို့ သူ့အား ကယ်တင်ရန် ဝိုင်းအုံနေကြချိန်တွင် ပုည အားတင်းကာ ကုန်းရုန်း၍ ထလိုက်သည်။ သို့သော် သစ်လုံးတိုင်ကြီး ဖိမိထားသည့် ညာဘက်ခြေထောက်က ပူလောင်နေသည့်ကြားမှ မည်သို့မျှ ရုန်းထွက်၍မရတော့။

ထို့ကြောင့် လက်ထဲမှ ပုရပိုက်ထုပ်ကို အချုပ်ခန်းအပြင်ဘက်သို့ ရှိသမျှအင်အားလေးနှင့် လွှဲပစ်လိုက်သည်။

"ဟေး... အဲဒီပုရပိုက်ထုပ်ကို ဟို နန် နန္ဒယော်ဓာမင်းသားလေးဆီ ရောက်အောင် ပို့ ပို့ ပို့... "

'ဝေါ ဖျော ဖျော ဝုန်း'

"ဟာ... အ အား"

တစ်ချိန်တည်းမှာပင် ပုည၏ခေါင်းပေါ်မှ မီးစွဲလောင်နေသည့် ထုပ်တန်းကြီးက လဲကျနေသည့် ပုည၏ကိုယ်ပေါ်သို့ ဝုန်းခနဲ ပြုတ်ကျလာသည်နှင့် ပုညတစ်ယောက် ထိတ်လန့်တကြား ဟစ်အော်လိုက်ရင်း အသိတရားဟူသမျှ အားလုံးမှောင်အတိကျသွားပါချေတော့သည်။

///



www.burmeseclassic.com

www.burmeseclassic.com



## အိပ်မက်ဝက်ဝါထဲမှ လူတစ်ယောက် သို့မဟုတ်

"အ. . . အား"

ညိုမှိုင်း၏ ထိတ်လန့်တကြားဟစ်အော်သံကြီးက တိတ်ဆိတ်စွာ အိပ်မောကျနေသည့် သန်းခေါင်ယံညဉ့်ကို နှိုးလိုက်လေသည်သို့။

အိပ်မက်မှ လန့်၍နိုးလာသော ညိုမှိုင်း၏မျက်နှာပြင်ထက်တွင် ချွေးသီးချွေးပေါက်များကို စို့ရွှဲလျက် သူ၏ရင်ဘတ်တစ်ခုလုံး မွန်းကျပ် ဆို့ပိတ်နေသည်။ သွေးပျက်ချောက်ချား အိပ်မက်ဆိုးကြီးထဲမှ ရုန်းထွက် လွတ်မြောက်လာခဲ့သည့်တိုင် ရင်တစ်ခုလုံး လှုပ်ခတ်တုန်ခါနေဆဲ. . . ။

ခေါင်းရင်းစားပွဲပေါ်ရှိ သောက်ရေဖန်ချိုင့်ထဲမှ ရေတစ်ခွက်ငှဲ၍သောက်လိုက်သည့်တိုင် ညိုမှိုင်း၏ရင်ထဲမှ စိုးရွံ့ထိတ်လန့်မှုက မပြေနိုင်သေး။ စားပွဲပေါ်ရှိ မှန်အိမ်မီးစာကို မြှင့်လိုက်သဖြင့် အခန်းထဲတွင် လင်းဖြာသွားသည်။

ညိုမှိုင်းတစ်ယောက် ခုတင်ထက်တွင် ထိုင်နေရာမှ မျက်နှာပြင်ရှိ ချွေးစက်များကို လက်ခုံနှင့် သုတ်ဖယ်လိုက်ရင်း သက်ပြင်းမောတစ်ချက်ကို မသက်မသာ ချလိုက်ပါ၏။





"ဟင်း. . . ဒီလိုအိပ်မက်မျိုးတွေကို ငါ ဘာဖြစ်လို့ မကြာမကြာ မက်နေရတာလဲ မသိဘူး၊ အိပ်မက်ထဲက သျှိုလာဝီမင်းသမီးလေးက သိပ်ချောသိပ်လှသလောက် ဟို နန္ဒယော်တာမင်းသားဆိုတဲ့ လူကတော့ တော်တော်လေး သွေးအေးအေးနဲ့ ရက်စက်မယ့်ပုံပဲ၊ ဒါပေမဲ့ အဆက်အစပ်မရှိတော့ ဘာတွေမှန်းကိုမသိတော့ဘူး. . . ဟူး"

ပြတင်းပေါက်ဆီသို့ လျှောက်သွားရင်းမှ ညိုမှိုင်း၊ တံခါးပေါက်ကို ဖွင့်လိုက်သည်။ အပြင်မှလေနုအေးက ညိုမှိုင်းအား ဆီးကြိုပွေ့ဖက်လိုက်သဖြင့် အတန်ငယ် လန်းဆန်းကြည်လင်သွားပါ၏။

မှုန်ရေးရေး လရောင်အောက်တွင် တောင်သမန်အင်းရေပြေးပြေးကို ခပ်ရေးရေး မြင်တွေ့နေရသည်။ ဟိုမှာဘက်တွင် ဦးပိန်တံတားကြီးနှင့် တံတားရှေ့ဘက်ထိပ်၌ တောင်သမန်ရွာနောက်ခံညို့မှိုင်းမှိုင်းနှင့် ကျောက်တော်ကြီးဘုရား စသည်တို့ကို ရေးရေးပျပျ မြင်ရသည်။

စင်စစ် ညိုမှိုင်းသည် ရန်ကုန်မြို့တွင်နေထိုင်သည့် ပန်းချီဆရာတစ်ဦးဖြစ်သည်။ အစ်ကိုကြီးဖြစ်သူ ကျောက်မောင်းနှင့်အတူ ညီအစ်ကိုနှစ်ယောက် အင်းစိန်ဘက်တွင် ခြံကျယ်ကြီးတစ်ခြံ တိုက်ခံအိမ်ကြီးတစ်လုံးနှင့် နေထိုင်ကြသူများဖြစ်ကြသည်။

မိဘနှစ်ပါးမှာ မိုးကုတ်ကျောက်သူဌေးများဖြစ်ကြပြီး ညိုမှိုင်း (၁၂) နှစ်သားအရွယ်တွင် ကားအက်ဆီးဒင့်ဖြစ်ကာ သေဆုံးသွားခဲ့ကြရပါ၏။ ထိုအချိန်တွင် အစ်ကိုကြီးဖြစ်သူ ကျောက်မောင်းမှာ ဦးလေးဖြစ်သူ၏စီစဉ်မှုဖြင့် ရန်ကုန်မြို့သို့ ရွှေ့ပြောင်းအခြေချကာ စိန်ရွှေရတနာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကြီးတစ်ခု ဖွင့်လှစ်ခဲ့သည်။

သို့သော် ညီအစ်ကိုနှစ်ယောက်မှာ စရိုက်တစ်မျိုးစီ ဖြစ်က သည်။ အကြီးဖြစ်သူ ကျောက်မောင်းက လက်ဝှေ့ထိုးသတ်ခြင်းဘက် တွင် ဝါသနာကြီးသကဲ့သို့ အငယ်ဖြစ်သူ ညိုမှိုင်းက ပန်းချီကားမျ ရေးဆွဲခြင်းဘက်တွင် ဝါသနာကြီးသလောက် အောင်မြင်မှုလည်း အထိုက်အလျောက် ရရှိခဲ့ပါ၏။

ကျောက်မျက်ရတနာဆိုင်ကိုမူ ဦးလေးတော်သူ လူပျိုကြီး ဦးခင်မောင်လေးကပင် တာဝန်ယူ ထိန်းသိမ်းရသည်။

ကျောက်မောင်းမှာ လက်ဝှေ့လောကတွင် နယ်လှည့်က ထိုးသတ်ရင်း 'တွေ့မရှောင်ကျောက်မောင်း' ဟူ၍ ဘွဲ့နာမည်တစ်လုံ ရရှိခဲ့သည်။ ညီဖြစ်သူ ညိုမှိုင်းကိုမူ ကျောက်မောင်း ငုံထားမတတ် ချစ်သည်။ ထို့ကြောင့် ကောလိပ်ကျောင်းဆင်းညီငယ်ကို မည်သည့် အလုပ်အကိုင်ကိုမျှ မလုပ်စေဘဲ သူဝါသနာကြီးသည့် ပန်းချီကားရေ ဆွဲခြင်းဘက်တွင်သာ လွတ်လွတ်လပ်လပ် လုပ်ကိုင်စေခဲ့သည်။

ကျောက်မောင်းမှာ ဦးလေးဖြစ်သူနှင့်တွဲ၍ စီးပွားရေးလုပ်င တွင် ပါဝင်လုပ်ကိုင်ရခြင်း၊ လက်ဝှေ့လောကတွင်လည်း သွားလ လှုပ်ရှားနေရခြင်းတို့ကြောင့် အပေါင်းအသင်းစုံသည်။ သူ လုပ်ကိုင်ခ သည့်အရာဆိုလျှင် မည်သူ့တားတား မရ၊ စိတ်ဆတ် စိတ်တိုသည် ရံဖန်ရံခါ တစ်ဖွတ်ထိုး တဖောက်ကန်း နိုင်လှသည်။

ထိုခေတ်ထိုအခါက ရန်ကုန်မြို့၊ ရွှေဘုံသာလမ်းတွင် ဖွင့်ကြ သည့် စိန်ရွှေရတနာဆိုင်များမှာ ကုလားလူမျိုးသာ များသည်။ မြန်





ဟူ၍ ကျောက်မောင်း၏ဦးလေးတော် ဦးခင်မောင်လေးနှင့်မှ လေးငါး ဦးမျှသာ စိန်ရွှေရတနာဆိုင် ဖွင့်နိုင်ခဲ့ကြပါ၏။

ထို စိန်ရွှေရတနာဆိုင်ပိုင်ရှင် ကုလားလူမျိုးများကို ကျောက် မောင်းက လုံးဝကြည့်၍မရ။ သူတစ်ပါး၏မြေသို့ လာရောက်၍ လူ တွင်ကျယ်လုပ်နေကြသည်ဟု ကျောက်မောင်းယုံကြည်ထားသည်။ ထို့ကြောင့် ရွှေဘုံသာမှ ဘာဘူကုလားကြီးများနှင့် ကျောက်မောင်းတို့ မကြာခဏ ထိပ်တိုက်ဆုံတွေ့လေ့ရှိပါ၏။ သို့သော် ထိုကဲ့သို့သော အချိန်များတွင် ဦးလေးဖြစ်သူ ဦးခင်မောင်လေးက ကြားဝင်၍ ပါးပါး နပ်နပ် ကိုင်တွယ်ဖြေရှင်းပေးလေ့ရှိသည်။

နောက်ဆုံးတွင် ကျောက်မောင်းမှာ သူ၏ လက်ဝှေ့ဝိုင်းများ တွင်သာ အချိန်ကုန်ဆုံးလေ့ရှိပါတော့သည်။ ပဲခူး ရွှေမော်ဓောဘုရားပွဲ မှသည် မြန်မာတစ်နိုင်ငံလုံးရှိ ဘုရားပွဲတော်များ၊ ရိုးရာပွဲတော်များတွင် လှည့်လည်၍ သူ၏ဝါသနာကို ဖြေဖျောက်ခဲ့သည်။

တစ်နေ့တွင် မန္တလေးမြို့၏ တောင်ဘက်၊ တောင်မြို့ဟု ခေါ်တွင်သည့် အမရပူရမြို့၌ နှစ်စဉ်ကျင်းပလေ့ရှိသော ရတနာ့ဂူနတ်ပွဲ သို့ သွားရောက်ခဲ့ရာမှ မမျှော်လင့်ဘဲ အသတ်ခံရသည်လား၊ မတော် တဆ လူသေမှုလားဟူ၍ အမည်နာမ မတပ်နိုင်သော လူသေမှုနှင့် ကျောက်မောင်းတစ်ယောက် သေဆုံးသွားခဲ့ရပါသည်။

ထိုအချိန်က ညီဖြစ်သူ ညိုမှိုင်းမှာ အနုပညာဘာသာရပ် ဖြစ်သည့် ပန်းချီပန်းပုပညာရပ် လေ့လာဆည်းပူးရန်အတွက် အမေရိ …သို့ ရောက်ရှိနေခဲ့သည်။ ဦးလေးဖြစ်သူ ဦးခင်မောင်လေးမှ



www.burmeseclassic.com

www.burmeseclassic.com



သံကြိုးစာရရှိမှသာ အမေရိကားမှ ညိုမှိုင်း မြန်မာနိုင်ငံသို့ ပြန်လည်၍ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အခင်းဖြစ်ပွားရာဌာနသို့ ညိုမှိုင်းနှင့် တပည့်ကျော် အာယုတို့ ရောက်ရှိလာခဲ့ချိန်မှာတော့ အချိန် (၂) လကျော်ကျော်ခန့် ကြာမြင့်သွားခဲ့ပါပြီ။ သက်ဆိုင်ရာ စီအိုင်ဒီရုံး၊ ရဲဌာနာကြီးများနှင့် အပိုင်နယ်မြေဖြစ်သည့် အမရပူရရဲဌာနာမှ ဌာနာပိုင်ကြီး ဦးကျော်ခေါင်နှင့် ညိုမှိုင်း တိတ်တဆိတ် ဆက်သွယ်ခဲ့သည်။ ထို့နောက် အစ်ကိုဖြစ်သူ ကျောက်မောင်း၏ သေမှုသေခင်းကို အသေးစိတ် ပြန်လည်၍ စုံစမ်းမေးမြန်းခဲ့ပါ၏။

"အင်း... ပြောရမယ်ဆိုရင်တော့၊ ဒီမြို့မှာ မောင်ကျောက်မောင်းရဲ့အမှုအပြင် ထူးဆန်းပြီး စိတ်ဝင်စားစရာ အင်မတန်ကောင်းတဲ့ လူသေမှုတွေ မကြာခဏဆိုသလိုဖြစ်နေတာ နှစ်နှစ်ကျော်ကျော်ရှိပြီ မောင်ညိုမှိုင်းရဲ့၊ ဦးတို့ဘက်က ဘယ်လိုပဲစုံစမ်းစစ်ဆေးပေမယ့် အဲဒီလို လူသေမှုတွေဟာ ဘာသဲလွန်စမှ မကျန်ရစ်ခဲ့လေတော့ ဟို... ခြေရာလည်းပျောက်, ရေလည်းနောက်ဆိုတာလို ဖြစ်ခဲ့ရတယ်လေ"

"ဟုတ်ကဲ့... ဟို... ဒီလိုလူသေမှုတွေ ဘယ်လိုနည်းနဲ့ စပြီး ဖြစ်တယ်ဆိုတာလောက်တော့ ကျွန်တော့်ကို နည်းနည်းလောက် ရှင်းပြပေးပါဦး"

ဌာနာပိုင်ကြီး ဦးကျော်ခေါင်အား သူ၏ရှေ့တွင် ထိုင်နေသည့် ညိုမှိုင်းက ထပ်ဆင့်၍ မေးမြန်းလိုက်ပါ၏။ ဦးကျော်ခေါင်က သူ၏ နောက်ဘက်ရှိ ဗီရိုကြီးထဲတွင် အစီအရီထည့်ထားသည့် ဖိုင်တွဲကြီးများ





ထဲမှ ဖိုင်တွဲသုံးလေးခုကို ဆွဲယူလိုက်ပြီး ကြိုးစည်းအနီလေးကို ဖြည်လိုက်ရင်း...

"ဒီလိုကွဲ့ မောင်ညိုမှိုင်းရဲ့... ဟောဒီ အမရပူရမြို့မှာ တောင်သမန်အင်းဆိုတာရှိတယ်၊ နောက်ပြီး ဦးပိန်တံတားကြီးကလည်း အဲဒီတောင်သမန်အင်းကိုဖြတ်ပြီး ဆောက်ထားတယ်၊ တောင်သမန်တံတားထိပ်နဲ့ မျက်စောင်းထိုးလောက်မှာရှိတဲ့ ကုန်းမြင့်ပေါ်မှာ မင်းကင်းမြို့စားကြီးရဲ့ စံအိမ်တော်ဟောင်းကြီးတစ်ခုဖြစ်တဲ့ ငါးဆောင်ပြိုင်ဆိုတဲ့ အိမ်မည်းမည်းအိုအိုကြီးတစ်လုံး ရှိတယ်၊ ဒါပေမဲ့ သက်ဆိုင်တဲ့ပိုင်ရှင်တွေကတော့ အဲဒီ စံအိမ်တော်ဟောင်းကြီးမှာ မနေကြဘူး မောင်ညိုမှိုင်း"

"ဘာဖြစ်လို့မနေကြတာလဲ ဌာနာပိုင်ကြီး"

"အင်း... ဘာဖြစ်လို့မနေကြတာလဲဆိုတော့ အဲဒီစံအိမ်ဟောင်းကြီးထဲမှာ နေကြတဲ့သူတိုင်း တစ်နည်းမဟုတ်တစ်နည်းနဲ့ သေသွားကြရတာကြောင့်ပဲ မောင်ညိုမှိုင်း"

"ဘယ်လိုဖြစ်တာလဲ... အသတ်ခံကြရတာလား ဌာနာပိုင်ကြီး"

သည်တစ်ကြိမ်တော့ ဌာနာပိုင်ကြီးဦးကျော်ခေါင်က ချက်ချင်းမဖြေသေးဘဲ ဖိုင်တွဲသုံးလေးခုထဲမှ 'တွေ့မရှောင်ကျောက်မောင်း'၏ အမှုတွဲဖိုင်ကို ထုတ်ယူဆွဲလှန်ကာ ကြည့်နေပါ၏။ အတန်ကြာမှ သက်ပြင်းကြီးတစ်ခုကို မသက်မသာနှင့် ချလိုက်ရင်း...

"အင်း... အဲဒီလိုကြီးလည်း ယူဆလို့မပြေနိုင်ဘူး၊ သေပုံသ



www.burmeseclassic.com

www.burmeseclassic.com



ခင်းရဲ့ အခြေအနေက တစ်စုံတစ်ယောက်ရဲ့ ပယောဂမပါဘဲနဲ့ သူ့အလို လို နှလုံးသွေးရပ် အသက်ရှူရပ်ပြီး သေသွားကြတာချည်းပဲဆိုတော့ ကောက်ချက်ချရတာ တော်တော်ခက်နေတယ်၊ နောက်ပြီး မသက်သာ စရာ သဲလွန်စရယ်လို့လည်း တစ်ခုမှ ရှာမရခဲ့ဘူး မောင်ညိုမှိုင်း''

''ဟို ဟိုလေ... ထိတ်လန့်စရာမြင်ကွင်းတစ်ခုခု ဒါမှမဟုတ် တစ်စုံတစ်ခုကို မမျှော်လင့်ဘဲတွေ့လိုက်ရလို့ အကြောက်လွန်ပြီး သေ ဆုံးသွားတာမျိုးရော မဖြစ်နိုင်ဘူးလား ဌာနာပိုင်ကြီး''

ညိုမှိုင်းက ဌာနာပိုင်ကြီးဦးကျော်ခေါင်အား အားနာမနေနိုင်ဘဲ အမှုဖြစ်စဉ်အသေးစိတ်ကို ခရေစေ့တွင်းကျပင် မေးမြန်းစုံစမ်းနေပါ၏။ ဤကဲ့သို့ စေ့စေ့စပ်စပ် မေးမြန်းနိုင်မှ လွန်ခဲ့သောနှစ်လကျော်ခန့်က တောင်သမန်ထိပ်မှ စံအိမ်ဟောင်းကြီးတွင် အသတ်ခံရသည်လား၊ သေဆုံးခဲ့သည်လေလား ရေရေရာရာမသိနိုင်သည့် အစ်ကိုကြီးဖြစ်သူ ကျောက်မောင်း၏ သဲလွန်စခြေရာများကို သိရှိနိုင်မည် မဟုတ်ပါလား။

''အမှုလိုက်အရာရှိ တော်တော်များများကတော့ ဒီလိုပဲ မှတ် ချက်ချထားကြတာပဲကွဲ့ မောင်ညိုမှိုင်း၊ အဲဒီစံအိမ်ဟောင်းကြီးထဲမှာ လည်း ဘယ်သူမှ မနေဝံ့ကြသလို အမြဲတစေ နေဝံ့တဲ့သူလည်း မရှိ ကြတော့ဘူး၊ ပိုင်ရှင်ဖြစ်တဲ့ အဆက်အနွယ်တွေကလည်း မနေကြဘူး ရောင်းရင်လည်း ဝယ်မယ့်သူမရှိသလို တစ်ဆင့်ငှားရမ်းပြီးနေထိုင်တဲ့ သူတွေလည်း မရှိကြတော့ စံအိမ်တော်ကြီးက လူသူကင်းမဲ့ပြီး မိစ္ဆာ အိမ်ကြီးဆန်ဆန် ဖြစ်နေတော့တာပဲပေါ့''

''ဒါဆိုရင် အဲဒီစံအိမ်ဟောင်းကြီးက အမြဲတမ်းတံခါးတွေ





ပိတ်ထားတာပေါ့၊ သော့တွေဘာတွေရော ခတ်ထားသေးသလား ဌာနာပိုင်ကြီး''

''တံခါးတော့ ပိတ်ထားတာပေါ့၊ ဒါပေမဲ့ လူသူအစောင့် မရှိတော့ ချုံနွယ်ပိတ်ပေါင်းတွေတက်၊ ပြတင်းပေါက်တချို့ ကျိုးပျက် နေကြတော့ တံခါးမကြီးပိတ်ထားလည်း မထူးပါဘူးလေ၊ ဒါပေမဲ့ အိမ်အပေါ်ထပ်တွေကတော့ မပျက်စီးသေးဘဲ အနိုင်အမာပဲရှိကြသေး တယ်၊ အင်း... မင်းတုန်းမင်းနဲ့သီပေါမင်း မင်းနှစ်ဆက်တိုင်တိုင် စံစားသွားတဲ့ မင်းကင်းမြို့စားကြီးရဲ့ ငါးဆောင်ပြိုင်စံအိမ်ကြီးကလည်း အခန်းခန်း အဆောင်ဆောင်ကများတော့ ဘယ်အဆောင်, ဘယ် အခန်းဆိုတာ ရေရေရာရာမသိကြတာရယ်၊ ရေန်ချေးမည်းမည်းကြီး တွေနဲ့ ဝဒီနေအောင်သုတ်ထားလေတော့ မည်းမည်းညစ်ညစ်ကြီးနဲ့ သူတို့ပြောပြောနေကြတဲ့ မိစ္ဆာစံအိမ်ကြီးနဲ့တူနေတာရယ်ကြောင့် လူတွေ ကြောက်ရွံ့ထိတ်လန့်နေကြတာလည်း ပါတာပေါ့ မောင်ညိုမှိုင်းရယ်''

ဌာနာပိုင်ကြီးဦးကျော်ခေါင်က စကားကို ခေတ္တခဏရပ်ကာ ဆေး ပြင်းလိပ်တစ်လိပ်ကို မီးညှိအောင် စိတ်ရှည်လက်ရှည် မီးညှိနေပါ၏။ ပြီးမှ တစ်ဖွာနှစ်ဖွာခန့် ရှိုက်ဖွာလိုက်ပြီးမှ...

''နောက်ပြီး အဲဒီစံအိမ်ဟောင်းကြီးမှာ အလောင်းအစားတစ် ခုကလည်း သိပ်ပြီး ရေပန်းစားနေတယ်၊ အဲဒါက တခြားတော့မဟုတ် ပါဘူး... အဲဒီတောင်သမန်တံတားထိပ်က မိစ္ဆာအိမ်ကြီးမှာ တစ်ည အိပ်ဝံ့, မအိပ်ဝံ့ဆိုတဲ့ အလောင်းအစားပဲ၊ ခက်တာက အဲဒီလို အလောင်းအစားလုပ်ကြပြီး သွားအိပ်ကြတဲ့သူတိုင်း နောက်တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com

မိုးလင်းတာနဲ့ လက်သည်တရားခံမပေါ်ဘဲ သေဆုံးနေကြတာကို တွေ့ရတာချည်းပဲ၊ ကျုပ်တို့လည်း ဒီအတွက်နဲ့ပဲ အထက်ကနေ ဆူပူကြိမ်းမောင်းတာ ခံရ၊ အပြစ်တင်ခံရနဲ့ တော်တော်ကို ဦးနှောက်ခြောက်နေကြရပါတယ် မောင်ညိုမှိုင်းရယ်''

ညိုမှိုင်းကတော့ ဌာနာပိုင်ကြီးဦးကျော်ခေါင် ပြောပြခဲ့သော စကားလုံးများထဲမှ သဲလွန်စပေးနိုင်သော စကားလုံးများကို နှိုက်နှိုက်ချွတ်ချွတ် ရွေးချယ်စဉ်းစားနေပါ၏။

''ဒါဆိုရင်လည်း အဲဒီလို လူသေမှုတွေ မကြာခဏဆိုသလို ဖြစ်နေလေတော့ အဲဒီစံအိမ်တော်ဟောင်းကြီးကို ပိတ်ထားဖို့ ဌာနာပိုင်ကြီးတို့က အထက်ကို မတင်ပြကြဘူးလား''

''အဲဒါ ခက်နေတာပေါ့ မောင်ညိုမှိုင်းရယ်... ပိုင်ရှင်အဆက်ဆက်ကလည်း ရှိနေဆဲဖြစ်သလို နောက်ပြီး သေဆုံးခဲ့တာတွေကလည်း ရာဇဝတ်နဲ့ မပတ်သက်လေတော့ တရားဝင်ပိတ်ပစ်လို့ မရဘူးလေ၊ ကျုပ်အနေနဲ့ကတော့ ဒီစံအိမ်ဟောင်းကြီးမှာ ကျုပ်တို့ မသိနိုင်သေးဘဲ့ လျှို့ဝှက်ချက်တစ်ခုခု ရှိလိမ့်မယ်၊ နောက်ပြီး ဒီကိစ္စတွေကိုလည်း သိပ်မဟက်ဘူး၊ ဒါပေမဲ့ ဥပဒေမှာ အဲဒီလိုမျိုး မသင်္ကာရုံနဲ့ မရဘူးလေ... ခိုင်မာတဲ့သက်သေ, မသင်္ကာစရာသဲလွန်စ အချက်အလက်တွေ ပြည့်စုံမှ စွဲချက်တင်လို့ ရတာကလား၊ အခုလို မောင်ညိုမှိုင်းကိုယ်တိုင် ရန်ကုန်က အင်းစိန်စီအိုင်ဒီနဲ့တွဲပြီး ဒီအမှုတွေကို ပြန်ပြီး ဖော်ထုတ်မယ်ဆိုတော့ သိပ်ကောင်းတာပေါ့ကွယ်၊ နို့မို့ဆို ဒီမြို့နယ်က လူတွေအားလုံး ထိတ်ထိတ်လန့်လန့်နဲ့ နေနေကြရရှာတာ၊ လိုအပ်





တဲ့အကူအညီရှိရင် ကျုပ်ဆီကို အချိန်မရွေးလာနိုင်ပါတယ် မောင်ညိုမှိုင်း''

ညိုမှိုင်းတစ်ယောက် အိပ်မပျော်နိုင်သည့် အိပ်မက်ဆိုးညတွင် အမရပူရဌာနာပိုင်ကြီး ဦးကျော်ခေါင်နှင့် တွေ့ဆုံစကားပြောခဲ့ကြသည်များကို ပြန်လည်ကြားယောင်ရင်း ထိုနေ့ညက မိုးစင်စင်လင်းခဲ့ပါတော့သတည်း။

/ / /


www.burmeseclassic.com

www.burmeseclassic.com



## သျှီဟာစီကို လွမ်းမောနေသူတစ်ယောက်

နေဝင်လုပြီ... ။

ဝင်လုဆဲနေလုံးနီနီကြီးက အနောက်ဘက်မင်းဝံတောင်တန်
လက်တွင် မီးပုံးနီနီကြီးတစ်လုံး ချိတ်ဆွဲထားသည်သို့... ။ ဆည်းဆာ
၏ အလင်းဖျော့ ရောင်စုံ တိမ်နီတိမ်ဝါများက တောင်သမန်အင်းရေပြ
ထက်သို့ ဖိတ်စဉ်ကြဲပြန့်လျက်... ။ အင်းရေပြင်ကျယ်ကြီးကို ဖြတ်
သန်းတိုက်ခိုက်လာသည့် ဆည်းဆာလေကြောင့် လှိုင်းကြက်ခွပ်ရိုက်
ခတ်သံလေးများက တဖျတ်ဖျတ်နှင့် သဘာဝတေးပဒ္ဒင်တစ်ပုဒ်
သီကြွေးလျက်ရှိပါ၏။

တောင်သမန်အင်းကြီးကို ဖြတ်ကျော်၍ ဆောက်လုပ်ထာ
သည့် ဦးပိန်တံတားထိပ်နှင့် ခပ်လှမ်းလှမ်း ကုန်းမြင့်ပေါ်ရှိ 'မင်းကင်
မြို့စားကြီး'၏ စံအိမ်ဟောင်းမည်းမည်းကြီးကလည်း ဝင်လုဆဲ ဆည်
ဆာနေခြည်အောက်တွင် ထီးထီးမားမားကြီး ရှိနေပါသည်။ ထိုကုန်
မြင့်ထက်မှ တောင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်မည်ဆိုလျှင် တော
သမန်ထန်းတောညိုညို၊ အနောက်တောင်ဘက်တွင် တောင်သမ





ကျောက်တော်ကြီးဘုရား၊ ဦးပိန်တံတားနှင့် မယ်ဇယ်ပင်တန်း၊ အနောက်ဘက်တွင် တောင်သမန်အင်းရေပြင်ကျယ်ကြီး၊ ပုထိုးတော်ကြီးဘုရား၊ ပုံပါဘုရားနှင့် ဖူးဘုရား... စသည့် သာသနိကအဆောက်အအုံကြီးများက တစ်ခေတ်တစ်ခါက ဤအမရပူရမင်းနေပြည်တော်ကြီးတွင် ဗုဒ္ဓသာသနာ ပြန့်ပွားစည်ပင်ခဲ့ကြောင်းကို ညွှန်ပြနေသည့်နှယ်ပါတည်း။

အမရပူရမြို့တွင် အထင်ကရ ကြီးလေးကြီးဘုရားလေးဆူရှိသည်။ ၎င်းတို့မှာ ကျောက်တော်ကြီးဘုရား၊ တောင်မင်းကြီးဘုရား၊ ပုထိုးတော်ကြီးဘုရားနှင့် ရွှေဂူကြီးဘုရားတို့ ဖြစ်ကြသည်။ တောင်မင်းကြီးဘုရား အုတ်တံတိုင်းပတ်လည်တွင် ဈေးဆိုင်တန်းများ၊ ဓာတ်ပုံဆိုင်များနှင့် အခြားအရောင်းဆိုင်လေးများနှင့် နေ့စဉ် စည်ကားလျက်ရှိပါ၏။

ထိုမျှသာမက တောင်မင်းကြီးဘုရားဝန်းကျင်တွင် တည်ရှိနေကြသည့် မြသိမ်းတန်ဘုရား၊ သတ္တဗ္ဗာန၊ အောင်ခြင်းရှစ်ပါးဘုရားစေတီများကြောင့်လည်း စိတ်ကြည်နူးအေးချမ်းဖွယ် အသွင်ဆောင်နေပါချေ၏။ ထို့ကြောင့်လည်း တောင်သမန်အင်း၊ ဦးပိန်တံတား၊ မယ်ဇယ်ပင်တန်းနှင့် မြန်မာ့လက်ရာ ရှေးဟောင်းစေတီပုထိုးများ တည်ရှိရာဤသာသနာ့နယ်မြေသို့ ဘုရားဖူးများနှင့် အပန်းဖြေလာရောက် လေ့လာသူများက အမြဲတစေ စည်ကားလျက်ရှိသည် မဟုတ်ပါလား။

ထိုမျှသာ မကသေး... သတ္တဗ္ဗာနဘုရား စေတီအဝန်းအ ဝိုင်း၌ ရှိကြသော မုစလိန္ဒာစေတီ၊ အဇပါလစေတီ၊ စက်မစေတီ၊



www.burmeseclassic.com

www.burmeseclassic.com



အနိမိသသစေတီ၊ ရတနာဃရစေတီ၊ မဟာဗောဓိစေတီနှင့် ရာဇယတန စေတီ စသည့် စေတီတော် (၇) ဆူ အစီအရီတည်ရှိရာ အနီးတစ်ဝိုက်ရှိ တရုတ်စံကားပင်ကြီးများ၊ အကျော်ပန်းပင်ကြီးများနှင့် သက်တမ်းရင့် ခရေပင်ကြီးများကလည်း အုပ်ဆိုင်းညို့မှိုင်းလျက် ခရီးပန်းလာသူများကို အေးရိပ်ဆာရာ ပေးနေသကဲ့သို့. . . ။

တောင်သမန်အင်းရေပြင်ကို ဖြတ်ကျော်လာသည့် ဆည်းဆာလေရှူး၏ ကျီစယ်ဆော့ကစားမှုတွင် တရုတ်စံကားပွင့်ဖြူဖြူလေးများနှင့် ခရေပွင့်လေးများက တဖြုတ်ဖြုတ် ကြွေကျနေကြသည်။ ဆိုရပါမူ သဘာဝအလှအပများ စုဝေးရာ တောင်သမန်အင်းတစ်ဝိုက်၏ နေဝင်ချိန်ဆည်းဆာအလှသည် လွမ်းစွာရှားပါးလှသည့် သဘာဝ သက်ငြိမ်ပန်းချီကားချပ်ကြီး တစ်ချပ်နှယ်ပါတည်း။

ထိုနေဝင်ဆည်းဆာသဘာဝအလှတရားများကို ညိုမှိုင်းက သူ၏ ကင်းဘတ်စ ပန်းချီကားထဲသို့ အမိအရ ခြယ်မှုန်းရေးဆွဲလျက် ရှိပါ၏။ တောင်သမန်အင်းရေပြင်ထက်မှ တိမ်ရောင်စုံတို့ ရောယှက်ဖြန့်ကြက်နေသည်ကို အနီနှင့်အဝါ စိတ်ကြိုက်ရောစပ်လျက် နောက်ဆုံးရေးချက်ကို လက်စသတ်လိုက်ပြီးချိန်မှာတော့ တောင်သမန်အင်းနှင့် သျှီလာဝိကျွန်း၏ နေဝင်ချိန်ဆည်းဆာအလှတရားတို့သည် ညိုမှိုင်း၏ ပန်းချီကားချပ်အတွင်းသို့ အပြီးအပိုင် ပူးဝင်ခိုအောင်းသွားပါလေတော့သည်။

ရက်တစ်ပတ်နီးပါး ရေးဆွဲခဲ့ရသော တောင်သမန်နှင့်သျှီလာဝိကျွန်း၏ နေဝင်ဆည်းဆာ သက်ငြိမ်ပန်းချီကားတွင် ညိုမှိုင်း အချိန်





ည်မျှကြာကြာ စီးဝင်နစ်မျောနေမိသည် မသိ။ သူ၏နောက်ဘက်မှ ...ကပေါ်လာသည့် အသံအောအောကြီးကြောင့် ညိုမှိုင်း၏ စိမ့်ဝင်နစ် ...ျောနေသည်များက အလန့်တကြားပြေးထွက်သွားကြပါချေပြီကော။

"သြော်. . . မောင်ရင်လေးရဲ့လက်ရာက တော်တော့်လေးကို ...သက်ဝင်တာပါလားကွဲ့၊ အပြင်ဘက်က တောင်သမန်ရဲ့ သဘာဝ ...လှတရားအားလုံးကို မောင်ရင်လေးရဲ့ ပန်းချီကားချပ်ထဲကို ...ရောက်ဆွဲခေါ်သွားနိုင်တာပဲ"

စိတ်ခံစားမှုပျက်စီးသွားရသည်ကြောင့် ညိုမှိုင်း ဒေါသစိတ် ...ဖြင့် သူ၏နောက်ဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

ပန်းနုရောင်ပိုးပဝါတစ်ထည်ကို သျှောင်တစောင်းတွဲချထားသည့် ဦးခေါင်းတွင် ကျကျနန ရစ်ပေါင်းထားပြီး ပင်နီချောတိုက်ပုံ ...ကျီနှင့် ရွှေအိုရောင်ပိုးလုံချည်တစ်ထည်ကို တွဲဖက်၍ဝတ်ဆင်ထား ...ာ ဝက်သစ်ချသား တုတ်ကောက်တစ်ချောင်းကို ကိုင်စွဲထားသည့် ...တ်ခမ်းမွေးကားကား၊ ဥပဓိရုပ်ကောင်းကောင်း လူညိုထွား အသက် ...၀) ကျော်ခန့်ပုဂ္ဂိုလ်ကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။

"ဒါထက် မောင်ရင့်ကို ဒီဘက်မှာ တစ်ခါမှ မတွေ့ဖူးပါလား၊ ...ကြည့်ရတာ တောင်သမန်မှာတော့ မောင်ရင်က ညှို့စိမ်းတစ်ယောက် ...ဖြစ်မယ်ထင်တယ်၊ ဘာလဲ . . . ကျုပ်တို့တောင်သမန်ကို လာပြီး ...သဘာဝပန်းချီကားတွေ လာရေးဆွဲတဲ့ ပန်းချီဆရာတစ်ယောက်ပဲ ... နာမည်က ဘယ်လိုခေါ်သလဲကွဲ့"

ညိုမှိုင်း၏ ဒေါသရင်လှိုင်းများက စိတ်မျက်ခြင်းဆီသို့များ



www.burmeseclassic.com

www.burmeseclassic.com



ဦးလှည့်သွားခဲ့သည်။ ဆေးစပ်ခွက်နှင့် စုတ်တံအချို့ကို အိတ်ထဲသို့ စနစ်တကျ သိမ်းဆည်းရင်း တော်တော်စပ်စပ်စုစုနိုင်လွန်းလှသည့် ပုဂ္ဂိုလ်ကြီးတစ်ယောက်ဟုသာ မှတ်ချက်ချလိုက်ရင်း...

"ဟုတ်ကဲ့... ကျွန်တော့်နာမည်က ညိုမှိုင်းလို့ ခေါ်ပါတယ်"

ညိုမှိုင်းက ပန်းချီပစ္စည်းများကို သိမ်းဆည်းနေရင်း ကျောခိုင်းလျက်ဖြေကြားလိုက်ပါ၏။ သို့တိုင်အောင် အလိုက်ကမ်းဆိုးမသိနိုင်သည့် ထိုပုဂ္ဂိုလ်ကြီးက စကားအမျှင်မပြတ်သေး။

"သြော် သြော်... ဦးနာမည်ကတော့ ဦးရန်နောင်လို့ခေါ်တယ်၊ ဟောဒီနယ်တစ်ကြောမှာ 'ရွှေကိန္နရီရက်ကန်းရုံပိုင်ရှင် ဦးရန်နောင်ဆိုရင် ဘယ်သူမဆို သိကြတယ်ကွဲ့"

"ဟုတ်ကဲ့... အခုလို မမျှော်လင့်ဘဲ တွေ့ဆုံသိကျွမ်းခွင့်ရတာ ကျေးဇူးပါပဲ ဦး"

ညိုမှိုင်းက စကားဖြတ်ချင်ပြီဖြစ်သဖြင့် ပန်းချီဆွဲသည့် ဒေါက်စင်ပေါ်မှ ရေးဆွဲပြီးစီးသွားသည့် ပန်းချီကားချပ်ကို ဖြုတ်ကာ အသင့်ပါလာသည့် ကတ္တီပါအိတ်အနီထဲသို့ သိမ်းဆည်းရန် ပြင်ဆင်လိုက်စဉ်

"အိုး... နေ နေ ခဏနေပါဦး မောင်ရင်လေး... ကျုပ်မောင်ရင်လေးရေးတဲ့ အဲဒီပန်းချီကား သဘောကျလို့ ကျုပ်ကိုရောင်းပါလား ဟင်၊ ဟို ဟို... ငွေရေးကြေးရေးကိုတော့ မောင်ရင် အဲ... မောင်ညိုမှိုင်း ကြိုက်တဲ့ဈေးကို ပြောပါ၊ ကျုပ် ချက်ချင်းပေးပါ့မယ်"

ဦးရန်နောင်ခေါ် စပ်စပ်စုစုအဘိုးကြီး၏စကားကြောင့် ညိုမှိုင်း





၏ နှလုံးသွေးတို့ ရုတ်ခြည်းပင် ဆူဝေပွက်လျှံလာကြသည်။ ထို့ကြောင့် ပန်းချီကားသိမ်းဆည်းနေရာမှ ဖျတ်ခနဲ နောက်သို့လှည့်လိုက်ပြီး ဦးရန်နောင်ဆိုသည့် ပုဂ္ဂိုလ်ကြီးအား စူးစူးရဲရဲ ကြည့်လိုက်သည်။

ဦးရန်နောင်၏ စူးရှလင်းလက်နေသည့် မျက်လုံးများတွင် အလိုရမ္မက်၊ ဆန္ဒဇောကြီးမားမှုများကို တွေ့မြင်လိုက်ရသည်။ ဘယ်လိုလူကြီးမှန်း မသိ။ မိမိလိုချင်တာ၊ ဖြစ်ချင်တာတစ်ခုအတွက် ဆန္ဒဇောနှင့် အတ္တတို့ ကြီးမားလွန်းလှပါသည်ကော။

သည်ကဲ့သို့သောလူမျိုးတွေနှင့် ဝေးရာသို့ ရှောင်ဖယ်ထွက်ပြေးလာခဲ့ပါမှ တောင်သမန်၏ သချိုလာဇိကျွန်းတွင် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရင်ဆိုင်တိုးနေရသည်က သူ၏ မသိသားဆိုးဝါးနိုင်လွန်းလှသည့် 'ကံကြမ္မာ'ကြောင့်လေလားဟုသာ... ။

"ဝမ်းနည်းပါတယ် ဦး၊ ကျွန်တော်ရေးဆွဲတဲ့ ပန်းချီကားဟာ ကျွန်တော့်ရဲ့နှလုံးသားပါ၊ ကျွန်တော့်ရဲ့နှလုံးသားဟာ ရောင်းကုန်ပစ္စည်းတစ်ခု မဟုတ်ပါဘူး၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ညိုမှိုင်းက ပြောပြောဆိုဆိုနှင့် အသင့်သိမ်းဆည်းပြီးဖြစ်သည့် ပန်းချီပစ္စည်းများနှင့် ပန်းချီဆွဲသည့် ခေါက်ဒေါက်စင်ကို ခေါက်ယူသိမ်းဆည်းလိုက်သည်။ ပြီးလျှင် ခရေပင်ရိပ်တွင် ရပ်ထားသည့် သူ၏ ဘီအက်စ်အေဆိုင်ကယ်တွင် ချိတ်ဆွဲလိုက်ပါ၏။ ပန်းချီကားထည့်ထားသည့် ကတ္တီပါအိတ်အနီကြီးကိုမူ ပန်းချီပစ္စည်းများပေါ်သို့ တင်လိုက်ပြီး သားရေကြိုးပြားကြီးနှင့် ရစ်ပတ်ချည်နှောင်လိုက်သည်။

ညိုမှိုင်း၏စကားလုံးများနှင့် ညိုမှိုင်း၏အပြုအမူကို 'ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ကိန္နရီ' ရက်ကန်းရုံပိုင်ရှင် ဦးရန်နောင်တစ်ယောက် အံ့အားသင့်ကာ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေစဉ်မှာပင် ညီမှိုင်းက သူ၏ ဆိုင်ကယ်ကို စက်နှိုးကာ သျှိုလာဝီကျွန်း၏ ဆည်းဆာနေဝင်ချိန်ကို လည်းကောင်း၊ စပ်စပ်စုစုနိုင်သလောက် အတ္တအလိုဆန္ဒကြီးမားသော ဦးရန်နောင်ဆိုသည့် ပုဂ္ဂိုလ်ကြီးကိုလည်းကောင်း ကျောခိုင်းထွက်ခွာ သွားပါချေတော့သည်။

/ / /





## ပန်းချီထားချပ်ထဲက သျှိုလာဝီပုံရိပ်များ

ညီမှိုင်းတစ်ယောက် အမရပူရသို့ရောက်ခိုက် မန္တလေးမှ ပန်းချီဆရာများနှင့် ပူးပေါင်းကာ 'ရတနာပူရ' ခန်းမဆောင်တွင် တောင်သမန်ပုံရိပ်အမည်ရှိ ပန်းချီပြပွဲတစ်ခုကို ပြသခဲ့သည်။

တောင်လေးလုံးကျောင်းတိုက်အနီးရှိ တောင်သမန်ပုံရိပ် ပန်းချီပြပွဲတွင် အထက်မြန်မာနိုင်ငံ ပန်းချီအနုပညာအသင်းမှ ပန်းချီဆရာကြီးငယ်တို့၏ အရောင်စုံ၊ အသွေးစုံ၊ လက်ရာစုံ ပန်းချီကားများဖြင့် ခင်းကျင်းပြသလျက်ရှိရာ လူကုံထံအသိုင်းအဝိုင်းမှ ပညာတတ်လူကြီးလူငယ်များ၊ အမရပူရမှ ရက်ကန်းရုံပိုင်ရှင်ကြီးများ၊ စီးပွားရေးသမားများနှင့် ပန်းချီဝါသနာရှင်များ၊ ပန်းချီကားစုဆောင်းသူများ၊ ဌာနဆိုင်ရာ အရာရှိ အရာခံများပါ လာရောက်ကြည့်ရှုအားပေးကြသည်။

အမရပူရရဲဌာနမှ ဌာနာပိုင်ကြီးဦးကျော်ခေါင်၊ ပိုးကုန်သည်ကြီး ဦးရာမတို့ကလည်း တောင်လေးလုံးကျောင်းတိုက်သို့ လာကြရင်း တောင်သမန်ပုံရိပ် ပန်းချီပြပွဲသို့ ဝင်ရောက်ကြည့်ရှုနေကြပါ၏။ အချိန်



www.burmeseclassic.com

www.burmeseclassic.com



က နံနက်ဆယ်နာရီခန့်ရှိပြီမို့ ရတနာပူရပြခန်းထဲတွင် ပန်းချီပြပွဲ လာ ရောက်ကြည့်ရှုလေ့လာသူများနှင့် စည်ကားလျက်ရှိသည်။

ထိုအချိန်တွင် ပန်းချီပြခန်းထဲသို့ မိန်းမပျိုနှစ်ယောက် ဝင် ရောက်လာကြသည်။ ရှေ့မှ ဦးဆောင်လာသည့် မိန်းမချောလေးမှာ အစိမ်းနုရောင် နိုင်လွန်အင်္ကျီနှင့် အစိမ်းရင့်ရောင်တွင် ငွေရောင်အောက် နား ချိတ်အဆင်ကွပ်ထားသည့် ဘရိုကိတ်လုံချည်ကို ဝတ်ဆင်ထားပြီ စိမ်းပြာရောင် ကတ္တီပါဖိနပ်ထူထူကို စီးထားလေ၏။ မိန်းမချောလေး၏ သွင်ပြင်ဟန်မှာ မင်းမျိုးမင်းနွယ်ပုံစံပေါက်လျက်ရှိပြီး နက်မှောင်သော ဆံပင်အရှည်ကြီးကို ကျစ်ဆံမြီးကျစ်ကာ ချထားသဖြင့် မဟာဆန်လှ ပေသည်။

နောက်မှလိုက်ပါလာသူကမူ ဖြူဖြူဝဝနှင့် အသက် ၁ နှစ်ခန့်ရှိ မိန်းမငယ်လေးဖြစ်ပြီး မိန်းမချောလေး၏အဖော် သို့မဟုတ် အစေအပါးတစ်ယောက်ဖြစ်ဟန် တူပါ၏။ ထိုမိန်းမချောလေး ဝင်လာ သည်နှင့် ပြခန်းထဲရှိ ပုရိသအပေါင်း၏မျက်လုံးများမှာ ပန်းချီကား ချပ်ပေါ်တွင် မရှိကြတော့ဘဲ အဆိုပါမိန်းမချောလေးဆီသို့သာ စုပြုံ ရောက်ရှိနေကြပေတော့သည်။

မိန်းမချောလေးကမူ စိုးရွံ့ထိတ်လန့်ဟန် မရှိဘဲ သူမ၏ လက်မွေ့အိတ်အနက်ကလေးကို တံတောင်ဆစ်တွင် ချိတ်တွယ်ကာ ပန်းချီကားများကိုသာ တစ်ခုပြီးတစ်ခု စိတ်ဝင်တစားကြည့်နေကြပါ၏ ဤသို့ဖြင့် ပန်းချီကားချပ်များကို တစ်ကားချင်း တစ်ကားချင်း စိတ်ဝင် တစားနှင့် စေ့စပ်သေချာ ကြည့်ရှုနေရာမှ ပြပွဲအခန်းထောင့် တစ်နေရာ





ရှိ ပုံတူပန်းချီကားချပ်တစ်ခုရှေ့သို့ ရောက်လာသောအခါ မိန်းမချော လေး၏ မျက်လုံးများသည် ပြူးကျယ်ဝိုင်းစက်လျက် ပါးစပ်ကလေး ဟကာ တအံ့တဩ ငေးမောကြည့်ရှုနေသည်ကို တွေ့လိုက်ကြရသည်။

အဆိုပါ ပန်းချီကားရှေ့၌ ရပ်ကြည့်နေသော လူတချို့သည် လည်း အနီးသို့ မိန်းမချောလေး ရောက်ရှိလာသည်နှင့် သူမကိုသာ ငေးမောကြည့်ရှုနေကြသည်။ ထို့နောက် မိန်းမချောလေးကို တစ်လှည့် သူမနှင့် ချွတ်စွပ်တူသည့်ပုံတူပန်းချီကားကိုတစ်လှည့် အံ့ဩငေးမော ကာ ကြည့်နေကြပါတော့သည်။

"ရော်... ဘယ်လိုဖြစ်တာလဲဟ၊ ဒီပန်းချီကားထဲက မင်းသ မီးလေးရဲ့မျက်နှာက ဒီမိန်းမချောလေးနဲ့ ချွတ်စွတ်တူနေပါလားဟေ့"

"ဟာ ဟော့ကောင်... တိုးတိုးပြောစမ်းပါဟ၊ ကြားသွားရင် အားနာစရာကြီး"

ထိုအချိန်တွင် ပန်းချီပြခန်းထဲရှိ ပရိသတ်များသည် မိန်းမချော လေးအနီးသို့ ဝိုင်းအုံရောက်ရှိလာကြပြီး သူမ၏ရှေ့မှ ပန်းချီကားကို ကြည့်ကာ မိန်းမချောလေးကိုတစ်လှည့်၊ ပန်းချီကားကြီးကိုတစ်လှည့် အပြန်ပြန် အလှန်လှန် ကြည့်ရှုနေကြပြီး အချင်းချင်း လက်တို့ကာ ငြီးတိုးစကားများ ပြောဆိုနေကြသည်။

လာရောက်ကြည့်ရှုကြသော ညီ့ပရိသတ်အများစုမှာ အဆို ပါ ပုံတူပန်းချီကားချပ်ကြီးနှင့် မိန်းမချောလေးရှိရာ အခန်းထောင့်တွင် စုပြုံလျက် တိုးဝှေ့ကြည့်ရှုနေကြပေတော့သည်။

"ဟော... ဟိုမှာ ဘာတွေဖြစ်နေကြတာလဲ မသိဘူး ဦး



www.burmeseclassic.com

www.burmeseclassic.com



ကျော်ခေါင်၊ ကျုပ်တို့ သွားပြီးကြည့်ကြရအောင်''

''ဟုတ်တယ် ဦးရာမ... ဘာတွေကို စုပြုံတိုးဝှေ့ပြီး ကြည့်နေကြတာလဲ မသိဘူး။ တစ်ခုခုတော့ ထူးခြားနေပြီထင်တယ်''

ဤသို့ဖြင့် ဦးကျော်ခေါင်နှင့် ဦးရာမတို့နှစ်ယောက်သား လူစုစုရှိရာနေရာသို့ မသိမသာတိုးဝှေ့၍ ကြည့်လိုက်ကြသည်။ တွေ့လိုက်ရပါပြီ..။ ပန်းချီကားချပ်တစ်ခုထဲမှ ပုံတူပန်းချီကားကြီးနှင့် ထိုပန်းချီကားအနီးမှ မိန်းမချောလေးတစ်ဦးကို အပြန်ပြန်အလှန်လှန် ကြည့်နေကြခြင်းပင်တည်း။

''ဟာ... ပန်းချီကားထဲက မင်းသမီးလေးပုံနဲ့ ဒီအမျိုးသမီးက တော်တော်ကြီးကို တူနေပါလားဗျ''

''ဟုတ်တယ် ဦးရာမ... လူတွေက ဒါကြောင့် တအံ့တသြနဲ့ ဝိုင်းအုံပြီး ကြည့်နေကြတာပေါ့''

ဦးကျော်ခေါင်တို့ မြင်တွေ့နေရသော ပန်းချီကားမှာ အမြင့် သုံးပေ၊ အနံ နှစ်ပေခန့်ရှိ သျှီလာဝီမင်းသမီးဟု အမည်ပေးထားသည့် ပုံတူဆီဆေး ပန်းချီကားတစ်ချပ်ဖြစ်သည်။ ပန်းချီကား၏အောက်ခြေ ထောင့်တစ်နေရာတွင် (Not For Sale) 'ရောင်းရန်မဟုတ်ပါ' ဟု ရေးထားသည်ကိုလည်း တွေ့မြင်နေရပါ၏။

ထိုပန်းချီပုံတူ ပန်းချီကားသည် ရှေးဟောင်းနန်းတွင်းသူတစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားပြီး လွန်စွာချောမောညက်စင်လှပသည့် မင်းသမီးလေးတစ်ပါး၏ပုံ ဖြစ်သည်။ နန်းတွင်းသူဟု ဆိုရသော်လည်း မြန်မာရှေးဘုရင်များလက်ထက်က နန်းတွင်းသူကဲ့သို့ ဝတ်စားဆင်ယင်





ထုံးဖွဲ့မှု မရှိ၊ ပျူခေတ်အဝတ်အစားလိုလို၊ မထိပ္ပရကာသည်းတို့၏ ဝတ်စားဆင်ယင်မှုပုံစံလိုလို၊ မဏိပူရပြည်နယ် နံရံဆေးရေးပန်းချီများတွင် တွေ့မြင်ရတတ်သော အဝတ်အစားပုံစံမျိုးလိုလို ထင်မြင်ယူဆရသည်။

ဦးကျော်ခေါင်ရော ဦးရာမပါ သမိုင်းရာဇဝင်များတွင် လေ့လာမှုအားနည်းပါးသဖြင့် မည်သည့်ခေတ်၊ မည်သည့်လူမျိုး၊ အဝတ်အစားများဟု တိကျရေရာစွာ မပြောပြတတ်သော်လည်း ပန်းချီကားမှာမူ လွန်စွာမှပင် အသက်ဝင်လျက် ရှိပါချေ၏။ ဖြူဝင်းမွတ်စင်သော ဦးဆံစပေါ်၌ ဆံပင်အခွေကလေးများ ကျနေဟန်၊ နားသယ်ရှေ့၌ ဆံမွေးနုနုလေးများ ပေါက်နေပုံ၊ နီစွေးစွေးနှင်းဆီရောင် နှုတ်ခမ်းထောင့်စွန်းတွင် မပြုံးတပြုံး ပြုံးတုံ့နှင့် ရွှန်းလက်တောက်ပသော မျက်ဝန်းအစုံကလည်း တစ်စုံတစ်ရာကို ဖွင့်ဟညွှန်းဆိုနေသည့်နှယ်။

သေသေချာချာ စိုက်ကြည့်နေရင်းမှ ကော့ညွှတ်ညွှတ် မျက်တောင်လေးများက လှုပ်ခတ်သွားလေသည်လားဟု ထင်မှတ်သွားရလောက်အောင်ပင် ပန်းချီလက်ရာမှာ အသက်ဝင်လွန်းလှပါချေ၏။

ထို့ပြင် ပန်းချီကားထဲမှ မင်းသမီးလေး၏ လည်တိုင်ကြော့ကွင်လည်း ဒေါင်းဒင်္ဂါးလေးတစ်ပြား ဆွဲထားရာ ထိုရွှေရောင်လင်းသက်နေသည့် ဒင်္ဂါးပြားလေးမှာ ဆွဲဖြုတ်လိုက်လျှင် ပြုတ်ပါလာလေသည်လားဟုပင် ထင်မှတ်ရသည်။

ထိုအရာများအားလုံးထက် ပို၍ ပို၍ ထူးဆန်းအံ့သြဖွယ်ရာကောင်းသည်မှာ ထိုပန်းချီကားထဲမှ မင်းသမီးချောလေးသည် သူ၏



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မျက်နှာချင်းဆိုင်၌ ရပ်ကြည့်နေသည့် ခေတ်မီအဝတ်အဆင်များဖြင့် ဆင်ယင်ထားသည့် သက်ရှိမိန်းမချောလေးနှင့် ရုပ်ချင်းခွဲမရအောင် တစ်ထေရောတည်း တူညီနေခြင်းပင်တည်း။

မိန်းမချောလေးမှာ သူ၏ရှေ့မှ သူမနှင့် တစ်ထေရာတည်း တူညီနေသည့် ပန်းချီကားကို စူးစူးနစ်နစ်ကြည့်နေရင်းမှပင် အံ့ဩခြင်း၊ ဝမ်းသာခြင်း၊ ရှက်ရွံ့ခြင်း၊ ကျေနပ်ခြင်း၊ ဒေါသဖြစ်ခြင်း စသော ခံစားချက်တို့က မျက်နှာပြင်တွင် လျှင်မြန်စွာ ပြောင်းလဲဖြစ် ထွန်းလျက် ရှိနေပါချေ၏။

မိန်းမချောလေး၏ နိုင်လွန်အကျႌပါးပါးအောက်မှ မို့မို့ဝိုင်း ဖွေ့ရင်အစုံက သူမ၏ စိတ်လှုပ်ရှားမှုကြောင့် မြင့်ချည်၊ နိမ့်ချည်၊ ဖောင်းချည်၊ ကြွချည်နှင့် မိန်းမချောလေးက သူ၏ နီစွေးလှသည့် နှုတ်ခမ်းထောင့်စွန်းကို ဖိကိုက်ထားရင်း ဆုံးဖြတ်ချက်တစ်ခုက ချလိုက်သည်ထင့်. . . ။

ပန်းချီကားရှေ့တွင် ဝိုင်းအုံကြည့်နေကြရင်း တီးတိုးပြောဆို နေကြသည့် ပရိသတ်ကြားမှ တိုးထွက်လျက် ပြခန်းထောင့်ရှိ ပန်းချီ ကားပြခန်းတာဝန်ခံရှိရာသို့ လျှောက်သွားသည်။ စားပွဲတစ်လုံးအနီးတွင် ထိုင်နေသည့် ပြခန်းတာဝန်ခံရှေ့သို့ ရောက်သည်နှင့်. . .

"ဒီမှာ. . . ရှင်က ဒီပန်းချီပြခန်းရဲ့ တာဝန်ခံလား"

"ခင်ဗျာ. . . ဟုတ် ဟုတ်ပါတယ်၊ ဘာ ဘာကိစ္စများရှိလို့ ပါလဲ၊ ကျွန်တော် ဘာအကူအညီပေးရမလဲ ခင်ဗျာ"

ထိုအခါမှ မိန်းမချောလေးက ပန်းချီကားချိတ်ဆွဲထားရာ





အခန်းထောင့်ဆီသို့ လက်ညှိုးညွှန်ပြလိုက်ပြီး. . .

"ဟောဟိုက ပန်းချီကားရေးဆွဲတဲ့ ပန်းချီဆရာနဲ့ မြတ်ဆု တွေ့ချင်ပါတယ်၊ မြတ်ဆုရဲ့ပုံတူကို ကာယကံရှင်ခွင့်ပြုချက်မရဘဲ ရေးဆွဲတဲ့အတွက် မြတ်ဆု ခွင့်မလွှတ်နိုင်ပါဘူး၊ ပြီးတော့ မြတ်ဆုရဲ့ ပုံတူပန်းချီကားကိုလည်း ပြပွဲမှာ ပြသခွင့်မပြုနိုင်ပါဘူး"

ပန်းချီပြပွဲတာဝန်ခံမှာ မြတ်ဆုဆိုသော သူ၏ရှေ့မှ မိန်းမလှ လေးကိုကြည့်ကာ အံ့ဩတွေဝေစွာဖြင့် ရှိနေရာမှ ပြခန်းထောင့်မှ ပန်းချီကားရှိရာသို့ လှမ်းကြည့်လိုက်ရင်း. . .

"ဩော်. . . သျှိုလာဝီမင်းသမီး ပန်းချီကားကို ရေးဆွဲတဲ့ ဆရာညိုမှိုင်းကို ပြောတာထင်တယ်၊ ဒီကနေ့တော့ သူ မလာနိုင်တော့ ဘူး ထင်တယ်၊ ပန်းချီကားဝယ်တဲ့ နိုင်ငံခြား[illegible]သည်နှစ်ဦးကို ခေါ်ခဲ့ ကျွန်းမွေးဖို့ မန္တလေးကိုသွားကြပါတယ်၊ မနက်ဖြန်ဆိုရင်တော့ တွေ့နိုင် မှာ စီစဉ်ပေးပါ့မယ်"

မိန်းမချောလေးမှာ ခေတ္တမျှ တွေဝေစွာစဉ်းစားနေရာမှ. . .

"ဒါဆိုရင်လည်း အခု မြတ်ဆုပြောတဲ့[illegible]တွေကို ဆရာ ပြောထားပေးပါ၊ မနက်ဖြန်မနက် ၉ နာရီမှာ မြတ်ဆုနဲ့ ဟော်ဒီပြခန်း မှာပဲ တွေ့ကြဖို့ မှာထားပေးပါ၊ ကဲ. . . လာ ဖွေးဥ၊ ပြန်ကြမယ်"

ထို့နောက်မှာတော့ မိန်းမချောလေးမှာ ဖွေးဥဆိုသည့် ကောင် မလေးကိုခေါ်ကာ တောင်သမန်ပုံရိပ် ပန်းချီပြခန်းထဲမှ ခြေလှမ်းမှန်မှန် ဖြင့် ပြန်လည်ထွက်ခွာသွားပါလေတော့သည်။

ထိုအဖြစ်အပျက်ကို အစအဆုံး မြင်တွေ့နေရသည့် ငှာ



www.burmeseclassic.com

www.burmeseclassic.com



အုပ်ကြီးဦးကျော်ခေါင်နှင့် ဦးရာမတို့နှစ်ယောက်မှာ မိန်းမချောလေး ထွက်သွားသည်နှင့် ပန်းချီပြခန်းထဲတွင် ခဏမျှ လှည့်ပတ်ကြည့်ရှုကာ ပြခန်းထဲမှ ထွက်ခွာလာခဲ့ကြသည်။

နှစ်ယောက်သား တောင်လေးလုံးကျောင်းတိုက်ထဲမှ ထွက်လာကြပြီး တရုတ်စံကားပင်များနှင့် အကျော်ပန်းပင်ကြီးများ ဝေဆာအုပ်ဆိုင်းနေသည့် သတ္တဓိဌာနစေတီ ပရိဝုဏ်ဘက်သို့ လျှောက်လာခဲ့ကြသည်။

တောင်သမန်အင်းကိုဖြတ်၍ တိုက်ခတ်လာသည့် လေရူး တစ်ချက်က တရုတ်စံကားပွင့်တချို့ကို ဖြုတ်ခြွေချနေသည်သို့. . .

"ဘယ့်နှယ်လဲ ဦးကျော်ခေါင်. . . တောင်သမန်ပုံရိပ်ပန်းချီ ပွဲက တော်တော်လေး စိတ်ဝင်စားစရာတော့ ကောင်းနေပြီထင်တယ် သျှိုလာဝီမင်းသမီးဆိုတဲ့ ပန်းချီကားထဲက မင်းသမီးလေးနဲ့ ပြပွဲကို ရောက်လာတဲ့ မိန်းမချောလေးက အရမ်းကိုတူတာပဲနော်၊ ကျွ ပန်းချီဆရာနဲ့ အဲဒီမိန်းမချောလေးက သမီးရည်းစားများ ဖြစ်ခဲ့ကြ လား မသိဘူးဗျ"

"မဖြစ်နိုင်ဘူးထင်တယ်. . . အဲဒီပန်းချီကားကို ရေးတဲ့ ပန်း ဆရာက လွှန်ခဲ့တဲ့လေးငါးရက်လောက်ကမှ ရန်ကုန်ကနေ ရောက် လာခဲ့တာ၊ သူ့နာမည် မောင်ညိုမှိုင်းတဲ့၊ စောစောက မိန်းကလေးက တော့ အမရပူရမြို့လယ်က ရွှေကိန္နရီရက်ကန်းရုံပိုင်ရှင် ဦးရန်နောင် တစ်ဦးတည်းသောသမီး မြတ်ဆုနွေးတဲ့၊ မန္တလေးဈေးချိုထဲက စိန်ရွှေ ရတနာဆိုင်ပိုင်ရှင်တစ်ယောက်ရဲ့သားနဲ့ စေ့စပ်ထားသလိုလို၊ လူကြ





ချင်း သဘောတူထားကြသလိုလို ကြားရတာပဲ"

ဌာနာပိုင်ကြီး ဦးကျော်ခေါင်က သူသိသမျှတို့ကို ဦးရာမအား ပြောလိုက်ခြင်း ဖြစ်သည်။ ဦးရာမကမူ ပရိဝုဏ်တံတိုင်းတွင် ရပ်လိုက် ရင်း တောင်သမန်အင်းဘက်ဆီသို့ လှမ်းမျှော်ကြည့်ကာ. . .

"အင်း. . . ထူးတော့ထူးဆန်းနေသလိုပဲဗျ၊ ခင်ဗျားပြော သလိုဆိုရင်တော့ ဟိုမိန်းကလေး ဘယ်သူတဲ့. . . ဪ မြတ်ဆုနွေး ဟုတ်လား၊ အေး. . . အဲဒီကောင်မလေးနဲ့ ပန်းချီကားထဲက မင်းသမီး လေးကလည်း တူပဲတူနိုင်လွန်းလှချည်လားဗျာ၊ ကျုပ်ဖြင့် ခင်ဗျားပြော လို့သာ သူ့ပုံမဟုတ်ဘူးလို့ တွေးရတာ၊ ဒါမျိုးက ဓာတ်ပုံရှိရင်ရှိ၊ မရှိရင် ကိုယ်တိုင်မော်ဒယ်ထိုင်ပြီး ပြပေးမှ ရေးလို့ရနိုင်မယ့်လက်ရာ မျိုးဗျ၊ ဒါတောင် အချိန်တော်တော်ကြာကြာပေးရမှာနော်"

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ဗျာ၊ မနက်ဖြန်ညနေဆိုရင် ပန်းချီ ဆရာနဲ့ အဲဒီမိန်းကလေးတို့ တွေ့ကြပြီပေါ့ဗျာ၊ ရှေ့ဆက် ဘာတွေ ဖြစ်ကြမလဲဆိုတာတော့ ကျုပ်လည်း မတွေးတတ်တော့ဘူး ဦးရာမ ရေ. . . ဟင်း ဟင်း ဟင်း"

နှစ်ယောက်သား ပရိဝုဏ်ထဲရှိ တရုတ်စံကားပင်အောက်မှ ခုံတန်းရှည်လေးပေါ်တွင် ထိုင်လိုက်ကြသည်။ ပြီးလျှင် ဦးရာမက သူ၏အိတ်ထဲမှ ဆေးတံနှင့် ဆေးမှုန့်ဘူးကို ထုတ်ကာ ဆေးတံထဲတွင် ဆေးတစ်ဆုံဖြည့်နေသကဲ့သို့ ဦးကျော်ခေါင်ကလည်း သူ၏လက်စွဲ တော် ဆေးပြင်းလိပ်မည်းမည်းကြီးကိုထုတ်ကာ မီးညှိအောင် စိတ်ရှည် လက်ရှည် မီးညှိနေပါ၏။ မီးစွဲသွားမှ ဆေးပြင်းလိပ်ကို တစ်ဖွာနှစ်ဖွာ



www.burmeseclassic.com

www.burmeseclassic.com



ခန့် ရှိုက်ဖွာလိုက်ရင်း...

"အင်း... အဲဒီပန်းချီဆရာ မောင်ညိုမှိုင်းက အိန္ဒိယက 'ရှန်တိနိကေတန်' မှာ ပန်းချီသင်တန်းတက်နေတာဗျ၊ မြန်မာပြည် ပြန်ရောက်တာတောင် ဘာမှကြာသေးတာမဟုတ်ဘူး၊ ကျုပ်နဲ့တွေ့ တာမှ လေးငါးရက်လား ရှိသေးတယ်၊ ကျုပ်သိရသလောက်ကတော့ အဲဒီပန်းချီဆရာလေး မောင်ညိုမှိုင်းနဲ့ မြတ်ဆုနွေးဆိုတဲ့ ကောင်မလေး တို့ဟာ သိကျွမ်းဖို့နေနေသာသာ မျက်နှာချင်းတောင်မှ အခုမှ ဆိုင် ကြမယ့် သဘောမှာရှိတယ်"

"အဲဒါမှ ပိုပြီး အံ့သြစရာကောင်းသလို စိတ်ဝင်စားစရာလည်း ကောင်းလာပြီဗျို့၊ ပန်းချီဆရာရဲ့ ပန်းချီကားထဲက အမျိုးသမီးရဲ့ပုံ ဟာ စုတ်ချက်ရေးချက်တွေ နူးညံ့သိမ်မွေ့သလောက် တုနှိုင်းမမီတဲ့ အလှအပကိုရော စိတ်ရင်းစိတ်ဓာတ်ကိုရော ပေါ်လွင်စေတယ်၊ မြတ် ဆုနွေးဆိုတဲ့ မိန်းမချောလေးကလည်း ပန်းချီကားထဲက မင်းသမီး လေးနဲ့ ဝတ်စားဆင်ယင်ပုံ မတူတာတွေကလွဲရင် တကယ့်ကို ထပ်တူ ထပ်မျှ ချွတ်စွပ်ပါပဲ ဦးကျော်ခေါင်၊ ပန်းချီဆရာကလည်း အဲ ပန်းချီကားကို ဘာဖြစ်လို့များ သျှိုလာဝီမင်းသမီးလို့ အမည်ပေးထား လိမ့် ပြီးတော့ ဘာဖြစ်လို့ ဒါလောက်တောင် တူနိုင်လွန်းလှတာလဲဗျာ"

လေအဝှေ့ဝယ် တရုတ်စံကားပွင့်ဖြူဖြူလေးများ တဖွဲဖွဲ ပြုတ် ကြွေကျနေကြသည်မို့ သတ္တဋ္ဌာနဘုရားပရိဝုဏ်ထဲတွင် တရုတ်စံကား ဖြူဖြူလေးများက မြေပြင်ထက်ဝယ် ကော်ဇောဖြူကြီးတစ်ချပ် ခင်းထား သည်သို့... ။





ဌာနာပိုင်ကြီးဦးကျော်ခေါင်ကမူ မောင်ညိုမှိုင်း၏ ဘဝတစ် စိတ်တစ်ပိုင်းကို ဖွင့်ပြောပြခြင်း မရှိ၊ မှူခင်းရေးရာနှင့်ပတ်သက်သည့် အချက်အလက်အချို့ကို လျှို့ဝှက်ထားပြီး ပန်းချီဆွဲခြင်းကိစ္စကိုသာ အလေးပေး၍ ပြောဆိုနေပါ၏။

"ဒါကတော့ ထူးခြားတဲ့တိုက်ဆိုင်မှုတစ်ခုပဲလို့ ဆိုရမယ် ထင်တယ်၊ ပန်းချီဆရာ မောင်ညိုမှိုင်းနဲ့ မြတ်ဆုနွေးဆိုတဲ့ မိန်းကလေး တို့ဟာ လူချင်းမတွေ့ဖူးခဲ့ကြပေမယ့် စိတ်ချင်းဆက်နွယ်မှုတွေတော့ ရှိပုံရတယ်လေ၊ ဒါမှမဟုတ်ရင်လည်း အနုပညာရှင်တွေမှာ ရှိတတ်တဲ့ ထူးခြားတဲ့ အထူးအာရုံသိမှုပေါ့ဗျာ၊ ကဲ... ကျုပ်လည်း စခန်းကို ပြန်ပြီးဝင်ရဦးမယ်၊ သွားကြရအောင် ဦးရာမ"

ဦးရာမနှင့်အတူ သတ္တဋ္ဌာန ဘုရားဝင်းအတွင်းမှ ထွက်လာခဲ့ သော်လည်း ဦးကျော်ခေါင်၏စိတ်ထဲမှာမူ ပန်းချီပြခန်းထဲတွင် တွေ့ ခဲ့ရသော မြတ်ဆုနွေးဆိုသည့် မိန်းမချောလေးနှင့် ပန်းချီဆရာ မောင် ညိုမှိုင်းတို့အကြောင်းကသာ ကြီးစိုးမင်းမူနေပါတော့သည်။

တောင်သမန်လေနုအေးကတော့ ညင်းညင်းသွဲ့သွဲ့ တိုက် ခတ်နေဆဲ... ။

ﻻﻻﻻ



www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တမဲ့ မှ အမှတ်တရ တွေ့ဆုံခြင်း

သျှီလာဝီကျွန်း . . . ။

အမည်နာမကလေးက လှပသလောက် သျှီလာဝီကျွန်း၏ နောက်ခံသမိုင်းရာဇဝင်ဖြစ်ရပ်ကလေးကမူ လွန်စွာမှ ရင်နင့်ကြေကွဲဖွယ် ကောင်းလှပါ၏။ သျှီလာဝီကျွန်းသည် ဒုဋ္ဌာဝတီမြစ်နှင့် တောင်သမန်အင်းတို့အကြားတွင် တည်ရှိသည်။

သျှီလာဝီကျွန်း၏ အရှေ့ဘက်တွင် ရစ်ခွေစီးဆင်းလျက်ရှိသော ဒုဋ္ဌာဝတီမြစ်ကြီးက အင်းဝမြို့ဟောင်းအနီးသို့အရောက်တွင် မိခင် ဧရာဝတီမြစ်ကြီးနှင့် ပေါင်းဆုံ၍ စီးဆင်းသွားခဲ့သည်။ ထိုမှ အနောက်ဘက်တွင် လက်တောင်းအင်းနှင့် တောင်သမန်အင်းကြီးများကလည်း သျှီလာဝီကို ကျွန်းကြီးတစ်ကျွန်းသဖွယ် ဖြစ်တည်လာစေရန် ဝိုင်းဝန်း၍ ပတ်ကာပိတ်ဆီးထားကြလေသည်သို့ . . . ။

သျှီလာဝီကျွန်းနှင့် အစဉ်အဆက်တည်ရှိခဲ့ကြသော ဘုန်းဒိုးရွာ၊ ရှမ်းကလေးကျွန်း၊ ငယ်တိုး၊ လက်ဝဲမြင်းခုံတိုင်ရွာ၊ ရေကြည်ပေါက်၊ လိပ်ဆံခွန်ရွာများက အရှေ့ဘက်မှ ကွေ့ကောက်ကာ စီးဆင်းနေသည့် ဒုဋ္ဌာဝတီမြစ်ကြောင်းအတိုင်း တည်ရှိနေကြသည်မို့ ရွာတန်းရှည်ကြီးသဖွယ် တည်ရှိနေကြပါ၏။





ဆိုရပါလျှင် . . . အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တန်ခိုးထွားခဲ့စဉ် ခရစ်သက္ကရာဇ် (၁၇၅၈) ခုနှစ်ခန့်ဆီက မဏိပူရကို တိုက်ခိုက်သိမ်းပိုက်၍ မဏိပူရကသည်းများကို မြန်မာနိုင်ငံအတွင်းသို့ ဖမ်းဆီးခေါ်ဆောင်လာခဲ့သည်။ ၎င်းတို့အထဲတွင် ရက်ကန်းပညာသည်များ၊ အနုပညာရှင်များ၊ နက္ခတ်ဗေဒပညာရှင်များ၊ အခြားလက်မှုပညာသည်များနှင့် မြင်းစစ်သည်တော်များ ပါဝင်ခဲ့ကြသည်။

ထိုစဉ်အချိန်ကမူ မဏိပူရကသည်းများကို သူ၏ မင်းနေပြည်တော် (ရွှေဘို) နှင့် အနီးတစ်ဝိုက်တွင်သာ နေရာချထားပေးခဲ့ပါ၏။ နောက်မှ သူ၏ မှူးမတ်ပညာရှိများနှင့်တိုင်ပင်ကာ စစ်ကိုင်း၊ အမရပူရနှင့် မန္တလေးနယ်ဘက်များသို့ အဆင့်ဆင့် ပြန့်ပွားရောက်ရှိလာခဲ့ကြသည် မဟုတ်ပါလား။ ထို့ပြင် အလောင်းမင်းတရားကြီး၏ သားတော်တစ်ပါးဖြစ်သော ဆင်ဖြူရှင် (မြေဒူးမင်း) လက်ထက်တွင်လည်း မဏိပူရကို သွားရောက်တိုက်ခိုက်ကြပြန်ရာ ပြည်တော်ပြန်ခရီးတွင် သူဌေးသူကြွယ်များနှင့် ကသည်းပညာရှင်များကို သုံ့ပန်းများအဖြစ် ဖမ်းဆီးခေါ်ဆောင်လာခဲ့ပြန်သည်။

ဘိုးတော်ဘုရား (ဗဒုံမင်း) လက်ထက်တွင်လည်း ရခိုင်ကိုတိုက်ခိုက်၍ 'မဟာမုနိရုပ်ပွားတော်မြတ်ကြီးနှင့်အတူ ရခိုင်ပြည်သူပြည်သား အမြောက်အမြားပါလာကြရာ ယင်းတို့အထဲတွင် ကသည်း(ဘော်ဏား)များ၊ ဒေဝပညာရှိများ ပါဝင်ခဲ့သည်။ စစ်ကိုင်းမင်းလက်ထက်



www.burmeseclassic.com

www.burmeseclassic.com



တွင်လည်း အာသံ၊ မဏိပူရတို့မှ ကသည်းပုဏ္ဏားပညာရှင်များနှင့် လက်မှုပညာရှင်အများအပြား မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိလာခဲ့ကြပါ၏။ ထိုကသည်း (ပုဏ္ဏား) ပညာရှင်တို့မှာ မင်းမှုရေးရာအဖြာဖြာ၌ ဝင်ရောက်၍ အမှုထမ်းဆောင်ခဲ့ကြသည်။

မှတ်ချက်

အမရပူရ–စစ်ကိုင်းကားလမ်း၏ တောင်ဘက်တွင် 'လက်ဝဲမြင်းခုံတိုင်ရွာ' ဟူ၍ ရှိပါ၏။ ယခင်ရှေးအခါက ထိုရွာကြီးတွင် မဏိပူရ၊ ကသည်းလူမျိုးအများစု စုဝေးနေထိုင်ကြရာ ရွာကြီးတစ်ရွာဖြစ်သည်။ ထို့ပြင် အမရပူရမြို့နယ်၌ ကသည်းဘာသာဖြင့် (လိစ္ဆဂုဏ်း) မြန်မာဘာသာဖြင့် (ရွာတန်းရှည်) ဟုခေါ်ဆိုသည့် (လိပ်ဆံခွန်) ဆိုသည့် ရက်ကန်းပညာရှင်များ စုဝေးနေထိုင်ရာ ရွာကြီးတစ်ရွာတည်ရှိခဲ့ပြီး ယခုထက်တိုင် (လိပ်ဆံခွန်ရွာ) ဟူသည့် ရွာအမည်ဖြင့်ပင် ရိုးရာရက်ကန်းပညာရပ်တို့ဖြင့် အသက်မွေးနေထိုင်လျက်ရှိကြသည်။

(စာရေးသူ)

ထိုမှ အဆင့်ဆင့် ဆက်နွယ်ပြောင်းရွှေ့လာခဲ့ကြရာမှ ဒွာဝတီမြစ်ကွေ့တစ်လျှောက်နှင့် တောင်သမန်အင်းကြီးအကြားရှိ သင့်တင့်လျောက်ပတ်ရာ နယ်မြေသစ်များတွင် မဏိပူရကသည်းများ ရွှေ့ပြောင်းအခြေချနေထိုင်လာခဲ့ကြရာမှ စစ်ကိုင်းမင်း၏သားတော် အိမ်ရှေ့စံမင်းသား နန္ဒယော်ဓာ၊ ကသည်းစောင်းသမလေး သျှိုလာဝီနှင့် ကသည်းပန်းချီကျော် ပုညတို့၏ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းလေးကို





အစွဲပြုကမ္ဘည်းတင်ကာ သျှိုလာဝီကျွန်းဟူ၍ ဒုတိယကမ္ဘာစစ်တစ်လျှောက် မြန်မာနိုင်ငံအလယ်ပိုင်းတစ်နေရာတွင် မှတ်မှတ်ထင်ထင်တည်ရှိလာခဲ့ပါတော့သည်။

ညိုမှိုင်းသည် အိန္ဒိယပြည် ရှန်တိနိကေတန် ပန်းချီအနုပညာကျောင်းတွင် သုံးနှစ်ခန့် ပန်းချီပညာရပ်များကို ဆည်းပူးလေ့လာနေသူဖြစ်သည်။ သူ့တွင် မကြာခဏဆိုသလို မြင်မက်လေ့ရှိသော အိပ်မက်တစ်ခုရှိပါ၏။ သူမြင်မက်ခဲ့သော အိပ်မက်ထဲတွင် စောင်းသမလေးသျှိုလာဝီမင်းသမီး၊ အိမ်ရှေ့စံမင်းသား နန္ဒယော်ဓာနှင့် ပန်းချီကျော်ပုညတို့၏ အချစ်သစ္စာတိုင် ဇာတ်လမ်းလေးကို ပဟေဠိသဖွယ် မြင်မက်ခဲ့သည်။ တစ်ပိုင်းတစ်စ အိပ်မက်နှင့် နိုးတစ်ဝက် ပဟေဠိဝက်ပါအတွင်းမှ သျှိုလာဝီမင်းသမီးလေး၏အလှတွင် ညိုမှိုင်း နစ်မျောခဲ့ရသည်။ စွဲလမ်းတပ်မက်ခဲ့သည်။

ထိုစွဲလမ်းတမ်းတယစ်မူးခဲ့ရသော အိပ်မက်ထဲမှ ချစ်ရသူ သျှိုလာဝီမင်းသမီးလေး၏ ပုံတူပန်းချီကားကို အိန္ဒိယမှာပင် ညိုမှိုင်း ရေးဆွဲခဲ့သည်။ အိန္ဒိယပြည်နယ်ရှိ ပန်းချီပြပွဲတိုင်း တင်သွင်းပြသခဲ့ရာ ဈေးနှုန်းကြီးများ၊ မြို့စားနယ်စားကြီးများမှအစ ဘုရင်ခံအထိ သဘောတွေ့နှစ်သက်ကြသဖြင့် ဝယ်ယူရန်ကမ်းလှမ်းခဲ့ကြရာ ညိုမှိုင်းက ငြင်းပယ်ခဲ့ပါသည်။

စင်စစ် ညိုမှိုင်းမှာ သျှိုလာဝီမင်းသမီး ပုံတူပန်းချီကားချပ်ကို ပန်းချီပြပွဲများတွင် တင်သွင်းပြသခဲ့ရင်း သူ၏အိပ်မက်ထဲမှ ချစ်သူကို ရှာဖွေစုံစမ်းနေခြင်းဖြစ်သည်။ အနုပညာသမားအချို့သည် အယူအစွဲ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြသည်။ စိတ် (ဆန္ဒ) နယ်လွှန်မှုများရှိတတ်ကြသည်ဟု ဆိုကြ သည်။ ဆိုရပါလျှင်... တစ်ယူသန်စွဲလမ်းမှု၊ အစွန်းရောက်စွဲလမ်းမှုဟု ခေါ်ဆိုရလေမည်လား သို့မဟုတ် အစွန်းရောက်ရူးသွပ်မှုဟု ခေါ်ဆိုရ မည်လေလား။

မည်သို့ပင်ဖြစ်စေ ... ညီမှိုင်းကမူ သျှီကာဝီမင်းသမီး၏ ပုံတူပန်းချီကားထဲမှ သျှီလာဝီနှင့်တူသူ သို့မဟုတ် သျှီလာဝီမင်းသမီး ဝင်စားမည့် ဘဝဟောင်းမှချစ်သူကို အိန္ဒိယနိုင်ငံအနှံ့အပြားတွင် လှည့် လည်၍ ရှာဖွေခဲ့သည်။ အိပ်မက်ထဲမှ သျှီလာဝီမင်းသမီးလေး၏ ဝတ် စားဆင်ယင်ပုံနှင့် နယ်မြေအနေအထားမှာလည်း အိန္ဒိယပြည်နှင့် ဆင် ဆင်တူသဖြင့် သည်နိုင်ငံမှာပင် ရှိလိမ့်မည်အထင်နှင့် ရှာဖွေခဲ့သည် မဟုတ်ပါလား။

သို့သော် ထိုသို့ ရှာဖွေနေစဉ်မှာပင် မြန်မာနိုင်ငံရှိ ဦးလေးဖြစ် သူထံမှ သံကြိုးတစ်စောင်ရရှိခဲ့သည်။ ယင်းသံကြိုးစာထဲတွင် သူ၏ အစ်ကိုကြီးဖြစ်သူ ကျောက်မောင်း ရုတ်တရက် သေဆုံးသွားခဲ့ကြောင်း သိရသဖြင့် မြန်မာနိုင်ငံသို့ ပြန်လာခဲ့ရခြင်းဖြစ်သည်။ မြန်မာပြည်သို့ ပြန်ရောက်တော့ ဦးလေးဖြစ်သူ ဦးခင်မောင်လေး၏ ပြောပြချက်အရ အစ်ကိုဖြစ်သူ ကျောက်မောင်းသေဆုံးမှုသည် လူသေမှုလော၊ လူ သတ်မှုလော သံသယဝင်ဖွယ်ရာများနှင့် ရောထွေးနေသဖြင့် အခင်း ဖြစ်ပွားရာ မြန်မာပြည်အထက်အညာဒေသဖြစ်သော မန္တလေးမြို့နှင့် အမရပူရမြို့ရှိရာသို့ ညီမှိုင်း ခရီးထွက်လာခဲ့ခြင်းဖြစ်ပါ၏။

မန္တလေးမြို့၏ တောင်ဘက်တွင်ရှိသော အမရပူရမြို့သို့





ရောက်ရှိလာခဲ့ရာမှ မမျှော်လင့်ဘဲ တောင်သမန်အင်း သျှီလာဝီကျွန်း၏ နောက်ခံသမိုင်း တစ်စွန်းတစ်စကို သူငယ်ချင်းဖြစ်သူများထံမှ အမှတ် ထင် သိရှိခဲ့ရသည်။ ထို့ကြောင့် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဟူသော ည်ရွယ်ချက်ဖြင့် သူ၏အိပ်မက်ထဲမှ သျှီကာဝီမင်းသမီးလေးကိုလည်း ဖွေရင်း၊ အစ်ကိုဖြစ်သူ၏အမှုကိစ္စကိုလည်း စုံစမ်းရင်း တောင်သမန် ယ်ဟူသော ပန်းချီပြပွဲတစ်ခုကို တောင်လေးလုံးကျောင်းတိုက်အနီးရှိ နာပူရခန်းမဆောင်တွင် ပြသရန် မန္တလေးမှ ပန်းချီသူငယ်ချင်းများ စီစဉ်ခဲ့ကြခြင်းဖြစ်သည်။

လွန်ခဲ့သောနှစ်ရက်ခန့်ကလည်း တောင်သမန်နှင့် သျှီလာဝီ င်ချိန်ဆည်းဆာအလှကို သူ၏ပန်းချီပညာရပ်နှင့် စုတ်ချက်သွင်း ခြယ်မှုန်းနေစဉ် တိုက်တိုက်ဆိုင်ဆိုင် စပ်စပ်စုစုနိုင်လွန်းလှသော န်နောင်ဆိုသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့် ဆုံတွေ့ခဲ့ရသည်။ စကား ပြောအဆို အပေါက်အလမ်းမတည့်သဖြင့် ဆွဲလက်စ ပန်းချီကား ကို သိမ်းကာ ညီမှိုင်းပြန်လာခဲ့ပါချေ၏။

ယနေ့လည်း တောင်သမန်ပုံရိပ် ပန်းချီပြပွဲတွင် နိုင်ငံခြားသား ဦး တွေ့ဆုံကာ လုပ်ငန်းကိစ္စနှင့်ပတ်သက်၍ မန္တလေးထိတိုင် က်ပါသွားခဲ့ရသည်။ ပြခန်းတွင်မူ သူငယ်ချင်းဖြစ်သူ ပန်းချီဆရာ င်းအိမ်ကို ခဏထားခဲ့ပါ၏။ ကိစ္စအားလုံးပြီးစီးတော့ ညနေ ၃ ကျော်ခဲ့ပြီ။ ပြခန်းကိစ္စအတွက် စိတ်တထင့်ထင့်ရှိနေသည်မို့ သူ၏ က်(စ်)အေဆိုင်ကယ်နှင့် ခြေကုန်သုတ်ကာ ပြန်လာခဲ့သည်။

''ဒီကောင်တစ်ယောက်တည်းနဲ့ ပြခန်းကို နိုင်နိုင်နင်းနင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိပါ့မလား။ သည်နေ့ကျမှပဲ မောင်မောင်တို့ကလည်း ထန်းရိပ်ညိုပြခန်းမှာ ရောက်နေကြတယ်''

ညိုမှိုင်းတစ်ယောက် ဆိုင်ကယ်စီးနေရင်းမှ ပြခန်းဆီသို့ စိတ်ရောက်သွားမိသည်။ မြို့ပတ်လမ်းမှထွက်ကာ အမရပူရမြို့အတွင်းသို့ ဆိုင်ကယ်ကို မောင်းနှင်၍ဝင်ရောက်လာခဲ့သည်။ လမ်းချိုးတစ်ခုသို့အရောက်တွင် ဆိုင်ကယ်ကို အရှိန်လျှော့ ဟွန်းတီးကာ ကွေ့လိုက်သည်နှင့်...

'ပွမ် ပွမ်'

'ဝေါ ဖရော... ဝူး'

'ဝုတ် ဝုတ်'

သူ၏ဆိုင်ကယ်ရှိရာသို့ ခွေးဖြူလေးတစ်ကောင် တည့်တည့်ကြီးပြေးဝင်လာသည်ကို ရုတ်တရက် ညိုမှိုင်းတွေ့လိုက်ရသည်။

'ဝုတ် ဝုတ်'

'ဝူး... ဝေါ'

''ဟာ''

မျက်စိထောင့်စွန်းတွင် ရိပ်ခနဲမြင်လိုက်ရသော အဖြူရောင်အရိပ်တစ်ခုကြောင့် သူ၏ဆိုင်ကယ်ကို လွတ်ကင်းရာတစ်ဖက်သို့ ဆွဲ၍ကွေ့ချလိုက်သည်။ သို့သော် ကံဆိုးချင်တော့ သူ ကွေ့ရှောင်သည့်ဘက်သို့ ခွေးဖြူကလေးက အလန့်တကြား ပြေးဝင်လာသည်မို့...

'ဝူး ဝေါ.. ကျွီ ကျွီ'

'ဝုတ်... ကိန် ကိန်'





''ဘော်ဖြူ ဘော်ဖြူ... အ အောင်မယ်လေး''

ရုတ်တရက် ဆိုင်ကယ်ဘရိတ်အုပ်သံ၊ ခွေးဖြူလေး၏အော်သံနှင့် အလန့်တကြား ဟစ်အော်သံများက အမရပူရ၏ ညနေခင်းကို ဆူညံစွာဖြင့် လှုပ်နှိုးလိုက်ပါချေတော့သည်။

''ဟယ်... ခွေးလေးတော့ သေပါပြီ''

''ဟာ... ခွေးလေးကို တိုက်မိသွားပြီဟေ့''

''အား... အောင်မယ်လေး''

ရုတ်တရက် မမျှော်လင့်သောဖြစ်ရပ်ကြောင့် ညိုမှိုင်းတစ်ယောက် သတိလက်လွတ်ဖြင့် ငေးကြောင်ကြည့်နေစဉ်မှာပင် သူ၏ရှေ့သို့ မိန်းမချောတစ်ဦး ဖျတ်ခနဲ ရောက်ရှိလာသည်။

''ဒီ ဒီမှာ... ရှင် ရှင် ဘယ်လိုလုပ်လိုက်တာလဲ၊ ကြည့်စမ်းပါဦး... မြတ်ဆုရဲ့ခွေးလေး ဘော်ဖြူ သေ သေ သေသွားပြီလားမသိဘူး''

ညိုမှိုင်း မိန်းမချောလေးကို မကြည့်အား။ နံဘေးမှ ဝိုင်းအုံလာကြသော လူအချို့နှင့် ဆူဆူညံညံအသံများကြောင့် ယောင်နနနှင့် ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်သည်။ ပြီးလျှင် ဆိုင်ကယ်ရှေ့သွေးအိုင်ထဲတွင် လဲနေသည့် ခွေးဖြူလေးအနီးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး သေချာစွာ ကြည့်လိုက်ပါ၏။

'သွေးအလိမ်းလိမ်းနှင့် ခွေးဖြူလေးက မလှုပ်ရှားပါလေတော့။' ညီသို့ပင် ဆိုင်ကယ်ကို အချိန်မီဆွဲကွေ့ကာ ဘရိတ်အုပ်ခဲ့ပါသော်လည်း သူရှောင်သည့်ဘက်သို့ ကံဆိုးစွာ ပြေးဝင်လာသည်မို့ ခွေးဖြူ



www.burmeseclassic.com

www.burmeseclassic.com



လေးခမျာ သေဆုံးသွားခဲ့ပါချေပြီကော။

ယခုမှပင် ညိုမှိုင်းတစ်ယောက် သူ၏ရှေ့မှ အမျိုးသမီးငယ်၏ မျက်နှာကို မဝံ့မရဲနှင့်မော့ကြည့်လိုက်ပါ၏။ စူးစူးရဲရဲနှင့် မီးဝင်းဝင်း တောက်နေသည့်မျက်လုံးများဖြင့် သူ့အား စားမတတ်၊ ဝါးမတတ် ကြည့်နေသော မိန်းမချောလေးမှာ သူ၏အိပ်မက်ထဲမှ သျှိုလာဝီမင်း သမီးလေးဖြစ်နေသည်ကို ညိုမှိုင်း အံ့ဩထိတ်လန့်စွာ မြင်တွေ့ လိုက်ရသည်။

"သျှို လာ ဝီ"

ထိုပြင် ညိုမှိုင်း၏နှုတ်ဖျားမှလည်း သျှိုလာဝီဆိုသော စကား လုံး သုံးလုံးက အလန့်တကြား ခုန်ထွက်ကျလာခဲ့သည်။ တစ်ဆက် တည်းမှာပင် မိန်းမချောလေး၏ လက်ဝါးပြင်က အပေါ်သို့ မြောက် တက်သွားပြီး. . .

'ဖြန်း'

ရုတ်တရက် ညိုမှိုင်း၏ပါးပြင်တစ်ခုလုံး ထူပူကျိန်းစပ်သွား သည်။ သူ၏ အံ့အားသင့်သွားသည့် မျက်လုံးအစုံက သူ့ရှေ့မှ ဒေါသ မီးတောင်ပေါက်ကွဲနေသည့် သျှိုလာဝီမင်းသမီးလေး၏ နီစွေးစွေးမျက် နှာရဲရဲလေးကို မြင်တွေ့လိုက်ရသည်။

"အဲဒါ ရှင့်ရဲ့ မဆင်မခြင် ရမ်းကားမှုနဲ့ ဘော်ဖြူ့အတွက် ရှင့်ဆီကနေ မြတ်ဆုယူလိုက်တဲ့ လျော်ကြေးပဲ"

မီးဝင်းဝင်းတောက်နေသည့် မျက်လုံးအစုံ၊ ပြတ်ထွက်မ မတတ် ကိုက်ထားသည့် နှုတ်ခမ်းထောင့်စွန်းမှ ရင့်သီးကြမ်းရှသော





စကားလုံးများက ညိုမှိုင်းထံသို့ အတားအဆီးမဲ့ လွင့်စဉ်ထွက်ကျလာ ခဲ့သည်။ ထို့နောက် ညိုမှိုင်း၏မျက်နှာကို စေ့စေ့စူးစူးကြည့်ကာ မျက်ရည်များ ပြည့်လျှံနေသည့် သူမ၏မျက်နှာကို လက်ဖဝါးနှစ်ဖက် ဖြင့် အုပ်လိုက်ပြီး ချာခနဲလှည့်ကာ ပြေးထွက်သွားပါလေ၏။

ကျန်ရစ်ခဲ့သည့် အသားဖြူဖြူ ပုပိုင်းပိုင်းနှင့် ကောင်မလေးမှာ သွေးအိုင်ထဲတွင် သေဆုံးနေပြီဖြစ်သည့် ဘော်ဖြူဆိုသော ခွေးဖြူလေး ကို ပွေ့ချီလိုက်ပြီး ပြေးထွက်သွားသည့် မိန်းမချောလေးနောက်မှ လိုက်သွားပါတော့သည်။

မကြာမီ အမရပူရလမ်းခွဲထောင့်တွင် လူစုကွဲသွားပါချေ၏။ သို့သော် ဆိုင်ကယ်တစ်စီးနှင့် အသိမဲ့စွာရပ်လျက် ကျန်နေရစ်ခဲ့သူက တော့ ပန်းချီဆရာလေး ညိုမှိုင်းပင် ဖြစ်ပါချေ၏။ နီရဲထူပူသွားသည့် သူ၏ပါးတစ်ဖက်ကို လက်ဝါးနှင့် အသာအယာပွတ်သပ်လိုက်ရင်း. . .

"ဩော်. . . အိပ်မက်ထဲက မောင့်ရဲ့သျှိုလာဝီမင်းသမီးလေး ရယ်. . . မင်းနဲ့ စပြီးတွေ့ဆုံရတဲ့ နိဒါန်းကလည်း ကြမ်းတမ်းခက်မာ လှချည်လား ကွယ်"

အနောက်အရပ်ဆီမှ ဝင်လုဆဲ နေလုံးနီနီကြီးက ညိုမှိုင်းနှင့် သျှိုလာဝီမင်းသမီးလေးတို့၏ တွေ့ဆုံခြင်းနိဒါန်းကို မကြည့်ရက်နိုင် သည့်အလား တဖြည်းဖြည်း ငုပ်လျှိုးဝင်ရောက်သွားပါချေတော့သည်။

ᵏᵏᵏ



www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း (နှစ်)

- ပုရပိုက်သေတ္တာလေး ထူးဆန်းစွာရောက်ရှိလာခြင်း
- အိပ်မက်နတ်သမီးနှင့်တွေ့ဆုံခြင်း
- ပုရပိုက်ပဟေဠိကို အဖြေညှိကြရာဝယ်
- တစ်ရံရောအခါက ဿျိလာဝီပုံပြင်
- သုံးပွင့်ဆိုင်ဆုံမှတ်နိဒါန်း သို့မဟုတ်
- တောင်သမန့်မှ အချစ်သစ္စာရှင်သုံးယောက်
- နှလုံးသားမီးတောင်ပေါက်ကွဲခြင်း
- သစ္စာတရားနှင့်ယှဉ်ပြိုင်တိုက်ခိုက်ကြသူများ
- ဿျိလာဝီ၏ သစ္စာကျိန်စာ သို့မဟုတ်
- ဿျိလာဝီပုရပိုက်အိပ်မက်မှအပြန်
- ဿျိလာဝီနှင့် သူ၏ဇာတေဠိပုစ္ဆာများ
- ဿျိလာဝီပေးသော ဒေါင်းဒင်္ဂါးလည်ဆွဲပုစ္ဆာ





### ပုရပိုက်သေတ္တာထူးဆန်းစွာရောက်ရှိလာခြင်း

တောင်သမန်အင်းကြီးဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ထားသည့် နီညိုရောင်တိုက်ခံအိမ်မြင့်ကြီးက ဝင်လုဆဲနေခြည်အောက်တွင် ငြိမ်သက်တိတ်ဆိတ်စွာဖြင့် တည်ရှိနေပါ၏။ တိုက်ခံအိမ်ကြီး၏ တစ်ဖက် ကပ်လျက်တွင် သွပ်မိုးနှစ်ဆောင်ပြိုင် ရက်ကန်းရုံကြီးက အမရပူရမြို့နယ်ထဲတွင် အကြီးဆုံး ရက်ကန်းရုံကြီးတစ်ခုဖြစ်သည်။ ဟုတ်သည် . . ။ ထိုရက်ကန်းရုံ၏အမည်မှာ ရွှေကိန္နရီဖြစ်ပြီး သူဌေးကြီး ဦးရန်နောင်ပိုင်ဆိုင်သည့် လုပ်ငန်းကြီးတစ်ခုဖြစ်ပါချေ၏။

မြတ်ဆုရွှေးဆိုသည့် အချောအလှမိန်းမချောလေးမှာ ဦးရန်နောင်၏ တစ်ဦးတည်းသောသမီးဖြစ်သည်။ ဦးရန်နောင်၏ဇနီးဖြစ်သူမှာ သမီးလေးမြတ်ဆုရွှေးကို မွေးဖွားပေးခဲ့ပြီး ကံဆိုးစွာဖြင့် မီးတွင်းထဲမှာပင် ဆုံးပါးသွားခဲ့သည်ကြောင့် ဦးရန်နောင်မှာ အမိမဲ့သမီးလေး မြတ်ဆုရွှေးအပေါ်တွင်သာ စုပုံ၍ ချစ်ခဲ့ရပါလေ၏။

ထိုနေ့က ဦးရန်နောင်တစ်ယောက် မန္တလေးသို့သွားနေသဖြင့် မြတ်ဆုရွှေးနှင့် အဖော်ဖြစ်သူ ဖွေးဥတို့သာ အိမ်တွင်ကျန်ရစ်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နှစ်ယောက်သား ခွေးကလေးဘော်ဖြူကိုခေါ်ကာ လမ်းလျှောက်ထွက်ကြစဉ် ယခုကဲ့သို့အဖြစ်ဆိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည် မဟုတ်ပါလား။

ခြံထောင့်ရှိ မန်ကျည်းပင်အရိပ်အောက်မှာတော့ ငိုရှိုက်သံသဲ့သဲ့ညင်ညင်က ဆည်းဆာလေပြည်ညင်းတွင် ဝဲခိုစီးမျောလျက်...။ မြတ်ဆုမွှေးဆိုသည့် မိန်းမချောလေးက ခွေးကလေးဘော်ဖြူကို ပိုက်ကာ တရှုပ်ရှုပ်ငိုကြွေးနေခြင်း ဖြစ်ပါ၏။

"အဟင့် ဟင့်... ငါ့ကိုခွင့်လွှတ်ပါ ဘော်ဖြူရယ်၊ အမှန်တော့ နင်သေရတာ ငါ့ကြောင့်ဖြစ်ရတာပါဟယ်၊ ငါ နောက်ကနေ ဖွတ်ပြေးလိုက်ခဲ့လို့ နင် ထွက်ပြေးရင်းကနေ ဆိုင်ကယ်နဲ့တိုက်မိပြီး သေရတာလေ... အဟင့် ဟင့်၊ ရောက်ရာဘဝကနေ ငါ့ကိုခွင့်လွှတ်ပေးပါတော့ ဘော်ဖြူရယ်"

မြတ်ဆုမွှေးက ဘော်ဖြူကိုပွေ့ချီထားရာမှ ယူကျုံးမရဟန်ဖြင့် တတွတ်တွတ်ပြောဆိုရင်း ငိုကြွေးနေပါ၏။ သူနှင့်မလှမ်းမကမ်းရှိ ခြံထောင့်တွင်မူ ဖွေးဥက တူရွင်းငန်းပြားတစ်လက်နှင့် မြေကျင်းတစ်ခုကို တူးနေပါ၏။ ဘော်ဖြူလေးကို မြေမြှုပ်သင်္ဂြိုဟ်နိုင်ရန်အတွက် မြေကျင်းတူးနေကြခြင်းပင် ဖြစ်သည်။

မကြာမီ မြေကျင်းတူးနေသည့် ဖွေးဥအနီးသို့ မြတ်ဆုမွှေးတစ်ယောက် ဘော်ဖြူလေးကို ပွေ့ပိုက်ကာ ရောက်လာပါ၏။

"ဟဲ့... မပြီးသေးဘူးလား ဖွေးဥ၊ နင်ကလည်း မြေကျင်းတူးတာ ဘယ်လိုလုပ်ပြီး တူးနေတာလဲ မသိဘူး၊ ခပ်နက်နက်လည်း





တူးဦးနော်"

"တူးနေပါတယ် မမလေးရယ်၊ အောက်ကမြေကြီးက နည်းနည်းမာနေလို့ပါ၊ နောက်ပြီး ကျောက်ခဲတွေနဲ့လည်း တွေ့နေလို့"

"အေး အေး... ဒါဆိုရင်လည်း မြေကျင်းလေးကို နည်းနည်းထပ်ပြီး တူးပေးဦးနော်၊ ဘော်ဖြူလေး အေးအေးချမ်းချမ်းနေလို့ရအောင်ပေါ့"

မြတ်ဆုမွှေး၏စကားကြောင့် ဖွေးဥ တူးလက်စမြေကျင်းကို ဆက်၍တူးနေပါ၏။ နှစ်တောင်နီးပါးခန့် တူးဖော်ပြီးချိန်မှာတော့...

'ဒုတ် ဒုတ်... ချွင်'

"ဟာ... ဒုက္ခပါပဲ မမလေးရယ်၊ မြေကျင်းတူးရတာ မောရတဲ့အထဲ အောက်မှာ ကျောက်ခဲတုံးကြီး ခံနေပြန်ပြီထင်တယ်"

ဖွေးဥမှာ မြေအောက်မှ အမာခံပစ္စည်းတစ်ခုကြောင့် စိတ်ညစ်သွားသည်ထင့်...။ နဖူးပြင်ထက်မှ ချွေးစေးများကို လက်ခုံနှင့် သုတ်ဖယ်လိုက်ရင်း ညည်းတွားရေရွတ်လိုက်သည်။

"ဘာဖြစ်ရပြန်ပြီလဲ ဖွေးဥ"

"အောက်မှာ ကျောက်တုံးလားမသိဘူး ခံနေလို့ မမလေးရဲ့"

ထိုသို့ပြောရင်း ဖွေးဥမှာ ကျင်းထဲမှမြေကြီး မြေစာခဲများကို လက်ဖြင့် ကုန်း၍ထုတ်ဖယ်လိုက်ရာ တစ်ပိုင်းတစ်စ မြင်တွေ့လိုက်ရသည့် ပစ္စည်းတစ်ခုကြောင့် ဖွေးဥ မျက်လုံးပိုင်းသွားသည်။

"ဟယ် မမလေးရေ... သံသေတ္တာလေးတစ်လုံးတော့"

"ဘာ ဘာ... သံသေတ္တာလေး... ဟုတ်လား၊ ယူလိုက်

www.burmeseclassic.com



ယူလိုက်စမ်း ဖွေးဥ... အထဲမှာ ဘာတွေများပါမလဲမသိဘူး''

ဖွေးဥက မြေစာခဲများကို ယက်ဖယ်ရင်း မြေစေးကျောက်ခဲများ ကပ်ငြိနေသည့် အရှည် (၁) ပေ၊ အနံ (၄) လက်မခန့်ရှိသော သံသေတ္တာသေးသေးလေးတစ်ခုကို မြေကျင်းထဲမှ တူးဖော်ယူငင်လိုက်သည်။ ပြီးလျှင် သေတ္တာရှည်လေးနှင့် ကပ်ငြိပေကျံနေသည့် မြေစေးနှင့် ကျောက်စကျောက်နအချို့ကို လက်နှင့် ဖယ်ရှင်းသုတ်ဖယ်လိုက်ပြီး မြတ်ဆုထံ လှမ်း၍ပေးလိုက်သည်။

''ရော့... မမလေး။ အထဲမှာ ရွှေ ရွှေဒင်္ဂါးတွေပါရင်လည်း ဖွေးဥကို ခွဲပေးဦးနော်''

''အောင်မယ်လေးဟဲ့... သေတ္တာလေးထဲမှာတောင် ဘာပစ္စည်းတွေ ပါမှန်းမသိသေးဘူး၊ နင်က ခွဲတမ်းတောင်းနေပြန်ပြီ စိတ်ချ... ရွှေငွေရတနာတွေပါရင် နင့်ကို တစ်ဝက်တိတိခွဲပေးမယ် ကဲ... ကျေနပ်ပြီလား''

မြတ်ဆုနွေးက ဖွေးဥအား ရယ်ရယ်မောမောနှင့် နောက်ပြောင်ကျီစယ်လိုက်ရင်း ရွှံ့နွံ့အချို့ ပေကျံနေသည့် သံသေတ္တာရှည်ရှည်လေးကို သေချာစွာ ကြည့်ရှုစစ်ဆေးနေပါ၏။

ရွှံ့စေးများကို ဖယ်ရှင်း၍ကြည့်လိုက်တော့ ရှည်မျောမျော သံသေတ္တာလေးတွင် ကနုတ်ပန်းများ ရေးခြယ်ထားသည်ကို တချို့တဝက် မြင်တွေ့လိုက်ရသဖြင့်...

''ဟယ်... သေတ္တာလေးမှာ ကနုတ်ပန်းခက်တွေနဲ့ ထွင်းထုထားတာပါလား။ လှလိုက်တာ ဖွေးဥရယ်၊ ဆွဲဖွင့်လို့လည်းမရဘူး





သံချေးတွေ ကိုက်နေတယ်ထင်တယ်၊ အိမ်ရောက်မှ သေသေချာချာ ဖွင့်ကြမယ်၊ အခုတော့ ငါတို့ရဲ့ ဘော်ဖြူလေးကို မြေမြှုပ်လိုက်ကြဦးစို့ ဖွေးဥရေ''

ထို့နောက်မှာတော့ နှစ်ယောက်သား ခွေးကလေးဘော်ဖြူကို အိမ်နောက်ဖေး မန်ကျည်းပင်ရိပ်အောက်တွင် သေချာစွာ မြှုပ်နှံလိုက်ကြသည်။ မြတ်ဆုနွေးက မျက်ရည်များကြားမှ မြေမှုန့်တချို့ကို ဆုပ်ကိုင်ယူလိုက်ပြီး ဘော်ဖြူလေး၏မြေပုံထက်တွင် ကြဲဖြန့်လိုက်ရင်း

''ဘော်ဖြူလေးရေ... အမျှ အမျှ အမျှ မင်း ရောက်လေရာ, ဖြစ်လေရာဘဝကနေ သာဓုခေါ်နိုင်, ကြားနိုင်ပါစေကွယ်''

မြတ်ဆုနွေးတို့နှစ်ယောက် ဘော်ဖြူလေးကို မြေမြှုပ်သင်္ဂြိုဟ်ပြီးသည့်အချိန်မှာတော့ ဆည်းဆာနေသည် တောင်သမန်အင်းရေပြင်တွင် နှစ်မြှုပ်ပျောက်ကွယ်သွားခဲ့ပါချေပြီကော။

ထို့နေ့ညနေ မြတ်ဆုနွေးနှင့် ဖွေးဥတို့နှစ်ယောက် ရေမိုးချိုး၍ ကိုယ်လက်သန့်စင်ကြ၊ စားသောက်ကြနှင့် သံသေတ္တာလေးကို ဖွင့်ကြည့်နိုင်ရန်အရေး သွက်သွက်လက်လက် လှုပ်ရှားနေကြသည်။ စားသောက်ပြီးစီးသည်နှင့် နှစ်ယောက်သား အိပ်ခန်းထဲသို့ဝင်ကာ ညနေခင်းက တူးဖော်ရရှိလာသည့် သံသေတ္တာရှည်လေးကို ဖွင့်ကြည့်ရန် ကြိုးစားကြပါ၏။

ဖွေးဥက နောက်ဖေးမီးဖိုဆောင်မှယူလာသည့် ဓားတစ်လက်နှင့် သံသေတ္တာလေးမှ သံချေးအထပ်ထပ်ကို ထိုးချွတ်ခွာချနေသည်။ ပြီးလျှင် သံသေတ္တာလေးအဖုံးကို ဓားဦးနှင့် ထိုးကော်၍ ဖွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ချွင် ချက်... ဂျိ ဂျိ'

"သံချေးတွေက တအားကိုက်နေတာ မမလေးရဲ့၊ စိတ်ရှည်ရှည်နဲ့ဖွင့်မှ ရမယ်ထင်တယ်"

"ဘယ်လိုပဲဖွင့်ဖွင့် သေတ္တာလေးပွင့်ရင်ပဲ ကျေနပ်ပြီ ဖွေးဥ၊ ဟို... ဟိုဘက်ကနေ နည်းနည်းလေးထိုးကော်ဖွင့်ကြည့်စမ်း"

နှစ်ယောက်သား သံသေတ္တာရှည်လေးကို သဲသဲမဲမဲ ဖွင့်နေကြသည်။ သံသေတ္တာငယ်လေးမှာ သော့ခတ်ထားခြင်းမရှိပါသော်လည်း နှစ်ပရိစ္ဆေဒ ရှည်ကြာမြင့်စွာ မြေကြီးထဲတွင် နစ်မြှုပ်နေခဲ့ရသဖြင့် သံချေးများကိုက်ကာ ဖွင့်၍မရခြင်း ဖြစ်သည်။

ဖွေးဥတစ်ယောက် သေတ္တာလေးကို ဟိုဘက်ကဖွင့်လိုက်၊ သည်ဘက်က ဓားဦးနှင့်ကော်လိုက်၊ လှည့်ပတ်၍ဖွင့်နေရာမှ မကြာမီ ကျွီခနဲ ချောက်ခနဲ မြည်သံနှင့်အတူ သံသေတ္တာအဖုံးလေးက ပြုတ်ပွင့်ထွက်သွားပါတော့သည်။

"ဟာ... ပွင့် ပွင့်သွားပြီ မမလေးရေ"

ဖွေးဥ၏ ဝမ်းသာအားရ အော်ဟစ်သံနှင့်အတူ မီးရောင်အောက်တွင် တွေ့မြင်လိုက်ရသော သံသေတ္တာလေးအတွင်းမှ ပစ္စည်းများကြောင့် ဖွေးဥမျက်နှာ တစ်ခုလုံး ရှုံ့တွသွားပါချေ၏။

"အိုး... ဘာတွေလဲဟာ၊ မည်းညစ်ညစ်နဲ့ ဒါ ဒါ ပုရပိုက်ချပ်တွေလားမသိဘူး၊ မမလေးရေ ကြည့်ပါဦး... စိတ်ကူးယဉ်ထားသမျှတွေ သွားပါပြီ"

ဖွေးဥက ညည်းညူစွာဖြင့် တတွတ်တွတ် ပြောဆိုနေသည့်





ိုင် မြတ်ဆုဖွေးကမူ သံသေတ္တာလေးထဲတွင် စီစီရီရီ ထပ်ထားသည့် ပုရပိုက်ချပ်လေးများကို စိတ်ဝင်တစားဖြင့် ပြည့်နေပါ၏။

"အေး... ဟုတ်တယ်ဟဲ့၊ ဒါ ဒါ ဒါ ပုရပိုက်ချပ်တွေစီပြီး ထည့်ထားတာပါလား"

အပေါ်ဆုံးမှ မည်းညစ်ညစ်ပုရပိုက်တစ်ချပ်ကို မြတ်ဆုနွေး အသာအယာ ဆွဲယူ၍ ကြည့်လိုက်သည်။ မီးရောင်တွင် တွေ့မြင်လိုက်သည့် ပုရပိုက်စာသားများက မြန်မာစာလိုလို၊ ပျူခေတ်မှ စာသားများ လိုလိုနှင့် မြတ်ဆုနွေး ရေရေရာရာ မဖတ်နိုင်။

"ဟင်း... ဒါ ဘယ်ခေတ်က စာတွေလဲမသိဘူး။ ငါ ဖတ်လို့လည်း မရပါလား၊ အင်း... မန္တလေးက မြန်မာစာအဓိကယူထားတဲ့ သူငယ်ချင်းမြတ်နိုးကို ခေါ်ပြီးပြကြည့်မှ ထင်တယ်၊ ဒါမှ ဒီပုရပိုက်ထဲမှာ ဘာတွေရေးထားတယ်ဆိုတာ သိရမှာ"

မြတ်ဆုနွေးစိတ်အတွေးတွင် မြန်မာစာအဓိကယူထားသည့် သူငယ်ချင်းဖြစ်သူကို သတိရလိုက်မိသဖြင့် ပုရပိုက်ချပ်ကလေးကို သံသေတ္တာငယ်လေးထဲသို့ ပြန်ထည့်ကာ စိတ်ပျက်လက်ပျက်နှင့် အိပ်ရာထက်သို့ လှဲအိပ်လိုက်သည်။

သည်နေ့တစ်နေ့လုံး အလိုမကျမှုများ၊ မကျေနပ်မှုများနှင့်သာ မြတ်ဆုနွေး ကြုံတွေ့ရင်ဆိုင်ခဲ့ရပါ၏။ ယနေ့မနက်ပိုင်းကလည်း ဘောင်လေးလုံးကျောင်းတိုက်အနီးရှိ ရတနာပူရပြခန်းမှ တောင်သမန်ဆိုင် ပန်းချီပြပွဲတွင် စိတ်ညစ်ညူးစရာတချို့နှင့် ကြုံတွေ့ခဲ့ရသည် ဆုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည့်... ။ သူမသိဖူး၊ မမြင်ဖူးသော ပန်းချီဆရာတ
ယောက်က သူမ၏ခွင့်ပြုချက်မယူဘဲ သူမ၏ပုံတူပန်းချီကားချပ်
ရေးဆွဲတင်သွင်းထားသည်ကြောင့် မြတ်ဆုနွေးတစ်ယောက် ပြပွဲကြည်
ပရိသတ်များအလယ်တွင် ရှက်ရွံ့ဒေါသထွက်ခဲ့ရသည်။ ၎င်းပန်းချီကာ
ကို ရေးဆွဲသည့်ပန်းချီဆရာနှင့်တွေ့ရန် ကြိုးစားခဲ့သော်လည်း တွေ့
မရခဲ့ပါချေ။

ထိုနေ့ညနေတွင်လည်း သူအချစ်ဆုံး ခွေးဇာလေး ဘော်ဖြ
နှင့် လမ်းလျှောက်ထွက်ခဲ့စဉ် မမျှော်လင့်ဘဲ ဆိုင်ကယ်တစ်စီးနှင့်တိုက်
မိ၍ ဘော်ဖြူသေဆုံးခဲ့ရသည်။ သည်မှာပင် မြတ်ဆုနွေး၏ ဒေါသ
တောင်က ဆိုင်ကယ်မောင်းသူ ကိုလူစိမ်းအပေါ်တွင် ပေါက်ကွဲခဲ့သည်
မဟုတ်ပါလား။

ယခုလည်း ဘော်ဖြူကို မြေမြှုပ်သင်္ဂြိုဟ်ခဲ့ရာမှ မမျှော်လင့်
မြေကျင်းထဲမှ ရှည်မျောမျောသေတ္တာလေးတစ်လုံးကို တွေ့ရှိခဲ့ရပါ
၏။ မျှော်လင့်ခြင်းများစွာဖြင့် သံသေတ္တာလေးကို ခဲရာခဲဆစ် ရိုက်နှ
ဖွင့်လိုက်တော့လည်း သေတ္တာထဲတွင် မည်းညစ်ညစ်ပုရပိုက်ချပ်များ
သာ တွေ့လိုက်ရသဖြင့် မြတ်ဆုနွေး အံ့အားသင့်သွားခဲ့ရသည်။

ပုရပိုက်ချပ်တစ်ခုကိုယူ၍ ဖတ်ကြည့်ရန် ကြိုးစားသော်လည်
မည်သည့်ခေတ်က ရေးထိုးထားသည်မသိသော စာလုံးများကြော
မြတ်ဆုနွေးတစ်ယောက် စိတ်မောသွားရပါတော့သည်။

"ဟင်း... ဒီနေ့ တစ်နေကုန် ဘာတွေဖြစ်နေတာလဲ မ
ဘူး၊ တစ်ခုမှကို အဆင်ပြေတယ် မရှိဘူး၊ ဒီကြားထဲ ငါ့ရဲ့ ဘော်





လေးတောင် ကံဆိုးမိုးမှောင်ကျသွားခဲ့ရသေးတယ်... ဟူး"

မြတ်ဆုနွေးတစ်ယောက် အိပ်ရာထက်တွင် ဘယ်လူးညာ
လိမ့်နှင့် အိပ်စက်၍မပျော်နိုင်သည့် တစ်ညတာကို ခက်ခဲပင်ပန်းစွာ
ဖြတ်ကျော်နေရသည်။ နောက်ဆုံးတွင် မနက်ဖြန်နံနက် မိုးလင်းသည်
နှင့် ရတနာပူရပြခန်းတွင် တွေ့ဆုံရန် ချိန်းဆိုထားခဲ့သည့် ညီမိုင်းဆို
သည့် ပန်းချီဆရာနှင့် ဆုံတွေ့နိုင်ရေးကိုသာ စိတ်မောရင်း နှိုးတစ်ဝက်
အိပ်တစ်ဝက်နှင့် ညည်းခရီးရှည်ကြီးကို ဆက်ရင်း... ။

ﾑﾑﾑ



www.burmeseclassic.com

www.burmeseclassic.com



## အိပ်မက်နတ်သမီးနှင့်တွေ့ဆုံခြင်း

"ဟင်... ရှင် ရှင် ဟို ဟို ပန်းချီကားကိုရေးတဲ့ ပန်းချီဆရာ ပေါ့နော်"

ပြပွဲတာဝန်ခံ မိတ်ဆက်ပေးသည့် ပန်းချီဆရာဆိုသူအား မြတ်ဆုနွေး မြင်တွေ့လိုက်ရသည်နှင့် အံ့ဩရင်ဖိုသွားမိသည်။

"ဟုတ်ပါတယ်... ကျွန်တော် အဲဒီ သျှိုလာဝီမင်းသမီးပန်းချီ ကားကို ရေးဆွဲတဲ့ ပန်းချီဆရာ ညိုမှိုင်းပါ"

မြတ်ဆုနွေး ပါးစပ်အဟောင်းသားနှင့် ပန်းချီဆရာ ညိုမှိုင် ဆိုသူအား ကြည့်နေမိသည်။ သူမ၏ပုံတူပန်းချီကားကို ရေးဆွဲသော ပန်းချီဆရာသည် မနေ့ညနေပိုင်းက ခွေးကလေးဘော်ဖြူကို ဆိုင်ကယ် နှင့်ဝင်တိုက်မိသည့် ကိုလူစိမ်း ဖြစ်နေခြင်းကြောင့်ပင်တည်း။

သူမ,နည်းတူပင် ထိုပန်းချီဆရာညိုမှိုင်းကလည်း သူမ မျက်နှာကို ငေးမောကြည့်ရင်း အံ့အားသင့်နေဟန်ရှိပါ၏။ ရီဝေသော မျက်လုံးအစုံက မြတ်ဆုနွေးကို စူးစူးနစ်နစ်ကြည့်လျက် တစ်စုံတစ်





ကို ရှာဖွေနေသည်သို့... ။

"အဲဒီပန်းချီကားထဲက ရုပ်ပုံမှာ ရှင် ဘာဖြစ်လို့ မြတ်ဆုရဲ့ မျက်နှာနဲ့ ရေးရတာလဲ"

"ဗျာ"

ရုတ်တရက် မေးလိုက်သော မြတ်ဆုနွေး၏မေးခွန်းကြောင့် ညိုမှိုင်းနှုတ်ဖျားမှ အာမေဋိတ်သံပင် ထွက်ကျသွားပါ၏။ ပြီးမှ ကပျာ ကသီနှင့်...

"အို... မဟုတ်ဘူး မဟုတ်ဘူး၊ ကျွန်တော် ဘယ်သူ့မျက် နှာနဲ့မှ တူအောင်ရေးတာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ချစ်သူရဲ့ မျက်နှာ ကိုသာ ကျွန်တော်ဆွဲတာပါ"

"ဘာ.. ဘာပြောတယ်၊ ရှင့်.. ရှင် စော်ကားလှချည်လား"

"ဗျာ... ကျွန်တော် ဘာများစော်ကားမိလို့ပါလဲ ခင်ဗျာ"

"မြတ်ဆုကို ရှင့်ရဲ့ချစ်သူလို့ ပြောလိုက်တာလေ"

"ဟုတ်တယ်လေ... အဲဒါ အမှန်ပဲဗျ"

"ရှင်... ရှင်နော် ရှင်"

မမျှော်လင့်ဘဲ တောင်သမန်ပုံရိပ် ပန်းချီပြပွဲတွင် ထိပ်တိုက် တွေ့ဆုံနေကြသည့် မိန်းမချောလေးမြတ်ဆုနွေးနှင့် ပန်းချီဆရာညိုမှိုင်း တို့၏ စကားစစ်ထိုးပွဲကိုကြည့်ကာ ပြပွဲတာဝန်ခံ ဝေမင်းအိမ် တစ် ယောက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရသည်ကြောင့်၊

"ဟို ဟို... နေ နေကြပါဦးခင်ဗျာ၊ ကျွန်တော် ရှင်း ရှင်း ပြပါရစေဦး မမြတ်ဆုနွေးရယ်... ခဏ ခဏလေး၊ ညိုမှိုင်း...



www.burmeseclassic.com

www.burmeseclassic.com



မင်းကလည်း အဲဒီလိုကြီး ဖွတ်မပြောနဲ့လေကွာ၊ သေသေချာချာ ရှင်းပြမှပေါ့။ ဟို ဟိုလေ... ဒီက မမြတ်ဆုနွေး နားလည်လက်ခံသာ အောင်တော့ မင်း ရေရေရာရာရှင်းပြမှ ဖြစ်မှာပေါ့ ညိုမှိုင်းရာ''

ဝေမင်းအိမ်က ထိပ်တိုက်တွေ့နေကြသူနှစ်ယောက်ကြားတွင် လေပြေအေးနှင့် ဖြေသိမ့်နေသည်ကြောင့် သျှိုလာဝီမင်းသမီး ပန်းချီကားရှေ့တွင် အချီအချ စကားများနေကြသည့် ညိုမှိုင်းနှင့် မြတ်ဆုနွေး တို့နှစ်ယောက် ယာယီအခိုက်အတန့် ငြိမ်သက်သွားကြပါ၏။

ထိုခဏလေးမှာပင် ညိုမှိုင်း သူ့ရှေ့မှ မြတ်ဆုနွေး သို့မဟုတ် သူ၏အိပ်မက်ထဲမှ သျှိုလာဝီမင်းသမီးလေးကို တမ်းမူးမိန်းမောစွာ ကြည့်နေမိသည်။ ဖြူဝင်းသောအသားအရေတွင် ကြည်ပြာရောင် နိုင်လွန်အင်္ကျီလေးနှင့် အပြာရင့်ရောင် ပိုးသားချိတ်ထဘီလေးက ချောမောလှပသည့် မိန်းမချောတိုင်းတွင် ရှိသင့်ရှိအပ်သော ရှိုက်ဖိုကြီးငယ် အသွယ်သွယ်တို့ကို ဖော်ညွှန်းပြသနေသည်သို့။

ကျောအလယ်ခန့်အထိ ဖြန့်ချထားသည့် ရှည်လျားနက်မှောင်သော ဆံနွယ်မျှင်ပျော့ပျော့လေးများ၊ ရှန်းလက်သောမျက်ဝန်းအစုံနှင့် နီထွေးလန်းစွင့်နေသည့် နှုတ်ခမ်းဖူးဖူးလေးများက ဆေးမကူပါဘဲနှင့် ဖူးကြွရွန်းစိုနေပါ၏။ ညိုမှိုင်း၏ စူးရဲသောအကြည့်ကြောင့် မြတ်ဆုနွေး တစ်ယောက် မျက်လွှာကိုချလိုက်ရင်း...

''ဘာပဲဖြစ်ဖြစ် မြတ်ဆုရဲ့ပုံတူကို ခွင့်ပြုချက်မယူဘဲ ရှင်ရေးတဲ့အတွက် ဒီပန်းချီကားကို ဖြုတ်ပေးပါ၊ ပြီးတော့ ပြပွဲမှာလည်း ဒီပုံတူပန်းချီကားကို ပြခွင့်မပြုနိုင်ပါဘူး''





''ဘယ်ဖြစ်မလဲ... ကျွန်တော့်နှလုံးသားနဲ့ရင်းပြီး ရေးခဲ့ရတဲ့ ကျွန်တော့်ချစ်သူ သျှိုလာဝီရဲ့ပုံတူပန်းချီကားကို မဖြုတ်ပစ်နိုင်ပါဘူး၊ ဟဲ ဟို... ခင်ဗျားနားလည်အောင် ပြောပြရင် ဟောဒီ သျှိုလာဝီမင်းသမီး ပန်းချီကားဟာ ကျွန်တော် အိန္ဒိယပြည်မှာရှိနေစဉ်ကတည်းက အိပ်မက်ထဲကို မကြာမကြာရောက်လာတတ်တဲ့ ကျွန်တော့်ရဲ့ချစ်သူ သျှိုလာဝီရဲ့ပုံတူပန်းချီကားဖြစ်နေလို့ပါပဲ''

''ဟုတ်ပါတယ် မမြတ်ဆုနွေး... ဒီပန်းချီကားကို ကျွန်တော့် သူငယ်ချင်းညိုမှိုင်း အိန္ဒိယပြည်မှာ နေထိုင်စဉ်ကတည်းက သူ့ရဲ့ အိပ်မက်ထဲက ချစ်သူဖြစ်တဲ့ သျှိုလာဝီမင်းသမီးလေးရဲ့ပုံကို မြင်ယောင်ပြီး ရေးဆွဲထားခဲ့တာပါ ခင်ဗျာ၊ ဒီကိစ္စက အေးအေးဆေးဆေး ရှင်းပြမှဖြစ်မှာမို့ ဟို ဟို... ရုံးခန်းထဲမှာပဲ စကားပြောကြရင် ကောင်းမယ်ထင်တယ် မမြတ်ဆုနွေး''

အချိန်က နံနက်ကိုးနာရီကျော်ပြီမို့ ပြခန်းထဲသို့ ပန်းချီကားကြည့်ရှုသူများ တဖွဲဖွဲနှင့် ဝင်ရောက်လာကြပြီ မဟုတ်ပါလား။ ပြခန်းတာဝန်ခံ၏ ဖိတ်ခေါ်မှုကြောင့် မြတ်ဆုနွေးမှာ ဖွေးဥ၏လက်ကိုဆွဲကာ ချာနာပူရခန်းမထဲမှ ရုံးခန်းအတွင်းသို့ ဝင်ရောက်လိုက်ပါသွားခဲ့သည်။

ရုံးခန်းထဲသို့ရောက်သည်နှင့် လေးယောက်သား စားပွဲတွင် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။ အတန်ကြာမျှ တိတ်ဆိတ်နေပြီး ထိုတိတ်ဆိတ်ငြိမ်သက်မှုကို ညိုမှိုင်းက သက်ပြင်းမောတစ်ခုနှင့်အတူ တောင်ဖောက်ခွဲလိုက်ပါ၏။

''ဒီလိုပါ... ကျွန်တော်ရှင်းပြတာကို တစ်ဆိတ်လောက်



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ပေးစေချင်ပါတယ်၊ တကယ်တော့ ဒီဖြစ်ရပ်က ကျွန်တော် မကြာခဏဆိုသလို မြင်မက်ခဲ့တဲ့ အိပ်မက်တစ်ခုကစပြီး သန္ဓေတည် ပေါက်ဖွားလာခဲ့တာပါ။ အဲဒီအိပ်မက်ထဲမှာ သျှီလာဝီမင်းသမီးလေးရယ်၊ အိမ်ရှေ့စံမင်းသား နန္ဒယော်ဓာရယ်, ပန်းချီကျော်ပုညဆိုတာရယ် တွေ့ဆုံခဲ့ကြတယ်၊ ဇာတ်လမ်းအစအဆုံး မြင်မက်တာ မဟုတ်လေ တော့ ပြောရတာခက်ပေမယ့် သျှီလာဝီမင်းသမီးလေးဟာ ကျွန်တော့် ရဲ့ ချစ်သူဆိုတာကိုတော့ မှတ်မိတယ်၊ သျှီလာဝီမင်းသမီးလေးက သာမန်အရပ်သူ စောင်းသမလေးတစ်ယောက်ပါ၊ ဒါကို အိမ်ရှေ့စံ နန္ဒယော်ဓာမင်းသားက မိဖုရားအဖြစ် တော်ကောက်သွားခဲ့ရာကနေ နောက်ဆုံး အထင်အမြင်လွဲမှားပြီး သျှီလာဝီမင်းသမီးလေးနဲ့ ပန်းချီ ကျော် ပုညတို့နှစ်ယောက် သေဆုံးသွားခဲ့ကြရတယ်လေ''

သည့်တစ်ကြိမ်တော့ ဘာရယ်မသိ... ညိုမှိုင်း၏ ဆွေး ဆွေးမြည့်မြည့် ရှင်းပြနေသည့်အသံလေးကို မြတ်ဆုနွေးတစ်ယောက် တိတ်ဆိတ်စွာ နားထောင်နေမိသည်။

''အိပ်မက်ထဲမှာ ကျွန်တော်မှတ်မိတာတစ်ခု ရှိတယ်၊ အဲဒါ ကတော့ သျှီလာဝီမင်းသမီးလေးနဲ့ နောက်ဆုံးခွဲခါနီးမှာ သူ့ရဲ့ လည် တိုင်ကြော့ကြော့မှာ ဒေါင်းဒင်္ဂါးပြားလေးကို ကိုယ်တိုင်ဆွဲပေးလိုက် တယ်၊ အဲဒါကြောင့်လည်း အိပ်မက်ထဲက ကျွန်တော့်ရဲ့ချစ်သူ သျှီလာ ဝီမင်းသမီးလေးရဲ့ရုပ်ပုံကို အခုလို ပီပီပြင်ပြင်တူအောင် ရေးဆွဲနိုင်ခဲ့တာ ဖြစ်တယ်၊ လူကိုယ်တိုင် မော်ဒယ်ထိုင်ခိုင်းပြီး ရေးမယ်ဆိုရင်တောင် အချိန်တွေအများကြီးပေးရမယ်၊ နောက်ပြီး ခုလောက်တူချင်မှလည်း





တူနိုင်ပါမယ်''

မြတ်ဆုနွေးတစ်ယောက် ညိုမှိုင်း၏စကားများကို နားထောင် ရင်း အုံ့ညှို့တွေဝေဟန်၊ စဉ်းစားရခက်နေဟန်ဖြင့် ဒွိဟများစွာ ဖြစ်နေ ပါလေ၏။

''ဟို... ရှင် ရှင် ရေး ရေးတုန်းက ဒဏ္ဍာရီပုံပြင်တွေကို ဖတ်ပြီး စိတ်ကူးယဉ်နေတာတော့ မဟုတ်ပါဘူးနော်''

''ဒါ ဒါဆိုရင် ပါးစပ်ကပဲ ပြောလို့ရမှာပေါ့ သျှီလာဝီ အဲ အင်း... ဟို ဟို... မ မမြတ်ဆုနွေး၊ အခုကို သမိုင်းမတင်မီ ဘယ်လိုခေတ်ကာလက အဝတ်တန်ဆာတွေနဲ့ တကယ့်ကို အပြင်မှာရှိ တဲ့ သက်ရှိလူတစ်ယောက်နဲ့တူညီတဲ့ အသက်ဝင်နေတဲ့ပုံတူပန်းချီမျိုး ကို ဘယ်လိုပန်းချီပညာရှင်မျိုးမှ စိတ်ကူးယဉ်ပြီး ရေးဆွဲလို့မရနိုင်ဘူး ဆိုတာ အနုပညာရှင်တိုင်း သိကြပါတယ် မမြတ်ဆုနွေး''

''ကောင်းပြီလေ... အစကတော့ ရှင်ဟာ တစ်နေရာရာက နေ မြတ်ဆုရဲ့ဓာတ်ပုံရလို့သာ ဒါမှမဟုတ် ကျွန်မကို မြင်ဖူးလို့ အခုလို ရေးနိုင်တာဆိုပြီး ဒေါသထွက်မိတာပါ၊ နောက် သေသေချာချာ စဉ်း စားကြည့်တော့မှ မြတ်ဆု သိပ်ပြီး ဓာတ်ပုံရိုက်လေ့ရိုက်ထ မရှိတာရယ်, အမရပူရနဲ့မန္တလေးတစ်ဝိုက်က လွဲပြီး ဘယ်မှ သွားသွားလာလာ ရှိဖူးတာရယ် တွေးမိပြီး ဒေါသပြေသွားခဲ့ပါတယ်၊ ဟို ဟို... နောက် နောက်ပြီး မနေ့ညနေ က ဟို... ''

''ဟုတ်ပါတယ် မမြတ်ဆုနွေး... မနေ့ညနေက ဖြစ်ပျက်ခဲ့ တဲ့ကိစ္စရယ်, ဟို... ဘော်ဖြူလေး သေသွားခဲ့ရတဲ့အတွက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်မကောင်းဖြစ်မိပါတယ်၊ အဲဒီအတွက်လည်း မမြတ်ဆုနွေးကို ကျွန်တော် အကျေအလည် တောင်းပန်ပါတယ်''

ညိုမှိုင်း၏စကားကြောင့် ဝေမင်းအိမ် မျက်လုံးမျက်ဆန်များပင် ပြူးကျယ်သွားကာ...

''ဟင်... ဒါဆိုရင် မင်း မနေ့က ဆိုင်ကယ်နဲ့တိုက်မိပြီး သေသွားတယ်ဆိုတဲ့ ခွေးဖြူလေးရဲ့ပိုင်ရှင်ဟာ ဒီ ဒီက မမြတ်ဆုနွေးပဲလားဟင်၊ မင်းတို့နှစ်ယောက်ကလည်း တိုက်တိုက်ဆိုင်ဆိုင်ကွာ''

''ဟုတ်ပါတယ်... ဒီအတွက်လည်း မြတ်ဆု ကိုညိုမှိုင်းကို တောင်းပန်ပါတယ်၊ ဒေါသဖြစ်ပြီး မှန်ထုသွားတာရယ်, ဘော်ဖြူလေးသေဆုံးသွားရတာရယ်ကြောင့် သတိလက်လွတ်ဖြစ်သွားရတာပါရှင်''

''ကိစ္စမရှိပါဘူး၊ ကျွန်တော့်ရဲ့အမှားလည်း ပါတာပါပဲ မမြတ်ဆုနွေး''

''ဟိုလေ... မြတ်ဆုကို မိတ်ဆွေရင်းတွေ ခေါ်သလို မြတ်ဆုလို့ပဲ ရင်းရင်းနှီးနှီးခေါ်နိုင်ပါတယ် ကိုညိုမှိုင်း''

မြတ်ဆုနွေးထံမှ ပွင့်လင်းညင်သာသော အပြောင်းအလဲကြောင့် ညိုမှိုင်း၏ရင်ထဲဝယ် စမ်းချောင်းလေးတစ်ခု ဖြတ်သန်းစီးဆင်းသွားသည်သို့... ။ ဖျတ်ခနဲ လင်းလက်သွားသည့် မျက်ဝန်းထဲတွင် သူ၏ အိပ်မက်နတ်သမီးလေး သျှီလာဝီမင်းသမီးလေးကို မြင်တွေ့လိုက်ရသလိုလို... ။

''တွေ့စကတော့ ရှင့်ရဲ့ပန်းချီကားကို တစ်စစီ ဖျက်ဆီးပြီး တန်ရာတန်ဖိုးပေးမလို့ပဲ၊ ဒါပေမဲ့ 'ရောင်းရန်မဟုတ်ပါ' ဆိုတော





တ်ဆု ဘာလုပ်ရမှန်းမသိ ဖြစ်သွားတယ်၊ နောက်တော့လည်း ကိုယ့်ပုံတူပန်းချီကား ဖြစ်နေတာရယ်, ပန်းချီကားကလည်း တကယ့်ကို သက်ဝင်ပြီး လက်ရာမြောက်လွန်းတာရယ်ကြောင့် ဖျက်ဆီးမပစ်ရက်ဘူး ဖြစ်နေတယ်လေ''

တည်တည်ငြိမ်ငြိမ်နှင့် ပြောဆိုနေသည့် မြတ်ဆုနွေးဆိုသည့် မချောလေး၏ မျက်နှာဝင်းဝင်းလေးကို ညိုမှိုင်း အသိမဲ့စွာ ငေးကြည့်ရင်း အောရှုအသံလေးကို ဂရုတစိုက် နားထောင်နေမိသည်။

''အခုတော့ မြတ်ဆု စိတ်ပြောင်းသွားပြီ၊ ပိုင်ရှင်ကို ကျေနပ်အောင်ပြောဆိုပြီး ဖွတ်ဝယ်တော့မယ်လို့လေ၊ ဒါပေမဲ့ ကာယကံရှင်ချီဆရာကိုကြည့်ပြီး မြတ်ဆု မဝယ်ရက်ပြန်တော့ဘူး၊ အခုတော့ လည်းမဝယ်ချင်တော့ဘူး၊ ဖျက်လည်းမဖျက်ဆီးချင်တော့ဘူး၊ န်းထဲမှာပဲ ဒီအတိုင်း ဆက်ပြီးရှိနေချင်ပါတယ်''

ပဟေဠိဆန်လွန်းလှသော မြတ်ဆုနွေး၏ ပန်းချီကားနှင့် သက်သော အဖြေစကားက ဝေ့လည်လည်နှင့်... ။ သို့သော် ပင် ညိုမှိုင်းရင်ထဲတွင် အေးငြိမ်းမှုရရှိသွားပါ၏။ ဝေမင်းအိမ်က ည်း ယခုမှပင် သက်ပြင်းမောကြီးတစ်ခုကို ချလိုက်ပြီး နေရာမှထ ရုံးခန်းအပြင်သို့ ရှောင်ထွက်လာခဲ့သည်။

''ကျွန်တော့်အပေါ်မှာရော, ကျွန်တော့်ရင်ထဲက မွေးဖွားခဲ့တဲ့ လာဝီမင်းသမီး ပန်းချီကားချပ်နဲ့ အနုပညာအပေါ်မှာရော အခု က် နားလည်ပေးခဲ့တာကို ကျွန်တော် အများကြီးကျေးဇူးတင်ပါ ယ် မြတ်ဆု၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်... ကျွန်တော် မရောင်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူးဆိုတာက သျှိုလာဝီမင်းသမီး ပန်းချီကားချပ်နဲ့ မသက်ဆိုင်တဲ့ သူတွေအတွက် ပါ''

ညိုမှိုင်း၏နှုတ်ဖျားမှ အဓိပ္ပာယ်များစွာ ကျယ်ဝန်းသောစကား သံအချို့ ထွက်ကျလာခဲ့သဖြင့် မြတ်ဆုနွေး ညိုမှိုင်းထံသို့ ဖျတ်ခနဲ ကြည့်လိုက်သည်။ အကြည့်နှစ်ခုတို့က တစ်နေရာတည်းတွင် ပေါင်းဆုံသွားကြသည်။ အတန်ကြာမျှ စူးစူးနစ်နစ် ကြည့်နေကြပြီးမှ မြတ်ဆု နွေးက ရက်မျက်ဝန်းအစုံနှင့် မျက်လွှာချလိုက်သည်။

ထိုစဉ် လှိုက်မောလွမ်းဆွေးဖွယ်စကားသံအချို့က ညိုမှိုင်း၏ ရင်ဘတ်ကြီးထဲမှ ပွင့်အံထွက်ကျလာကြသည်။

''မြတ်ဆုကတော့ ကျွန်တော့်ရဲ့အိပ်မက်ကမ္ဘာထဲက သျှိုလာဝီ မင်းသမီးလေးဖြစ်နေတဲ့အတွက် ဒီပန်းချီကားကို ကျွန်တော် သန့်သန့် စင်စင်နဲ့ လက်ဆောင်ပေးပါရစေလား''

''ရှင်''

''ဟုတ်ပါတယ် မြတ်ဆု... ကျွန်တော် ဟောဒီ သျှိုလာဝီ မင်းသမီးလေးရဲ့ အိပ်မက်ထဲက ရုပ်ပုံပေါင်းများစွာကို အိန္ဒိယမှာ ကတည်းက ရေးဆွဲလာခဲ့တာပါ၊ ဒါပေမဲ့ ဒီမှာကတော့ ဟောဒီ ပန်းချီကားတစ်ချပ်ပဲ ရှိပါတယ်''

ညိုမှိုင်း၏ ရိုးရှင်းပွင့်လင်းသောစကားကြောင့် မြတ်ဆုနွေး ရင်ထဲတွင် ဘာရယ်မသိ နင့်ခနဲဖြစ်သွားလေသည်သို့။ ထို့ကြောင့် မြတ်ဆုနွေး၏ရင်ထဲမှ စကားလုံးအချို့က မြတ်ဆုနွေး မကားဆီးလိုက် နိုင်ခင်မှာပင် နှုတ်ဖျားမှ လွှင့်စဉ်ထွက်ကျလာကြပါ၏။





''ဟင့်အင်း... အဲဒီလိုမျိုးကြီးတော့လည်း မြတ်ဆု မယူ ရက်ပါဘူးရှင်၊ ဟို ဟို... နောက် နောက်ပြီး မြတ်ဆုရဲ့ဘာဘနဲ့လည်း ဖြစ်မယ်မထင်ဘူး၊ အခုနေတော့ ပြခန်းမှာပဲ ဒီအတိုင်းရှိနေပါစေဦး လေ၊ မြတ်ဆုကိုယ်တိုင် တစ်ခုခုကို ဆုံးဖြတ်ချက်ချပြီးတဲ့အခါကျမှပဲ ဟို ဟို... ကိုညိုမှိုင်းဆီက အဲဒီပန်းချီကားကို လက်ခံယူပါ့မယ်ရှင်''

''ဒီလိုဆိုရင်လည်း ကျွန်တော့်ဘက်ကတော့ မြတ်ဆုအတွက် အမြဲတမ်း အဆင်သင့်ပဲနော်၊ ဒါနဲ့.. မြတ်ဆုက ဒီ ဒီ အမရပူရကပဲ လား၊ ဘယ်အရပ်ထဲမှာ နေတာလဲဟင်၊ ကျွန်တော် လာတွေ့လို့များ ရနိုင်မလား''

''ဟို ဟို ဟို... အဲဒီလိုတော့ မဖြစ်သေးဘူးရှင့်၊ ဘာဘက သူစိမ်းယောက်ျားလေးတွေနဲ့ ဆက်ဆံတာ မကြိုက်ဘူး၊ နောက်ပြီး ဟို ဟို... မြတ်ဆုရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုကလည်း ရှိနေလို့ ပါ''

အလန့်တကြားလေး ဖြစ်သွားသည့် မြတ်ဆုနွေး၏ ကလေး ဆန်သည့်အမူအရာလေးကို ညိုမှိုင်း ငေးမောကြည့်နေမိရင်းမှ...

''အင်း... ကျွန်တော်ကတော့ ကျွန်တော့်ရဲ့အိပ်မက်ထဲက သျှိုလာဝီမင်းသမီးလေးကို မမျှော်လင့်ဘဲ ပြန်တွေ့ရလို့ အတိုင်းမသိ ဝမ်းသာပျော်ရွှင်နေမိပါတယ်၊ အိန္ဒိယမှာကတည်းက အိပ်မက်ထဲက ချစ်ရသူ သျှိုလာဝီလေးကို ရှာနေခဲ့ရတာ နှစ်နှစ်ကျော် သုံးနှစ်နီးပါး လောက် ရှိခဲ့ပြီလေ၊ ဒီတစ်ခါတော့ ကျွန်တော့်ရဲ့မျက်စိအောက်ကနေ ပျောက်ကွယ်မသွားပါနဲ့လား မြတ်ဆုရယ်''



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဆုနွေးခမျာ ညိုမှိုင်းဆိုသည့် ပန်းချီဆရာလေးအား နားမလည်ဟန်တစ်ဝက်၊ စာနာဟန်တစ်ဝက်ဖြင့် ကရုဏာမျက်ဝန်း ညိုညိုကြီးများဖြင့် အတန်ကြာမျှ ငေးကြည့်နေပြီးမှ...

"ဟိုလေ... မြတ်ဆု တောင်သမန်ပုံရိပ်ပြခန်းကို မကြာမကြာ လာခဲ့ပါ့မယ် ကို ကိုညိုမှိုင်း၊ ဒါပေမဲ့ ကျေးဇူးပြုပြီးတော့ မြတ်ဆုရှိတဲ့နေရာကို လိုက်ရှာပြီး လာမတွေ့ပါနဲ့လို့နော်၊ ဒီတစ်ခုတော့ မြတ်ဆုကို ကတိပေးပါလားရှင်"

"ကျွန်တော် မြတ်ဆုစကားကို ယုံကြည်ပြီး ပြခန်းနဲ့ ဟော်ဒီ တောင်သမန်အင်းတစ်ဝိုက်မှာ ပန်းချီဆွဲရင်း စောင့်နေပါ့မယ်"

ထိုနေ့က တောင်သမန်ပုံရိပ် ပန်းချီပြခန်းတွင် မြတ်ဆုနွေး တစ်ယောက် နှစ်နာရီကျော်ကျော်ခန့် ကြာမြင့်စွာ စကားလက်ဆုံကျခဲ့ကြပြီးမှ ညိုမှိုင်းနှင့် ပြခန်းတာဝန်ခံ ဝေမင်းအိမ်တို့ကို နှုတ်ဆက်ကာ ပြန်လာခဲ့ကြပါတော့သည်။

သို့သော် မြတ်ဆုနွေး၏ရင်ထဲမှာတော့ ဆွေးမြည့်ရီဝေလျက်ရှိသော ညိုမှိုင်း၏မျက်ဝန်းအစုံနှင့် သျှိုလာဝီမင်းသမီးလေးတို့၏ ဒဏ္ဍာရီ အိပ်မက်ပုံပြင်လေးက လွှမ်းထိုးယှက်လိမ်လျက်... ။

/ / /





## ပုရပိုက်ပေစာဟောင်းကို အဖြေသိကြရာဝယ်

ထိုနေ့ညနေစောင်းတွင် တောင်သမန်အင်းစောင်းရှိ ကုန်းမြင့်ထက်တွင်တည်ရှိသော ရွှေကိန္နရီသို့ မြတ်ဆုနွေး၏မှာကြားမှုကြောင့် မန္တလေးမှ မြန်မာစာအဓိကနှင့် ကျောင်းပြီးထားသည့် မြတ်နိုး ရောက်ရှိလာခဲ့သည်။

"ဟေး... ဘာတွေအရေးကြီးနေလို့ ဒီနေ့ညနေ မဖြစ်မနေ လာခဲ့ပါလို့ မှာလိုက်ရတာလဲ မြတ်ဆုရဲ့၊ မထိတ်သာ မလန့်သာ ရှိလိုက်တာဟယ်"

မြတ်ဆုနွေးကမူ အိမ်ကြီးထဲသို့ဝင်လာသည့် မြတ်နိုးကို ဝမ်းသာအားရဖက်တွယ်ရင်း သူ၏အခန်းထဲသို့ ခေါ်လာခဲ့သည်။ မြတ်နိုးရောက်လာတော့ သူ၏ဖခင် ဦးရန်နောင် ပြန်ရောက်မလာသေး။

"အာ... သိပ်ကိုအရေးကြီးတာပေါ့၊ နောက်ပြီး မြတ်နိုးအတွက်လည်း အထောက်အကူရနိုင်မယ် ထင်တယ်၊ နင်က မြန်မာစာနဲ့ သမိုင်းဘာသာရပ်တွေမှာ ဝါသနာကြီးတဲ့သူဆိုတော့ ငါပြတဲ့ပစ္စည်းကို မြင်ရင် မြတ်နိုးလည်း စိတ်ဝင်စားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ... တစ်ခါမှ ကြီးကြီးကျယ်ကျယ်မပြောဖူးတဲ့ မိန်းမက အခုမှ မြန်မာစာပေတွေ, သမိုင်းစာပေတွေနဲ့ ချိုပြီး ပြောနေ လိုက်တာ၊ ကဲ... ဘာပစ္စည်းမို့လို့ ကျွန်မက စိတ်ဝင်စားရမှာလဲ ... ပြစမ်းပါဦး"

"အိုး ဟိုး ဟိုး... နေ နေဦးလေ၊ ခဏတစ်ဖြုတ် အနားယူ ညနေစာ ထမင်းစား၊ ပြီးမှ မြတ်ဆုရဲ့အခန်းထဲမှာ ရှင် စိတ်ဝင်စားသွား မယ့် ပစ္စည်းတစ်ခုကို အတူတူ ကြည့်ကြမယ်လေ... ဘယ့်နှယ်လဲ"

သူငယ်ချင်းနှစ်ယောက် တစ်ယောက်ပခုံး တစ်ယောက်ဖက် လျက် ရယ်မောပြောဆိုရင်း နောက်ဆုံး ထုံးစံအတိုင်း ရွှေကိန္နရီပိုင်ရှင် မြတ်ဆုနွှေးအလိုကျ မြတ်နိုး လိုက်လျောရပါလေတော့သည်။

စင်စစ် မြတ်နိုးနှင့်မြတ်ဆုနွှေးတို့သည် ငယ်စဉ်ကပင် ကျောင်း သွားဖော်သူငယ်ချင်းများ ဖြစ်ခဲ့ကြသည်။ မြတ်ဆုနွှေးမှာ အမရပူရ မြို့မှ ရက်ကန်းရုံပိုင်ရှင်ကြီးတစ်ယောက်၏ တစ်ဦးတည်းသောသမီး ဖြစ်သည့်မို့ ငယ်စဉ်ကတည်းကပင် လိုတရ ပြည့်စုံသူတစ်ဦးဖြစ်ခဲ့ပါ၏။

သူငယ်ချင်းဖြစ်သူ မြတ်နိုးကမူ မိဘမဲ့တစ်ယောက်ဖြစ်ပြီး ဦးကြီးတော်သူ တောင်လေးလုံးကျောင်းတိုက်မှ ဦးပဥ္စင်းတစ်ပါး၏ ထောက်ပံ့မှုဖြင့် ပညာသင်ကြားခဲ့ရသည်။ မြတ်နိုးမှာ ငယ်စဉ်ကတည်း ကပင် ဘဝနာခဲ့ရသူမို့ ဦးပဥ္စင်းကြီး၏ ပဲ့ပြင်စောင့်ရှောက်မှုအောက်တွင် ဗိုင်းကောင်းကျောက်ဖိ နေထိုင်၍ ပညာကိုသာ ကြိုးစား၍ သင်ယူခဲ့ သည် မဟုတ်ပါလား။

မန္တလေးမြို့ရှိ အဆောင်တစ်ခုတွင် နေထိုင်ပြီး မြန်မာစာ





အဓိကဖြင့် မနှစ်ကပင် ကျောင်းပြီးခဲ့သူဖြစ်သည်။ သူမ စိတ်ဝင်စား သည့်ကလည်း ရာဇဝင် သမိုင်းဒဏ္ဍာရီများနှင့် ရှေးဟောင်းစာပေများ သာ ဖြစ်သဖြင့် ကောလိပ်မှ ဆရာ ဆရာကြီးများထံတွင် နည်းနာ ခံယူကာ သင်ယူလေ့လာနေဆဲဖြစ်ပါ၏။ ရရှိလာသည့် မိန်းကလေး ဘဝနှင့် မလိုက်ဖက်စွာ ရှန်းကန်နေရသူမို့ မြတ်ဆုနွှေး၏ဖခင်ဖြစ်သူ ဦးရန်နောင်ကိုယ်တိုင် ပညာဒါနပြုကာ ကူညီစောင့်ရှောက်ခဲ့သည် မဟုတ်ပါလား။

ယခုလည်း မြတ်ဆုနွှေး၏ အရေးတကြီးမှာကြားချက်ကြောင့် မြတ်နိုးတစ်ယောက် ရွှေကိန္နရီသို့ အပြေးအလွှား ရောက်ရှိလာခဲ့ခြင်း ပင် ဖြစ်ပါ၏။ အချိန်က ည (၈) နာရီခန့် ရှိပါပြီ။ မြတ်ဆုနွှေး၏ ပြောပြချက်အရ သူ၏လက်ထဲသို့ ပုရပိုက်သေတ္တာငယ်လေး ရောက် ရှိလာခဲ့ပုံအကြောင်းကို မြတ်နိုး သိရှိလိုက်ရသည်။

"ဒါပေမဲ့ ပုရပိုက်ဖတ်ကြည့်မယ်လုပ်တော့ အရောင်က မွဲ ညစ်ညစ်ဖြစ်ရတဲ့အထဲ စာလုံးတွေကလည်း တစ်ခုနဲ့တစ်ခု ဆက်နေ သလို, ဘယ်လိုအက္ခရာတွေမှန်းမသိရတာနဲ့ မြတ်နိုးကို လှမ်းပြီး အကြောင်းကြားလိုက်ရတာပေါ့"

မြတ်ဆုနွှေးက ပုရပိုက်သေတ္တာလေးကို မြတ်နိုးရှေ့သို့ ချ ပေးလိုက်ရင်း ခုတင်စောင်းတွင် ဝင်၍ထိုင်လိုက်သည်။ မြတ်နိုးက သည်း သေတ္တာငယ်လေးတွင် ထွင်းထုထားသည့် ပန်းကနုတ်လေး များကို သေချာစွာ ကြည့်ရှုနေပါ၏။

"အင်း... ကနုတ်ပန်းလက်ရာ အနေအထားကတော့



www.burmeseclassic.com

www.burmeseclassic.com



အင်းဝခေတ်က လက်ရာပုံစံမျိုးတွေပဲ မြတ်ဆုရဲ့၊ အထဲက ပုရပိုက်တွေ ကိုပဲ သေသေချာချာ ကြည့်ရမယ်''

ထို့နောက် မြတ်နိုးက သံသေတ္တာငယ်လေး၏အဖုံးကို ဖွင့် လိုက်သည်။ သို့သော် အလွယ်တကူ ဖွင့်၍မရဘဲ အနည်းငယ် ကျပ် နေသဖြင့် မြတ်နိုး အတန်ငယ်အားစိုက်၍ ဖွင့်လိုက်သည်တွင်...

'ချွပ်... ဂျွမ် ဂွမ်း'

''ဟာ''

မြတ်နိုး လက်ချော်၍သွားကာ ပုရပိုက်သေတ္တာလေးမှာ ကြမ်း ပြင်ထက်သို့ လွင့်စဉ်ပြုတ်ကျသွားပါလေ၏။ သေတ္တာလေးမှာ အဖုံး ပွင့်သွားပြီး ကြမ်းပြင်ထက်တွင် ပုရပိုက်ချပ်များ ပြန့်ကြဲသွားကြသည်။ ထိုစဉ် ပုရပိုက်ချပ်များအောက်မှ ဝင်းခနဲလက်သွားသည့် အရာ ဝတ္ထုတစ်ခုကလည်း ချွင်ခနဲမြည်ကာ ထွက်ကျလွင့်စဉ်သွားခဲ့သည်။

''ဟင်... သေတ္တာလေးထဲက ပုရပိုက်ချပ်တွေကြားထဲက နေ ဘာလေးများ ထွက်ကျသွားတာပါလိမ့်''

ရင်ခုန်အံ့ဩသွားခြင်းနှင့်အတူ ကုလားထိုင်အနီးတွင် ကျသွား သည့်ထိုပစ္စည်းကို မြတ်ဆုနွေး ကောက်ယူကြည့်လိုက်သည်တွင်...

''ဟင်... ဒေါင်း ဒင်္ဂါးပြားလေးပါလား၊ ဒါ ဒါ ဒါဆို... ဟို ဟို... ပန်းချီကားထဲက သျှီ သျှီ လာ ဝီရဲ့ လည်မှာဆွဲ ဆွဲထား ဒေါင်းဒင်္ဂါးပြားလေးလား မသိဘူးနော်''

ဟုတ်သည်...။ မြတ်ဆုနွေးကောက်ယူလိုက်သည့် ဒေါင်း ဒင်္ဂါးပြားလေးမှာ ပန်းချီကားထဲမှ သျှီလာဝီမင်းသမီး၏လည်တွင် ဆွဲ





ထားသည့် ဒေါင်းဒင်္ဂါးပြားနှင့် တစ်ထေရာတည်းပင် ဖြစ်နေပါချေ ပြီကော။

''အို... ဘုရား ဘုရား... ဘာတွေဖြစ်ကုန်ပြီလဲမသိဘူး၊ ဒါ ဒါ အင်မတန် ထူးခြားလှတဲ့ တိုက်ဆိုင်မှုကြီးတစ်ခုပါလား''

''မြတ်ဆု မြတ်ဆု... ဒင်္ဂါးပြားကြီးကို ကိုင်ကြည့်ပြီး ဘာ တွေ တတွတ်တွတ်ပြောဆိုနေတာလဲ၊ ဒီ ဒီမှာ ပုရပိုက်ချပ်တွေကို ကူပြီး ကောက်ပေးဦးလေ၊ ဒီကောင်မလေး အူကြောင်ကြောင်နဲ့''

မြတ်နိုးကမူ ပုရပိုက်ချပ်များကို ပြန်လည်၍ကောက်ယူနေ သဖြင့် မြတ်ဆု၏ ပျက်ယွင်းသွားသောမျက်နှာနှင့် စကားသံများကို ထင်ပြင်ပြင် ကြားသိမြင်လိုက်ရခြင်း မရှိပါချေ။

''ဩော် အင်း အင်း... ကောက် ကောက်ပေးပါ့မယ်''

မြတ်ဆုနွေးတစ်ယောက် သတိနှင့်ကိုယ် မှုရှုပြီ ထင့်... နောက်ဆုံး စိတ်ကိုလျှော့လိုက်ရင်း ဒေါင်းဒင်္ဂါးပြားလေးကို စားပွဲပေါ်တွင် တင်ထားလိုက်ပြီး ပုရပိုက်ချပ်လေးများကို ကူညီ၍ ကောက်ယူပေး လိုက်ပါ၏။ မြတ်နိုးကမူ ပုရပိုက်ချပ်လေးများကို ... ပြန်၍ ထည့်လိုက်သည်။

ထို့နောက် အပေါ်ဆုံးပုရပိုက်ကို စတင်၍ ဖတ်ရှုလေ့လာနေ သည်။ မည်းညစ်ညစ် ပုရပိုက်ပေါ်မှ မှုန်ရေးရေးအက္ခရာများကို မြတ်နိုး အလွယ်လင့်တကူ ဖတ်၍မရပါ။ ထို့ကြောင့် သူ၏လွယ်အိတ်ထဲထဲမှ ခေါင်းဒါမှုန့်ဘူးကဲ့သို့ ဘူးပြားလေးကို ထုတ်ယူကာ ထိုဘူးထဲမှ အဖြူ ရောင်အမှုန့်လေးများနှင့် ပုရပိုက်ပေါ်သို့ ဖြူးလိုက်သည်။ ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးလေးနှင့် ပုရပိုက်ပေါ်တွင် အသာအယာ ပွတ်သပ်လိုက်ပါ၏

"ဟယ်... စာ စာလုံးလေးတွေ ပေါ်လာပြီနော် မြတ်နိုး"

ယခုမှ မည်းညစ်ညစ် ပုရပိုက်ချပ်ပေါ်မှ မှုန်ရေးရေးအက္ခရာ များက အဖြူရောင်သို့ ပြောင်းလဲကာ ထင်ထင်ရှားရှား မြင်တွေ့လာ ပါတော့သည်။ ထိုအက္ခရာစာလုံးများကို မြတ်နိုး သေချာစွာ ဖတ် ကြည့်လိုက်ရင်း မျက်နှာတွင် အပြုံးတစ်ချက် လင်းလက်သွားသည်သို့

"သြော် မြတ်ဆုရယ်... ဒီပုရပိုက်မှာ မြန်မာလို မြန်မာအက္ခ ရာစာလုံးတွေနဲ့ ရေးထားတာပါဟဲ့၊ အဲ... တစ်ခုတော့ရှိတယ်၊ နင် ဖတ်စဉ်အခါက မပီမပြင်နဲ့ မှုန်ဝါးဝါး စာလုံးလေးတွေကြောင့်ရယ် အရေးအသားမှာ ငါ့သတ်တွေ, ယပင့်တွေ, ရရစ်တွေနဲ့ တစ်ချောင်းငင် နှစ်ချောင်းငင်တွေ ရေးထားတာက တစ်ခုနဲ့တစ်ခု ဆက်နွှယ်နေ တော့ ရုတ်တရက်ဆိုရင် ဘာစာတွေ ရေးထားတာလဲလို့ ထင်နေရတာ ပါ။ ဟောဒီမှာ သေချာဖတ်ကြည့်ပါလား မြတ်ဆု"

မြတ်နိုးပေးလိုက်သည့် ပထမဆုံးပုရပိုက်မှ ပထမဆုံးအက္ခရာ စာလုံးများကို မြတ်ဆုကိုယ်တိုင် ဂရုတစိုက် ဖတ်ရှုကြည့်လိုက်သည် အခါမှာတော့ လွန်စွာ တုန်လှုပ်ချောက်ချားဖွယ်၊ ရင်နင့်ကြေကွဲဖွယ် သွေးပျက်ထိတ်လန့်ဖွယ်၊ သစ္စာကျိန်စာတစ်ခုလိုလို ဖတ်ရှုကြည့်ရ ရင်းမှ မယုံကြည်နိုင်ဖွယ် သစ္စာဇာတ်လမ်းတစ်ခုဆီသို့ စီးဝင်နစ်မျော သွားပါချေတော့သည်။

ၗ ၗ ၗ



## တစ်ရံရောအခါက သျှိထာဝီဝုံဖြင်

တရားစောင့်သောသူကို တရားသည်စောင့်၏။
လောကသစ္စာတရားကို ဖျက်ဆီးသူသည်
သူ၏အကုသိုလ်က တစ်ဖန် ပြန်လည်၍
နှိပ်စက်ဖျက်ဆီးမည်မှာ ဓမ္မတာတည်း။
ကဲ့ကြေသောနှလုံးသား
ယိုစီးကျလျက်ရှိသော နှလုံးသွေးတို့ဖြင့်
လောကသစ္စာတရားအား တိုင်တည်လျက်
သစ္စာဝိညာဉ်ကို ပူးကပ်လျက်ရှိသော ငါ၏ လက်အစုံဖြင့်
ဤပုရပိုက်ကို စီရင်ရေးသားခဲ့သည်။
ဤပုရပိုက်သည်
သစ္စာတရားကို မြတ်နိုးကိုးကွယ်သူများအတွက်
အင်အားဖြစ်ပါစေသတည်း။
လောကသစ္စာကို ဖျက်ဆီးစော်ကားသူများအတွက်မူကား
ငါ၏သစ္စာတရားဖြင့် စီရင်အပ်သော
ဤပုရပိုက်သည်
ယမမင်း၏ သေမင်းတမန်မှတ်တမ်း ဖြစ်ပါစေသတည်း။
သျှိထာဝီမင်းသမီး



www.burmeseclassic.com

www.burmeseclassic.com



ပုရပိုက်အဖွင့်မှာပင် စူးရှပြတ်သားသော သျှိုလာဝီမင်းသမီး
၏ သစ္စာကျိန်စာကြောင့် မြတ်ဆုနွေးတစ်ယောက် နှလုံးသွေးများပ
ရပ်ဆိုင်းသွားလုမတတ် စူးနစ်နာကျင်စွာ ခံစားလိုက်ရသည်။

သျှိုလာဝီမင်းသမီးလေး၏ ဝိညာဉ်သည် မြတ်ဆုနွေးထံသို့
စီးဝင်ပူးကပ်လာချေပြီထင့်. . . ။ ကြက်သီးမွေးညင်းများ တဖြန်းဖြ
ထလာသည့်ကြားမှပင် သျှိုလာဝီသစ္စာ ကျိန်စာပုရပိုက်ထဲမှ စူးရဲပြင်း
သော သစ္စာတရားများက မြတ်ဆုနွေး၏ မသိစိတ်နှင့် ဝေဝါးနေသော
သတိတရားများကို အတိတ်နှလုံးသားမြို့ဟောင်းတစ်နေရာဆီသို့ ဖ
စားခေါ်ငင်သွားပါလေတော့သည်။





ခရစ်သက္ကရာဇ် ၁၇၅၈–ခုနှစ်တွင် အလောင်းမင်းတရား
သည် မဏိပူရကို တိုက်ခိုက်သိမ်းပိုက်၍ မဏိပူရကသည်းများကို
မြန်မာနိုင်ငံသို့ ခေါ်ဆောင်လာခဲ့သည်။ ထိုအထဲတွင် နက္ခတ္တဗေဒအတတ်
ပညာရှင်များ၊ ရက်ကန်းပညာရှင်များ၊ သဘင်ပညာရှင်များနှင့် မြင်း
သည်တော်ကြီးများတို့ ပါဝင်ခဲ့သည်။

ထို့ပြင် အလောင်းမင်းတရား၏သားတော် ဆင်ဖြူရှင် (မြေဒူး
မင်း) လက်ထက်တွင်လည်း မဏိပူရကို သွားရောက်တိုက်ခိုက်ပြန်ရာ
ကသည်းလူမျိုးများကိုပါ ဖမ်းဆီးခေါ်ဆောင်လာနိုင်ခဲ့သည်။ ထိုစဉ်ကမူ
ဖမ်းဆီးခေါ်ဆောင်လာခဲ့သည့် မဏိပူရကသည်းများကို နေပြည်တော်
(ရွှေဘို) နှင့် အနီးတစ်ဝိုက်တွင် နေရာချထားပေးခဲ့သည်။ ထိုမှတစ်
ဆင့် စစ်ကိုင်း၊ အမရပူရနှင့် မန္တလေးဘက်သို့တိုင် အဆင့်ဆင့်ရောက်
ရှိလာခဲ့ကြပါလေ၏။

ထို့ပြင် ဘိုးတော်ဘုရား (ဗဒုံမင်း) လက်ထက်တွင်လည်း
အခြားသော မင်းများကဲ့သို့ပင် ရခိုင်ကိုတိုက်ခိုက်၍ မဟာမုနိရုပ်ပွား
တော်မြတ်ကြီးနှင့် ရခိုင်ပြည်သူပြည်သား အမြောက်အမြားပါလာခဲ့ရာ
ထိုအထဲတွင် ကသည်း (ပုဏ္ဏား) များလည်း ပါဝင်လာခဲ့ကြသည်
မဟုတ်ပါလား။

ယခုလက်ရှိ စစ်ကိုင်းမင်းလက်ထက်တွင်လည်း ယင်းကဲ့သို့
သွားရောက်တိုက်ခိုက်ခဲ့ရာမှ အာသံ၊ မဏိပူရတို့မှ ကသည်းပုဏ္ဏား
များ၊ ဝေဒပညာရှင်ကြီးများ၊ သဘင်ပညာရှင်များနှင့် ရက်ကန်းပညာ



www.burmeseclassic.com

www.burmeseclassic.com



သည့်တို့ မြန်မာနိုင်ငံဘက်သို့ အများအပြား ခေါ်ဆောင်လာခဲ့ကြပါ၏။ တချို့ကသည်းပညာရှင်များမှာ စစ်ကိုင်းမင်းလက်အောက်တွင် မင်းမှု ထမ်းများနှင့် မင်းမှုရေးရာအဖြာဖြာ၌ ဝင်ရောက်၍ တာဝန်ထမ်းရွက် ခဲ့ကြသည်။

စစ်ကိုင်းမင်းနှင့် စစ်သူကြီးမဟာစည်သူတို့ ကြီးမှူးတိုက်ခိုက် ခဲ့ကြသည့် မဏိပူရပြည်တော်ပြန်ခရီးသည် ဖမ်းဆီးခေါ်ဆောင်လာခဲ့ သော ကသည်းစစ်သုံ့ပန်းများ၊ စစ်ကိုင်းမင်း၏ စစ်သည်ရဲမက်များ မြင်းတပ်၊ ဆင်တပ်များနှင့် လွန်စွာမှ များပြားလှသော အင်အားကြီး စစ်တပ်ကြီးတစ်ခုနှင့် တူနေပါချေ၏။

သည်ကြားထဲ ကသည်းလက်မှုပညာရှင်များ၊ သဘင် အနု ပညာသည်များပါ ပါရှိကြသဖြင့် ဒုဋ္ဌဝတီမြစ်ကမ်းတစ်နေရာအရောက် တွင် ယာယီစစ်စခန်းချကာ ခရီးတစ်ထောက် နားခဲ့ကြသည်။

ဤနယ်မြေဒေသတစ်ဝိုက်တွင် အလောင်းမင်းတရားကြီး လက်ထက်မှ ဘိုးတော်ဘုရားလက်ထက်အထိ မဏိပူရ၊ အာသံနယ် ဘက်မှ ဖမ်းဆီးခေါ်ဆောင်လာခဲ့ကြသည့် မဏိပူရကသည်းလူမျိုးများ ကို နေရာချထားပေးခဲ့သည့် နယ်မြေလည်း ဖြစ်ပါ၏။

ရွှန်းမြသောငွေလရောင်က ယာယီနန်းဆောင်ထက်တွင် ဖိတ်စဉ်ကြဲပျံ့လျက်...။ တိမ်စင်ကင်းလွတ်လျက် ရွှန်းမြဝိုင်းစက် စွာ သာနေသည့် လပြည့်ည၏ ငွေလရောင်အောက်တွင် စစ်ကိုင်းမင်း အမတ်ကြီးလက်ယာမင်းထင်၊ စစ်သူကြီးမဟာစည်သူနှင့် မှူးမတ် အချို့သည် မအိပ်စက်နိုင်ကြသေးဘဲ တိုင်းရေးပြည်ရာများကို ဆွေးနွေး





တိုင်ပင်နေကြပါ၏။

"အင်း... အမတ်ကြီးလက်ယာမင်းထင်ရဲ့ လျှောက်တင် ချက်အကြံဉာဏ်ကလည်း မဆိုးလှပေဘူး။ ဒါဆိုရင် အခုခေါ်ဆောင် လာတဲ့ မဏိပူရကသည်းတွေကို သူတို့လူမျိုးစုတွေ နေထိုင်ကြတဲ့ နယ်မြေအနီးအနား ရေကြည်ရာမြက်နုရာနေရာတွေမှာ နေရာချထား ပေးပြီး သူတို့တတ်ကျွမ်းတဲ့ပညာတွေနဲ့ အသက်မွေးဝမ်းကျောင်းပြုစေ လိုက်ရင် ဒီအရေးဟာ ပိုပြီး စိတ်မအေးရပေဘူးလားကွယ်တို့"

စစ်ကိုင်းမင်းက သလွန်ညောင်စောင်းထက်ဘွင်ထိုင်ရင်း အမတ်ကြီးမဟာစည်သူ၏အကြံပေးချက်ကို ထပ်ဆင့်၍ ပြောဆိုလိုက် သည်။

"မှန်လှပါ... အရှင်မင်းကြီးရဲ့ သဘောဆန္ဒနဲ့အမတ်ကြီး လက်ယာမင်းထင်ရဲ့ အကြံပေးလျှောက်တင်ချက်အတိုင်း ကသည်း သုံ့ပန်းများအား မြေနေရာများ ခွဲဝေသတ်မှတ်ပေးပြီး ဤဒုဋ္ဌဝတီမြစ်ရိုး တစ်လျှောက်မှာ ရွာကြီးများတည်စေမည့် အမိန့်အစဉ်မှာ လွန်စွာမှ သင့်တင့်လျှောက်ပတ်ကြောင်းပါ အရှင်"

"မှန်ပါတယ် အရှင်မင်းကြီး... အမတ်ချုပ်ကြီးရဲ့ လျှောက် တင်ချက်နဲ့ အရှင်မင်းကြီးရဲ့ တော်တည့်မှန်ကန်တဲ့ ဆုံးဖြတ်ချက်ဟာ တိုင်းပြည်အတွက်အင်အား ဖြစ်စေပါတယ်၊ အရှင်၊ ဘာကြောင့်လဲ ဆိုတော့ ဟောဒီ ဒုဋ္ဌဝတီမြစ်ရိုးတစ်လျှောက်မှာ ရွာကြီးများကို တည် ထားစေခြင်းအားဖြင့် လက်ရှိ နေပြည်တော်ကြီးအတွက်လည်း ခိုင်မာ တောင့်တင်းလှတဲ့ ခံတပ်ကြီးများသဖွယ် ဖြစ်လာမည်ဟုလည်း အင်



www.burmeseclassic.com

www.burmeseclassic.com



ခြင်သုံးသပ်မိပါတယ် အရှင်မင်းကြီး''

စစ်သူကြီးမဟာစည်သူကလည်း နိုင်ငံအတွက် အင်အ တောင့်တင်းသော ခံတပ်တံတိုင်းကြီးများနှင့် တင်စားကာ စစ်ကိုင်းမ ၏ ရှုမြင်သုံးသပ်မှုအပေါ်တွင် ဖြည့်စွက်၍ ထောက်ခံလိုက်သည်။

ဤသို့ဖြင့် ညှိညီလာခံတွင် စစ်ကိုင်းမင်းနှင့် အမတ်ကြီးမျ ၏ ဆုံးဖြတ်ချက်အတိုင်း နံနက်မိုးသောက်သည်နှင့် သက်ဆိုင မဏိပူရကသည်းအကြီးအမှူးများကို ဆင့်ခေါ်ကာ အမိန့်တော်တစ် ကို ထုတ်ပြန်လိုက်သည်။

''ကိုင်း မဏိပူရကသည်း အကြီးအမှူးတို့... အသင်တို့အ ငါကိုယ်တော် ဖမ်းဆီးခေါ်ဆောင်လာခဲ့ခြင်းမှာ အနိုင်အထက်ပြုလို မဟုတ်၊ သုံ့ပန်းအဖြစ်နဲ့လည်း ငါ သဘောမထားလိုဘူး။ ဟော မြန်မာနိုင်ငံတော်ကြီးမှာ တစ်မြေထဲနေ တစ်ရေတည်းသောက်ကြ တိုင်းရင်းသားလူမျိုးအချင်းချင်း ဥမကွဲသိုက်မပျက် နေထိုင်စေ ပညာအဆင့်ဆင့် ဖလှယ်နိုင်ရေးအတွက် ရေရှည်အကျိုးကို မျှော် ပြီး ငါကိုယ်တော် လုပ်ဆောင်နေခြင်းဖြစ်တယ်''

စစ်ကိုင်းမင်း၏ စိတ်ပါလက်ပါ မိန့်မှာနေသည့်စကားသံ နံနက်ခင်းနေခြည်အောက်ဝယ် ပဲ့တင်စီးမျောလျက်။ ကသည်းအကြ အမှူးများကလည်း စစ်ကိုင်းမင်း၏ ရည်ရွယ်ချက်စကားကို စိတ် တစားနှင့် တိတ်ဆိတ်စွာ နားထောင်နေကြပါ၏။

''အခုလည်း သင်တို့ရဲ့အရေးကို ငါ့ရဲ့ဦးထိပ်မှာ အမြဲသုံးသ ပြီး အမတ်တွေနဲ့ တိုင်ပင်ညှိနှိုင်း ဆွေးနွေးနေရတယ်၊ အခု ငါ





မယ့်အရေးဟာ အသင်တို့ရဲ့သဘောထားဆန္ဒအမှန်ကို သိလိုလို့ ခေါ်ယူတွေ့ဆုံခြင်းဖြစ်တယ်ဆိုတာ နားလည်ထားကြစေလိုတယ်''

''မှန်ပါ အရှင်မင်းကြီး... အရှင်မင်းကြီးရဲ့ကြီးမြတ်တဲ့ စိတ်ရင်းစေတနာမှန်နဲ့ တရားမျှတတဲ့ စိတ်ဆန္ဒကို သိရှိထားပြီးပြီမို့ အရှင်မင်းမြတ်ရဲ့ဆန္ဒဟာ ကျွန်ုပ်တို့ရဲ့သဘောထားနဲ့ တစ်ထပ်တည်း တစ်သားတည်းပဲ ရှိနေမယ်ဆိုတာ ယုံကြည်ထားမိပါတယ် အရှင်မင်းကြီး''

ကသည်းအကြီးအမှူးများကလည်း စကားအရာတွင် ကျွမ်းကျင်လိမ္မာပါသော ပညာရှိများပီပီ ပါးနပ်စွာ လျှောက်တင်လိုက်ကြသဖြင့် စစ်ကိုင်းမင်းမှာ စိတ်နှလုံးချမ်းမြေ့သွားပါလေ၏။ တစ်ဆက်တည်းမှာပင် ကသည်းအကြီးအမှူးများ၏ လက်ရှိအခြေအနေကို ခြုံငုံသုံးသပ်တတ်သော ပညာအဆင့်နှင့် ဆင်ခြင်တွေးခေါ်မှုတို့ကိုလည်း စစ်ကိုင်းမင်း နှစ်ခြိုက်သဘောကျသွားပါတော့သည်။

ဤသို့ဖြင့် ယခင် အလောင်းမင်းတရားကြီးလက်ထက်မှစ၍ အခြေချနေထိုင်လျက်ရှိသော လူမျိုးစုများနေထိုင်ရာ ရွှေဘို၊ မန္တလေး၊ အမရပူရနှင့် ဒွာရာဝတီမြစ်ရိုးတစ်လျှောက်တွင် မဏိပူရကသည်းများ နေထိုင်စားသောက်နိုင်စေရေးအတွက် ရွာကြီးရွာငယ်များကို အားသွန်ခွန်စိုက် တည်ဆောက်စေပါတော့သည်။

ရွာတည်ဆောက်ခြင်းများအတွက်လည်း လိုအပ်သည့်ကိစ္စရပ်သမျှ အတားအဆီးမရှိစေရ။ လွတ်လပ်မျှတစွာ မဆိုင်းမတွ ပြုလုပ်ပေးသဖြင့် ကသည်းအကြီးအမှူးများရော ရွာသူရွာသားများပါ ပျော်ရွှင်ကြည်နူးလျက် ရှိကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမျှသာမက သာသနာရေး၊ ဘာသာရေးနှင့် ကိုးကွယ်မှုအပိုင်းဆိုင်ရာတွင်လည်း မဏိပူရကသည်းများအား နှစ်သက်ရာယုံကြည်ရာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးခဲ့သည်။ ထို့ကြောင့် ကသည်းပုဏ္ဏားအများစုနေထိုင်ကြရာ ရွာကြီးများတွင် ဘာသာရေးနှင့်ပတ်သက်၍ ဘုရား ကျောင်းကန်စေတီပုထိုးများ မြောက်မြားစွာရှိကြသလို ကသည်းဘွားတော်ကြီးနတ်ဟူ၍လည်း နတ်ကွန်းစင်များ နတ်ပွဲများလည်း ပူဇော်ခွင့်ပြုခဲ့သည် မဟုတ်ပါလား

ဆိုရပါလျှင် စစ်ကိုင်းနှင့်အမရပူရ ကားလမ်းဘေး၊ တောင်ဘက်တွင် လက်ဝဲမြင်းခုံတိုင်ရွာ ဟုခေါ်သည့် ကသည်းပုဏ္ဏားရွာကြီးတည်ရှိခဲ့သည်မှာ ယခုလက်ရှိအချိန်ထိတိုင် ဖြစ်ပါ၏။ ထိုရွာကြီး၏အလယ်တွင် ကသည်းဘွားတော်ကြီးနတ်ကွန်း ရှိသည်၊ ကသည်းများသည် နှစ်စဉ် ဝါခေါင်လပြည့်ကျော်သည်နှင့် ကသည်းဘွားတော်ကြီးကို ပူဇော်ပသသည့်ပွဲ ပြုလုပ်သည်။

အမရပူရမြို့နယ်၊ ငယ်တိုးကျေးရွာအုပ်စု၊ ရွှေလွန်းကျေးရွာ၌ တည်ရှိသော ရတနာဂူဘုရားမှာ အင်းဝဘုရင်မင်းကြီးစွာစော်ကဲတည်ထားခဲ့သော ဘုရားဖြစ်သည်။ နှစ်စဉ် ဝါခေါင်လပြည့်ကျော် (၈) ရက်မှ ဝါခေါင်လကွယ်နေ့အထိ စည်ကားသိုက်မြိုက်စွာ ဘုရားပွဲကျင်းပလေ့ရှိခဲ့သည်။

သို့သော် နန်းမတော်ကြီးနှင့် စလင်းမင်းသားကြီးဦးကိုတို့၏ခေတ်တွင် ရတနာဂူဘုရားပွဲနှင့် တစ်ချိန်တည်းကျရောက်နေသည့် ကသည်းဘွားတော်ကြီး ပူဇော်ပသပွဲကို ရတနာဂူဘုရားပွဲနှင့် တစ်ချိန်





ည်း ကျင်းပပေးခဲ့သဖြင့် ပျော်ပွဲရွှင်ပွဲ နတ်ပွဲတစ်ရပ်အဖြစ် ကျင်းပလုပ်ပေးခဲ့ပါ၏။

ဤနေရာတွင် ရတနာဂူနတ်ပွဲနှင့် ပတ်သက်၍ အယူအဆးနှင့် မှုကွဲအချို့ရှိသည်ကို တွေ့မြင်ရသည်။ တချို့ကလည်းားမယ်တော် မယ်ဝဏ္ဏ ရင်ကွဲနာကျပြီး သေဆုံးသည့်နေရာတွင်သိမ်းအမှတ်ပွဲကျင်းပသည်ဟု ပြောဆိုကြသည်။

သို့သော် သားတော်နှစ်ပါး၏ တောင်ပြုန်းပွဲတော်သို့ ကြွမြန်းသော မယ်တော်သည် ပုပ္ပားတောင်သို့ ပြန်လည်ကြွမြန်းရာ၌နာဂူတွင် ကွန်းထောက်စခန်းချခဲ့သဖြင့် ကျင်းပသောပွဲတော်ဟုည်းကောင်း၊ တောင်ပြုန်းမင်းညီနောင်တို့သည် မယ်တော့်ကို လိုက်ပို့ဆောင်ရာတွင် စခန်းချသည့်ပွဲဟူ၍လည်းကောင်း အဆိုများမှာ၌ လူသိများ ထင်ရှားလာခဲ့ပါတော့သတည်း။

///



www.burmeseclassic.com

www.burmeseclassic.com



## သုံးပွင့်ဆိုင်သုံမှတ်နိဒါန်း သိုမဟုတ်

ဆည်းဆာနေခြည်က အားပျော့စပြုနေပါပြီ။

ဝင်လုဆဲနေလုံးနီနီကြီးက တောင်သမန်အင်းရေပြင်ကို တို

နမ်းရှိုက်နေပါ၏။

တောင်သမန်အင်းရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသေ

ဆည်းဆာလေပြည်တွင် စောင်းခတ်သံညင်းသွဲ့သွဲ့က လိ္ဘဂူဏ်

ကြီးနှင့် သျှီလာဝီကျွန်းအစပ်တွင် ပဲ့တင်စီးမျော ဝေ့ဝဲနေပါသည်

တောင်သမန်အင်းစပ်နှင့် မနီးမဝေးရှိ ကုန်းမြင့်ထက်တ

ထည်ဝါခမ်းနားခြင်း မရှိလှသည့် သစ်သားအိမ်ငယ်လေးတစ်လုံး

သာယာနာပျော်ဖွယ်ကောင်းသော စောင်းခတ်သံသဲ့သဲ့ ပျံ့လွင့်ထွ

ပေါ်နေခြင်း ဖြစ်ပါ၏။

အိမ်ပြတင်းဝမှ ဖြတ်သန်းတိုက်ခတ်လာသော ဆည်း

လေပြည်ညင်းက ကွပ်ပျစ်ထက်တွင်ထိုင်ကာ စောင်းတစ်လက်

ကြယ်စင်သစ်စာပေတိုက်



တီးခတ်နေသည့် ချောမောလှပသော ကသည်းအမျိုးသမီးလေး၏

နုဖူးဝင်းဝင်းထက်မှ ဆံနွယ်စလေးများကို တိုးဝှေ့ရှိုက်နမ်းသွားကြသည်

သို့။

သစ်လုံးတိုင်ကို ခပ်နွဲ့နွဲ့မှီကာ စောင်းကိုတီးခတ်နေသဖြင့်

သူမ၏ နုနယ်ပျိုမျစ်ရွှန်းစိုသစ်သော လုံးဝန်းရစ်မို့နေသည့် ရွှေရင်အစုံ

က သိမ့်သိမ့်ခုန်လှုပ်မတတ်နှင့်၊ ဒန်းဆေးမဆွတ်ရပါဘဲနှင့် တွတ်တွတ်

ရဲနေသည့် သွယ်ပျောင်းသော လက်ချောင်းလေးများက စောင်းကြိုး

များပေါ်တွင် ပြေးလွှားတို့ထိလျက် သံစဉ်အချို့ကို မွှေးဖွားပေးနေပါ၏။

ကျော့လည်ကျော့ဆုံး လျော့လျော့ရှုံးသည့် ထုံးမြကေရှင်

ဟူရာဆံပင်ရှည်ကြီးများကမူ ကျစ်လျစ်သော တင်သားမို့မို့ဝန်းဝန်းပေါ်

သို့ ကပိုကရို ဖြန့်ကြက်ခင်းလျက်။ ပန်းပွင့်သွေးကို နှုတ်ခမ်းစိုနေသည့်

န်းပွင့်နှုတ်ခမ်းများက ဖူးငုံပွင့်စပြုနေသည့် နှင်းဆီနီနီတစ်ပွင့်နှယ်။

ကြောစိမ်းစိမ်းတို့ ရှိန်းရှိန်းလှဲ့နေသည့် ရွှေလည်တိုင်သွယ်သွယ်လေး

ကို နွဲ့နွဲ့လေး စောင်းငဲ့ကာ ရွှန်းလက်သော ညို့မျက်ဝန်းအစုံဖြင့်

ဆည်းဆာအလှကို တရှိုက်မက်မက် ခံစားရင်း စောင်းကိုတီးခတ်နေ

သည့်နှယ်။

ချောမောလှပသော သက်မဲ့နတ်သမီးရုပ်တုလေးတစ်ရုပ်နှယ်

သက်စွ နွဲ့မှီထိုင်လျက် စောင်းကို ကျွမ်းကျင်လိမ္မာစွာ တီးခတ်နေ

ချေ၏။ မိန်းမချောလေး၏ ဖြူဆွတ်သွယ်လက်ချောင်းလေးများက

ာ စောင်းကြိုးများထက်တွင် လိပ်ပြာကလေးတစ်ကောင်နှယ် ရပြေး

ွားပျံဝဲဆော့ကစားနေကြသည်။

ကြယ်စင်သစ်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ထို့ထက်ပို၍ ရည်ညွှန်းရပါလျှင် စောင်းကိုတီးခတ်နေသည့် မိန်းမချောကလေး၏ စိတ်အာရုံဟူသမျှ ခံစားမှု၏ တစ်ဖက်စွန်းဆီသို့ ပို့လွှတ်ထားလေသည်လား ဟု။

ထိုသည်ကို သျှောင်တစောင်းတွင် ပန်းနုရောင်ပိုးပဝါတစ်ထည်ကို ပေါင်းထားသည့် ပန်းချီကျော် ပုညက အမိအရဖမ်းဆုပ်နိုင်ရန် ကြိုးစားလျက်ရှိသည်။ ဆေးစက်တစ်စက်၊ စုတ်ချက်တစ်ချက်နှင့် စိတ်ကြိုက်လွှတ်လပ်စွာ ရေးဆွဲနေသည့် စောင်းမင်းသမီးလေး၏ ပုံတူဆီဆေးပန်းချီကားချပ်က တစ်စတစ်စ သက်ဝင်လှုပ်ရှားလာတော့မည့်နှယ်။

မပြုမပြင် ပင်ကိုအလှ
ယဉ်ဆိုသမျှ ယဉ်သထက်ယဉ်
ယဉ်မျိုးစုံတဲ့ ကျော့သခင်ရယ်
ရွှေဖော့ရုပ်သွင် စံတန္နန်း
တုမနိူင်းနဲ့ လူ့တိုင်းနယ်မှာ
သူ့ဂိုဏ်းသင့်မယ် ဆိုလောက်ပေရဲ့ဘုန်း။

စလေဆရာကြီး ဖွဲ့ဆိုညွှန်းလောက်အောင် သူမ၏အလှရုပ်ပုံလွှာကို ဖွဲ့သီရန်၊ အလင်္ကာဆင်ရန် 'သူ့ဂိုဏ်းသင့်မယ် ဆိုလောက်ပေရဲ့ ဘုန်း' ဟူသည့် နိုင်းနိူင်းဂုဏ်တင်စရာပင် ရှားလှသည့် အလှနတ်သမီးလေးတစ်ပါး။

စင်စစ် စောင်းကို ပိုင်နိုင်ကျွမ်းကျင်စွာ တီးခတ်နေသည့် မိန်းမချောလေးမှာ သျှီလာဝီဆိုသည့် အညာတြကသည်းမိန်းမပျိုလေး





တစ်ယောက်သာ ဖြစ်ပါ၏။ သျှီလာဝီသည် ပြိုင်စံရှားလောက်သည့် အလှတစ်ခုတည်းကိုသာ ပိုင်ဆိုင်ထားသူမဟုတ်ပေ။ သူမ ငယ်စဉ်ကတည်းက ကလေးဘဝကတည်းကပင် တူရိယာဂီတပညာဘက်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ တတ်ကျွမ်းခဲ့သူဖြစ်သည်။ ထိုအထဲတွင် စောင်းပညာတွင် အရွယ်နှင့်မလိုက်အောင် အကျော်ဒေးယျဖြစ်ခဲ့ပါ၏။

ထို့ကြောင့်လည်း ငယ်သူငယ်ချင်းဖြစ်သည့် ပန်းချီကျော် ပုညနှင့်အတူ မဏိပူရမှသည် စစ်မက်အရေးအခင်းကြောင့် တစ်ပြည်တစ်ရွာသို့ ရောက်ရှိလာခဲ့ကြရသည် မဟုတ်ပါလား။

ပန်းချီကျော်ပုညက ပွင့်ဖတ်လွှာချပ်နီနီရဲရဲနှင့် သဏ္ဍာန်တူသည့် သျှီလာဝီ၏ နှုတ်ခမ်းငုံဖူးဖူးလေးတွင် စုတ်ချက်တစ်ချက်နှင့် အလင်းခတ်လိုက်စဉ်မှာပင် စောင်းသံသည် အဆုံးပိုင်းသို့ရောက်သွားသည်ထင့်။ ဆွဲဆွဲငင်ငင်နှင့် တိုးတိတ်စီးမျောသွားကာ နောက်ဆုံးတွင် စောင်းခတ်သံတိတ်သွားပါလေတော့သည်။ သို့သော် စောင်းမင်းသမီးလေး သျှီလာဝီကမူ အတီးပိုဒ်ဆုံးသွားသည့်တိုင် နေရာတစ်ချက်မျှ မယွင်းသေးဘဲ မတုန်မလှုပ်နှင့် ပြတင်းဝမှ တစ်ဆင့်မြင်တွေ့နေရသော တောင်သမန်ဆည်းဆာအလှတွင် နစ်မျောနေသည်သို့။

ပုညက သူ၏ပန်းချီကားချပ်မှ မျက်လုံးကိုခွာလိုက်ပြီး ရေးဆက်စ စုတ်တံကို အနီးရှိရေအင်တုံထဲသို့ နှစ်လိုက်သည်။ ပြီးလျှင် မတုန်မလှုပ်နှင့် ငေးမောရီဝေစွာ ကြည့်နေသည့် စောင်းမင်းသမီးလေးကို စောင်းငဲ့၍ ကြည့်လိုက်မိသည်။

နေဝင်ချိန်ဆည်းဆာအလှတွင် ရွှေရောင်နတ်သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ပါး စောင်းတစ်လက်ကိုပိုက်ကာ နွဲ့နွဲ့မှိမှိ ထိုင်နေသည်သို့ . . ။ လွန်စွာဝေးကွာလှသသော မဏိပူရပြည်ကြီးတွင် နေထိုင်ကြစဉ် ကတည်းကပင် အနုပညာငယ်ပေါင်းမောင်နှမများနှင့် ချစ်ကြည်ရင်းနှီးခဲ့ကြသည်မို့ ယခုကဲ့သို့ စစ်မက်ရေးရာများကြောင့် ရေခြားမြေခြား ဒေသစိမ်းစိမ်းသို့ ရောက်ရှိလာခဲ့ကြသည့်တိုင် နှစ်ဦးသား၏ ရင်တွင်း နှလုံးသားများကတော့ ဖြူစင်သန့်ရှင်းသောသစ္စာတရားများဖြင့် ချည်နှောင်ရစ်ပတ်လျက် ရှိနေကြဆဲပါပေ။

ပုညက သူ၏နှုတ်ခမ်းထောင့်စွန်းတွင် ပြုံးသည်ဆိုရုံမျှ ပြုံးလိုက်ပြီး မတုန်မလှုပ်နှင့် ငေးမောနေဆဲဖြစ်သည့် သျှီလာဝီအနီးသို့ လျှောက်လာကာ . . .

"ဟဲ့ သျှီလာ . . . ဘာတွေများ ဒီလောက်တောင် ငေးမောနေရတာလဲ၊ စောင်းတီးလို့ ပြီးသွားတာတောင် နင်က ကျောက်ရုပ်တစ်ရုပ်လို ဖြစ်နေသေးတယ်"

ပုည၏အသံကိုကြားလိုက်ရမှ စောင်းမင်းသမီးလေး သျှီလာဝီတစ်ယောက် သတိဝင်လာကာ ပစ္စုပ္ပန်သို့ ပြန်လည်ရောက်ရှိလာသည်ထင့် . . . ။ သူ၏ရင်ခွင်ထဲမှ စောင်းကို အနီးရှိပုခက်အတွင်းသို့ အသာအယာ တင်လိုက်ပြီး နေရာမှ ညင်သာစွာထလိုက်သည်။ ထိုအခါမှ သူ၏နောက်ကျောတွင် ပုံ့ပုံ့လေးပုံနေသည့် မဟူရာဆံပင်ရှည် ထွေးထွေးကြီးက ချိတ်ထဘီဝတ်ဆင်ထားသည့် တင်သားမို့မို့ဝန်းဝန်းလေးပေါ်သို့ ကပိုကရို ဝဲပျံကျသွားပါ၏။ ပြီးလျှင် ပြတင်းဝဆီသို့ ဖြည်းဖြည်းညင်ညင် လျှောက်သွားကာ . . .





"ဘာရယ်မဟုတ်ပါဘူး ပုညရယ် . . . စစ်ကိုင်းမင်းရဲ့ ရွှေနန်းတော်ကြီးဆိုတာ ငါတို့ မဏိပူရကလို အုတ်တိုင်ကြီးတွေနဲ့ အဆောက်အအုံကြီးတွေလိုများလား၊ ဘယ်လိုများ ရှိနေမလဲဆိုတာ ငါ အတွေးနဲ့ မြင်ကြည့်နေတာပါပဲ"

သျှီလာဝီ၏စကားကြောင့် ပုညက မျက်မှောင်တစ်ချက်ကုတ်သွားရင်းမျှ အလိုမကျဟန်ဖြင့် . . .

"အို . . . နင်မို့ပေါက်ပေါက်ရှာရှာဟာ၊ စစ်ကိုင်းမင်းရဲ့ ထီးနန်းဟာ စစ်ကိုင်းမင်းရဲ့ ထီးနန်းပဲပေါ့၊ ဘယ်လိုမှ ငါတို့ရဲ့မဏိပူရ ဖြစ်မလာနိုင်ဘူး သျှီလာ"

"ဟင်း ဟင်း . . . ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ အစ်ကိုတော်၊ အခုဆိုရင် စစ်ကိုင်းမင်းရဲ့နေပြည်တော်ကြီးနဲ့ မဏိပူရဟာ နှစ်ပြည်တစ်ပြည်လိုဖြစ်ပြီး လွတ်လွတ်လပ်လပ်နဲ့ ကုန်သွယ်စီးပွားရှာကြ၊ ပညာရပ်ချင်းတွေ ဖလှယ်ကြနဲ့ဆိုတော့ မကြာခင်မှာ အားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း ဖြစ်ကုန်ကြတော့မှာပါ အစ်ကိုတော်"

ရုတ်တရက် အသံအောအောတစ်ခုက တံခါးဝဘက်မှ ထွက်လာသည်မို့ ပုညနှင့်သျှီလာဝီတို့ နှစ်ယောက်သား ဆတ်ခနဲ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

"အို"

"ဟင် . . . မင်း မင်း ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ရဲ့အိမ်ရှေ့ တံခါးဝမှာ ခွင့်မတောင်းဘဲ ရောက်နေရတာလဲ"

ပန်းနုရောင်ရွှေကျင်ခတ် ပိုးပဝါခေါင်းပေါင်းစနှင့် ဖြူဖွေး



www.burmeseclassic.com

www.burmeseclassic.com



မွတ်စင်သော အသားအရေတွင် နှုတ်ခမ်းမွေးစိမ်းစိမ်းနှင့် အသက် (၂၀) ကျော်ခန့်ရှိ နှုတ်ရေးကြွယ်နေသည့် တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော လူစိမ်းတစ်ယောက်။

ထိုကိုရွှေလူစိမ်းကပင် အိမ်ရှင်ဖြစ်သူ ပုညအား ကိုယ့်ကို ညွတ်၍ တောင်းပန်စကားဆိုလိုက်သည်။

"ခွင့်လွှတ်ပါ အစ်ကိုတော်... နားဝင်ချိုအောင် မြိမ့်ညောင်းသာယာလှတဲ့ စောင်းခတ်သံမှာ နစ်မျောရင်း အစ်ကိုတော်ရဲ့ အိမ်ရှေ့တံခါးဝအထိ ရောက်လာခဲ့တာပါ၊ ဒီရောက်တော့လည်း အစ်ကိုတော်ရဲ့ ပန်းချီပညာရပ်ကိုပါ အံ့မခန်း တွေ့မြင်ခဲ့ရပြန်တယ်လေ၊ နောက်ပြီး အစ်ကိုတော်တို့ရဲ့ အနုပညာစျာန် ပျက်စီးသွားမှာစိုးတာနဲ့ အခုလို အသံမပေး ခွင့်မတောင်းဘဲ ရပ်နေမိတာကို ခွင့်လွှတ်နားလည်ပေးပါလား အစ်ကိုတော်"

နှုတ်ခမ်းမွေးစိမ်းစိမ်းနှင့် လူချောကိုလူစိမ်းက ပုညကို တလေးတစားနှင့် တောင်းပန်စကားပြောကြားရင်းမှ သျှိလာဝီထံသို့ စူးလက်အကြည့်တစ်ချက် ဝေ့ဝဲသွားသည်ကို ပုညတစ်ယောက် မြင်ဖြစ်အောင်မြင်လိုက်ပါ၏။

"ကျွန်ုပ်နာမည်က နန္ဒလို့ ခေါ်ပါတယ် အစ်ကိုတော်၊ နယ်လှည့်ပြီး ကုန်ရောင်းကုန်ဝယ်အလုပ်ကို လုပ်ကိုင်ပါတယ်၊ ဒါပေမဲ့ အနုပညာကိုတော့ ငယ်ငယ်ကတည်းက အရမ်းကို ဝါသနာကြီးလွန်းလှပါတယ်၊ ဒါ့ကြောင့် တောင်သမန်အင်းဘက်ကနေ မြင်းနဲ့ပတ်သက်လာခဲ့ရင်းက ဒီက ညီမတော်ရဲ့ စောင်းခတ်သံလေးကို ကြားရတာနဲ့





ရောက်လာခဲ့ရတာပါ အစ်ကိုတော်"

လူစိမ်းယောက်ျားပျိုက နှုတ်ရေးကြွယ်ကြွယ်နှင့် တလေးတစား မိတ်ဆက်စကားဆိုနေသည့်တိုင် ပုညက နန္ဒဆိုသည့် ထိုလူစိမ်းကို လုံး၀ လှည့်မကြည့်ပါလေတော့၊ သူ၏ပန်းချီပစ္စည်းများဖြစ်သော စုတ်တံ၊ ဆေးခွက်စသည်များကိုသာ သိမ်းဆည်းနေရင်းမှ သျှိလာဝီအား လှမ်း၍ပြောလိုက်သည်။

"ကဲ... သျှိလာရေ ဘဘ စိတ်ပူနေရောမယ်၊ အိမ်ပြန်ဖို့ပြင်တော့လေ၊ ငါ့ပစ္စည်းတွေ သိမ်းဆည်းပြီးရင် အိမ်တံခါးပိတ်ပြီး သွားကြမယ်"

ပုည၏ ပြတ်သားသောစကားသံကြောင့် နန္ဒဆိုသည့် ကိုလူစိမ်းမှာ နှုတ်ခမ်းတစ်ချက် တွန့်လိုက်ပြီး သူ့အနေဖြင့် နှုတ်ဆက်ပြန်ရုံမှတစ်ပါး အခြားမရှိတော့ပြီးမှုန်း ရိပ်စားမိလိုက်ပါ၏။ နုညက်ခွတ်စင် ပြစ်မျိုးမွဲမထင်သည့်အလှပိုင်ရှင် စောင်းမင်းသမီးလေး၏ ဖြူဝင်းနုညက်နေသည့် မျက်နှာဝင်းဝင်းလေးကိုသာ တချက်မက်မက် ကြည့်လိုက်ရင်း...

"ခွင့်ပြုပါဦးအစ်ကိုတော်နဲ့ ဒီက စောင်းပညာရှင် ညီမငယ်တို့ နောက်နောင် အခွင့်သင့်ခဲ့ရင်လည်း အခုလိုပဲ လာရောက်နားထောင်ခွင့်ပြုပါလို့"

သျှိလာဝီကတော့ ပုည၏ပစ္စည်းများကို ကူညီကာ သိမ်းဆည်းပေးနေသည်မို့ သူ့အား တချက်မက်မက်နှင့် ရွှန်းရွှန်းစားစား ကြည့်ကာ နှုတ်ဆက်စကားဆိုသွားသည့် နန္ဒဆိုသော ကိုလူချောအား



www.burmeseclassic.com

www.burmeseclassic.com



သတိမထားမိလိုက်ပါလေတော့။

ပုညကမူ နှုတ်ဆက်ထွက်ခွာသွားပြီဖြစ်သော နန္ဒဆိုသူ မှုန်ရေးရေးသဏ္ဌာန်ကို ငေးကြည့်နေရင်းမှ အမျိုးအမည် မဖော် သည့် ဝေဒနာတစ်ခုကို မွန်းကျပ်စွာ ခံစားလိုက်ရသည်သို့။ မွန်းကျပ်ပိတ်ဆို့မှုက မကျေမနပ်ဖြင့် တက်ခေါက်သံအဖြစ် ရင်ဘ ကြီးထဲမှ ထွက်ကျလာခဲ့သည်။

"တောက်... ပေါက်ပေါက်ရှာရှာ ဘယ်လိုလူစားမျိုးနဲ့မှ လာပြီးတွေ့နေရတာလဲ မသိဘူး။ တော်တော်စကားများပြီး အပေါ အစပ်နိုင်တဲ့လူပဲ"

"ကဲပါ ပုညရယ်... ဟိုမှာ ပြန်တဲ့သူက ပြန်သွားပြီ၊ နှ ဟာနင် အလကားနေရင်း ဒေါသကြီးနေတယ်၊ ကဲ လာ... သွား နို့"

သျှီလာဝီက တစ်ယောက်တည်း ဒေါသကြီးနေသည့် ပု ၏ လက်ကို တွယ်ဖက်ဆွဲငင်ကာ သျှီလာဝီကျွန်းအလယ်ရှိ သူမ နေအိမ်ရှိရာသို့ ထွက်လာခဲ့ကြပါတော့သည်။

မကြာမီ ဝင်လုဆဲနေလုံးနီနီကြီးက တောင်သမန်အင်းရေ ထဲသို့ ငုပ်လျှိုးပျောက်ကွယ်သွားမှုချေပြီကော... ။

ၤၤၤ





ထောင်သမန်မှ အချစ်သစ္စာရှင်သုံးယောက်

စင်စစ် ပုညနှင့်သျှီလာဝီတို့သည် အလောင်းမင်းတရားကြီး လက်ထက် မဏိပူရသို့ လာရောက်တိုက်ခိုက်အောင်မြင်ခဲ့စဉ်ကတည်း က စစ်သုံ့ပန်းများအဖြစ် မြန်မာပြည်မကြီးထဲသို့ လိုက်ပါလာခဲ့ကြခြင်း ဖြစ်သည်။ သျှီလာဝီ၏ဖခင်ကြီးသည် မဏိပူရကသည်း အကြီးအမှူး တစ်ဦးဖြစ်သလို သဘင်ပညာရှင်ကြီးလည်း ဖြစ်ပါချေ၏။

ပုညကမူ သာမန် ကသည်းပန်းချီကျော်တစ်ဦး၏သားဖြစ်ပြီး အလောင်းမင်းတရား မဏိပူရသို့ စစ်ချီသည့်စစ်မက်အရေးအခင်းတွင် သေဆုံးသွားခဲ့ရပါ၏။ ထိုစဉ်ကမူ ပုည (၁၀) နှစ်သားအရွယ်ပင် မရှိတတ်သေး။ မိခင်ဖြစ်သူမှာ ပုညငယ်စဉ်ကတည်းကပင် ဆုံးပါးသွား ခဲ့ပြီး ယခု ဖခင်ကြီးမှာလည်း ပုညအား မျက်ကွယ်ပြုသွားခဲ့လေပြီ မို့ လောကအလယ်တွင် အထီးကျန် သင်းကွဲကောင်နှယ် တစ်ကောင် တည်းသာ ကျန်ရစ်ခဲ့ရသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သျှီကာဝီ၏ ဖခင်ကြီးက ခေါ်ယူမွေးစားကာ စောင့်ရှောက်ထားခဲ့ရပါ၏။ ပုညမှာ ငယ်စဉ်ကတည်းကပင် ဖခင်ကြီး၏ ပန်းချီပညာရပ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားခဲ့သည်။ ပါရမီအခံလည်းရှိ၊ မျိုးရိုးဗီဇကလည်း ခတ်ခံရှိသဖြင့် ပုည (၁၈) နှစ်သားအရွယ်မှာပင် ဘိုးတော်ဘုရား (ပဒုံမင်း) ၏ မိဖုရားခေါင်ကြီး ချီးမြှင့်သော နန်းတွင်းပန်းချီကျော်ဘွဲ့ကို ရရှိခဲ့ပါ၏။

သို့သော် ပုည်မှာ နန်းတော်ကြီးသို့ ဝင်ရောက်ခံစားခြင်းမရှိခဲ့ သူ့တွင် အသက်အရွယ်နှင့်မမျှအောင် နာကျည်းဖွယ်ရာ အတိတ်ဆိုးကြီးများ ရှိခဲ့သည် မဟုတ်ပါလား။ သူ၏ဖခင်ကြီးသည် ဤမြန်မာရှင်ဘုရင် အလောင်းမင်းတရားကြောင့် သေဆုံးခဲ့ရသည်ကို ပုညတစ်ယောက် အရိုးစွဲသည်အထိ ခံစားခဲ့ရသည်။ အတိတ်တွင် ကျန်ရစ်ခဲ့ပြီဖြစ်သော အိပ်မက်ဆိုးကြီးများကို ပုညခမျာ ယခုအချိန်ထိတိုင် မြိန်ယှက်စွာ စားသုံးနေဆဲပါပဲဟုဆိုပါလျှင်။

ထို့ကြောင့် သူ၏နှလုံးသားအမာရွတ်တွင် မြန်မာဘုရင် ဟူသမျှ မုန်းတီးနာကျည်းနေခဲ့သည် မဟုတ်ပါလား။ သို့သော် မွေးစားဖခင် ကသည်းအကြီးအမှူး၏ ဆုံးမစကားများကြောင့် ရင်ထဲမှာ နာကျင်ခံစားမှုများကို ရင်ထဲမှ နာကျင်ခံစားမှုများကို ရင်ထဲမှာပင် တငွေ့ငွေ့ လောင်ကျွမ်းပြာကျစေခဲ့ပါ၏။ မည်သို့မျှ မယုဉ်သာသည့် အခြေအနေတွင် ချစ်ကြည်ရေးတည်းဟူသော စကားလုံးသုံးလုံး အောက်တွင် သူ၏နှလုံးသားကို စတေးခဲ့ရသည်။

ယခု စစ်ကိုင်းမင်းလက်ထက်သို့ ရောက်ရှိလာသည့်အခါတွင်





နန်းတွင်းပွဲလမ်းသဘင်များ၊ နက္ခတ်တာရာပွဲသဘင်များ၌သော ကိုင်းမင်း၏ နန်းတော်ထဲသို့ ဝင်ထွက်သွားလာခဲ့ပြီး ကျန်အချိန်များ င် ရွှေနန်းတော်ကြီးဘက်သို့ ပုည ခြေဦးမျှပင် ယောင်ရမ်း၍မလှည့်

ငယ်ရွယ်စဉ်ကတည်းကပင် နာကြည်းကြေကွဲဖွယ်ရာ အနိဋ္ဌာ အစိုင်အခဲကြီးတစ်ခုက လွယ်လွယ်နှင့် ချေဖျက်နိုင်မည် မဟုတ်ပါ ။ သို့သော် သျှီလာဝီနှင့်မူငယ်စဉ်တောင်ကျေးကလေးဘဝမှ စ၍ င် သွားအတူ လာအတူ၊ စားအတူ ကစားအတူ ပျော်ရွှင်လွတ်လပ်စွာ ထိုင်ခဲ့ကြသဖြင့် သူတို့နှစ်ဦးကြားတွင် မမြင်နိုင်သော သံယောဇဉ် းများက အထပ်ထပ် ရစ်ပတ်နှောင်ဖွဲ့ထားကြလေသည်သို့ . . . ။

ပုည၏မွေးစားဖခင်ဖြစ်သူသည့် သျှီလာဝီ၏ ဖခင်ဦးသံဗျင်လည်း ပုညကို သားအရင်းနှင့်မခြား ချစ်ခင်အားကိုးသည်။ သို သော် သျှီကာဝီ၏မိခင် ဒေါ်နှုးသာရီကမူ သမီးဖြစ်သူနှင့် ဇွဲးရော က်တင်နေသည်ကို မနှစ်မြို့ကပေ။ သွေးမတော်သားမစပ်သည့် ငယ်နှစ်ယောက်၏ မမြင်နိုင်သော အနာဂတ်သံယောဇဉ်ကို ဒေါ်နှုး ရီက ကြိုတင်၍ မြင်သည်။

ထို့ကြောင့် တောင်သမန်အင်းစောင်းရှိ ကျယ်ပြောလှသော ခင်း၊ စိုက်ခင်းများကို အကြောင်းပြကာ ပုညအား သွားရောက် ထိုင်စေခြင်းဖြင့် အနေနီးစပ်မှုကို ဟန့်တားခဲ့သည်။ ပုညကလည်း ကဲ့သို့ သီးခြားနေချင်သဖြင့် ဦးသံဗျင်ကပင် အိမ်တစ်ဆောင် ာက်လုပ်၍ပေးသည်။ ထိုနေအိမ်မှာပင် ပုညတစ်ယောက် သူ သနာကြီးလှသည့် ပန်းချီပညာရပ်ကို တစိုက်စိုက်မတ်မတ် လွတ်



www.burmeseclassic.com

www.burmeseclassic.com



လပ်စွာ ရေးဆွဲခွင့် ရရှိခဲ့သည်။

သို့သော် မပြောင်းလဲသည်က သျှိုလာဝီပင်။ ပုညတ တည်း နေထိုင်ရာ ယာခင်းထဲမှ နေအိမ်ဆီသို့ အချိန်အခါမ ရောက်ရှိလာတတ်သည်။ စိတ်လိုလက်ရ စောင်းတီးချင်လျှင် တီး ပန်းချီ အဆွဲခံချင်လျှင်ခံမည်။ နှစ်ယောက်သား တောင်သမန်အင်း လှေစီးချင်လျှင် စီးသည်။ ရုံဖန်ရံခါ ယာခင်း၊ ပြောင်းခင်းများထဲ ပုညနှင့်အတူ ပြေးလွှားဆော့ကစားချင်လည်း ကစားနေပါသေးသ

ငယ်စဉ်တောင်ကျေး ကလေးဘဝအရွယ်ကတည်းက ပတ်နှောင်ဖွဲ့လာသော အဖြူရောင်သစ္စာသံယောဇဉ်ကြိုးလေးမျာ မြင်နိုင်စွမ်းမရှိကြသည့်တိုင် အလွယ်တကူ ဖြတ်တောက်ပစ်ရန်ဆို မှာ ထင်သလောက် မလွယ်ကူလှပါချေ။

ယခုလည်း ယာခင်းအလယ်ရှိ ပုည၏နေအိမ်ထဲတွင် တစ်ကိုယ်တည်း စောင်းမင်းသမီးလေး သျှိုလာဝီ၏ပုံတူပန်းချီကား စိတ်နှစ်၍ ရေးဆွဲနေပါချေ၏။

နုညက်မွတ်စင်
ရွှေရုပ်သွင်ကို
နှတ်ပင်ယိုးမှား
ရွှေလှော်သားသို့
ဝိုးဝါးတွေးချွတ်
စိတ်လုံးညွတ်သည်
ဘုံထွက်နန်းဆောင်နေသို့လော။





ပန်းချီကျော်၏စုတ်ချက်သည် လိပ်ပြာတစ်ကောင် ပန်းဝတ်ရည် စုတ်သည်သို့။ ဝဲကာပျံကာ တို့ထိနမ်းရှိုက်ကာနှင့် ရောင်စုံပန်းခင်းကြီးအလယ်ရှိ ပန်းပွင့်လွှာ၊ ပွင့်ချပ်၊ ပွင့်ဖတ်တို့အနီးတစ်ဝိုက်တွင် စုန်ချည်၊ ဆန်ချည်၊ ဆင်းချည်၊ သက်ချည်နှင့်၊ နီရင့်ရင့်အရောင်၊ အဝါရောင်၊ အပြာရောင်၊ အစိမ်းရောင်တို့သည် ပန်းချီကျော်၏ စုတ်ချက်ခတ်ရာ နေရာတိုင်းတွင် စူးစူးရဲရဲနှင့်။

ဆိုရပါလျှင် ပန်းချီကျော် ခြယ်မှုန်းထားသည့် စောင်းမင်းသမီးလေး၏ ပန်းနုယ်သွေးလို နုထွေးစိုသည့် ပန်းပွင့်နှုတ်ခမ်းဖူးဖူးလေးက ရဲရဲလွင်လျက်။

မြကြောစိမ်းစိမ်းတို့ဖြင့် ရှိန်းရှိန်းလဲ့နေသည့် ရွှေလည်တိုင် သွယ်သွယ်လေးကို နွဲ့နွဲ့ကလေး စောင်းငုံ့ထားသည်မှာ ကြာနုတ်မယ် တစ်ပါးနှယ် ထင်မှတ်မှားလောက်ပါ၏။ ထို့ပြင် နုနယ်ပျိုမျစ် ရွှန်းစိုသစ်သည့် လုံးရစ်ဝန်းမို့သော ရွှေရင်တော်အစုံမှာ သိမ့်သိမ့်ခုန်ကာ လှုပ်ရှားသက်ဝင်နေသကဲ့သို့။

ရောင်မျိုးစုံတို့ ရွှန်းလက်လင်းဖြာနေသည့် သောက်ရှူးကြယ် ညိုနှောင်နှင့်တူသော ကြာပန်းပြာမြမျက်လုံးအစုံကလည်း မြင်ရသူအပေါင်းအား ညို့ငင်ဆွဲဆောင်နေသည်စွာ သက်ရှိလူသားတစ်ယောက်နှယ်ပါတည်း။

စင်စစ် ဤသျှိုလာဝီ၏ပုံတူပန်းချီကားသည် ပုည၏နှလုံးသားနှင့် ရေးဆွဲချယ်မှုန်ထားသည်ဆိုကလည်း မှားအံ့မထင်ပါ။ ပန်းချီကားထဲမှ သျှိုလာဝီ၏ သက်ဝင်လှုပ်ရှားမှုသည် ပုည၏ အနှိုင်းမဲ့သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



အတိမ်အနက်ကို ဖော်ညွှန်းပြနေသည်ဟု ဆိုပါလျှင်... ။

ပန်းချီကျော် ပုညက ရွှန်းလက်ကင်းစိုနေသည့် ကြာပန်းပြ မြမျက်လုံးထောင့်တွင် အလင်းတစ်စက်ကို စုတ်တစ်ချက် ခတ်လိုက် စဉ်မှာပင်။

"ဟယ် ပုညရယ်... ကြည့်စမ်းပါဦး၊ ငါ့ရုပ်ကို ငါ ကြေးမုံ သားပြင်ထဲမှာ ပြန်ပြီးမြင်နေရသလိုပါပဲလားဟယ်၊ နင် နင် သိ သိပ်ကိုတော်တာပါလား၊ ဒီနှစ် နန်းသုံးပန်းချီကျော်ပြိုင်ပွဲမှာ န ဆုတွေလာဘ်တွေ အများကြီးရပြီး နန်းသုံးလက်စွဲပန်းချီကျော်ကြ ဖြစ်ဦးမှာပဲ ပုညရေ... အဟေး ဟေး ဟေး"

မည်သည့်အချိန်ကတည်းက ရောက်နေသည် မသိသေ သျှိုလာဝီက သူ၏ ရုပ်တုအသံကလေးနှင့် ဝမ်းသာအားရ ဟစ်အော ကာ ပုညအား နောက်ဘက်မှနေ၍ သိုင်းဖက်လိုက်သည်၊

"ဟာ ဟ ဟ... ဘယ့်နှယ် အတင်းလာပြီး လူကိုဖက်နေ တာလဲ၊ ဒီ ဒီ မှာ ပန်းချီဆွဲနေတာလေ၊ ဟဲ့... ဩော် ခက်တော့တာ သျှိုလာရယ်၊ စုတ်တံတွေ, ဆေးတွေနဲ့ ပေကျံကုန်တော့မှာပဲဟ"

ရုတ်တရက်မို့ ပုညတစ်ယောက် စုတ်တံကိုင်သည့်လက် ပန်းချီကားနှင့်လွတ်အောင် မြှောက်ကိုင်ထားရင်း ဆေးစပ်ခွက်တစ်ဖ နှင့် ကိုးယိုးကားယား ဖြစ်နေပါ၏။ ဤသည်ကိုပင် သျှိုလာဝီ သဘောကျစွာဖြင့် ဖက်တွယ်ထားခြင်းကိုမလွှတ်ဘဲ တဟင်းဟင်း ရယ်မောပျော်ရွှင်နေပါသည်ကော။

"အဟေး ဟေး ဟေး... ကောင်းတယ်... ဒါမှ နင်





အညောင်းအညာတွေ ပြေသွားမှာ။ ဘယ့်နှယ် တစ်နေ့ကုန် တစ်နေ န်း အခန်းထဲမှာ အောင်းပြီး ဒီပန်းချီကားတွေကိုပဲ ဆွဲနေတဲ့ဥစ္စာ"

သျှိုလာဝီတစ်ယောက် ကလေးငယ်ပမာ ပုညကို ဖက်တွယ် ားရင်း သူမ၏ပုံတူပန်းချီကားကြီးကိုကြည့်ကာ ဝမ်းသာပျော်ရွှင်နေ ါ၏။ ပုညကမူ ကလေးတစ်ယောက်နှယ် လွတ်လွပ်ပေါ့ပါးစွာ ယ်မောပျော်ရွှင်နေသည့် သျှိုလာဝီ၏ လက်ကလေးနှစ်ဖက်ကို ဆုပ် ိုင်ကာ ရင်ထဲတွင် တိတ်တခိုး ဆူပွက်နေသည့် အချစ်များကို ြိတ်မိုတ်မျိုသိပ်ကာ ချနေရသည် မဟုတ်ပါလား။

ငယ်စဉ်ကတည်းကပင် ရစ်ပတ်နှောင်ဖွဲ့ကာခဲ့ကြသည် အဖြူ ရောင် သံယောဇဉ်နွယ်လေးများက သွေးမတော် သားမစပ် ပျိုရွယ်သူ ်ဦးအတွက် အချိန်အခါအလိုက် အသွေးအရောင်ပြောင်းလဲသွားကြ ည်ဆိုလျှင်။ မည်သို့ပင်ဖြစ်စေ သူ့အား သားအရင်းနှင့်မခြား ပြုစု ောင့်ရှောက်ခဲ့သည့် မွေးစားဖခင်ကြီးဦးသံဗျင်၏ ကျေးဇူးတရားများက ည၏အရောင်ပြောင်းလုလု နှလုံးသားတံခါးကို ပြည်ဖုံးကားချထား ိုက်စေသည်သို့။

"ကဲ... ထ ပုညရေ၊ တောင်သမန်အင်းထဲမှာ လှေစီးရင်း ့ ကြာချိုးချည်ရအောင်"

"ဟာ... အခုပဲ နေဝင်တော့မယ်ဟာ၊ အချိန်လည်းမရှိ ောာ့ပါဘူး သျှိုလာရယ်၊ ဟို ဟို... နောက်နေ့မှပဲ သွားရအောင် နော်"

လှုပ်ခါနေသည့် နှလုံးသားကို ပြန်လည်ငြိမ်သက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေရင်းမှ ပုညက သျှိုလာဝီ၏ အလိုဆန္ဒကို ဟန့်တားလိုက်
သည်။ သို့သော်...

"အို... မလိုချင်ဘူး သွားမှာပဲ နေဝင်ဖို့က အဝေးကြီးလို
သေးတယ်၊ ထ ထ... အခုချက်ချင်း လိုက်ခဲ့"

သျှိုလာဝီကတော့ ထုံးစံအတိုင်းပင် ယေစဉ်ကတည်းက ပုည
အလိုလိုက်အကြိုက်ဆောင်ပေးမှုကြောင့် ဘာမဆို သူ့စိတ်၊ သူ့ဆန္ဒအ
ဖြစ်နေခဲ့ပါချေ၏။ နောက်ဆုံးတော့ သျှိုလာဝီ၏ အတင်းအဓမ္မ
ဆွဲငင်ခေါ်ယူမှုနောက်တွင် ပုညမှာ ကန့်လန့်ကန့်လန့်နှင့် လိုက်ပါခဲ့
ပါတော့သည်။

ဝင်လုဆဲနေလုံးနီနီကြီးသည် နီထွေးသောမျက်နှာဝိုင်းကြီးဖြ
တောင်သမန်အင်းရေပြင်ထက်တွင် မေးတင်လျက် တောင်သမန်အင်
ရေပြင်ကျယ်ကြီးတစ်ခုလုံး ပုဇွန်ဆီရောင် ယှက်ဖြာသန်းနေပါ၏
ဆည်းဆာနေခြည်ကြောင့် အင်းရေပြင်သည် အနီရောင်အနားသတ်
ပြာရောင်မှိုင်းမှိုင်းနှင့် ညို့ရိပ်သန်းစပြုနေပါ၏၊ တောင်သမန်အင်းစ
တွင် ခြေတံရှည် ဗျိုင်းဖြူကြီးများနှင့် တိန်ညင်းငှက်တို့က ရေပြင်ထက်
သို့ ခုန်ပျံမြူးတက်လာကြမည့် ငါးကြင်းပေါက်လေးများကို သုတ်ချီရ
စောင့်ဆိုင်းနေကြသည်သို့။

တောင်သမန်အင်းရေကိုဆန်၍ တိုက်ခတ်လာသည့် မြောက်
ပြန်လေကြောင့် လှိုင်းကြက်ခွပ်လေးများ တဖျတ်ဖျတ် ရိုက်ခတ်နေ
ကြသည်မှာ တောင်သမန်ဆည်းဆာ၏ သဘာဝဂီတတေးပဒ္ဒင်တစ်ပု
နှယ်။





ထို့ပြင် ငါးရှာနေကြသည့် တံငါလှေကလေးများကလည်း
အင်းရေပြင်ထက်တွင် ဟိုတစ်စင်း သည်တစ်စင်းနှင့် ထိုအထဲတွင်
ပုညနှင့်သျှိုလာဝီတို့၏ လှေငယ်ကလေးကလည်း မှိုင်းရီပြာစ အင်း
ရေပြင်ထက်ဝယ် တရွေ့ရွေ့နှင့် ကြာတောဘက်သို့ ဦးတည်လျက်။

ခပ်လှမ်းလှမ်းဆီမှ မည်းမည်းရိပ်ရိပ်နှင့် မြင်တွေ့နေရသော
ဦးပိန်တံတားကြီးက အင်းရေပြင်ကို ရှည်လျားစွာ ဖြတ်သန်းလျက်
ကျောက်တော်ကြီးဘုရား ခြေတော်ရင်းသို့ ဦးခိုက်နေသည်သို့... ။

"ဟေး ဟေး ဟေး"

သျှိုလာဝီမှာ လှေပေါ်တွင် အငြိမ်မနေ လက်နှစ်ဖက်ကို
မြှောက်ကာ ငါးရှာနေဟန်တူသည့် ဗျိုင်းဖြူကြီးများနှင့် တိန်ညင်းငှက်
တို့ကို ခြောက်လှန့်မောင်းနှင်၍ ဟစ်အော်နေပါ၏။

"ဟဲ့... ငြိမ်ငြိမ်နေပါ သျှိုလာရဲ့၊ တော်ကြာ လှေမှောက်သွား
မှ နှစ်ယောက်လုံး ရေကူးနေရဦးမယ်၊ ဟော... ဟိုမှာ ကြာညိုတော
ကို ရောက်ပြီ၊ နင်ခူးချင်တဲ့ကြာပန်းတွေ ခူးပေတော့"

"ငါသိပါတယ် ပုညရယ်၊ နင်ဟာလေ နေရာတကာ ဆရာ
ကြီးပုံစံနဲ့ ဟိန်းဟောက်မနေနဲ့၊ ငါ့အလုပ် ငါသိပါတယ်ဟ"

"ရော်... နင်ကများပြောရတယ်ရှိသေးတယ်၊ ငါးဖယ်က
ပြောင်းပြန်ဖြစ်နေပြီ၊ နင်တစ်ယောက်ပဲ ငါ့ကို ဟိန်းလိုက် ဟောက်
လိုက်, အော်လိုက် ဟစ်လိုက် လုပ်နေတာလေ"

"ခြော်... လျှာရှည်လိုက်တာ ပုညရယ်၊ ကဲ ကဲ ကဲဟာ"

'ဖြန်း ပရုမ်း ဖြန်း'



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟော့ ဟော့... ရေတွေနဲ့ မပက်နဲ့လေဟာ... ဟော့"

သျှိုလာ့စီက ရေပုံးတွင်ထိုင်၍ ရေချိုးခတ်နေသည့် ပုညအား ရေနှင့်လှမ်း၍ပက်လိုက်၊ ကြာရိုးများနှင့် ပစ်ပေါက်ကျီစယ်လိုက်နှင့် အပြစ်ကင်းစင်သည့် ကလေးငယ်တစ်ယောက်နှယ် လွတ်လပ်ပျော်ရွှင်စွာ ဆော့ကစားနေကြပါတော့သည်။

တောင်သမန်အင်းရေလယ်တွင် လှေငယ်တစ်စင်းနှင့် ပျော်ရွှင်ကြည်နူးနေကြသည့် ရုပ်ပုံလွှာနှစ်ခုကို မကြည့်ရဲ၊ မမြင်ရဲတော့သည့်အလား မယ်ဇယ်ပင်ကြီးတစ်ပင်အောက်မှ နန္ဒက မျက်နှာလွှဲလိုက်ပါချေ၏။

ပါးချပ်တခဲခဲနှင့် သူ၏မြင်းညိုကြီးကလည်း နှာခေါင်းနှစ်ပေါက် ပွချည် ပိန်ချည်နှင့် လည်ဆံမွေးများကို တဖွားဖွားလှုန်ရင်း သခင့်နည်းတူပင် အလိုမကျဟန်နှင့် ခေါင်းခါလည်ခါပြုလုပ်နေသည်။ ထို့ကြောင့် နန္ဒက သူ့အနီးရှိ မြင်းညိုကြီး၏ လည်ဆံမွေးများကို အသာအယာ ပွတ်သတ်ပေးလိုက်ရင်း...

"ဟင်း... သူတို့နှစ်ယောက်က ဘယ်လိုလဲ၊ ပုညက သျှိုလာစီ အကြီးအမှူး ဦးသံပျင်ရဲ့ မွေးစားသား၊ သျှိုလာစီက သမီးအရင်းပဲ၊ ဘာပဲဖြစ်ဖြစ် သူတို့နှစ်ယောက်ဟာ သွေးမတော်သားမစပ်တဲ့သူတွေပဲဟာ၊ ဘာကြောင့် ဒီလောက်တောင် ရင်းရင်းနှီးနှီး ဖြစ်နေကြတာလဲ၊ ကေန္တ မဟုတ်မှလွဲရော... သူတို့နှစ်ယောက် ချစ်သူတွေများလားဟူး... အတွေ့နောက်ကျသွားပြီ ထင်ပါရဲ့ သျှိုလာစီစောင်းမင်းသမီးလေးရယ်၊ ဒီဘဝမှာ သျှိုလာစီလေးရဲ့အချစ်ကို ငါပိုင်ဆိုင်ခွင့်ရနိုင်ပါဦးမလား"





သက်ပြင်းမောကြီးတစ်ခုကို မသက်မသာဖြင့် ချလိုက်ရင်း နန္ဒ မယ်ဇယ်ပင်အရိပ်မှ ထလိုက်သည်။ ရေလယ်မှ လှေငယ်ပေါ်ရှိ ချစ်ကြည်ရွှင်မြူးနေကြသည့် ပုံရိပ်လွှာနှစ်ခုက နန္ဒ၏နှလုံးသားကို ဓားထက်ထက်နှင့် ခွဲချနေသည်သို့။

ဟုတ်သည်။ သူ၏ အထောက်တော်မှတစ်ဆင့် စုံစမ်းသိရှိရသမျှဆိုလျှင် ပုညသည် နန်းသုံးပန်းချီကျော်တစ်ဦးဖြစ်သည်။ သို့သော် စစ်ကိုင်းမင်း၏ ထီးရိပ်နန်းရိပ်အောက်တွင် မခိုလှုံချင်ဟုဆိုကာ သျှိုလာစီကျွန်းမှာပင် နေထိုင်ခဲ့သူဖြစ်သည်။ သို့သော် ဘိုးတော်ဘုရား (ပဒုံမင်း) လက်ထက်ကတည်းက နန်းတွင်းပန်းချီကျော်အဖြစ် သူကောင်းပြုကာ ချီးမြှင့်မြှောက်စားခဲ့သဖြင့်လည်းကောင်း၊ မည်သည့် ပြစ်ချက် တစ်စုံတစ်ရာမှလည်း မရှိသည့်အပြင် ကသည်းအကြီးအမှူး များ၏ ထောက်ခံချက်များကြောင့်လည်းကောင်း ၎င်း၏သဘောဆန္ဒ အတိုင်းသာ အရပ်သား ပန်းချီကျော်အဖြစ်နှင့်သာ ရှိသားအေးချမ်းစွာ နေခွင့်ပြုခဲ့သည် ဖြစ်ပါ၏။

သို့သော် နန္ဒကမူ ပုည၏သွင်ပြင်ဟန်ကိုကြည့်ကာ သျှိုလာစီအတွက် စိုးရိမ်စိတ်ဝင်နေမိသည်။

"ဟင်း... ဒီအတိုင်းဆိုရင်တော့ မဖြစ်ချေဘူး၊ ငါ တစ်ခုခုတော့ ကြံစည်မှဖြစ်တော့မယ်၊ ဟုတ်တယ်... သျှိုလာစီကို ခဏတာ အချိန်လေး မှာ တွေ့မြင်မိခဲ့တဲ့ ငါတောင် ဒီလောက် အရူးအမူး စွဲလမ်းနေတယ်ဆိုရင် နေ့စဉ်နေ့တိုင်း အခါမလပ် တွေ့ဆုံခွင့်ရနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပုညသာဆိုရင် ဘယ်လိုနေမလဲ''

နန္ဒမှာ သျှီလာဝီဆိုသည့် မိန်းမချောလေးအား ခဏတာ အချိန်လေးမျှ မြင်တွေ့လိုက်ရသည့်အချိန်မှစ၍ စွဲလမ်းတပ်မက်က နေ့စဉ်နှင့်အမျှ ဆိုသလို သျှီလာဝီ၏ မျက်နှာလေးကသာ စိုးမိုးနေ လေ၏။ ကာယကံရှင် သျှီလာဝီပင် ရိပ်စားမိခြင်း မရှိ၊ သူမ၏နောက် တွင် တစ်ရုံမလပ် ရှိနေသူက နန္ဒပင် ဖြစ်ပါချေ၏။

''စားလည်းသည့်စိတ်၊
အိပ်လည်းမပျော်
နေသော်မရွှင်
မောင့်ဖြစ်အင်ကို

ချစ်ကြင်နှမ မြင်လှည့်သော်'' ဟု ဆိုရမလောက် န အတွက်မူ သျှီလာဝီ၏အချစ်ကို ပိုင်ဆိုင်ခွင့်ရရှိစေရေးက ဘဝ အဓိကအကျဆုံးအရာဟူ၍ပင် မှတ်ယူထားမိသည်။ ဟုတ်သည် စားလျှင်လည်း သည့်စိတ်၊ အိပ်လျှင်လည်း သည့်စိတ်၊ အသက်တ ချက် ရှူထုတ်လိုက်တိုင်း သျှီလာဝီကိုသာ တမ်းတနေပါသည် ဆိုလျှင်... ။

ယခုတော့ နန္ဒအဖို့ နေမြင့်လေ အရူးရင့်လေ ဖြစ်ချေ ထင့်... ။ မကြည့်ချင် မြင်လျက်သား ရုပ်ပုံလွှာနှစ်ခုက တောင်သ အင်း ရေပြင်ထက်တွင် ပြုံးပျော်ကြည်နူးနေပုံက မိုးမမြင် လေမြင်

''ဟူး... ဘာပဲဖြစ်ဖြစ် အချစ်နဲ့စစ်မှာ မတရားဘူးဆိုတ မရှိပါဘူး၊ ကိုယ် အသည်းနှင့်အောင် စွဲလမ်းတမ်းမူးရတဲ့ ကိုယ့်ချစ်





ကို ရယူပိုင်ဆိုင်လို့မှုအတွက် လုပ်သင့်လုပ်ထိုက်တာကိုတော့ လုပ်ရ တော့မှာပဲ၊ ငါ့ကို ခွင့်လွှတ်ပါ သျှီလာဝီလေးရယ်၊ ငါ ပြုမူမိခဲ့သမျှ တွေဟာ မင်းကို သိပ်ချစ်မြတ်နိုးလွန်းလို့ပဲဆိုတာ စွဲစွဲမြဲမြဲကြီးသာ ယုံကြည်ထားလိုက်ပါတော့ သျှီလာဝီရယ်''

ထို့နောက်မှာတော့ မယ်ဖယ်ပင်ရိပ်ခြေရင်းမှ မြင်းညိုကြီးပေါ် သို့ လွှားခနဲခုန်တက်ကာ နန္ဒတစ်ယောက် စစ်ကိုင်းမင်းစိုးစံရာ ရွှေနန်းတော်ကြီးရှိရာဘက်သို့ မြင်းကို ဒုန်းစိုင်းထွက်ခွာသွားပါတော့ သည်။

တောင်သမန်အင်းရေပြင်ထက်တွင် လှေငယ်တစ်စီးနှင့် ကြည်နူးပျော်ရွှင်နေကြသည့် ပုညနှင့် သျှီလာဝီတို့ ငယ်ကျွမ်းဆွေ နှစ်ယောက်မှာမူ မကြာမီ သူတို့နှစ်ဦးအပေါ်သို့ ကျရောက်လာတော့ မည့် ကံကြမ္မာအရိပ်မည်းကြီးကို မသိနိုင်ရှာပြီထင့်... ။

အင်းရေပြင်ကျယ်ကြီးထဲရှိ ကြာညိုတောအလယ်တွင် နှစ် ယောက်သား ပျော်မောစွာ ဆော့ကစား ကျီစယ်ကြရင်း တောင် သမန် ဆည်းဆာနေဝင်ချိန်အောက်တွင် အချိန်ကုန်ဆုံးသွားကြပါတော့ သည်။

ttt



www.burmeseclassic.com

www.burmeseclassic.com



## နှလုံးသားမီးတောင်ပေါက်ကွဲခြင်း

ရုတ်တရက် ကြားလိုက်ရသောသတင်းစကားက ပုညဲ နားစည်နှစ်ဖက်ကို မိုးကြိုးပစ်လိုက်သကဲ့သို့ ပြင်းထန်ဆူပြိုက်သော လောင်မီးသည် ပုည၏ နှလုံးသည်းပွတ်ကို အလျှံငြီးငြီး ဝါးမျိုဖျက်ဆီး ပစ်လိုက်လေပြီလား။

"ဟို ဟို... သျှီလာဝီကို အိမ်ရှေ့စံမင်းသားလေးက ကြ ယာတော် ကောက်လိုက်ပြီတဲ့"

ပုည ပန်းချီရေးဆွဲနေရာမှ လက်အတွင်းမှ ဆေးစပ်ခွက် နှင့် စုတ်တံတို့ပင် လွတ်ကျသွားကြသည်။

"အို... ဘုရား ဘုရား... မဟုတ်ဘူး မဟုတ်ဘူး၊ ဒါ မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး၊ ငါ ငါ မယုံပါရစေနဲ့လား သျှီလာရယ်"

နားနှစ်ဖက်ကို အလန့်တကြား ပိတ်ပစ်လိုက်ရင်း သတင် မီးစကို သယ်ဆောင်လာသည့် မိသမန်ကိုကြည့်ကာ ရူးရူးဝါးဝါး အေ





ာစ်လိုက်သည်။ ပုည၏ရင်တစ်ခုလုံး ဆူပွက်လောင်မြိုက်လျက်။

"ဟုတ် ဟုတ်ပါတယ် အစ်ကိုတော်... ဒါ ဒါဟာ သတင်း ကားအမှန်တွေပါ၊ သျှီလာဝီလည်း ဘယ်လိုမှ ငြင်းဆန်ခွင့်မရတဲ့ ိမ်ရှေ့စံရဲ့ တစ်ချက်လွှတ် မင်္ဂလာရာဇသံအောက်မှာ ငိုပွဲဆင်ရင်း ှလုံးကြေကွဲနေရရှာပါပြီ အစ်ကိုတော်"

"ဘာ... မင်္ဂလာရာဇသံ... ဟုတ်လား၊ တောက်... ဒါ ါ မင်္ဂလာရာဇသံမဟုတ်ဘူးဟဲ့၊ ချစ်ခြင်းမေတ္တာတရားနဲ့ လောကသစ္စာ ို နင်းချေဖျက်ဆီးလိုက်တဲ့ အ,မင်္ဂလာရာဇသံပဲ"

ပုည၏ ကွဲအက်ကြေမွသော စကားစုများက နှလုံးသည်းပွတ် ၏ အနက်ရှိုင်းဆုံးသောနေရာမှ ဖိတ်စဉ်ယိုစီးကျလာသည့်သို့... ။ ည်သို့မှ ထင်မှတ်မထားသော၊ ဘဝတွင် မည်သို့မျှ မျှော်လင့်မထား သာအရာများက ပုည၏သံယောဇဉ်နှလုံးသားကို စူးရှရွန်သော လှံ ဝင်းပေါင်းများစွာနှင့် ရက်ရက်စက်စက် ပစ်ခွင်းလိုက်လေပြီလား။

မြွေကြီးထဲသို့ နစ်ဝင်သွားလုမတတ် ယိုင်နဲ့ပြိုလဲလုလု သူ၏ ကိုယ်ကြီးကို အနိုင်နိုင်ထိန်းလိုက်ရင်း ပြတင်းတံခါးဘောင်ကို ဆုပ်ကိုင်ထားလိုက်သည်။

သူ ရပ်တည်နေရာ ကမ္ဘာမြေကြီးသည်ပင် အစိတ်စိတ် အ ိုင်မှာ အက်ကွဲကာ အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါအောင် လည် ်သွားလေပြီလား။

"နောက်ပြီး ဟို ဟို အစ်ကိုတော့်ကို အမှာပါးလိုက်သေး ယ်၊ ရွှေနန်းတော်ကြီးက အိမ်ရှေ့စံမင်းသားလေးဟာ တခြားသူ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးတဲ့၊ ဟိုး တစ်ခါ အစ်ကိုတော်ရဲ့အိမ်ရှေ့ကို ရောက်လာခဲ့ဖူးတဲ့ နန္ဒဆိုတဲ့သူပဲတဲ့''

''ဘာ ဘာပြောတယ်... နန္ဒ နန္ဒ ဟုတ်လား''

ပုညဏ် ငုံ့နေသောခေါင်းက ဆတ်ခနဲ ထောင်မတ်လာသည်။ ကျားဟိန်းသံကြီးတစ်ခုနှယ် ပုညဏ်ရင်ဘတ်ကြီးထဲမှ ဖောက်ခွဲ၍ ထွက်ကျလာသော ဒေါသအစိုင်အခဲကြီးကို မိသမန် မြင်တွေ့လိုက်ရသဖြင့် မျက်ရည်များပင် ဝေ့ဝဲစို့တက်လာမိသည်။

ပုညနှင့် သျှီလာဝီတို့၏ ခိုင်ကျည်သော ဖြူစင်သော သံယောဇဉ် သစ္စာနှောင်ကြိုးများကို အနီးကပ်ရှိနေသည့် မိသမန်အသိဆုံး အမြင်နိုင်ဆုံးပင် မဟုတ်ပါလား။ ထို့အတူ စစ်ကိုင်းမင်း၏သားတော် အိမ်ရှေ့စံမင်းသား၏ ကြင်ယာတော်ကောက်ပွဲဟူသည့် မင်္ဂလာရာဇသံ ရောက်ရှိလာသည်နှင့် သမီးဖြစ်သူ သျှီလာဝီလေးအား လုံးဝ အပြီး ထွက်ခွင့်ပိတ်ပင်ထားမြစ်လိုက်သည့် ဒေါ်နုသာရီ၏ မိခင်စိတ်ကိုလည်း မိဘမို့ စာနာနားလည်နိုင်ပါ၏။ သို့သော်...

တစ်ခါတစ်ရံ သားသမီးဖြစ်သူများကို ဆင်စီးမြင်းရံကာ ရွှေဘုံထက်တွင် စံမြန်းစေလိုသည့် မိဘ၏ အနိုင်းမဲ့စေတနာ၊ မေတ္တာများက သားသမီးများ၏ရင်ကိုခွဲကာ အသည်းနှလုံးကို မီးလောင်တိုက် သွင်းလိုက်သကဲ့သို့ ခံစားသွားကြရသည်ကို သိရှိနားလည်ခွင့်ရမည် ဆိုပါလျှင်... ။

ယခုလည်း အချစ်ကြီးသူပုညနှင့် သျှီလာဝီတို့၏ရင်မှ အမြဲ တွယ်ရှင်သန်နေကြပြီဖြစ်သည့် လောက၏ ဖြူစင်သော သစ္စာတရား





နှင့် အေးမြသော မေတ္တာရိပ်သံယောဇဉ်နှလုံးသားလေးများကိုသာ မိခင်ဖြစ်သူ ဒေါ်နုသာရီတစ်ယောက် နားလည်သိရှိနိုင်မည်ဆိုပါလျှင်။

သို့သော် စစ်ကိုင်းမင်း၏ အိမ်ရှေ့စံသားတော်၏ ကြင်ယာတော်၊ နိုင်ငံ၏နှလုံးသည်းပွတ် သို့မဟုတ် အနာဂတ်သီဟာသနေ ရွှေပလ္လင်ထက်မှ ရှင်ဘုရင်အဲလောင်းအလျာ ရွှေနန်းတော်ကြီး၏ အရှင်သခင်ဟူသော ကြီးမြင့်လှသောဂုဏ်ဒြပ်များကို ပိုင်ဆိုင်သိမ်းပိုက်ခွင့်ရမည့်အခွင့်အရေးသည် မည်သည့်အရာအားလုံးနှင့် လဲနိုင်ပါမည်နည်း။

ဤသို့ဖြင့် တောင်သမန်အင်းရေပြင်တွင် ရှင်သန်မွေးဖွားလာခဲ့ရသော ပုညနှင့်သျှီလာဝီတို့၏ သန့်ရှင်းဖြူစင်သော ချစ်ခြင်းမေတ္တာတို့သည်လည်းကောင်း၊ ကမ္ဘာတည်သရွေ့ မကြိုးမပြတ်သော သံယောဇဉ်သစ္စာကြိုးတို့သည်လည်းကောင်း အားလုံး အားလုံးသော သစ္စာတရားတို့သည် အိမ်ရှေ့စံ၏ တစ်ချက်လွှတ် မင်္ဂလာရာဇသံ အောက်တွင်... ။

k

အချိန်တို့သည် လောက၏ဖြူစင်သော သစ္စာတရားတို့ကိုလည်းကောင်း၊ ညစ်ထေးသော လောဘ၊ ဒေါသ၊ မောဟတရားတို့ကိုလည်းကောင်း တိုက်စားခြေဖျက်လျက် အသစ် အသစ်တို့သော သဘာဝတရားတို့ကိုသာ မွေးဖွားပေးလျက် ခရီးဆက်နေသည်သို့။



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းဆိုရပါလျှင် အချိန်ဟူသော စက္ကန့်၊ မိနစ်၊ နာရီ နေ့ရက်၊ နှစ်၊ လဟူသဖြင့်တို့သည် (အနိစ္စ) မမြဲသော သခါရသဘော အတိုင်း တဖြုတ်ဖြုတ်နှင့် ရွေ့လျားကုန်ဆုံးလျက် ရှိကြသည်။

ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုသကဲ့သို့ တောင်သမန်အင် ရေပြင်တစ်ခုလုံး ရေဖွေးဖွေးလှုပ်လျက်၊ မိုးတဖွဲဖွဲကျနေသည့် အင် ရေပြင်သည် ပြာရီမှိုင်းနေသည်သို့၊ မှိုင်းညို့ညို့ မိုးရိပ်မိုးသားများ ကြောင့် တောင်သမန်အင်းတစ်ဝိုက်တွင် နေရောင်ခြည် မလင်းဖြာနိုင်ခဲ့

သည့်နေ့က ဝါခေါင်လပြည့်ကျော် (၁၀) ရက်။ စစ်ကိုင် အမရပူရနှင့် သျှိုကာဝီကျွန်းတစ်ဝိုက် ပေါင်းမိုးတပ်နွားလှည်းများ လှေသမ္ဗာန်များနှင့် လူသူပရိသတ်များက စည်ကားရှုပ်ထွေးလျှ ရှိကြသည်။ အကြောင်းမှာ အမရပူရမြို့တော်ကြီးတွင် နှစ်စဉ် ဝါခေါ် လပြည့်ကျော် (၈) ရက်နေ့မှစတင်၍ ကျင်းပသော ရတနာ့ဂူနတ် ကြီးသို့ ရွှေနန်းတော်ကြီးမှ အိမ်ရှေ့စံမင်းသားလေး နန္ဒယော်ဓာနှ သျှိုလာဝီမင်းသမီးလေးတို့ ကြွချီလာကြမည်ဟူသော သတင်းစကာ ကြောင့် ကြိုဆိုညွှန့်ခံမှုများ၊ လုံခြုံရေးရဲမက်စစ်သည်များနှင့် စည်ကာ ရှုပ်ထွေးနေခြင်းပင်ဖြစ်ပါ၏။

တစ်နည်းဆိုရပါလျှင် သျှိုလာဝီကျွန်းသူလေး သျှိုလာဝီအ အိမ်ရှေ့စံမင်းသား နန္ဒယော်ဓာ ကြင်ယာတော်မိဖုရားအဖြစ် ကော ယူသွားခဲ့ပြီးချိန်မှ ဒုတိယအကြိမ်မြောက် ကြွချီလာခဲ့သော ခရီး လည်း ဖြစ်နေသည်မို့ အမရပူရနယ်မြေအတွင်းရှိ ကသည်းပုဏ္ဏ အကြီးအမှူးများ၊ ရဲမက်များနှင့် ပြည်သူပြည်သားများက ကြိုဆ





ညွှန့်ခံကြရန် စီစဉ်ဆောင်ရွက်နေကြခြင်းလည်းဖြစ်သည်။

ရတနာ့ဂူပွဲတော်သည် မူလကတည်းက မြန်မာတို့ ဆင်နွှဲခဲ့ ကြသည့် (တောင်ပြုန်းပွဲတော်) နှင့် တစ်ဆက်တည်း ကျင်းပသည့် ပွဲတော်ဖြစ်နေပေရာ ကသည်းတို့၏ 'ကသည်းဘွားတော်ကြီး' နတ်နဂါး ပူဇော်ပသသည့်ပွဲတော်အဖြစ်မှ ပုပ္ပားမယ်တော်ကြီး တောင်ပြုန်းပွဲ တော်မှအပြန် စခန်းချသည့်ပွဲတော်အဖြစ် တဖြည်းဖြည်း ကူးပြောင်း လာခဲ့ခြင်းဖြစ်သည်။

သို့နှင့် ရတနာ့ဂူဘုရားပွဲဟူသည်မှာ လုံးဝပျောက်ကွယ် တိမ်မြုပ်သလောက်ဖြစ်သွားပြီး မူလက 'ကသည်းဘွားတော်ကြီး ပူဇော်ပွဲ' သည်လည်း တဖြည်းဖြည်း မှေးမှိန်သွားခဲ့ရသည်။ သို့သော် ရတနာ့ဂူနတ်ပွဲတွင် ပုပ္ပားမယ်တော်ကြီးကို ပ,သရာ၌ ကသည်းပုဏ္ဏား တို့၏ အစဉ်အလာထုံးစံများ၊ အငွေ့အသက်များနှင့်ပါ ရောစပ်နေသေး သည်ကို သတိထားလေ့လာကြည့်ပါက သိရှိနိုင်ပါသည်။

ယခုလည်း ဤရတနာ့ဂူနတ်ပွဲတော်ကြီးသို့ ရွှေနန်းတော်ကြီး မှ အိမ်ရှေ့စံမင်းသားနှင့် သျှိုလာဝီမင်းသမီးလေးတို့ကိုယ်တိုင် ကြွချီ ပူဇော်ရန် ရောက်ရှိလာကြမည်မို့ စည်ကားသိုက်မြိုက်စွာ ကြိုဆိုနေကြ ခြင်းပင် ဖြစ်ပါလေ၏။

နံနက်မိုးလင်းကတည်းက အုံ့ဆိုင်းနေသည့် မိုးရိပ်မိုးသားများ မှာ ညနေစောင်းသို့ ရောက်လာသည့်အခါမှာတော့ နေခြည်အလင်းက ဖိုးဖောက်ဖြန့်ကြက်လာသည်မို့ သာသာယာယာ ရှိလာခဲ့သည်။

သျှိုလာဝီကျွန်း၏ တောင်သမန်အင်းအစပ်မှာတော့ သက်ဦ



www.burmeseclassic.com

www.burmeseclassic.com



လူသားတစ်ဦးက ဆွဲလက်စပန်းချီကားချပ်တစ်ခုရှေ့တွင် အသက် ဝိညာဉ် ကင်းမဲ့နေသည့် ကျောက်ဆစ်ရုပ်တုတစ်ခုနှယ် ငြိမ်သက်စွာ ရပ်လျက်ရှိနေပါ၏။

နုငယ်ပျိုမျစ်သော မျက်နှာပြင်ထက်ဝယ် မရိတ်မသင်ဘဲ ထားရှိခဲ့သဖြင့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်ကျင်စွယ်များက ထိုးထိုး ထောင်ထောင်နှင့် ဝတ်ဆင်ထားသည့် ဖျင်အင်္ကျီအမည်းလက်တိုနှင့် အညိုရောင်ခါးစည်းပုဆိုးတို့တွင် ပန်းချီဆေးရောင်အချို့ပင် စွန်းထင် ပေကျံလျက်။

အနေအထိုင်ကြမ်းကြမ်းနှင့် ဖြစ်သလိုနေထိုင်ခဲ့သည်မှာ အချိန်မည်မျှကြာမြင့်ခဲ့လေသည်မသိ။ ယခင်က ဖြူဝင်းနေသည် အသားအရေပင် နေလောင်ထားသည်သို့ ညို့မောင်းနေပါ၏။ ယ အချိန်မှာတော့ စူးရဲလင်းလက်သော အနုပညာမျက်ဝန်းတစ်စုံသာ ပိုင်ဆိုင်တော့သည့် ပုညဆိုသည့် ပန်းချီကျော်တစ်ဦးကတော့ ကျင်လည်ရာ အနုပညာမှော်ရုံတောအလယ်တွင် တစ်ကောင်တည်း သော ခြင်္သေ့နှယ်။

အာရုံဟူသမျှကို သူ့ရှေ့ရှိ ပန်းချီကားချပ်သို့ ပို့လွှတ်ထား သည်ထင့်... ။ စူးရဲလင်းလက်သော မျက်လုံးအစုံက ပန်းချီကားထဲ စူးစူးနစ်နစ် ကြည့်နေပါ၏။ သူ၏ရှေ့ရှိ ပန်းချီကားချပ်ထဲမှာတော့ အနီရောင်နှင့် အနက်ရောင်များများပါဝင်သည့် မှိုင်းညို့ညို့ နောက် ရေးချက်တွင် ကြိုးပြတ်နေသော စောင်းတစ်လက်က တုံးလုံးပ လက် လဲပြိုလျက်။ ထိုကြိုးပြတ်နေသည့် စောင်းအနီးတွင် နီရဲသော ပွင့်ဖတ်များ ပြန့်ကြဲနေသည့် နှင်းဆီနီတစ်ပွင့်။





ပုညက စုတ်တံကို ဆေးစပ်ခွက်နှင့်တို့ထိစေကာ ပန်းချီကား ထဲရှိ အနီရောင် ပွင့်ဖတ်ကြွေတချို့ကို ရေးဆွဲဖန်ဆင်းနေစဉ် သူ၏ အကြားအာရုံသို့ ငိုရှိုက်သံသဲ့သဲ့က ထိုးဖောက်ဝင်ရောက်လာခဲ့သည်။ လတိုက်သံလေလား၊ ငိုရှိုက်သံလေလား ဝေခွဲမရဖြစ်နေစဉ်မှာပင် အင့်အင့်နှင့် ကျိတ်၍ ငိုရှိုက်နေသည့် ငိုသံတစ်ခုကို သူ၏နောက် ဘက်ဆီမှ ကြားလိုက်ရသဖြင့်...

"ဟော့... ဘယ်သူလဲကွ၊ ဘယ့်နှယ် ငိုစရာနေရာရှားလို့ အနားမှာမှ လာပြီးငိုနေရတယ်လို့ကွာ"

သူ၏အာရုံစျာန် ပျက်သွားသဖြင့် ဖျတ်ခနဲ နောက်ဘက်သို့ လှည့်ကာ ဒေါသတကြီး အော်ဟစ်လိုက်သည်။ သို့သော် သူ၏နောက် ဘက်မှ မြင်ကွင်းကို တွေ့မြင်လိုက်ရတော့ ပုညခမျာ ကြက်သေ သေသွားသည်သို့။ မြင်ကွင်းကို တွေ့မြင်လိုက်ရတော့ ပုညခမျာ ကြက်သေ သေသွားသည်သို့... ။

ဟုတ်သည်။ သူ၏နောက်မှ ငိုရှိုက်နေသူမှာ သူ မည်သို့မျှ မျှော်လင့်မထားခဲ့တော့သည့် သူ၏နှလုံးသားပုံရိပ် သို့မဟုတ် မျက်ရည် များ ပြည့်လျှံနေသည့် မျက်ဝန်းတစ်စုံနှင့် တစ်ခါက ငယ်ပေါင်းကျွမ်း ဖွေ သျှိုလာဝီ။

သခါရစောင်းကြိုးရှိုက်သံ ပန်းချီကားနှင့် ဖြစ်ချင်သလို ပုံပျက်နေသည့် ငယ်ကျွမ်းဖော် ပုညကို စူးစူးနစ်နစ်ကြည့်ကာ ငိုငိုနေသည့် ပျောက်ဆုံးသွားသော အချစ်နတ်သမီးလေး။ လူ



www.burmeseclassic.com

www.burmeseclassic.com



သော ရွှေရောင်တောင်ပံတစ်စုံ တပ်ဆင်ကာ သူ၏ နှလုံးအိမ်ထဲမှ ပျံသန်းထွက်ခွာသွားသည့် တခြားကမ္ဘာမှ ချစ်သူ။

ငယ်ရွယ်စဉ်ကလေးဘဝကတည်းကပင် သူ၏ တစ်ခုတည်းသော နှလုံးအိမ်တွင် ထာဝရနေရာယူပိုင်စိုးထားခဲ့သူ။ ချစ်တတ်သော နှလုံးသားမှ ဖြူစင်သောထာဝရသစ္စာတရားနှင့် ရူးရူးနှစ်နှစ် ချစ်ခဲ့ရသူ

"သျှီ လာ ဝီ"

ပုည၏ နှလုံးသည်းပွတ်မှ ထွက်ကျလာသည့် စကားလုံးသုံးလုံးက လေထန်လှိုင်းကြီးနေသည့် တောင်သမန်အင်းရေပြင်လှိုင်းများကိုပင် ရပ်တန့်သွားစေသည်သို့။

"ပု ပုည... နင် နင် ဒီလောက်အထိတောင် ခံစားနေလိမ့်မယ်လို့ ငါ ငါ မထင်ခဲ့မိဘူး၊ ငါ့ ငါ့ကို ခွင့် ခွင့်လွှတ်ပါ ပုညရယ် ... အဟင့် ဟင့် ဟင့်'

သျှီလာဝီ၏ ဆို့နင့်ကြေကွဲသော ငိုရှိုက်သံနှင့်အတူ နှလုံးသားမှ ယိုစီးလာသော စကားသံလေးများက တောင်သမန်လေပြည်တွင် ဝေ့ဝဲလွင့်ပျံသွားကြသည်။ တစ်ဆက်တည်းမှာပင် ပုည၏ ရင်ခွင်ဆီသို့ သျှီလာဝီ အသိတရားမဲ့စွာ ပြေးဝင်လာသကဲ့သို့ ပုညကလည်း ငယ်ကျွမ်းဆွေ သျှီလာဝီရှိရာသို့ သတိလက်လွှတ် ပြေးဝင်လာခဲ့သည်။

သို့သော် နှစ်ယောက်သား လက်တစ်ကမ်းအလိုတွင် ငြိမ်ကျ ရပ်တန့်သွားကြသည်။ ပုည ဆွေးမြည့်ရီဝေသော မျက်လုံးအစုံဖြင့် သျှီလာဝီအား ကြေကွဲစွာ ငေးမောကြည့်နေမိသည်။ အတန်ကြာသည် အထိ နှစ်ယောက်သား ရူးရူးနှစ်နှစ်ကြည့်နေကြရာမှ ပုညတစ်ယောက်





သတိတရားဝင်လာခဲ့သည်ထင့်။ သူ၏နှုတ်ဖျားမှ စကားလုံးများက တုန်ယင်လှုပ်ခတ်စွာ ထွက်ကျလာပါ၏။

"ဪ သျှီလာရယ်... နင် နင်လေ ငါ့ဆီကို ပြန်မလာသင့်တော့ဘူးထင်တယ်၊ ဘယ်သူတွေက ငါတို့နှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ ဖြူစင်သန့်ရှင်းတဲ့ သစ္စာတရားတွေကို ဖျက်ဆီးခဲ့ ဖျက်ဆီးခဲ့ ငါတို့ကိုယ်တိုင်ကတော့ ငါတို့ရဲ့သစ္စာတရားကို မစော်ကား မဖျက်ဆီးသင့်ကြဘူးလေ"

ပုည၏ နှလုံးသားအက်ကွဲကြေမွသံများကို ပြက်ပြက်ထင်ထင် ကြားလိုက်ရသည့် သျှီလာဝီလေးမှာ မျက်ရည်ဖုံးသော မျက်လုံးများဖြင့် ကြေကွဲဆို့နင့်စွာ ကြည့်နေပြီးမှ သိမ့်ခနဲ ငိုရှိုက်သံနှင့်အတူ ယိမ်းယိုင်သွားသော ခန္ဓာကိုယ်လေးက ပုည၏ရင်ခွင်ထဲသို့ ငိုက်ခနဲ ပြိုလဲယိုင်ဆင်းသွားသည်နှင့်...

"အဟင့် အင့်"

"ဟာ... သျှီလာ သျှီလာ သျှီလာ"

အောင့်အည်းမျိုသိပ်ကာ ထားခဲ့ရသော မသိစိတ်တစ်နေရာမှ ချစ်ခြင်းသံယောဇဉ်များ၊ ချစ်ရသူပုည၏ ယိုယွင်းပျက်စီးနေသည့် သွင်ပြင်လက္ခဏာများ၊ သစ္စာတရားကို ချိုးဖျက်ခဲ့သူတစ်ယောက်နှယ် ကြေကွဲစွာ ခံစားမိလိုက်ရသည်နှင့် ခရီးပန်းမှုဒဏ်များကပါ ဝိုင်းဝန်း ဖိစီးနှိပ်စက်ကြချိန်မှာတော့ သျှီလာဝီမင်းသမီးခမျာ မည်သို့မျှ မခံစားနိုင်တော့ဘဲ သတိလစ်မေ့မြောသွားပါချေတော့သည်။

ккк



www.burmeseclassic.com

www.burmeseclassic.com

## သစ္စာတရားနှင့် ယှဉ်ပြိုင်တိုက်ခိုက်ကြသူများ

"ကျွန်ုပ်ရဲ့အဖြေဟာ ကျွန်ုပ်ရဲ့တစ်ခွန်းတည်းသော သစ္စ
စကားပါ မင်းသား။ ကျွန်ုပ်နဲ့သျှိုလာဝီဟာ ကနေ့အချိန်အထိ တစ်အ
တုံ့ဆင်း မောင်နှမအရင်းအချာတွေကို ဖြူစင်တဲ့သစ္စာတရားနဲ့ သံယော
ဇဉ်ရှိနေကြတဲ့သူတွေဆိုတာ ဟောဒီ သျှိုလာဝီရဲ့မြေကို ကိုင်တွယ်ပြီ
သစ္စာဆိုဝံ့ပါတယ် မင်းသား"

သျှိုလာဝီတစ်ကျွန်းလုံး သျှိုလာဝီမင်းသမီးလေးနှင့် ပုညတို့
မမျှော်လင့်သော အဖြစ်အပျက်ကြောင့် အုံးအုံးကျက်ကျက် ဖြစ်နေကြ
ပါတော့သည်။ တောင်သမန်အင်းစပ်တွင် ပုည ပန်းချီရေးဆွဲနိုင်
သျှိုလာဝီမင်းသမီးလေး တစ်ပါးတည်း ရောက်ရှိလာခဲ့ရာမှ မမျှော်လ
ဘဲ သတိလစ်မေ့မြောသွားခဲ့ရသည်။ ထိုအဖြစ်အပျက်ကို အခြေခံ
သျှိုလာဝီတစ်ကျွန်းလုံး ပုညနှင့်သျှိုလာဝီမင်းသမီးလေးတို့၏ ကောလ
ဟလသတင်းများက ပျံ့နှံ့သွားခဲ့ရာမှအစပြုကာ အိမ်ရှေ့စံမင်းသာ
နန္ဒယော်ဓာနှင့် ပန်းချီကျော်ပုညတို့ ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံနေ

ကြယ်စင်သစ်စာပေတိုက်



ခြင်းဖြစ်သည်။

စံနန်းဆောင်ကြီးတစ်ခုလုံး ပုည၏စကားသံမှလွဲ၍ အပ်ကျ
သံပင် ကြားရလုမတတ် တိတ်ဆိတ်ငြိမ်သက်နေပါ၏။ ပုည၏လျှောက်
ထင်ချက်ကို နားထောင်နေသည့် အိမ်ရှေ့စံမင်းသား နန္ဒယော်ဓာမှာ
ပြုံးတစ်ချက်ပြုံးလျက် ပုညကို ကျောခိုင်းလိုက်သည်။

စနန်းဆောင်၏ လေသာပြတင်းမှ မြင်တွေ့လိုက်ရသည့်
တောင်သမန်းအင်း ရေပြင်ကျယ်ကြီးက အိမ်ရှေ့စံ၏ ဒွိဟသံသယ
လုံးသားကို ပိုမို၍တိုးစေသည်ထင့်၊ ဤတောင်သမန်အင်းရေပြင်ကျယ်
ကြီးပေါ်တွင် လှေငယ်တစ်စင်းနှင့် ရင်းနှီးကျွမ်းဝင်စွာ ကျီစယ်
ဆော့ကစားနေကြသည့် ပုညနှင့်သျှိုကာဝီတို့၏ အတိတ်ပုံရိပ်လေးများ
က အိမ်ရှေ့စံ၏ ဒဏ်ရာရနှလုံးသားကို လှံချွန်မြမြနှင့် ထိုးဆွနေသည်
သို့. . . ။

"ဟင်း ဟင်း ဟင်း. . . ဖြူစင်တဲ့ သစ္စာတရားနဲ့ သံယောဇဉ်
ရှိတဲ့လား ပုညရယ်၊ ဟင်. . . သျှိုလာဝီတစ်ကျွန်းလုံး အမြင်မတော်
တိုးလေးတကျော်ကျော်ဖြစ်သွားခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုကို ဒီ
စကားလုံးလေးတွေနဲ့ ချေဖျက်ပစ်လို့ရနိုင်မယ်လို့ သင် ထင်မှတ်ထား
သလား ပုည"

အိမ်ရှေ့စံမင်းသား၏ ရှေ့မှောက်တွင် အပြစ်ရှိသည့် ရာဇ
ဝတ်သားတစ်ယောက်နှယ် ဖမ်းဆီးချုပ်နှောင်ခံထားရသည့် ပုညတစ်
ယောက် သူနှင့်သျှိုလာဝီတို့၏ သစ္စာတရားဂုဏ်သိက္ခာတစ်ခုအတွက်
ည်သို့ လျှောက်လဲချက်ပေးရပါချေမည်နည်း။

ကြယ်စင်သစ်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့် အပြစ်ရှာနေသည့် ဝံပုလွေထံတွင် လျှောက်လဲဖြေရှင်းချက်ပေးနေသည့် သိုးငယ်တစ်ကောင်နှယ် မမျှတသည့် ကံကြမ္မာစစ်ပွဲတွင် မြေနိမ့်ရာသို့ လုံးစိုက်ကြချေပြီထင့်။ သစ္စာတရားကို စောင့်ရှောက်ကြသည့် လောကပါလနတ်မင်းတို့က ဘယ်အရပ်ဒေသတစ်ပါးဆီသို့ ပျက်ကွက်ရောက်ရှိနေကြလေပြီ မသိ။

ထိုစဉ် ပုညအား ကျောခိုင်းထားသည့် အိမ်ရှေ့စံမင်းသားနန္ဒယော်ဓာထံမှ ဆို့နင့်အက်ကွဲသော အလိုမကျသော မိန့်မှာစကားသံများက လွင့်စဉ်ထွက်ကျလာခဲ့သည်။

"ဟို… နောက်ပြီး ရွှေနန်းတော်ကြီးရဲ့ အိမ်ရှေ့စံမင်းသားတစ်ပါးရဲ့ ကြင်ယာတော်မိဖုရားကို သင့်ရဲ့လက်တွေနဲ့ ကိုယ်ထိလက်ရောက်ပွေ့ပိုက်ရဲတာ အို… တော်ပြီ ပုည၊ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်ုပ်ရဲ့နှုတ်ဖျားက မထွက်ဝံ့လောက်အောင်ကို ရှက်ရွံ့နေမိတယ်၊ နားရှိလို့ ကြားနေရတဲ့ ယောဒီကျွန်ုပ်ရဲ့ နားကိုတောင် ဓားနဲ့လှီးဖြတ်ပစ်ချင်နေမိတယ်"

ခါးသီးကြမ်းရှသော စကားလုံးများက သစ္စာကြီးသူ၊ သစ္စာတရားကို ကိုးကွယ်သူတစ်ယောက်၏ ရင်အစုံအား ပြင်းထန်စွာ ထိရှကွဲကြေစေသည်သို့။ အချုပ်အနှောင်ကြားမှ ပုညမှာ အိမ်ရှေ့စံမင်းသား၏ တဆတ်ဆတ်လှုပ်ခါနေသည့် ကျောပြင်ကြီးကိုသာ အံ့သြတကြီး ငေးမောကာ ကြည့်နေမိသည်။

"အို… ရှုပ်ပါတယ်၊ သင်းရဲ့ ကျူးလွန်ခဲ့တဲ့ အပြစ်တွေကိုသာ ပုရပိုက်ပေလွှာထက်မှာရေးပြီး ကျွန်ုပ်ထံ အစီရင်ခံပေတော့၊





နားရှက်ဖွယ်စကားလုံးတွေကို နားထောင်ဖို့အတွက် ကျွန်ုပ်မှာ အင်အားမရှိတော့ဘူး ပုည၊ ကဲ… အမတ်ကြီးတို့… အမိန့်တော်မှတ်မယ်နာခံကြ"

အိမ်ရှေ့စံမင်းသား နန္ဒယော်ဓာ၏ မိုးကြိုးလောင်မီးထက် ပြင်းထန်သော တစ်ချက်လွှတ်အမိန့် ရာဇသံစကားလုံးများက ပုည၏ ရင်ကိုခွဲကာ နှလုံးသည်းပွတ်ထိတိုင် စူးနစ်စိုက်ဝင်သွားခဲ့ပါချေပြီတည်း။

၆

"မဟုတ်ဘူး မဟုတ်ဘူး… လုံးဝမဟုတ်ဘူး၊ မောင်တော်အထင်လွဲနေပြီ၊ ဒီ ဒီကိစ္စဟာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး မောင်တော်၊ ပုညဟာ သစ္စာကြီးမားသူတစ် တစ်…"

"တော် တိတ်… နောက်ထပ် ပုညနဲ့ပတ်သက်ပြီး မင်းနှုတ်ဖျားက ငါမကြားချင်ဘူး သို့လာဝီ၊ ငါဟာ မင်းကို အသက်ထက်ပိုပြီး ချစ်မြတ်နိုးခဲ့တယ်၊ မြတ်မြတ်နိုးနိုးနဲ့ တန်ဖိုးထားချစ်မိခဲ့တယ်၊ ဒါပေမဲ့ ဒါဟာ ငါ့ရဲ့ပထမဆုံး မဟာအမှားကြီးတစ်ခုပဲ… ၊

ဟို… နောက်ပြီး ပုညနဲ့မင်းရဲ့ အဖြစ်သနစ်တွေကို သိမြင်ခဲ့ရလျက်နဲ့ ရယူပိုင်ဆိုင်လို့မှ တစ်ခုတည်းနဲ့ ဆုံးဖြတ်ချက်ချခဲ့တာဟာလည်း ငါ့အတွက် ဒုတိယမြောက်အမှားပဲ သို့လာဝီ၊ တောက်… ငါ့မြင်းဒေါ်သထွက်မိတာက ငါ့ရဲ့အချစ်ကြီးမှုကို သိပါလျက်နဲ့ မင်း



www.burmeseclassic.com

www.burmeseclassic.com



မင်းမို့ သစ္စာဖျက်ရက်ပါပေ့ သျှီလာဝီရယ်''

အိမ်ရှေ့စံမင်းသား နန္ဒယော်ဓာတစ်ယောက် ကြေကွဲသော နှလုံးသားကို ရင်ဝယ်ပိုက်ကာ အချစ်ကြီးချစ်မိခဲ့သည့်အတွက် အမျက်စောင်းမာန်ကြီးတော့လေမည်လား။

အနှောင်အတဲများကြားမှ ဝန်ခံစကားပြောကြားခြင်း အလျှဉ်းမရှိဘဲ ဖြူစင်မြင့်မြတ်သော သစ္စာတရားအတွက် အသက်ကိုပင် စွန့်လွှတ်ကာ တွင်တွင်ကြီးငြင်းဆိုနေသည့် ချစ်ခဲ့မိသူ သျှီလာဝီကို နောက်ဆုံးအနေဖြင့် ရူးရူးနှစ်နှစ် ကြည့်လိုက်သည်။

သူ့ရှေ့မှ သျှီလာဝီမင်းသမီးလေးကတော့ ကွဲကြေသောနှလုံး မျက်ရည်များဖုံးနေသည့် မျက်လုံးအစုံဖြင့် အိမ်ရှေ့စံမင်းသား နန္ဒယော်ဓာကို စေ့စေ့ရူးရူးကြည့်လျက်။

အကြည့်နှစ်ခု အားပြိုင်နေကြရာမှ အိမ်ရှေ့စံမင်းသားကပင် စတင်၍ မျက်နှာလွှဲလိုက်ပြီး...

''ကိုင်း... အမိန့်တော်မှတ်မယ်၊ အမိန့်ကိုနာခံကြ''

စံနန်းဆောင်ကြီးတစ်ခုလုံး အပ်ကျသံပင် ကြားရလုမတတ် တိတ်ဆိတ်ငြိမ်သက်လျက်။ ပြားပြားဝပ်ရှိနေကြသည့် အမတ်ကြီးများနှင့် ရဲမက်ဗိုလ်ပါများကလည်း အိမ်ရှေ့စံမင်းသား နန္ဒယော်ဓာ ချမှတ်တော်မူမည့်အမိန့်ကို စိတ်မောစွာဖြင့် နားစွင့်နေကြသည်။

''လောကရဲ့ ဖြူစင်သန့်ရှင်းတဲ့သစ္စာတရားကို ညှိုးနွမ်းပျက်စီးအောင် ချိုးဖောက်ခဲ့တဲ့ ငါ့ရဲ့ကြင်ယာတော်မိဖုရား သျှီကာဝီမင်းသမီးကို တောင်စွယ်မှာနေကွယ်တာနဲ့ သုသာန်ထုတ်ပြီး ဓားခုတ်သတ်စေ

ကြယ်စင်သစ်စာပေတိုက်



အမိန့်တော်''

အိမ်ရှေ့စံမင်းသား၏မျက်နှာပြင်ထက်သို့ မျက်ရည်တစ်စက် ကြမ်းရှစွာ ဖြတ်စီးကျသွားချိန်မှာတော့ သူ၏အသက်မက ချစ်မြတ်နိုးရပါသော ကြင်ယာတော် သျှီလာဝီမင်းသမီးကိုလည်းကောင်း၊ အရာအားလုံးကိုလည်းကောင်း ကျောခိုင်းစွန့်ခွာလျက် စံနန်းဆောင်အတွင်းမှ ထွက်ခွာသွားပါချေတော့သည်။

သျှီလာဝီမင်းသမီးလေးခမျာမှာလည်း ကံကြမ္မာ၏ ယိုးမှားစွာ ရှုပ်ထွေးချက်နှင့် မောင်တော် အိမ်ရှေ့စံမင်းသားလေး၏ တစ်ချက်လွှတ်သေမိန့်ရာဇသံအောက်တွင် ဒုတိယအကြိမ်မြောက် သတိလစ်မေ့မြောသွားပါချေပြီတည်း။

/ / /

ကြယ်စင်သစ်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

## သျှီလာဝီ၏သစ္စာကျိုးနိဗ္ဗာ သို့မဟုတ်

တောင်စွယ်တွင် မကြာမီ နေကွယ်ပေတော့မည်။

ငှက်ခါးတစ်ကောင်သည် ဆည်းဆာနေခြည်အောက်
သရက်ရိပ်၌နိုကာ လွမ်းမောစွာဖြင့် တကီးကီးအော်မြည်လျက်ရှိသည်
ထိုငှက်ခါးအော်မြည်သံလေးမှအပ သျှီလာဝီ သူ့သတ်ကုန်းတစ်ဝိုင
တွင် ချောက်ချားဖွယ်ရာကောင်းလောက်အောင်ပင် တိတ်ဆိတ်ငြ
သက်နေပါ၏။

သူ့သတ်ကုန်းထက်ရှိ ကားစင်တိုင်ခြေတွင် ကျောက်ဆ
ရုပ်တု တစ်ခုနှယ် ငြိတိတိတ်ဆိတ်ငြိမ်သက်နေသူကတော့ အိမ်ရှေ့
မင်းသား နန္ဒယော်ဓာ၏ ကြင်ယာတော် သျှီလာဝီမင်းသမီးလေးပ
ဖြစ်ပါ၏။

အချုပ်အနှောင်အဖွဲ့ကြားမှ သျှီလာဝီမင်းသမီးလေး
မရဏဘေးနှင့် လွန်စွာနီးကပ်နေချိန်မှာပင် အံ့ဩဖွယ်ရာကော
လောက်အောင် ထူးထူးခြားခြား တည်ငြိမ်အေးချမ်းလျက် ရှိနေ





သည်။ လောက၏ မမြဲသောအနိစ္စတရားနှင့် ဖြစ်ခြင်း၊ ပျက်ခြင်း စသော နိယာမတရားများကို နှလုံးသွင်းဆင်ခြင်နိုင်သွားပြီ ထင်ပါ၏။

"ရွှေအိမ်နန်းနှင့်၊ ကြွရှာန်းလည်းခံ
မတ်ပေါင်းရုံလျက်၊ ပျော်စံရိပ်ငြိမ်
မင်းစည်းစိမ်ကား၊ သမုဒ္ဒရာရေထက်
ခဏတက်သည့် ရေပွက်ပမာ

တစ်သက်လျာတည်း ဟူသော သံဝေလင်္ကာစာချိုးအတိုင်း ဘဝသံသရာ သမုဒ္ဒရာရေပြင်ထက်တွင် တစ်ခဏတာ စံမြန်းခွင့်ရရှိခဲ့သော စည်းစိမ်ချမ်းသာ ဟူသမျှတို့သည် အန္တိမအဆုံးကာလတွင် ရေပွက်တစ်ခုပမာ ဖြစ်လွယ် ပျက်လွယ် ဓမ္မတာတရားများသာတည်း ဟု ဆင်ခြင်သုံးသပ်လိုက်မိသည့် ခဏမှာပင် သျှီလာဝီတစ်ယောက် လက်ရှိ ပစ္စက္ခတွင် ခံစားနေရသော သောကဝေဒနာအပူမီးပင်လယ် ပြင်ထဲမှ ကင်းငြိမ်းလွတ်မြောက်သွားသည့်နှယ် ခံစားလိုက်ရသည် မဟုတ်ပါလား။

သို့သော် သူ့ဘဝ၏နောက်ဆုံးဝင်သက်၊ ထွက်သက် ချုပ်ငြိမ်းသည်အထိ သူ၏ နှလုံးသည်းပွတ်မှ အနှိုင်းမဲ့ ဖြူစင်မြင့်မြတ်သော အဖြူရောင်သစ္စာတရားအတွက်ကိုမူ လောကကို စောင့်ရှောက်အပ်ကုန်သော လောကပါလနတ်မင်းများနှင့် သစ္စာတရားအား တိုင်တည်ကာ သစ္စာစကားဆိုခဲ့ချင်ပါသေးသည်။

ထိုသစ္စာတရားတစ်ခု၏ သန့်စင်သောကျိုးနိဗ္ဗာကိုမူ အဝိဇ္ဇာ အမှောင်ဖုံးလွှမ်းနေရှာသည့် မောင်တော် နန္ဒယော်ဓာတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကြားသိနိုင်ပါစေဟု။

မကြာမီ နေဝင်ဆည်းဆာ၏ လေပြည်သွဲ့သွဲ့အောက်တွင် သျှိုလာဝီမင်းသမီး၏ သစ္စာကျိန်စာက သဲ့သဲ့ညင်ညင် လွင့်ပျံ့စီးမျော လာခဲ့ပါချေပြီကော။

"လောကကို စောင့်ရှောက်အပ်သော လောကပါလနတ်မင်း များနှင့် လောကသစ္စာတရားအား ငါ၏အဖြူရောင်သစ္စာတရားတို့ ကိန်းအောင်းရာ ငါ၏နှလုံးသည်းပွတ်တို့နှင့် တိုင်တည်၍ သစ္စာဆိုပါ၏။

ငါသည် သစ္စာတရားကို ဖောက်ပြန်စော်ကားသော အမှား အယွင်းဟူသမျှ မြူတစ်မှုန်မျှ မရှိခဲ့ပါ။ ငါ၏မောင်တော် အိမ်ရှေ့စံ မင်းသား နန္ဒယော်ဓာ စွပ်စွဲပြောဆိုချက်တို့သည်လည်း မဟုတ်မမှန် သော စွဲချက်များသာ ဖြစ်ပါ၏။ ငါသည် ငါ၏မောင်တော် အိမ်ရှေ့စံ မင်းသားအပေါ်၌ လည်းကောင်း၊ သစ္စာတရားအပေါ်တွင် လည်း ကောင်း ဖောက်ပြန်ခြင်း အလျှင်းမရှိခဲ့ပါ။

ဤသစ္စာစကားမှန်ကန်သည်ဆိုပါက ငါ့အားသတ်ဖြတ်၍ ငါ၏ကိုယ်မှ ယိုစီးထွက်ကျလာသော နီရဲသောသွေးတို့သည် ငါ၏ နှလုံးသားတို့ ဖြူဖွေးစင်ကြယ်သကဲ့သို့ ဆွတ်ဆွတ်ဖြူပါစေသတည်း။

ထို့မျှသာမက ငါ၏ ဖြူဖွေးသောသွေးဖြူတို့စီးဆင်းထွက်ကျ ရာ မောင်တော် နန္ဒယော်ဓာပိုင်ဆိုင်သော သျှိုလာဝီကျွန်းသည်လည်း အိမ်ရှေ့စံမောင်တော် နန္ဒယော်ဓာ၏ သွေးခုနစ်ဆက်၊ မျိုးခုနစ်ဆက်တိုင် မောင်တော်၏ရင်တွင်းမှ အဝိဇ္ဇာအမှောင်ဖုံးသော အမိုက်တရားကဲ့သို့ ခြောက်သွေ့ပူလောင်၍ သျှိုလာဝီမြေသည် မီးလောင်ပြင်ပမာ ဆိတ်





သုန်း ပျောက်ကွယ်သွားပါစေသတည်း"

သျှိုလာဝီမင်းသမီးလေး၏ သစ္စာကျိန်စာက ဝင်လုဆဲ ဆည်းဆာနေခြည်အောက်တွင် တစ်စ တစ်စ ဝေဝါးတိုးတိတ်လာ သည်ထင့်။ မျက်ရည်တို့ ဖုံးလွှမ်းနေသည့် မျက်လုံးများက မှုန်ရီဝေဝါး လျက်။ အနီးရှိ ဓားကိုင်အာဏာပါးကွက်သားကြီးနှစ်ယောက်တို့က လည်း တဖြည်းဖြည်းချင်း နစ်မြုပ်စပြုနေသည့် နေလုံးနီနီကြီးကိုသာ ငူးစိုက်ကြည့်ရင်း. . .

"ဘဝများစွာ ဝေးဝေး၊
သံသရာမှာ ကွာကွာ၊
တမလွန်မှာ ရှိရှိ၊
အရှင့်အပေါ် ချစ်မိခဲ့သော မေတ္တာတရားသည်
မြူတစ်မှုန်မျှ လျော့ပါးမသွားခဲ့ပါ။
ဤသစ္စာစကား မှန်ကန်ပါက
အရှင်ဖြတ်မည့် ငါ၏လည်ချောင်းသွေးနီနီတို့သည်
ဆွတ်ဆွတ်ဖြူစီးကျပါစေသတည်း"

ကြောက်ခမန်းလိလိ ကျိန်ဆိုလိုက်သော သျှိုလာဝီမင်းသမီး လေး၏ ရဲရင့်ပြတ်သားသော သစ္စာတိုင်တည်သံ ပြီးဆုံးသွားသည်နှင့် ကမ္ဘာမြေပြင်သည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါရမ်းသွားပါလေ၏။

'ဝေါ ဖျော ဝေါ ဝရော'

တစ်ချိန်တည်းမှာပင် ကြောက်မက်ဖွယ် တော်လည်းသံကြီး များ၊ မိုးခြိမ်းသံကြီးများက နေဝင်ချိန်ဆည်းဆာညနေကို အမှောင်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဖုံးလွှမ်းသွားလေသည်သို့. . . ။

‘ဂျိမ်း ဝုန်း ဂျိမ်း ဂျိုင်း’

တစ်ချိန်တည်းမှာပင် မိုးထစ်ချုန်းသံ၊ လျှပ်စီးလက်သံများ တဝင်းဝင်း တလက်လက်နှင့် မိုးသက်လေပြင်းများကလည်း တဝေါဝေါနှင့် ရှာချလာခဲ့သည်။ သျှိုလာဝီ သွေသတ်ကုန်းတစ်ဝိုက်မှာတော့ ကမ္ဘာပျက်သည့်နှယ် တဝေါဝေါ တဝုန်းဝုန်းနှင့် ဆူညံလျက် ရှိပါချေပြီကော။

ထိုစဉ် တောင်စွယ်တွင် နေကွယ်သွားခဲ့ပြီဖြစ်သည်။ ထိုအချိန်မှာပင် ဝင်းခနဲပြက်သွားသည့် လျှပ်ရောင်တွင် ပါးကွက်အာဏာသားများ၏ ဓားရောင်လှံရောင်များက လက်ခနဲ ဝင်းခနဲ မွှေးမွှေးလှုပ်သွားကြသည်နှင့်. . .

‘ဂျိမ်း’

“အင့်”

ကျယ်လောင်စွာ ထစ်ချုန်းမြည်ဟည်းသွားသည့် မိုးခြိမ်းသံတစ်ချက်နှင့်အတူ မတိုးမကျယ် အော်ဟစ်ညည်းညူလိုက်သော သျှိုလာဝီမင်းသမီးလေး၏ ညည်းတွားသံသဲ့သဲ့က တဝေါဝေါ တဖျောဖျောနှင့် ရွာချနေသည့် မိုးသံလေသံအောက်တွင် တိုးတိမ်ပျောက်ကွယ်သွားပါတော့သည်။

တစ်ချိန်တည်းမှာပင် မကြုံစဖူး ထူးခြားအံ့ဩဖွယ်ဖြစ်စဉ်ကြီးတစ်ခုက မိုးထဲလေထဲမှာပင် ဖြစ်ပေါ်လာခဲ့ချေပြီတည်း။ သျှိုလာဝီမင်းသမီးလေး၏ ယိုစီးထွက်ကျလာသော နီရီသောသွေးတို့သည်





သျှိုလာဝီကျွန်းမြေပေါ်သို့ စီးဆင်းကျလာသည်နှင့် အဖြူရောင်သွေးဖြူဖြူများအဖြစ်သို့ ထူးဆန်းစွာ ပြောင်းလဲသွားပြီး ထိုသွေးဖြူဖြူများမှာ မိုးရေများနှင့်အတူ သျှိုလာဝီတစ်ကျွန်းလုံးသို့ ပျံ့နှံ့စီးဆင်းသွားကြသည်ကို အံ့ဩဖွယ်ရာ မြင်တွေ့လိုက်ကြရပါတော့သည်။

ပို၍ထူးခြားသည်ကား သျှိုလာဝီမင်းသမီးလေး၏ သွေးဖြူဖြူများ စီးကျရာမြေကြီးသည် ပြင်းရှသော အက်ဆစ်တစ်မျိုးဖြင့် အလောင်းခံလိုက်ရသကဲ့သို့ အမည်းကွက်ကြီးများ ဖြစ်သွားကာ ထိုမြေပေါ်တွင် စိုက်ပျိုးထားကြသည့် ယာခင်း၊ စိုက်ခင်းသီးနှံဟူသမျှတို့သည် မီးလောင်ကျွမ်းခံလိုက်ကြရသည့်နှယ် ချက်ချင်းပင် ညှိုးလျော်ခြောက်သွေ့ကာ ပျက်စီးခြင်းသို့ ရောက်ရှိသွားပါချေတော့သည်။

အသက်နှင့်ဆက်၍ ရဲဝံ့ပြတ်သားစွာ သစ္စာပြုလိုက်သည့် သျှိုလာဝီမင်းသမီးလေး၏ ဖြူစင်မှန်ကန်သောသစ္စာကျိန်စာသည် ရောက်ပြင်းထန်လွန်းလှပါချေသည်တကား။

ထိုအချိန် ထိုကာလ ထိုနေ့ရက်မှ စ၍ တောင်သမန်အင်းဆောင်းမှ သျှိုလာဝီကျွန်းကြီးသည် မီးလောင်ပြင်ကြီးသဖွယ် ခြောက်သွေ့ပျက်စီးကာ သျှိုလာဝီမင်းသမီး၏ သစ္စာကျိန်စာသင့်ခဲ့သော ကျွန်းကြီးအဖြစ် ဒုတိယကမ္ဘာစစ်တစ်လျှောက် တည်ရှိလာခဲ့ပါတော့သတည်း။

ккк



www.burmeseclassic.com

www.burmeseclassic.com



## သျှီလာဝီပုရပိုက်အိပ်မက်မှ အဖြန့်

နံနက်ခင်း နေခြည်နွေးနွေးသည် တောင်သမန်အင်းရေပြ
ထက်တွင် ရွှေရည်ရွှေစက်များ သွန်းလောင်းဖြန့်ကျဲထားသည်သို့
သတ္တဋ္ဌာန ဘုရားစေတီပရိဝုဏ်အတွင်းရှိ တရုတ်စံကားပင်ကြီးမျာ
အကြော်ပန်းပင်များနှင့် ခရေပင်အုပ်များကြားမှ ဖြတ်သန်းတိုက်ခ
လာသည့် နံနက်ခင်းလေပြည်ညင်းက မြတ်ဆုနွေး၏ မဟူရာဆံနွယ်
များအား တိုးဝှေ့ရှိုက်နမ်းဆော့ကစားသွားပါ၏။

ဘော်ဖြူကလေးအား မြေမြုပ်သည့် မြေကျင်းထဲမှ မမျှေ
လင့်ဘဲ တွေ့ရှိခဲ့သည့် သစ္စာရှင်မလေး သျှီလာဝီမင်းသမီး၏ သ
ပုရပိုက် ကျိန်စာမှတ်တမ်းကို အမှတ်မထင် ဖတ်ကြည့်မိခဲ့ရာမှ မြတ်
နွေး၏ ရင်ဝယ် စူးစူးနစ်နစ်နှင့် ကြေကွဲဆို့နင့်စွာ ခံစားခဲ့ရပါ၏။

သူမ၏ခွေးကလေးဘော်ဖြူအား ဆိုင်ကယ်နှင့်ဝင်တိုက်
သည့် ဆိုင်ကယ်သမားအမည်မသိ ကိုလှစိမ်း၏နှုတ်ဖျားမှ ပထမ
အကြိမ် ထွက်ကျလာသည့် သျှီလာဝီဆိုသည့် စကားသုံးလုံးကို ကြ





ည့်က မြတ်ဆုနွေးအတွက် ပဟေဠိပုစ္ဆာတစ်ပုဒ်နှယ် ခံစားခဲ့ရသည်။

သို့သော် ထိုဆိုင်ကယ်သမား ကိုလှစိမ်းကိုပင် တောင်သမန်
ိပ်ပန်းချီပြပွဲတွင် သူမ၏ပုံတူပန်းချီကို ရေးဆွဲခဲ့သည့် ပန်းချီဆရာ
စ်ယောက်အဖြစ် ဒုတိယအကြိမ် တွေ့ဆုံခဲ့ရပြန်ပါ၏။

"ကျွန်တော်ကတော့ ဒီကိစ္စကို တိုက်ဆိုင်မှုတစ်ခုလို့ မဆို
ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြတ်ဆုနွေးဟာ ကျွန်တော့်ရဲ့အိပ်မက်
မှာထဲက သျှီလာဝီမင်းသမီးလေး ဖြစ်နေလို့ပါပဲ၊ ဒီ သျှီလာဝီ
င်းသမီးရဲ့ ပန်းချီပုံတူကလည်း ကျွန်တော် အိန္ဒိယပြည်မှာ ရှိနေစဉ်
တည်းက အိပ်မက်ထဲကို မကြာမကြာ ရောက်လာတတ်တဲ့ ကျွန်
တော့်ရဲ့ချစ်သူ သျှီလာဝီရဲ့ပုံတူပန်းချီကို နှလုံးသားနဲ့ရင်းပြီး ရေးဆွဲ
ထားခဲ့လို့ပါ"

ညိုမှိုင်းဟုခေါ်သော ပန်းချီဆရာလေး၏ ဖြေရှင်းချက်စကား
ကို မြတ်ဆုနွေးတစ်ယောက် ပြန်လည်၍ ကြားယောင်နေမိပါ၏။
၏ တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်တစ်ခါမျှ ကြုံတွေ့ဖူးခြင်း
သော ထူးဆန်းလှသော သျှီလာဝီပဟေဠိပုစ္ဆာနှင့် ထူးဆန်းလှသော
ရပ်များကြောင့် မြတ်ဆုနွေးခမျာ ဦးနှောက်များပင် ချာချာလည်
တတ် ရင်မောစွာ ခံစားနေရသည် မဟုတ်ပါလား။

"သူ့နာမည်က ညိုမှိုင်းဆိုတာလည်းမှန်တယ်၊ ရန်ကုန်ကနေ
အမရပူရကိုရောက်လာတာ တစ်ပတ်ကျော်ကျော်လောက်ရှိသွားပြီ၊
န္ဒိယမှာ (၂) နှစ်ကျော်လောက် ပန်းချီပညာကို သွားပြီးလေ့လာ
ယူနေတာ၊ မြန်မာပြည်ကို ပြန်ရောက်လာတာ (တစ်လ) တောင်



www.burmeseclassic.com

www.burmeseclassic.com



မပြည့်သေးဘူးတဲ့ မြတ်ဆု၊ အခု လိပ်ဆံခွန်ရှာက ပန်းချီဆ
(ဝေမင်းအိမ်) ရဲ့အိမ်မှာတည်းခိုပြီး တောင်သမန်စစ်ကိုင်းနဲ့ အင်း
တစ်ဝိုက်မှာ အောက်ဒိုးပန်းချီကားတွေ ဆွဲဖို့ ရန်ကုန်ကနေ ရောက်လာ
တာတဲ့''

ခရေပင်ကြီးတစ်ပင်အောက်ရှိ ခုံတန်းလျားတွင် ထိုင်က
တောင်သမန်အင်းကြီးအား ငေးမောကြည့်နေသည့် မြတ်ဆုနွေးအား
မြတ်နိုးက သူစုံစမ်းသိရှိသမျှ ပန်းချီဆရာညိုမှိုင်းအကြောင်းကို ပြော
နေပါ၏။

"ဟိုတစ်လောကတောင် ဦးလေးရန်နောင်နဲ့ ပန်းချီဆ
ညိုမှိုင်းဆိုတဲ့လူနဲ့ တောင်သမန်အင်းစောင်းမှာ ဘုကျခဲ့သေးတယ်
လေ''

"ဟင်... ဖေဖေနဲ့ ဟို ကို ကိုညိုမှိုင်းနဲ့ ဘုကျခဲ့ကြတ
ဟုတ်လား မြတ်နိုး''

ဘာရယ်မသိ ကိုညိုမှိုင်းနှင့်ဖေဖေ ဘုကျခဲ့ကြသည်ဆိုသ
မြတ်ဆုနွေး ထိတ်ခနဲ ရင်ခုန်သွားမိသည်သို့။

"ဟုတ်တယ် ဦးလေးက သူရေးနေတဲ့ သျှိုလာဝီဆည်း
ဆိုတဲ့ နေဝင်ချိန်ပန်းချီကားလေးဟာ အင်မတန် အသက်ဝင်နေတာ
အဲဒီပန်းချီဆရာဆီကနေ တောင်းပြီးဝယ်တယ်လို့ပြောတယ်၊ ဦးလေ
ကလည်း ပန်းချီကားကို သိပ်သဘောကျတာနဲ့ ဘယ်လောက် ပေ
ပေးရလို့ပြောပြီး ဝယ်ပေးမယ့် ထူးထူးဆန်းဆန်း အဲဒီပန်းချီဆရာ
သူ့ရဲ့ပန်းချီကားဟာ သူ့ရဲ့နှလုံးသားပါတဲ့၊ သူ့ရဲ့နှလုံးသားဟာလည်





ရောင်းကုန်ပစ္စည်းတစ်ခု မဟုတ်ပါဘူးလို့ ပြောပြီး ပစ္စည်းတွေ သိမ်းပြီး
ဆိုင်ကယ်ကို အတင်းမောင်းပြီးထွက်သွားတော့တာပဲတဲ့ မြတ်ဆုရေ''

သူငယ်ချင်းဖြစ်သူ မြတ်နိုး၏စကားများကို နားထောင်ရင်းမှ
ပန်းချီဆရာညိုမှိုင်းဆိုသည့် လူသားတစ်ယောက်သည် ထူးဆန်းသော
ပဟေဠိပုစ္ဆာများနှင့် မွေးဖွားလာသည့် သူလေလားဟု။

ဟုတ်သည်။ ထိုပန်းချီဆရာညိုမှိုင်းနှင့်ပတ်သက်၍ တွေးကြို
မြင်တွေ့ခံစားနေရသမျှတို့သည် ထူးထူးဆန်းဆန်းများနှင့် ရှုပ်ထွေး
သော ပဟေဠိများက ဝက်ပါတစ်ခုနှယ်ပါတည်း။ ဆိုရပါလျှင် ပန်းချီ
ဆရာ ကိုညိုမှိုင်းအား သူမ မည်သို့နားလည်သဘောပေါက်ရပါမည်
နည်း။ သေချာသည်ကတော့ ကိုညိုမှိုင်းဆိုသည့် ပန်းချီဆရာလေး
သည် သူ တစ်ကြိမ်တစ်ခါဖူးမျှ မြင်တွေ့ပတ်သက်ခဲ့ဖူးခြင်း မရှိသည့်
လူစိမ်းတစ်ယောက် ဖြစ်သည်။

ဤသို့ဆိုလျှင် သူမနှင့်တစ်ထေရာတည်း ခွဲမရအောင် တူညီ
လွန်းလှသည့် သျှိုလာဝီမင်းသမီး ပုံတူပန်းချီကားချပ်၊ မြေကျင်းထဲမှ
တူးဖော်ရရှိခဲ့သော သျှိုကာဝီပုရပိုက်မှတ်တမ်းနှင့် ဒေါင်းဒင်္ဂါးလေး၊
သူ၏အိပ်မက်ကမ္ဘာထဲတွင် မကြာခဏ တွေ့မြင်ကျွမ်းဝင်နေရသည့်
သျှိုလာဝီမင်းသမီးလေး စသည့် ရှုပ်ထွေးနက်နဲသော ပဟေဠိပုစ္ဆာများ
နှင့် ပန်းချီဆရာ ကိုညိုမှိုင်းတို့က မည်ကဲ့သို့ ပတ်သက်ဆက်နွှယ်နေ
ကြပါသနည်း။

အဖြေကား ရေရေရာရာမရှိ။ ပန်းချီဆရာ ညိုမှိုင်း၏ စကား
နှင့် ပြန်၍ ပြောရမည်ဆိုလျှင် သျှိုကာဝီသည် သူ၏အိပ်မက်က



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ချစ်သူ သျှီလာဝီမင်းသမီး အမည်ရှိ ပန်းချီကားသည် သူ၏ အိပ်မက်ထဲမှ ချစ်သူကို ရေးဆွဲထားခြင်းဖြစ်သည်။ အဖြေကမူ ထိုမျှသာ။

စင်စစ် သျှီလာဝီဆိုသည့် စကားလုံးသုံးလုံးက မြတ်ဆုနွေး အတွက် လုံး၀ အဖြေမရှိသော ဝဟော်ဋ္ဌိပုစ္ဆာတစ်ပုဒ်နှယ်ပါတည်း။ သို့သော် ထို သျှီလာဝီ၊ အနီ သျှီလာဝီ၊ ဤသျှီလာဝီက မြတ်ဆုနွေး နှင့် ပန်းချီဆရာ ညိုမှိုင်းတို့နှစ်ယောက်အား လာရောက်ဆက်နွှယ် ပတ်သက်နေခြင်းကမူ။

ထိုအခိုက် တောင်သမန်အင်းဆပ်သို့ ရီဝေစွာ ငေးမောကြည့် နေသည့် မြတ်ဆုနွေး၏ မျက်ဝန်းထဲတွင် လှုပ်ရှားနေသောအဖြူရောင် အရိပ်တစ်ခုကို တွေ့မြင်လိုက်ရသလိုလို။ ထို့ကြောင့် ခုံတန်းလျားပေါ်မှ ဖျတ်ခနဲ ထရပ်လိုက်ပြီး ထိုအဖြူရောင်အရိပ်ကလေးကို သေသေ ချာချာ ကြည့်လိုက်သည်။

တောင်သမန်အင်းစပ် ပြောင်းခင်းထဲမှ သူ့ရှိရာသို့ ပြေးဝင် လာနေသည့် ခွေးဖြူလေးတစ်ကောင်။

"ဟယ်... ဘော်ဖြူ ဘော်ဖြူလေးလား၊ အို... မဟုတ် သေးပါဘူး .... ဘော်ဖြူလေးက သေသွားလို့ ငါကိုယ်တိုင် မြေမြှုပ်ပေးခဲ့ပြီပဲ"

မြတ်ဆုနွေးတစ်ယောက် ဖဝေဖဝါအတွေးများနှင့် သူ့နှင့် တစ်စတစ်စ နီးကပ်လာသည့် ခွေးဖြူလုလုလေးကိုကြည့်ကာ တအံ့ တသြဖြစ်နေသလို မြတ်နိုးကလည်း သူတို့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်





ပြေးဝင်လာနေသည့် ခွေးဖြူလေးကိုကြည့်ရင်း...

"ဟယ်... ဟုတ်တယ်တော့၊ ဘော်ဖြူလေးနဲ့ အရမ်းကိုတူ တာပဲဟဲ့၊ အရွယ်အစားရော, ခွေးဖြူလေးရဲ့ပုံစံကရော ဘော်ဖြူမှ ဘော်ဖြူပဲ မြတ်ဆုရေ"

နှစ်ယောက်သား ခွေးဖြူလေးကို ကြည့်ကာ အံ့သြငေးမော နေကြစဉ်မှာပင် အမည်မသိ ခွေးဖြူလေးက မြတ်ဆုနွေးရှိရာသို့ တည့်တည့်မတ်မတ် ပြေးဝင်လာကာ မြတ်ဆုနွေး၏ ခြေအစုံကို တိုးဝှေ့ပွတ်သပ် နမ်းရှုံ့နေပါချေပြီကော။

"ဟယ် ကြည့်စမ်း... နင့်ဆီကိုပဲ တန်းပြီးပြေးဝင်လာတာ ဟ၊ အယ်... နင့်ရဲ့ခြေထောက်ကိုပါ နမ်းနေတာ အံ့သြစရာကောင်း လိုက်တာ"

မြတ်နိုးကိုယ်တိုင်ပင် ထူးဆန်းအံ့သြဖွယ်မြင်ကွင်းကြောင့် ငါးစပ်အဟောင်းသားနှင့် ဖြစ်နေပါ၏။ မြတ်ဆုနွေးကမူ ဘော်ဖြူလေး နှင့် ခွဲမရအောင်တူသည့် ခွေးဖြူလေးကို ဝမ်းသာအားရနှင့် ကောက် ယူပွေ့ချီလိုက်ရင်း...

"ဟုတ်တယ် မြတ်နိုးရေ... ဒီခွေးဖြူလေးက ငါ့ရဲ့ဘော်ဖြူ လေးအတိုင်းပဲ... တကယ့်ကို ချစ်စရာလေးပဲ၊ ခွေးလည်ပတ်က လေးကလည်း နီနီရဲရဲလေးနဲ့၊ ဟင်... ဒီ ဒီမှာ စာ စာတစ်စောင်"

ခွေးဖြူလေးကို ပွေ့ချီလိုက်ရင်းမှ ခွေးလည်ပတ်နီနီရဲရဲလေး တွင် ချည်နှောင်ထားသည့် စာတစ်စောင်ကို တွေ့လိုက်ရသဖြင့် မြတ်ဆု ဖြုတ်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ထူးထူးဆန်းဆန်း ခွေးလည်ပတ်မှာ စာချွဲပြီး လွှတ်လိုက်တာဆိုတော့... ဟင်း ဟင်း... မဟုတ်မှလွဲရော တစ်ယောက်ယောက်က နင့်အတွက် ရည်းစားစာပေးလိုက်တာဖြစ်မယ်"

"ဟယ်... ပေါက်တတ်ကရတွေ လျှောက်ပြောနေတယ် ဒီမှာဖြင့် ဘာမှန်းညာမှန်း မသိသေးဘဲနဲ့ တော်ကြာ ခွေးပိုင်ရှင်ရောက်လာမှ နေရင်းထိုင်ရင်း ခွေးသူခိုးလို့ အစွပ်စွဲခံနေရဦးမယ်"

မြတ်ဆုနွေးက ခွေးလည်ပတ်မှ စာကို ဖြုတ်ယူဖြည်ဖြန့်ရင်း မြတ်နိုးအား ပြန်လည်ချေပစကားပြောလိုက်ပါ၏။

"ကဲ ဘာမှန်းညာမှန်းသိရအောင် အဲဒီစာကို မြန်မြန်ဖတ်စမ်း မြတ်ဆုရေ"

တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်ကျီစယ်ရင်း စာကို အလုအယက် ဖတ်ကြည့်လိုက်ကြသည်။

"အိပ်မက်ထဲက သျှိုလာဝီမင်းသမီးလေးရေ"
အမှတ်မထင် ပျက်စီးဆုံးရှုံးသွားခဲ့ရတဲ့
ဘော်ဖြူလေးရဲ့ကိုယ်စား ကိုယ်ပွားတစ်ခုအဖြစ်
ကျွန်တော် ပို့ပေးလိုက်တဲ့
ဘော်ဖြူလေးကို နှစ်မြို့က်စွာ လက်ခံနိုင်ပါစေရယ်လို့
သျှိုလာဝီကို လွမ်းမောနေတဲ့
ညိုမှိုင်း





"အလို့... သျှိုလာဝီကို လွမ်းမောနေတဲ့ ညိုမှိုင်းဆိုပါလား။ အင်း ဇာတ်လမ်းကတော့ စပြီထင်တယ် မြတ်ဆုရေ ငါကြားဖူးတာကတော့ ချစ်ခြင်းအစ မျက်စိကဆိုတာ ဘယ့်နှယ်... နင်တို့ကျမှ ချစ်ခြင်းအစ ခွေးဖြူလေးက ဆိုပြီး ပြောင်းရတော့မယ်ထင်တယ် ဟေ့... ဟင်း ဟင်း"

မြတ်နိုးက စာကိုဖတ်ပြီးသည်နှင့် မြတ်ဆုနွေးအား ကျီစယ် နောက်ပြောင်ပါတော့သည်။ မြတ်ဆုနွေးကမူ သူမ၏ဘဝကို ဘူမနားလည်စွာဖြင့် အနုသယသံယောဇဉ်ဖြစ်လာမည့် အန္တရာယ်ဟူသမျှကို ကြိုတင်၍ ဟန့်တားကာကွယ်ရန်သာ စဉ်းစားတွေးတောနေမိပါ၏။

"ဟင်း ဟင်း... မလုပ်ပါနဲ့ဟယ်၊ အပျက် အပျက်နဲ့ ဟိုကိုသူရနားကို ပေါက်ကြားသွားမှ အလကား စိတ်မကောင်းစရာတွေ ဖြစ်ကုန်ပါဦးမယ် မြတ်နိုးရယ်"

မြတ်ဆုနွေး၏ ကြေကြေကွဲကွဲ ပြောနေရှာသည့် စကားသံလေးများကြောင့် မြတ်နိုးတစ်ယောက် သူ၏ သူငယ်ချင်းဖြစ်သူအား စာနာသနားစွာဖြင့်သာ ကြည့်နေမိပါတော့သည်။

ဟုတ်သည်။ မြတ်ဆုနွေး၏ဘဝက ရွှေအိမ်ရွှေနန်းတွင် စံမြန်းခွင့်ရရှိနေပါသော်လည်း မိတဆိုးမလေးဖြစ်သည့်မို့ ဖခင်ဖြစ်သူဦးရန်နောင်က အချစ်ပို၍ အလိုလိုက်ပါသော်လည်း လွတ်လပ်မှုအတွက်ကိုမူ စည်းအထပ်ထပ် တံတိုင်းအထပ်ထပ် ကာရံထားရှိခဲ့သည် မဟုတ်ပါလား။ ထို့ပြင် အုပ်ထိန်းသူဖခင်တစ်ယောက်အနေဖြင့် ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ကိန္နရီရက်ကန်းရုံနှင့် သမီးလေး၏ရှေ့ရေးကို ချိန်ချင့်တွက်ဆကာ
မန္တလေးမြို့ ဈေးချိုတန်းမှ အထည်လုပ်ငန်းပိုင်ရှင် ကိုသူရဆိုသူနှင့်
လည်း လူကြီးချင်းသဘောတူလက်ခံထားခဲ့ကြသည်။

ဆိုရပါလျှင် တစ်ဦးတည်းသောသမီး မြတ်ဆုနွေးအတွက်
အနာဂတ်ရွှေအိမ်စံဘဝခရီးကို ကြိုတင်၍ပန္နက်ရိုက်ကာ တည်ဆောက်
ပြီးခဲ့ပြီ မဟုတ်ပါလား။ သို့သော် ကံကြမ္မာဆိုသည်မှာ ကြိုတင်တွက်ဆ
၍ ရကောင်းသောအရာ မဟုတ်ရကား။ ရုတ်တရက် ဘွားခနဲ ပေါ်
ပေါက်လာခဲ့သည့် သျှိုလာဝီမင်းသမီး၏ ပုံတူပန်းချီကား။ ပန်းချီဆရာ
လေးညိုမှိုင်းနှင့် မြတ်ဆုနွေးတို့၏ အနာဂတ်သံယောဇဉ် ခရီးလမ်းက
လည်း. . . ။

* * *





## သျှိုလာဝီနှင့်သူ၏ပဝေဟဠိဝတ္ထုများ

ဆည်းဆာနေက ယုတ်လျော့နေပါပြီ။ တောင်သမန်အင်း
ရေပြင်ထက်တွင် ဝေ့ဝဲနေပြီဖြစ်သည့် နေလုံးနီနီကြီးဆီသို့ မမိမကမ်း
နှင့် လိုက်ပါပျံသန်းနေသည့် ငှက်မျိုးဖြူတစ်အုပ်ကို ညိုမှိုင်း ငေးမော
၍ ကြည့်နေမိသည်။

သည်နေ့ သူငယ်ချင်းဖြစ်သူ ဝေမင်းအိမ် အလုပ်ကိစ္စနှင့်
မေမြို့သို့ တက်သွားသဖြင့် ညိုမှိုင်းတစ်ယောက်တည်း ကျန်ရစ်ခဲ့
သည်။ ပန်းချီရေးချင်စိတ်လည်း မရှိသဖြင့် သူ၏ ဘီအက်စ်အေ
ဆိုင်ကယ်ကြီးကို ခွကာ တောင်သမန်ဘက်ဆီသို့ ထွက်လာခဲ့သည်။
မယ်ဇယ်ပင်တန်းအရိပ်တွင် ဆိုင်ကယ်ကိုရပ်ကာ တောင်သမန်အင်းစပ်
ဘက်သို့ တစ်ကိုယ်တည်း လွတ်လွတ်လပ်လပ် လျှောက်လာခဲ့ပါ၏။
သျှိုလာဝီကျွန်း၏ နံ့တင်မြေနု ယာကွက်၊ လယ်ကွက်များထဲမှ ပြောင်း၊
နှမ်း၊ ပဲ၊ ခရမ်း၊ ငရုတ်ခင်းများပေါ်သို့ ဝင်လုဆဲနေခြည် ဖျော့ဖျော့က
ယုက်ဖြာကျဆင်းနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဝေးဆီမှ တောင်တန်းပြာမှိုင်းမှိုင်းကြီးများကလည်း ပု
ဆီရောင် ယှက်ဖြာသန်းနေသည့် ဆည်းဆာရင်ခွင်ရိပ်တွင် မှေးမှိ
ကာ ခိုးနားနေကြသည်ထင့်။ ကျောက်တော်ကြီးဘုရားဘက်မှ တ
ချွင်နှင့် ဆွဲလည်းလှုပ်ခတ်သံလေးများက တောင်သမန်၏ ညနေခ
လေပြည်ထဲတွင် လွတ်လပ်စွာ လွင့်ပျံ့စီးမျောနေကြသည်သို့။

တောင်သမန်အင်းစပ်ရှိ မယ်ဇယ်ပင်ကြီးတစ်ပင်၏ သစ်
ဆုံတစ်ခုပေါ်တွင် ထိုင်ချလိုက်ရင်းမှ အိပ်မက်ထဲမှ သျှီလာဝီမင်းသ
လေးကို ညိုမှိုင်း ထူးထူးခြားခြား သတိရနေမိပါ၏။

ဆိုရပါလျှင် ညိုမှိုင်း လူပျိုပေါက်အရွယ်မှစတင်၍ ဤ
သျှီလာဝီအိပ်မက်ကို မကြာခဏဆိုသလို မြင်မက်ခဲ့သည်။ ထို့ကြေ
အိပ်မက်ထဲမှ ရုပ်ပုံများကို အာရုံတွင် သိရှိနေခြင်း (သို့မဟုတ်
စွဲစွဲထင်ထင် မှတ်မိနေခဲ့ခြင်းဖြစ်သည်။ ညိုမှိုင်းမှာ သူ၏အိပ်မက်ထဲတ
မကြာခဏ မြင်တွေ့နေရသည့် ဘဝဟောင်းမှ သျှီလာဝီမင်းသမီးလေ
မှလွဲ၍ မြန်မာနိုင်ငံတွင် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင်လည်းကော
မည်သည့်မိန်းမချော၊ မိန်းမလှလေးများကိုမှ စိတ်မဝင်စားခဲ့ပါ။ အ
ခွန် ပြောရလျှင် အိန္ဒိယနိုင်ငံ၌ရှိစဉ် ဂါသနာတူ၊ စရိုက်တူ အထက်တ
လွှာ အိန္ဒိယအမျိုးသမီး မိန်းမချော မိန်းမလှပေါင်းများစွာနှင့် တွေ့
ရင်းနှီးခွင့် ရရှိခဲ့သည့်တိုင် စိတ်ဝင်စား၍ မရခဲ့ပါချေ။

အချိန်ရှိသ၍ အိပ်မက်ထဲမှ သျှီလာဝီမင်းသမီးလေး၏ ပုံ
လွှာများကိုသာ တစိုက်မတ်မတ် ရေးဆွဲရင်း၊ အိပ်မက်ချစ်သူကိုသ
အိန္ဒိယပြည်အနှံ့ လှည့်လည်ရှာဖွေခဲ့သည် မဟုတ်ပါလား။





ဆည်းဆာလေပြည်ကြောင့် တောင်သမန်အင်းချေပြင်ကျယ် သည် လှိုင်းကြက်ခွပ်ကလေးများ ပင်ခတ်ကာ ဟိုသည်ပြေးလွှား ဆော့ကစားနေကြသည်ကို ညိုမှိုင်း ငေးမောကြည့်နေမိသည်။ အင်းရေ ပြင်ထက်မှ တံငါလှေအချို့ပင် ပိုက်သိမ်းကာ ကမ်းခြေအင်းစပ်သို့ လှော်ခတ်နေကြပေပြီ။

ထိုအခိုက် ညိုမှိုင်း၏ရှေ့သို့ အရိပ်သဏ္ဍာန်တစ်ခု ရောက်ရှိ လာသည်။ ဖျတ်ခနဲမော့ကြည့်လိုက်တော့ တောင်သမန်ဆည်းဆာ နတ်သမီးလေးတစ်ပါးကို အံ့ဩစွာ မြင်တွေ့လိုက်ရပါ၏။

"သျှီ လာ ဝီ"

သူ၏ရှေ့မှ အလှနတ်သမီးလေး သို့မဟုတ် အိပ်မက်ရှင် သခင်မလေး သျှီလာဝီက ပြုံးလိုက်သည်။ သန့်ရှင်းကြည်လင် သလောက် နုညက်မွတ်စင်နေသည့် မျက်နှာလှလှကလေးက ယခုမှ ပင် ပို၍ ပို၍ အလှတရားများ ပြည့်စုံသွားသည်သို့။

သျှီလာဝီက ထပ်မံ၍ အပြုံးလှဲ့လှဲ့နှင့် ကြည့်လိုက်ရင်း...

"အဟော်... မြတ်ဆုပါ ကိုညိုမှိုင်း။ မနေ့က ပို့ပေးလိုက်တဲ့ ဘော်ဖြူလေးရဲ့ကိုယ်စား ကိုယ်ပွားလေးအတွက် ကျေးဇူးတင်ပါတယ် ရှင်၊ မြတ်ဆုရဲ့ ပျောက်ဆုံးသွားပြီဖြစ်တဲ့ အမြတ်နိုးဆုံးပစ္စည်းတစ်ခုကို ပြန်လည်ရှာဖွေတွေ့လိုက်ရသလိုပါပဲ ကိုညိုမှိုင်း"

"ဪ... ရပါတယ် မြတ်ဆုရယ်၊ ဒါပေမဲ့ မြတ်ဆုဟာ ကျွန်တော့်ရဲ့ အိပ်မက်ထဲက ကျွန်တော့်ရဲ့ချစ်သူ သျှီလာဝီမင်းသမီး လေးဖြစ်နေလို့ သျှီလာဝီလို့ပဲ ခေါ်ခွင့်ပြုပါလား"



www.burmeseclassic.com

www.burmeseclassic.com



ယခုမှပင် မြတ်ဆုန္ဒွေး၏နောက်မှ ပါလာသည့် လည်ပင် နီနီရဲရဲလေးနှင့် ဘော်ဖြူလေးကိုယ်ပွား (ခွေးဖြူလေး) ကို ညိုမှိုင် တွေ့လိုက်ရပါ၏။ တစ်ဆက်တည်းမှာပင် အပြာရောင်နိုင်လွန်အင်္ကျီ လက်ပြတ်နှင့် အပြာရင့်ရောင်တွင် အနီရောင်နှင်းဆီပွင့်များ၊ အစိမ်း ရောင်နှင်းဆီရွက်များဖြင့် ဝေဆာနေသည့် ဘရိုကိတ်လုံချည်ကို ဝတ် ဆင်ထားသဖြင့် မြတ်ဆုန္ဒွေး၏ ဖြူစင်ဝင်းမွတ်သော အသားအရေ ကျစ်လျစ်သွယ်လျသော ခန္ဓာကိုယ်မှ ရှိုက်ဖိုကြီးငယ် အသွယ်သွယ် က မြင်သူတကာ ပုရိသယောကျ်ားမှန်သမျှ အသက်ရှူမှားသွား လောက်ရသည့် တောင်သမန်ဆည်းဆာ နတ်သမီးတစ်ပါးနှယ် တည်း။

ညိုမှိုင်း၏ လွမ်းယုယုစကားကြောင့် မြတ်ဆုန္ဒွေး၏ပါးပြင် ထက်တွင် ရှက်သွေးစို့စို့ ဖြန်းပက်သွားသည်သို့။ ရွှန်းလက်ကြည်စင် သော မျက်ဝန်းအစုံဖြင့် ညိုမှိုင်းကို ရီဝေစွာ ကြည့်မိရင်းမှ သျှိုလာ ပုရပိုက်မှတ်တမ်းထဲမှ ပန်းချီကျော် ပုညအား မြင်ယောင်နေမိပါ၏

"ဪ ကိုညိုမှိုင်းရယ်... အိပ်မက်နယ်မြေထဲက စိတ်ကူး ပုံရိပ်တွေက အပြင်လောကမှာ အမှန်တကယ်ပင် ရှိနိုင်တာမှ မဟုတ် ဘဲရှင်၊ အဲဒီ သျှိုလာဝီအိပ်မက်ထဲကနေ ရှင် ရုန်းမထွက်နိုင်တော့ ဘူးလား ကိုညိုမှိုင်းရယ်"

"အို... ဘယ့်နှယ်ပြောလိုက်တာလဲ သျှိုလာဝီ၊ ကျွန်တော် အနှစ်နှစ်အလလ ရှာဖွေနေတဲ့ အိပ်မက်ရှင်မလေးကို အခုမှပဲ စပြီး တွေ့ကာရှိသေးတယ်၊ ဒီအိပ်မက်ကမ္ဘာလေးထဲက ဘာဖြစ်လို့ ရုန်း





ထွက်ရမှာတဲ့လဲ သျှိုလာဝီ၊ နောက်ပြီး ဘဝဟောင်းကချစ်သူတို့ အိပ်မက်ထဲကချစ်သူတို့ဆိုတာ ရေးရေစက်ကြောင့် ဘယ်လောက်ပဲ ဝေးကွာခဲ့ကြပေမယ့် ရေစက်ဆုံလို့ ပြန်ပြီးတွေ့ဆုံကြရတဲ့အချိန်မှာ သူတို့နှစ်ဦးရဲ့သစ္စာ၊ သံယောဇဉ်တွေဟာ ရှင်သန်လူးလွန့်လာကြရ တယ်၊ ဘာကြောင့်လဲဆိုတော့ မတွေ့ခင် မမြင်ခင်ကတည်းက အိပ်မက်ထဲမှာ လိပ်ပြာချင်းဆုံတွေ့ကြပြီး အိပ်မက်ထဲကချစ်သူကို ရှာဖွေနေတဲ့ (မသိစိတ်) ကြောင့်ပဲပေါ့"

ညိုမှိုင်းက သျှိုလာဝီခေါ် မြတ်ဆုန္ဒွေး၏မျက်နှာလေးကို စိုက်မက်မက်ကြည့်ရင်း သူ၏ ရင်ဘတ်ကြီးထဲမှ စကားလုံးများကို တွတ်တွတ်နှင့် ဖွင့်အံပြောဆိုနေပါ၏။

"ဒါပေမဲ့ ခက်တာက သျှိုလာဝီကို ကျွန်တော်က တစ်ဖက် သတ် လူချင်းမမြင်ဘူး မတွေ့ဖူးခင်ကတည်းက စွဲစွဲနစ်နစ် ချစ်ခင် လမ်းခဲ့ရသလောက် သျှိုလာဝီကတော့ ကျွန်တော့်ကို တွေ့တွေ့ချင်း ဩဿနာပေါင်းစုံနဲ့ ရင်ဆိုင်ခဲ့တယ်လေ"

ညိုမှိုင်း၏စကားများကို နားထောင်ရင်းမှ မြတ်ဆုန္ဒွေး တစ် ဆက် ညိုမှိုင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ရပုံများကို ပြန်လည်မြင်ယောင် လာခဲ့သည်။ ခွေးကလေးဘော်ဖြူ ဆိုင်ကယ်တိုက်ခဲ့မိစဉ်က ညိုမှိုင်း အား ကိုယ်ထိလက်ရောက် စော်ကားခဲ့ပုံ၊ တောင်သမန်ပုံရိပ်ပန်းချီ ပြပွဲတွင် သျှိုလာဝီမင်းသမီး ပန်းချီကားချပ်ကို သူမ၏ပုံတူဟု စွပ်စွဲကာ ရောင်းအကျပ် ဖြတ်ပစ်နိုင်းခဲ့ပုံများကို တရေးရေးမြင်ယောင်လာမိ ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ဟို... ဖြစ်ပျက်ပြီးခဲ့တဲ့ ကိစ္စတွေအတွက် မြတ်ဆု တောင်းပန်ပါတယ် ကိုညိုမှိုင်း။ အဲဒီတုန်းကတော့ မြတ်ဆု မထင်မှတ်တဲ့အရာတွေနဲ့ ကြုံတွေ့ခဲ့ရလို့ စိတ်အခန့်မသင့် ဖြစ်သွားခဲ့ရတာကို ခွင့်လွှတ်ပါ ကိုညိုမှိုင်း"

မြတ်ဆုနွေးမှာ ညိုမှိုင်းအား တောင်းပန်စကားပြောနေရင်းမှ မမျှော်လင့်ဘဲ ရရှိလာခဲ့သည့် သျှိုလာဝီပုရပိုက်မှတ်တမ်းကိစ္စကို ဖွင့်ပြောရကောင်းနိုး စဉ်းစားတွေဝေနေမိသည်။ တကယ်တော့ မြတ်ဆုနွေးကိုယ်တိုင်လည်း ညိုမှိုင်းဆိုသည့် ပန်းချီဆရာလေးတစ်ယောက်နှင့် တွေ့ဆုံပြီးပါမှ သူမ၏ ငြိမ်သက်နေသည့် နှလုံးသားကန်ရေပြင်လေးသည် ရင်ခုန်သံလှိုင်းဂယက်တို့ ထခဲ့ရပါသည်ဟုဆိုလျှင်... ။

၆

အမရပူရ ဂါတ်တဲဝင်းကြီးအတွင်းရှိ ဌာနာအုပ်ကြီးဦးကျော်ခေါင်၏ ရုံးခန်းထဲသို့ ပန်းချီဆရာလေးညိုမှိုင်းတစ်ယောက် လွယ်အိတ်တစ်လုံး လွယ်လျက် ဝင်ရောက်လာပါ၏။

ရုံးခန်းအတွင်းမှာတော့ စားပွဲတစ်လုံးနှင့် ဖိုင်တွဲပုံကြီးကြားတွင် အလုပ်များနေဟန်တူသည့် ဌာနာပိုင်ကြီး ဦးကျော်ခေါင်ကို ညိုမှိုင်း တွေ့လိုက်ရသည်။ စားပွဲရှေ့တွင် လူရိပ်တစ်ခုကို မြင်လိုက်ရသဖြင့် ဦးကျော်ခေါင် တစ်ချက်မော့ကြည့်လိုက်သည်။ လွယ်အိတ်တစ်လုံးနှင့် ညိုမှိုင်းကို မြင်လိုက်ရသည်နှင့်...

"သြော်... ထိုင်ကွာ မောင်ညိုမှိုင်း"

ညိုမှိုင်းက စားပွဲရှေ့သို့ ကုလားထိုင်ပေါ်တွင် ဝင်ထိုင်လိုက်သောအခါ ဦးကျော်ခေါင်က ၎င်းရှေ့မှ ပုပ္ပားစီးကရက်ဘူးနှင့် မီးခြစ်ကို ညိုမှိုင်းရှေ့သို့ တွန်းပို့လိုက်သည်။

"ဌာနာပိုင်ကြီး အချိန်ရမလားမသိဘူး၊ ကျွန်တော် အစ်ကိုကြီး သေဆုံးရတာနဲ့ပတ်သက်ပြီး မရှင်းတာလေးတွေ ထပ်ပြီးသိချင်လို့ လာခဲ့တာပါ"

"အာ... ဖြစ်ပါတယ် မောင်ညိုမှိုင်းရဲ့၊ ကျုပ်တောင် မောင်ညိုမှိုင်းကို တွေ့ချင်လို့ ပန်းချီပြခန်းဘက်ကို ရောက်ခဲ့သေးတယ်၊ မောင်ညိုမှိုင်း တောင်သမန်အင်းဘက်ကို ထွက်သွားတယ်ဆိုလို့ အဲဒီနေ့က မတွေ့ခဲ့ရဘူးလေ၊ ကဲ... ဆို... [illegible]တွေ သိချင်တာလဲ မောင်ညိုမှိုင်း"

ဦးကျော်ခေါင်က သူ၏ရှေ့မှဖိုင်တွဲ[illegible]လိုက်ပြီး ညိုမှိုင်းနှင့် မျက်နှာချင်းဆိုင်ကာ မေးလိုက်ပါ၏။

"ဟို တောင်သမန်ထိပ်က မိစ္ဆာအိမ်[illegible]အစားသုပ်ပြီးသေသွားကြတဲ့သူတွေဟာ တခြားဒေသကလူတွေလား၊ ဟိုအသုံခံနယ်သားတွေရောပါသေးလားဆိုတာ သိချင်လို့ရယ်၊ နောက်ပြီး သေဆုံးခဲ့ရတဲ့နေရာဟာ ကျွန်တော့်ရဲ့အစ်ကို သေဆုံးခဲ့ရတဲ့တောင်ကြီးပေါ်မှာပဲလားဆိုတာရယ်ကို အသေးစိတ်သိချင်လို့ပါ ဌာနာပိုင်ကြီး"





ကြယ်စင်သစ်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

ညိုမှိုင်း၏မေးခွန်းများအတွက် ဌာနာပိုင်ကြီးဦးကျော်ခေါင် အတန်ကြာမျှ စဉ်းစားချင့်ချိန်နေရာမှ တစ်စုံတစ်ရာကို ကျေနပ်သွားသည်ထင့်. . . ။ သူ၏ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း။

"အိုး. . . သက်စ်ရိုက်၊ ဒီမေးခွန်းဟာ မေးသင့်မေးထိုက်တဲ့ မေးခွန်းပဲ မောင်ညိုမှိုင်း။ ဟုတ်တယ်. . . အဲဒီစံအိမ်ကြီးမှာ သေဆုံးခဲ့ကြတဲ့သူတွေအများကြီး ရှိခဲ့ကြပေမယ့် မောင်ညိုမှိုင်းမေးသလို အလောင်းအစားနဲ့ သေဆုံးခဲ့ကြရတဲ့သူတွေဟာ ဘယ်လိုလူတွေလဲ ဆိုတာ သီးခြားခွဲပြီး စိစစ်ကြည့်ဖို့လိုတာပေါ့၊ ဟုတ်ပြီ. . အခုပဲ ကျုပ်တို့ စိစစ်ကြည့်ကြမယ်လေ"

ဌာနာပိုင်ဦးကျော်ခေါင်ကလည်း အသက် (၄၀) ကျော်ခဲ့သည့်တိုင် ထက်ထက်မြက်မြက်နှင့် သွက်လက်တုန်းပင် ရှိပါသေး၏။ ယခုလည်း ညိုမှိုင်း တစ်ချက်ထောက်ပြသည့် ဟာကွက်တစ်ခုကို သူကိုယ်တိုင် သဘောကျသွားသည်မို့ နောက်ဘက်ဗီရိုထဲမှ ဖိုင်တွဲများကို ဆွဲယူရှာဖွေလိုက်သည်။

ညိုမှိုင်းက ပုပ္ပားစီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာရင်း ဦးကျော်ခေါင် အမှုတွဲများ ရှာဖွေနေခြင်းကို တိတ်ဆိတ်စွာ စောင့်စားနေပါ၏။ ဦးကျော်ခေါင်က အနီရောင်ကြိုးနှင့် စည်းထားသည့် ဖိုင်တွဲလေးငါးခုကို ဖြုတ်ယူကာ တစ်ခုချင်းစီ သေချာစွာကြည့်ရှုနေသည်။

ဌာနာပိုင်ကြီး ဦးကျော်ခေါင်၏ ရုံးခန်းထဲတွင် အတန်ကြာမျှ တိတ်ဆိတ်ငြိမ်သက်နေပါ၏။ ဦးကျော်ခေါင်၏ စာရွက်လှန်သံ တဖျပ်ဖျပ်ကသာ ကြီးစိုးမင်းမူလျက်ရှိသည်။ အတန်ကြာမျှ တိတ်ဆိတ်နေ





ပြီးမှ. . .

"ဟုတ်တယ် မောင်ညိုမှိုင်းရေ. . ငုပ်နေတဲ့သဲလွန်စတစ်ခု မောင်ညိုမှိုင်းကျေးဇူးကြောင့် ကျုပ် ရှာဖွေတွေ့ရှိသွားပြီ၊ မောင်ညိုမှိုင်း တွေးထင်ယူဆထားသလို ဒီမိစ္ဆာစံအိမ်ကြီးမှာ သေဆုံးသွားကြတဲ့သူတွေ အများကြီးရှိခဲ့ပေမယ့် ဟောဒီ လေးငါးခြောက်နှစ်နောက်ပိုင်း အလောင်းအစားလုပ်ပြီး သေဆုံးသွားခဲ့ကြတဲ့သူတွေဟာ ထူးထူးခြားခြား တစ်နယ်သားတွေ ဖြစ်နေတာကို ကျုပ်တွေ့ခဲ့ရပြီ မောင်ညိုမှိုင်းရေ၊ နေပါဦး မောင်ညိုမှိုင်းရဲ့. . အဲဒီလိုအတွေးမျိုး ဘာကြောင့် ဝင်လာခဲ့တာလဲ"

"ဩော်. . . ဘာရယ်လို့ မဟုတ်ပါဘူး ဌာနာပိုင်ကြီး၊ ဖြစ်နိုင်ခြေရှိတဲ့ ရှားရှားပါးပါး သဲလွန်စတွေ ရှာဖွေကြည့်ရင်းက စိတ်ထဲကို ဝင်လာခဲ့တာပါ၊ နောက်ပြီး ကျွန်တော်စုံစမ်းသိရှိခဲ့ရသမျှ အစ်ကိုကြီးလို အလောင်းအစားနဲ့ သေဆုံးသွားကြတဲ့သူ သုံးဦးဟာ တစ်နယ်တစ်ကျေးက လူစိမ်းတွေချည်းပဲ ဖြစ်နေတာတွေ့ရလို့ စိတ်ထဲမှာ သံသယဝင်မိခဲ့တာပါ ဌာနာပိုင်ကြီး"

ဌာနာပိုင်ကြီးဦးကျော်ခေါင်က မောင်ညိုမှိုင်းပြောသမျှကို သဘောတကျကျနှင့် ခေါင်းတညိတ်ညိတ် နားထောင်နေပါ၏။ ပြီးမှ သူ၏ ဆေးပြင်းလိပ်မည်းမည်းကြီးကို မီးညှိရှိုက်ဖွာလိုက်ရင်း. . .

"နောက်တစ်ချက်ကတော့ သိပ်ထူးထူးခြားခြား မရှိပါဘူး၊ အဲဒီစံအိမ်ကြီးထဲမှာ အလောင်းအစားလုပ်ပြီး အိပ်ကြတဲ့သူပဲဖြစ်ဖြစ် ချက်စီလည်လမ်းမှားပြီး ရောက်လာကြတဲ့သူတွေပဲဖြစ်ဖြစ် အခန်းကြီး


www.burmeseclassic.com

www.burmeseclassic.com



တစ်ခုထဲက ခုတင်ကြီးပေါ်မှာပဲ နှလုံးသွေးရပ်ပြီး သေကြရတာချည်းပဲ မောင်ညိုမှိုင်း၊ အင်း... ကျုပ်အထင်ပြောရရင်တော့ သူတို့အားလုံးဟာ မသေခင်မှာ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ တစ်ခုခုကို မြင်တွေ့သွားကြတာလား ဒါမှမဟုတ် တစ်စုံတစ်ရာကို ဖြုန်းခနဲ တွေ့လိုက်ရလို့ နှလုံးသွေးရပ်ပြီး သေကြရတာလားဆိုတာ ဝေခွဲမရဖြစ်နေတယ် မောင်ညိုမှိုင်း''

''ဟုတ်ကဲ့... ကျွန်တော်လည်း အဲဒီအချက်ကို သတိထားမိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အစ်ကိုကြီးဟာ အနယ်နယ် အရပ်ရပ် သွားလာပြီး လက်တွေ့ထိုးသတ်တာကို ဝါသနာကြီးလွန်းတဲ့သူ တစ်ယောက်ပါ၊ ကျန်းမာရေးအရဆိုရင်လည်း အဖက်ဖက်ကကောင်းမွန်တဲ့သူ၊ တကယ်လည်း ကျန်းမာသန်စွမ်းနေတဲ့ အရွယ်ကောင်း, အချိန်ကောင်းပါ၊ ဒီလိုလူတစ်ယောက်က သာမန် ထိတ်လန့်ကြောက်ရွံ့စရာမြင်ကွင်းမျိုးကို မြင်တွေ့လိုက်ရတာလေးနဲ့ နှလုံးသွေးရပ်ပြီး သေသွားနိုင်ပါ့မလား၊ နောက်ပြီး ဘာဖြစ်လို့ အဲဒီခုတင်ကြီးပေါ်မှာပဲ ကျကျနနကြီး သေသွားရတာလဲ၊ သေသေချာချာ တွေးကြည့်လိုက်ရင် ဖြစ်စဉ်တစ်ခုလုံးဟာ မသင်္ကာစရာတွေချည်းပါပဲ၊ ကျွန်တော်တစ်ခုတော့ သေသေချာချာ ပြောရဲတယ်၊ ဒီကိစ္စဟာ ရည်ရွယ်ချက်ကြီးကြီး နဲ့ ပိပိရိရိ ကြိုတင်ကြံစည်ထားတဲ့ လုပ်ကြံမှုကြီးတစ်ခုပဲ ဌာနာပိုင်ကြီး၊ စိတ်ရှည်ဖွဲကောင်းကောင်းနဲ့ ခြေရာခံနိုင်, သဲလွန်စရှာနိုင်မယ်ဆိုရင် တစ်ချိန်ချိန်မှာ အဲဒီလျှို့ဝှက်ချက်ကို တွေ့ရမှာ အသေအချာပဲ ဌာနာပိုင်ကြီး''





စိတ်ပါလက်ပါနှင့် သူ၏အမြင်ကို အားပါးတရ ပြောပြနေသည့် ညိုမှိုင်း၏စကားများကို ဦးကျော်ခေါင် ဆေးပြင်းလိပ်ကို ဖွာရှိုက်ရင်း လေးလေးနက်နက် နားထောင်နေပါ၏။ ဖြစ်နိုင်သမျှများကိုလည်း စဉ်းစားဆင်ခြင်နေမိသည်။ အတန်ကြာမှ...

''အင်း... မောင်ညိုမှိုင်းပြောတာတွေက ဖြစ်နိုင်ခြေတွေကို ဆက်စပ်ပြီး ကွင်းဆက်တွေနဲ့ ချိတ်ဆက်လို့ အဖြေထုတ်ယူတဲ့နည်းပဲ၊ ကောင်းပါတယ်၊ ကျုပ်တို့ပုလိပ်အရာရှိကြီးတွေတောင် မတွေးမိဘဲ ဟာသွားတဲ့ လစ်ဟာချက်တွေကို မောင်ညိုမှိုင်းက ထောက်ပြလိုက်တာပဲလေ၊ ဒါပေမဲ့ ကျုပ်တို့ကို ပြဋ္ဌာန်းထားတဲ့ ဥပဒေက တွေးခေါ်ယူဆချက်တွေလောက်နဲ့ မလုံလောက်ဘူး မောင်ညိုမှိုင်း၊ အဓိကသက်ရှိသက်သေတွေ, သက်မဲ့သက်သေတွေ, မျက်မြင်သက်သေတွေနဲ့ သဲလွန်စအထောက်အထားတွေနဲ့ အမှုကို တည်ဆောက်ရတာဆိုတော့ ကျုပ်အဖို့ လွယ်မယောင်နဲ့ ခက်တယ် မောင်ညိုမှိုင်းရေ''

''ဒါထက် အဲဒီစံအိမ်ကြီးနဲ့ပတ်သက်လို့ နောက်ထပ် ဘာသတင်းမှ မကြားရသေးဘူးလား ဌာနာပိုင်ကြီး၊ ကျွန်တော့်သဘောအရ ဆိုရင်တော့ အဲဒီစံအိမ်ကြီးကို ပိတ်ပစ်လိုက်ပြီး အားလုံးမြေလှန်ပြီးစစ်ဆေးကြည့်လိုက်ချင်တယ်''

''အင်း... လူသေမှုတွေပဲ ဖြစ်နေတာရယ်၊ ပိုင်ရှင်အဆက်ဆက်ကလည်း ရှိနေကြသေးတာရယ်၊ နောက်ပြီး သေတာတွေကလည်း ရာဇဝတ်မှုနဲ့ မပတ်သက်တာရယ်ကြောင့် တရားဝင်ပိတ်ပစ်လို့လည်း မရဘူး မောင်ညိုမှိုင်း၊ အင်း... ရှေ့လဆန်းပိုင်းလောက်က



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျုပ်တို့ဌာနကို ပုလိပ်မင်းကြီးရုံးကနေ အကြောင်းကြားစာတစ်စောင် ရောက်လာသေးတယ်၊ ကျုပ်တို့နယ်ဘက်ကနေ (ဂျော့ဝေလာ) တံဆိပ်ပါတဲ့ ရွှေဒင်္ဂါးအတုတွေ ထွက်နေတယ်ဆိုတဲ့အကြောင်းနဲ့ အစဉ်အလာပွဲတော်တွေကို ခုတုံးလုပ်ပြီး ရာဇဝတ်မှုနဲ့မကင်းတဲ့ ဖြစ်ရပ်တွေ တော်တော်များများ ပေါ်ပေါက်နေလို့ ဒီကိစ္စတွေကို အမြန်ဆုံးစုံစမ်းဖော်ထုတ်ပေးပါလို့ အကြောင်းကြားလာတယ် မောင်ညိုမှိုင်း၊ ဒါတွေက မောင်ညိုမှိုင်းတစ်ယောက်တည်း သိရှိထားအောင် ပြောထားတာနော်၊ ဒီကိစ္စတွေက လျှို့ဝှက်စုံစမ်းပြီး ဖော်ထုတ်ရမှာကွဲ့"

"စိတ်ချပါ ဌာနာပိုင်ကြီး... အခုလိုမျိုး သိရှိထားတော့ ကျွန်တော့်အတွက် ပိုပြီးကောင်းတာပေါ့၊ ကိုင်း... ဌာနာပိုင်ကြီးလည်း အလုပ်တွေများနေတယ်ဆိုတော့ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

"ကောင်းပါပြီ၊ အကြောင်းထူးရင် ကျုပ်ဆီကိုအချိန်မရွေး အကြောင်းကြားပါနော်၊ ဟို အင်း... သျှီလာဝီမင်းသမီးလေးဆီကိုပဲ သွားမနေနဲ့ဦးနော်၊ အဲဒီ သျှီလာဝီလေးကလည်း (Not For Sale) ပဲ မောင်ညိုမှိုင်းရေ၊ သူနဲ့စေ့စပ်ထားတဲ့သူကလည်း မန္တလေးမှာ အကောင်ကြီးကြီး အမြီးရှည်ရှည်ပဲဗျို့... ဟင်း ဟင်း"

ဌာနာပိုင်ကြီးဦးကျော်ခေါင်က မြတ်ဆုနွေးခေါ် (သျှီလာဝီမင်းသမီးလေး) နှင့်ပတ်သက်၍ သူ၏ ရောင်းရင်းမိတ်ဆွေ မောင်ညိုမှိုင်းအား လိမ္မာပါးနပ်စွာဖြင့် သတိပေးလိုက်သည်။

"အာ... မဟုတ်တာ ဌာနာပိုင်ကြီးရယ်၊ ကျွန်တော်တို့က ရိုးရိုးသားသားပါ၊ တစ်ခုပဲပြောစရာရှိတယ်... အဲဒီမြတ်ဆုနွေးဆိုတဲ့





မိန်းကလေးက ကျွန်တော့်အိပ်မက်ထဲက ကျွန်တော့်ချစ်သူ သျှီလာဝီမင်းသမီးလေးနဲ့ တစ်ထေရာတည်းတူနေတာပဲ၊ ကျွန်တော့်အတွက်ခက်နေတာပါ"

"ဟင်း ဟင်း... ကျုပ်သိပါတယ် မောင်ညိုမှိုင်းရယ်၊ စကားအဖြစ်သာ ပြောနေတာပါ၊ ကဲ ကဲ... သွားပေဦးတော့ မောင်ညိုမှိုင်းရေ၊ အရာအားလုံးအတွက် ကံကောင်းပါစေ"

ထိုနေ့က ဌာနာပိုင်ကြီးဦးကျော်ခေါင်ထံမှ ပြန်လာခဲ့သည့်တိုင် မြတ်ဆုနွေး ခေါ် သျှီလာဝီမင်းသမီးလေးနှင့် ပတ်သက်၍ လှုပ်ခါနေသည့် နှလုံးသားမှ သံယောဇဉ်ဖြောင့်ချက်အဖြေမှန်ကို ညိုမှိုင်းတစ်ယောက် အပြန်ပြန်အလှန်လှန် စဉ်းစားရှာဖွေနေခဲ့သည်ဟု ဆိုပါလျှင်။

/ / /



www.burmeseclassic.com

www.burmeseclassic.com



## ဘျိုလာဝီဝေးသော ဒေါင်းဒဂီးလည်ဆွဲပွဲတော်

တစ်ဦးက ဘျိုလာဝီနှင့်ပတ်သက်သမျှ အိပ်မက်ကမ္ဘာထဲတွင် မကြာခဏဆိုသလို ရင်းနှီးကျွမ်းဝင်ခဲ့ကြသည်မို့ အိပ်မက်ချစ်သူများ ဟူ၍ပင် တင်စားခေါ်ဆိုရမလောက်။ ဘျိုလာဝီနှင့်ဆက်သွယ်လာလျှင် အရှုံးအမှုံးဖြစ်ကာ စွဲစွဲလမ်းလမ်းဖြစ်နေရှာသူ။

တစ်ယောက်က ဘျိုလာဝီနှင့်ပတ်သက်သည့် ပုရပိုက် သေတ္တာငယ်လေးကို မမျှော်လင့်ဘဲ တွေ့ရှိခဲ့ခြင်း၊ သူနှင့်တစ်ထေရာ တည်း တူညီနေသည့် ဘျိုလာဝီမင်းသမီးပန်းချီကားမှတစ်ဆင့် ဘျိုလာဝီကို အချိန်ပြည့် လွမ်းမောနေရှာသည့် ပန်းချီဆရာလေးတစ် ယောက်နှင့် အမှတ်မထင် ကြုံကြိုက်ခဲ့ရာမှ ဘျိုလာဝီမင်းသမီးနှင့် ပန်းချီကျော်ပုညတို့၏ သနားစဖွယ် ပုံရိပ်လွှာများနှင့် အဖြူရောင်သစ္စာ တရားတို့ကို စွဲလမ်းအားကျနေသူ။

ထိုသူနှစ်ဦးတို့သည် မမျှော်လင့်ဘဲ တောင်သမန်သစ္စာနယ် မြေတွင် ဆုံစည်းခဲ့ကြသည်။ တစ်ယောက်က ဘဝကို လွတ်လပ်ပျော်





ရွှင်စွာ ပျံသန်းနေသူ၊ တစ်ယောက်က ရွှေအိမ်စံလှောင်ချိုင့်အတွင်းမှ လွတ်လပ်မှုကို တမ်းမှုးနေသူ။

ဤပုံရိပ်လွှာနှစ်ခု တူညီသော သစ္စာလမ်းကြောင်းတွင် ရင်းနှီး ချစ်ကြည်လာခဲ့ကြချိန်မှာတော့ ပန်းချီဆရာလေးညီမှိုင်း၏ အိပ်မက် နတ်သမီးလေး ဘျိုလာဝီမင်းသမီးလေး၏ဝိညာဉ်သည် မြတ်ဆုနွေး ဟူသော ရွှေအိမ်စံအလှနတ်သမီးလေးတစ်ပါးအား ပူးဝင်စွဲကပ်ကာ ဖြူစင်လွတ်လပ်သော အနှိုင်းမဲ့သစ္စာတရားတို့ဖြင့် ထုံမွမ်းအပ်သော သံယောဇဉ်သမုဒယကြိုးမျှင်လေးများက တစ်ဦးနှင့်တစ်ဦး ခိုင်ကျည် စွာ ရစ်ပတ်တွယ်ငင်သွားကြပါတော့သည်။

တိုက်တိုက်ဆိုင်ဆိုင် သူတို့နှစ်ယောက်၏ ချစ်ခရီးနိဒါန်းဖွင့် ချိန်သည် အမရပူရ၏ပျော်ပွဲရွှင်ပွဲတစ်ခုဖြစ်သော ရတနာ့ဂူပွဲတော်ကြီး နှင့် သွားရောက်တိုက်ဆိုင်နေခြင်းပင်တည်း။

ရင်ခွင်ထဲတွင် အလိုက်သင့်ငြိမ်လျက် သနပ်ခါးနံ့လေးတသင်း သင်းနှင့် မြတ်ဆု၏နဖူးဝင်းဝင်းမှ ဆံစ ဆံနွယ်လေးများကို ယုယစွာ သပ်တင်ပေးလိုက်ရင်း ညီမှိုင်းသည်လည်း တစ်စုံတစ်ရာကို တွေးနေမိ သည်။ သူ၏အိပ်မက်ကမ္ဘာထဲတွင် ဤရတနာ့ဂူနတ်ပွဲသည် သူတို့ နှစ်ဦး၏ အချစ်သစ္စာတရားကို ဖျက်ဆီးချေမွခဲ့သည့် ပွဲတော်ဖြစ်နေ ခြင်းကြောင့် စိတ်ထဲတွင် သရိုးသရီ ဖြစ်နေခြင်းပင်။

ထို့အတူပင် ဘျိုလာဝီပုရပိုက်မှတ်တမ်းကို အစအဆုံး ဖတ်ရှု ပြီးစီးထားသည့် မြတ်ဆုနွေးမှာလည်း ပျော်ရွှင်ဖွယ်ရာကောင်းသော ရတနာ့ဂူပွဲတော်ကြီးကို စိုးတထိတ်ထိတ်နှင့် ကြောက်ရွံ့နေသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို ချစ်ရသူ ညိုမှိုင်းအား ဖွင့်ဟပြောမထွက်နိုင်၊ သူ၏ရင်ထဲမှာပင် ကြိတ်မှိတ်မျိုသိပ်ကာ ခံစားနေသည် မဟုတ်ပါလား။

"အင်း... ကိုယ့်ရင်ထဲမှာတော့ မြတ်ဆုနဲ့ ဒီဘဝမှာ ချစ်သူဖြစ်ရတာထက် ဟို ဘယ်လိုပြောမလဲ အင်း... ကိုယ့်ရဲ့အိပ်မက်ထဲက အချစ်တွေကိုပါ ထပ်လောင်းပြီးအောက်မေ့ရတာ၊ ပိုပြီးခံစားချက်ရှိသလိုပဲ၊ ကိုယ့်ချစ်သူသျှိုလာဝီလေးကို အိပ်မက်ထဲမှာ ဒေါင်းဒဂ်ီးဆွဲပြားလေးတစ်ပြား ကိုယ်ကိုယ်တိုင် ဆွဲပေးခဲ့ဖူးတာကို အမှတ်ရနေမိတယ်၊ ဒါကြောင့်လည်း သျှိုလာဝီမင်းသမီးပုံတူပန်းချီကားမှာ အဲဒီဒေါင်းဒဂ်ီးပြားလေးကို ကိုယ် သေသေချာချာ ရေးဆွဲမိခဲ့တာပေါ့"

ညိုမှိုင်း၏စကားကြောင့် မြတ်ဆုနွေးမှာ သူ၏လက်ပွေ့အိတ်ကလေးထဲမှ တစ်စုံတစ်ရာကို ထုတ်ယူကာ ညိုမှိုင်း၏လက်ထဲသို့ ထည့်ပေးလိုက်သည်။

"ဒီလို ဒေါင်းဒဂ်ီးလေးမျိုးလား အစ်ကို"

မြတ်ဆုနွေးပေးလာသည့် ဒဂ်ီးပြားလေးကို ညိုမှိုင်း အမှတ်တမဲ့ ယူလိုက်ရင်း ကြည့်လိုက်မိသည်နှင့်၊

"ဟင်... ဒါ ဒါ မင်း မင်း ဘယ်ကရခဲ့တာလဲ မြတ်ဆု ဟင်... ဒီ ဒီ ဒေါင်းဒဂ်ီးလေးဟာ ကိုယ့်ရဲ့အိပ်မက်ထဲက ဒဂ်ီးလေးပါလား"

"ဟုတ်တယ် အစ်ကို... အဲဒါ သျှိုလာဝီမင်းသမီးပန်းချီကားမှာ မင်းသမီးလေးလည်မှာ ဆွဲထားတဲ့ ဒေါင်းဒဂ်ီးပြားလေးပါတဲ့ အစ်ကို"





စကားတစ်လုံးချင်း တည်ငြိမ်အေးဆေးစွာ ပြောဆိုနေသည့် ချစ်ရသူ မြတ်ဆုနွေးကို ညိုမှိုင်း စူးစူးနစ်နစ် စိုက်ကြည့်နေပါ၏။ သူ၏စိတ်ထဲတွင် ဒေါင်းဒဂ်ီးလေးက မြတ်ဆုနွေးလက်ထဲသို့ ဘယ်နည်းဘယ်ပုံဖြင့် ရောက်ရှိလာသနည်းဆိုသည်ကို လွန်မင်းစွာ သိချင်နေပါ၏။ ထို့ကြောင့် ဟန်ပင်မဆောင်နိုင်တော့ဘဲ မြတ်ဆုနွေး၏ ခုံးနှစ်ဖက်ကိုဆွဲကာ အလောတကြီး မေးမြန်းနေပါသည်ကော။

"ပြောပါ မြတ်ဆု... ဒီဒေါင်းဒဂ်ီးလေး ဘယ်ကရခဲ့သလဲ ဆိုတာ ကိုယ့်ကို အမှန်အတိုင်းပဲ ပြောပြပေးပါနော်"

"ဟင်း ဟင်း... သျှိုလာဝီရဲ့ ဒေါင်းဒဂ်ီးလေးကို သျှိုလာဝီကိုယ်တိုင် မြတ်ဆုကို ပေးသွားခဲ့တာပါ အစ်ကိုရယ်... ဟင်း ဟင်း"

"ဟင်"

မျက်လုံးပြူး မျက်ဆန်ပြူးနှင့် လွန်စွာအံ့သြထိတ်လန့်သွားသည့် ချစ်ရသူညိုမှိုင်း၏မျက်နှာကိုကြည့်ကာ သူမ၏ ခွေးဖြူကလေးသေဆုံးခဲ့ရာမှ မြေမြှုပ်သင်္ဂြိုဟ်ရာတွင် ထူးဆန်းသောပုရပိုက်သေတ္တာငယ်လေးတစ်လုံး တူးဖော်ရရှိခဲ့ပုံ၊ ထို့နောက် သေတ္တာလေးထဲမှ သျှိုလာဝီပုရပိုက်မှတ်တမ်းနှင့် ဒေါင်းဒဂ်ီးလေးတစ်ပြားပါ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရှိခဲ့ပုံများကို မြတ်ဆုနွေး ခရေစေ့တွင်းကျ ရှင်းပြလိုက်ပါတော့သည်။

ညိုမှိုင်းမှာ ချစ်ရသူမြတ်ဆုနွေး ရှင်းပြသည့် 'သျှိုလာဝီ ပုရပိုက်သစ္စာကျိန်စာကို နားထောင်ရင်း သူ၏မျက်နှာတွင် အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း၊ ဝမ်းသာကျေနပ်ခြင်း၊ စိုးရိမ်သောကဖြစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



စသည်တို့က ဖျတ်ခနဲ ဖျတ်ခနဲ လျှင်မြန်စွာပြောင်းလဲဖြစ်ပေါ်နေသည် သို့. . . ။

သို့သော် သို့လာဝီပုရပိုက်သစ္စာကိုနိစာအကြောင်းကို ပြောပြနေသည့် မြတ်ဆုရွှေကတော့ ရှုန်းလက်သောမျက်ဝန်းအစုံဖြင့် ချစ်သူညိုမှိုင်းအား မော့ကြည့်ကာ တစ်ကြိမ်တစ်ခါမျှ မပြုံးဖူးသော အပြုံးမျိုးဖြင့် လှိုက်လှိုက်လှဲလှဲ ပြုံးပြနေပါချေ၏။

"ဒီအတိုင်းဆိုရင် မြတ်ဆုဟာ အစ်ကို့ရဲ့အိပ်မက်ထဲက သို့လာဝီမင်းသမီးလေးဆိုတာ မှန်သွားပြီပေါ့နော်၊ ဘာဖြစ်လို့လဲဆိုတော့ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက မြေကြီးထဲမှာ နစ်မြုပ်နေခဲ့တဲ့ သို့လာဝီပုရပိုက်သေတ္တာလေးဟာ တိုက်တိုက်ဆိုင်ဆိုင် မြတ်ဆုလက်ထဲကို ရောက်လာခဲ့တယ်ဆိုတာ တော်ရုံတန်ရုံ စိတ်အစွဲဝိညာဉ်နဲ့ ရောက်မလာနိုင်ဘူးလေ အစ်ကိုရဲ့၊ နောက်ပြီး ကိုယ်ကိုယ်တိုင်လည်း ဒီသို့လာဝီပုရပိုက်မှတ်တမ်းကို ဖတ်ပြီးကတည်းက သစ္စာကြီးလှတဲ့ သို့လာဝီမင်းသမီးလေးနဲ့ ပန်းချီကျော်ပုညတို့ရဲ့ အချစ်ကို အားကျလွမ်းမောနေမိပါတယ် အစ်ကိုရယ်"

မြတ်ဆုရွှေက လွမ်းမောဆွတ်ပျံ့စွာဖြင့် အဆုံးသပ်လိုက်ပြီး ညိုမှိုင်း၏ရင်ခွင်ထဲသို့ တိုးဝင်လိုက်သည်။ ညိုမှိုင်းကလည်း သူ၏အိပ်မက်ထဲမှ သို့လာဝီမင်းသမီးလေး၏ ကိုယ်လုံးလေးကို အလိုက်သင့်ပွေ့ဖက်ကာ နဖူးဆံစလေးများကို ဖွဖွညင်ညင် နမ်းလိုက်ပါတော့သည်။ တရုတ်စံကားပွင့်တချို့ တဖြုတ်ဖြုတ်နှင့် ကြွေသက်လာကြသည်။





ခရေပွင့်ဝါဝါလေးများကလည်း လေရူးတစ်ချက်အဝှေ့တွင် တဖွဲဖွဲနှင့် ကြွေကျလာကြသည်။ ဆိုရပါမူ ထိုအချိန်ကလေးတွင် တောင်သမန်နယ်မြေတစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်လျှက်။ တောင်သမန်အင်းရေလှိုင်းခတ်သံ သဲ့သဲ့ညင်ညင်ကိုသာ ရံဖန်ရံခါ ကြားနေရသည်မှအပ အရာအားလုံးသည် တိတ်ဆိတ်ငြိမ်သက်မှုကသာ ဝါးမျိုသိမ်းပိုက်ထားခဲ့ပါချေပြီတည်း။

၆

'ဒုန်း ဝုန်း'

စားပွဲခုံထက်မှ စာအုပ်များနှင့် ဖိုင်တွဲတချို့ကို သူရ၏ ဒေါသတကြီး ထုရိုက်လိုက်သည့် လက်ဝါးရိုက်ချက်ကြောင့် ဖရိုဖရဲနှင့် လွင့်စဉ်ပျံ့ကြဲကုန်ကြသည်။

"မင်း မင်း ဘယ်လိုလုပ်လိုက်တာလဲ မြတ်ဆု. . . ကိုယ်နဲ့ ဘယ်လိုမှ အဆင့်မညီတဲ့ ပန်းချီဆရာတစ်ယောက်နဲ့ မင်းသွား သွားပြီး တွေ့နေတယ်ဆိုကွ ဟေ"

တရှူးရှူး တရှားရှားနှင့် ဒေါသမီးတောင် ပေါက်ကွဲနေသည့် ကိုသူရ၏ မျက်နှာကို မြတ်ဆုရွှေ တည်တည်ငြိမ်ငြိမ်ဖြင့် ကြည့်လိုက်ရင်း ဆိတ်ဆိတ်သာနေလိုက်ပါ၏။ သို့တိုင်အောင် ကိုသူရ၏ ဒေါသမီးက ငြိမ်းအေးမသွားပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ မြတ်ဆု… မင်းရဲ့အချိုးတွေဟာ သူရဆိုတဲ့ ခင်ပွန်းလောင်းတစ်ယောက်ကို ဥပေက္ခာပြု ဂရုမစိုက်တဲ့ သဘောလား။ မင်းသွားသွားပြီးတွေ့နေတဲ့ ပန်းချီဆရာ အစုတ်ပလုတ်က ဘယ်လောက်တောင်မှ အဆင့်ရှိနေလို့လဲ မြတ်ဆု"

သည်တစ်ကြိမ်တော့ မြတ်ဆုနွေး ငြိမ်သက်၍ ပါးစပ်ပိတ် မနေနိုင်ပါလေတော့။ ထိုင်ရာမှထကာ ကိုသူရနှင့်ယှဉ်၍ ရပ်လိုက်ရင်း…

"တစ်ဖက်သားကို အဲဒီလောက် ချိုးချိုးနှိမ်နှိမ် မပြောပါနဲ့ ကိုသူရ၊ မြတ်ဆု သူနဲ့တွေ့တာက သူ့ရဲ့အနုပညာကို လေးစားလို့ ယုံလည်းယုံကြည်လို့ မြတ်ဆုတို့ အမြဲလိုလို တွေ့ဆုံဖြစ်ကြတာပါ။ ဒါတွေအားလုံးဟာ ရိုးရိုးသားသားနဲ့ သန့်စင်စွာ တွေ့ဆုံကြခြင်းပါ ကိုသူရ"

"ဘာ… ဘာပြောလိုက်တယ် မြတ်ဆု၊ ဟင်… ရိုးရိုးသားသားနဲ့ သန့်စင်စွာ တွေ့ဆုံခြင်းတဲ့ ဟုတ်လား… ဟင်း ဟင်း ဟင်း'

ကိုသူရတစ်ယောက် မြတ်ဆုနွေး၏စကားလုံးတို့ကို ခပ်မဲ့မဲ့ အပြုံးနှင့် ယူငင်သုံးစွဲပြောဆိုလိုက်ပြီး မြတ်ဆုနွေးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ ပြီးလျှင် မြတ်ဆုနွေး၏မျက်နှာချောချောလေးကို စူးစူးနစ်နစ် စိုက်ကြည့်လိုက်ရင်းမှ…

"အေး… ကောင်းပြီ၊ မင်းတို့နှစ်ယောက် ဘယ်လောက်ရိုးသားပြီး ဘယ်လောက်တောင် သန့်ရှင်းဖြူစင်ကြသလဲဆိုတာ သိရ

ကြယ်စင်သစ်စာပေတိုက်



အောင် အခုအချိန်ကစပြီး မြတ်ဆု ဘယ်ကိုမှ မထွက်ရတော့ဘူး၊ ဦးလေးနဲ့လည်း တိုင်ပင်ပြီး မင်္ဂလာကိစ္စကို အမြန်ဆုံး စီစဉ်ရမယ်၊ ကိုင်း အာယုနဲ့ ပေါက်ကျော်… မင်းတို့ရဲ့မမလေးကို စောင့်ကြည့်ထားကြ၊ ဟောဒီ ရွှေကိန္နရီစံအိမ်ကြီးထဲကနေ ဘယ်ကိုမှ မထွက်စေနဲ့"

ရွှေကိန္နရီရက်ကန်းရုံနှင့် ရွှေကိန္နရီစံအိမ်ကြီး၏ အရှင်သခင် ဦးရန်နောင်၏ အရိုက်အရာကို လွှဲပြောင်းဆက်ခံမည့် ကိုသူရ။ မကြာခင် အနာဂတ်တွင် မြတ်ဆုနွေးကိုယ်တိုင် မလွဲမသွေ ထိမ်းမြားလက်ထပ်ရမည့် ခင်ပွန်းလောင်းအဖြစ် ဖခင်ကြီးကိုယ်တိုင် ရွေးချယ်သတ်မှတ်ပေးထားသည့် ကိုသူရဆိုသူ၏ ဒေါသမြားချက်အောက်တွင် ရွှေအိမ်စံ သို့မဟုတ် လှောင်ချိုင့်စံမင်းသမီးလေး မြတ်ဆုနွေးတစ်ယောက် အယူခံဝင်ခွင့်မရှိသလို ငြင်းဆန်ဖယ်ရှားခွင့်လည်း လုံးဝမရှိ။

နှလုံးရောဂါအခံရှိသော မွန်းကျပ်ပိတ်လှောင်နေသည့် ဖခင်ကြီး၏ အန္တိုင်းမဲ့ကျေးဇူးတရားများအောက်တွင် သန့်စင်သော၊ ဖြူစင်သော သူမ၏နှလုံးသားတို့ကို မြေမြှုပ်စတေးပစ်ရတော့မည်လေလား။

ယခုတော့ တောင်သမန်ရွှေလှောင်အိမ်စံအိမ်ကြီးတွင် သျှိလာဝီမင်းသမီးလေး မြတ်ဆုနွေးတစ်ယောက် အပြင်မထွက်ရဟူသော အမိန့်တစ်ရပ်နှင့်အတူ မျက်ရည်ကိုသာ အဖော်ပြုလျက် ရှိုက်ငင်ငိုကြွေးနေရသည့်အဖြစ်ကို ညိုမှိုင်းတစ်ယောက် သိရှိခွင့်ရနိုင်ခဲ့မည်ဆိုပါလျှင်။

ⱪⱪⱪ

ကြယ်စင်သစ်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း (၃)

- အိလူးတစ်တောင်နှင့်တွေ့ဆုံခြင်း သို့မဟုတ်
- အိပ်မက်မှန်တိုင်း အရိပ်လှိုင်းတစ္ဆေ
- ပိုးချည်မျှင်ဖြင့် ညှတ်တွင်းဆင်ခြင်း
- အန္တရာယ်တောင်ချောက်သို့ တိုးဝင်ခြင်း
- ငရဲတံခါးကိုဖြတ်၍ မိန္တာစံအိမ်သို့အဝင်
- သစ္စာတရား၏ ဘက်တော်သားများ
- မရဏသေမင်းလျှို့ဝှက်တောင်ချောက် သို့မဟုတ်
- အန္တရာယ်ခံတွင်းသို့ တိုးဝင်ကြသူများ
- မိန္တာစံအိမ်အတွင်းမှ လျှို့ဝှက်ချက်များ
- တောင်သမန်ထိပ်က မိန္တာအိမ်နိဂုံး





### အိလူးတစ်တောင်နှင့်တွေ့ဆုံခြင်း သို့မဟုတ်

အချိန်က နံနက်ဆယ်နာရီကျော်ခန့်ရှိပြီ ဖြစ်သည့်တိုင် နေလုံးကို မမြင်ရသေး။ ထိုအချိန်တွင် တောင်လေးလုံးကျောင်းတိုက် အနီး ရတနာပူရခန်းမအတွင်းရှိ တောင်သမန်ပုံရိပ် ပန်းချီပြခန်းရှေ့သို့ အစိမ်းရောင်ဂျစ်ကားတစ်စီး ထိုးဆိုက်လာခဲ့သည်။

ကားပေါ်မှ အသက် (၂၅) နှစ်ခန့် အရပ်ထောင်ထောင် မောင်းမောင်း၊ အသားညိုညို နှုတ်ခမ်းမွေးစစနှင့် လူတစ်ယောက် အနက်ရောင်ဘောင်းဘီရှည်နှင့် နီညိုရောင်အင်္ကျီလက်ရှည်တို့ကို ဝတ်ဆင်ကာ ပြခန်းရှိရာသို့ ခြေလှမ်းမှန်မှန်နှင့် လျှောက်လာပါ၏။ ထိုလူ ရွယ်မှာ လမ်းလျှောက်ရင်းမှ သူ၏လက်မှ ရွှေရောင်လက်ပတ်နာရီကို တန်ပါပါနှင့် မြော်ကြည့်လိုက်ပါသေးသည်။

ထိုအချိန် ပန်းချီပြခန်းထဲတွင် တာဝန်ခံဝေမင်းအိမ်၊ ပန်းချီ ဆရာညိုမှိုင်းနှင့် ပန်းချီဆရာတစ်စုတို့ ရှိနေကြသည်။ သည်နေ့ ရုံး ပိတ်ရက်ဖြစ်သဖြင့် တောင်သမန်ပုံရိပ် ပန်းချီပြခန်းထဲတွင် လာရောက်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရှုကြသည့် ပရိသတ်များနှင့် အတန်ငယ်စည်ကားနေပါ၏။

ထိုစဉ် လူရွယ်နှင့် သူ၏နောက်လိုက်တပည့်နှစ်ယောက်တို့မှာ ပန်းချီပြခန်းအတွင်းသို့ ဝင်ရောက်လာကြသည်။ ပန်းချီကားများကို တစ်ချပ်ခြင်း တစ်ချပ်ခြင်း စေ့စပ်သေချာစွာကြည့်ရှုကြရင်းမှ အခန်း ထောင့်တစ်နေရာရှိ သျှိုလာဝီမင်းသမီး ပုံတူပန်းချီကားချပ်ကြီးရှေ့သို့ ရောက်သောအခါ သူတို့အားလုံး ရပ်တန့်သွားကြသည်။

ရှေ့ဆုံးမှ လူညိုထွားလူရွယ်က သျှိုလာဝီမင်းသမီးအမည်ရှိ ပန်းချီကားအား စူးစူးဝါးဝါး ကြည့်နေရင်းမှ မျက်နှာအမူအရာများ သိသိသာသာ ပျက်ယွင်းသွားပါ၏။ ထို့နောက် ပြခန်းတာဝန်ခံအား ခေါ်ယူလိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော် ပြခန်းတာဝန်ခံ ဝေမင်းအိမ်ပါ။ ဒီက ညွှေသည်တော်ကြီးက ခေါ်တယ်ဆိုလို့ ကျွန်တော် ဘာအကူ အညီများ ပေးရမလဲ ခင်ဗျာ"

ဝေမင်းအိမ်က ညွှေသည်မျက်နှာစိမ်းလူရွယ်အား နှုတ်ဆက် စကားပြောရင်း ထုံးစံအတိုင်း မေးမြန်းလိုက်သည်။ သို့တိုင်အောင် မျက်နှာစိမ်းညွှေသည်လူရွယ်က ဝေမင်းအိမ်အား လုံးဝလှည့်မကြည့်ဘဲ စကားတစ်ခွန်းကိုသာ ခပ်ပြတ်ပြတ် ပြောဆိုလိုက်ပါ၏။

"ကျုပ် ဒီပန်းချီကားကို ဝယ်ချင်လို့ပါ။ တစ်ခါတည်း ပြော လိုက်မယ်နော် ... ပန်းချီကားဖိုးငွေကို ကျသင့်တဲ့တန်ဖိုးငွေထက် နှစ်ဆ ပိုပြီးပေးမယ်"

ရုတ်တရက် ကြားလိုက်ရသောစကားကြောင့် ဝေမင်းအိမ်

ကြယ်စင်သစ်စာပေတိုက်



ထိတ်ခနဲ ရင်ခုန်အံ့ဩသွားသည်။ ညိုမှိုင်းရေးဆွဲထားသည့် သျှိုလာဝီ မင်းသမီးပုံတူ ပန်းချီကားကိစ္စသည် ပြီးပြတ်သွားပြီဟု ထင်မှတ်ထား သော်လည်း ယခုတစ်ဖန် တစ်ကျော့တစ်ပြန် ရောက်ရှိလာခဲ့ပြန်ပါချေ ပြီကော။

လူရွယ်၏စကားသံက အတန်ငယ်ကျယ်လောင်သွားသည်မို့ ညိုမှိုင်းများ ကြားသွားလေပြီလားဟု ဝေမင်းအိမ် နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ တော်သေးသည်။ သူငယ်ချင်းပန်းချီဆရာများ နှင့် ဝိုင်းဖွဲ့စကားပြောကြနေကြသည်မို့ သက်ပြင်းကို အသာအယာ ချကာ လူရွယ်ရှိရာသို့ မျက်နှာမူလိုက်ပြီး...

"ဟုတ်ကဲ့... ဝမ်းနည်းပါတယ် ခင်ဗျာ၊ ဒီပန်းချီကားက မရောင်းပါဘူး။ ပန်းချီဆရာက သူ့ရဲ့အနုပညာပြချက်ကို လာရောက် ကြည့်ရှုကြတဲ့ ဝါသနာရှင်ပရိသတ်တွေကို မျှဝေခံစားခိုင်းရုံသက်သက် ပါ။ နောက်ပြီး ပန်းချီကားအောက်မှာလည်း (Not For Sale) လို့ စာတန်းလေးချိတ်ဆွဲထားပါတယ် ခင်ဗျာ"

"ဒါဆိုရင်လည်း ရှုပ်ရှုပ်ယှက်ယှက်ကွာ၊ မရောင်းနိုင်ဘူးဆို ရင်လည်း ဘာဖြစ်လို့ ပြခန်းမှာ ချိတ်ဆွဲထားရတာလဲ။ တကယ်လို့ ဒီပန်းချီကားထဲက မျက်နှာနဲ့တူတဲ့ မိန်းကလေးတွေရှိနေရင် အလကား သက်သက် သိက္ခာကျစရာတွေ ဖြစ်ကုန်မယ်၊ ဒီလိုလုပ်ပါလား တာဝန်ခံလေး... သူ့တန်ဖိုးထက် သုံးဆ သုံးဆပေးမယ်ဗျာ၊ ကျုပ်ကို အခုချက်ချင်း ရောင်းလိုက်ပါ"

မျက်နှာစိမ်းလူရွယ်ထံမှ စကားလုံးများက စည်းလွတ် ဝါး

ကြယ်စင်သစ်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ဖြစ်လာပါ၏။ ထို့ထက်မက ပန်းချီဆရာ၏ သိက္ခာ၊ ပညာရပ်နှ မာနတရားတို့ကိုပါ ထိပါးစော်ကားလာသည်မို့ ဝေမင်းအိမ် ပြန်လည် ချေပရန် ပြင်လိုက်စဉ်။

"ဟုတ်ကဲ့... တန်ဖိုးထက် အဆတစ်ရာ၊ တစ်ထောင်ပေ လည်း ဒီပန်းချီကားကို မရောင်းနိုင်ပါဘူး၊ ခင်ဗျားကိုကြည့်ရတာ ရည်ရည်မွန်မွန်နဲ့ ပညာတတ်တစ်ယောက်လို့ ထင်ပါတယ်၊ ဒီပန်း ကားကို နဂိုကတည်းက (Not For Sale) ရောင်းရန်မဟုတ်လို့ တ တန်းချိတ်ဆွဲထားပြီးသားပါ၊ ဒါကိုလည်း နားလည်နိုင်လိမ့်မယ်လ ထင်ပါတယ်"

သူ၏နောက်တွင် မည်သည့်အချိန်ကတည်းက ရောက်ရှိနေ သည်မသိ။ အောရှုရှ စီးပိုင်ပိုင်အသံနှင့် ဝင်ရောက်ပြောဆိုလိုက်သည် ညိုမှိုင်း၏စကားသံကြောင့် နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည် သူ့ကိုယ်သူ ယုံကြည်ချက်အပြည့်နှင့် ရပ်တည်နေသည့် ညိုမှိုင်း၏ တည်ငြိမ်အေးဆေးစွာ တွေ့မြင်လိုက်ရသည်။

"ဟင်... မင်း မင်း မင်း ဘယ်သူလဲ"

"ကျွန်ုပ်နာမည် ညိုမှိုင်း၊ အလုပ်အကိုင်က ပန်းချီသမားတစ် ယောက် ခင်ဗျားသိပ်ပြီး ဝယ်ချင်နေတဲ့ သျှိုလာဝီမင်းသမီး ပုံတူပန်း ကားကို ရေးဆွဲတဲ့ပန်းချီဆရာ၊ ကဲ... နောက်ထပ် ဘာသိချင်သေး သလဲ"

ရိုင်းပျစွာ လက်ညှိုးတထိုးထိုးနှင့် ပြောဆိုနေသည့် လူရွယ် အား ညိုမှိုင်းက တည်ငြိမ်စွာဖြင့် ခပ်ပြတ်ပြတ် ဖြေကြားလိုက်ပါ





သို့တိုင်အောင် သူ၏ရှေ့မှ လူရွယ်မှာ မခန့်လေးစား အမူအရာဖြင့် ခုံးတစ်ချက် တွန့်လိုက်ရင်း...

"အို့ ဟိုး... ကျန်သေးတယ်လေ၊ မသိနားမလည်တဲ့ ိုးသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ကို မဟုတ်တမ်းတရား လုပ် တတ်တွေ၊ ပန်းချီပုံတူကားတွေနဲ့ ကလိန်ဉာဏ်ဆင်နေတဲ့ ပန်းချီဆရာ ညိုမှိုင်းဆိုတာလေ... ဟင်း ဟင်း ဟင်း"

လူရွယ်၏ ရိုင်းပျစော်ကားသောစကားကြောင့် ညိုမှိုင်းတစ် ယောက် ခဏမျှ တွေဝေအံ့သြသွားသည်။ ပြီးမှ လူရွယ်၏ သွင်ပြင် သကွဏာကို သေချာစွာကြည့်လိုက်ရင်းမှ...

"ခင်ဗျား မန္တလေးက ကိုသူရ ဆိုတာထင်တယ်"

"ဟား ဟား ဟား... တယ်လည်း ပါးရှည်နပ်ရည်ရှိတဲ့ န်းချီဆရာပါလား၊ ဒီမှာ သေသေချာချာမှတ်ထား... မင်းရဲ့စကား အတိုင်းပဲ ငါ့ရဲ့ဇနီးလောင်း မြတ်ဆုနွေးဟာလည်း (Not For Sale) ဲ ကိုယ့်လူ၊ ငါ့ဆီကနေပြီး တန်ဖိုးထက် အဆတစ်ရာ၊ တစ်ထောင် ပေးလည်း မင်းလို ပန်းချီဆရာမျိုးရဲ့လက်ထဲကို လုံးဝမရောင်းနိုင်ဘူး ဆိုတာ လာပြီးသတိပေးတာ၊ အေး... နောက်ထပ် ငါ့ရဲ့ဇနီးလောင်းနဲ့ ဆပ်ပြီးပတ်သက်ဖို့ ကြိုးစားလာဦးမယ်ဆိုရင်တော့ ဟောဒီ တောင် သမန်အင်းရေပြင်မှာ မင်းရဲ့အလောင်းကို ငါကိုယ်တိုင် မြှုပ်ပစ်မယ်၊ တဲ ဟော့ကောင်တွေ... သွားကြမယ်"

ဒေါသနှင့်ပြောဆိုပြီးနောက်ကာ ပြခန်းထဲမှ ထွက်ခွာသွား သည့် သူရဆိုသည့် မြတ်ဆုနွေး၏ခင်ပွန်းလောင်းကိုကြည့်ကာ ညိုမှိုင်း



www.burmeseclassic.com

www.burmeseclassic.com



၏နှလုံးသွေးတို့ ဆူပွက်လှုပ်ရှားလာကြသည်။ လူကုံထံ ပညာတတ် စီးပွားရေးသမားတို့၏ နှလုံးအိမ်တို့သည် မည်သို့သော အချိန်ကာလ ကျမှ နူးညံ့ညင်သာလာကြပါမည်နည်း။

လူလူချင်း နှိမ့်ချဆက်ဆံလိုမှု၊ အနိုင်အထက်ရယူလို အတန်ခံစိတ်လွှန်ကဲမှု စသည့်အသိုင်းအဝိုင်းကို ရှံရှာမုန်းတီး၍ သီး သန့်သန့် နေထိုင်လာခဲ့သည့်တိုင် သူ့ဘဝက မည်သို့ ကံဇာတာပါလာ ခဲ့သည်မသိ၊ ဘယ်လိုပြေးပြေး ပြေး၍မလွတ်နိုင်ပါချေပြီတည်း။

"အဲဒါ ဘယ်သူလဲ ညိုမှိုင်း... မင်းနဲ့ ဘယ်လိုပတ်သက် တာလဲ၊ စကားပြောဆိုတာတွေက လူနဲ့မလိုက်အောင် ရင့်သီးစော်ကား လှချည်လား"

သူ၏နောက်ဘက်မှ သူငယ်ချင်းများက ယခုမှ ကြားသွ ကြသဖြင့် ညိုမှိုင်းအနားသို့ ဝိုင်းအုံရောက်ရှိလာကြရင်း တစ်ယော တစ်ခွန်း မေးနေကြသည်။ အကြောင်းစုံကို သိရှိထားပြီးဖြစ်သ ဝေမင်းအိမ်ကမူ သူငယ်ချင်းဖြစ်သူ ညိုမှိုင်းကိုကြည့်ကာ စိတ်မကော ဖြစ်နေမိပါ၏။

"ဟို အင်း... ငါ့အသိတစ်ယောက်ပါကွာ၊ အဲ... ဦးနှော နည်းနည်းဂျမ်းဖြစ်နေလို့၊ တစ်ခါတစ်ခါ ထင်ရာမြင်ရာတွေ ပြော တာပါ၊ ကဲ ဝေမင်းအိမ်ရေ... ငါ ခေါင်းနည်းနည်းကိုက်လို့ လိမ်ဆံ ကို စောစောပြန်လိုက်တော့မယ်"

"ဪ... အေး အေး၊ ဆိုင်ကယ်ကိုလည်း ဖြည်းဖြည်း သွားဦးနော်"





သူငယ်ချင်းညိုမှိုင်း၏နောက်ကျောကိုကြည့်ရင်း ဝေမင်းအိမ် သစ်စုံတစ်ရာကို စိုးရိမ်ပူပန်နေမိသည်။ မန္တလေးဈေးချိုကို ဗဟိုပြုကာ ရှုရဆိုသည့် စီးပွားရေးကျားတစ်ကောင်အကြောင်းကို သူ ကြားဖူး နေသည်မှာကြာပြီ။ လူချင်းကိုမူ ယခုမှပင် တွေ့ဖူးမြင်ဖူးပါ၏။

ဤကဲ့သို့သော စီးပွားရေးကျားကြီးတစ်ကောင်နှင့် ညိုမှိုင်းကို သိပ်တိုက်ရင်ဆိုင်မတွေ့စေလို။ အန္တရာယ်များသော ကျားကွက် တောင်ချောက်ထဲတွင် သူ၏သူငယ်ချင်းကို ကျရောက်မသွားစေချင် သည်က သူ၏ဆန္ဒပင်။

သို့သော် သျှိုလာဝီအိပ်မက်သံသရာတွင် စီးမျောနေသူ တစ် ယောက်နှင့် သျှိုလာဝီမင်းသမီးလေးဟု တင်စားခေါ်ဆိုနေသည့် မြတ် နှုန်းဆိုသော မိန်းမချောလေးတို့၏ မရေရာသော အနာဂတ် သံယောဇဉ်ခရီးသည်ကား မည်သည့်အချိန်ကာလအထိ ရှုပ်ထွေးမွှေ သီနေပါမည်နည်း။ တောင်သမန်အင်းတစ်ဝိုက်မှာတော့ ဝါခေါင်မိုး တွေက ရီဝေအုံ့မှိုင်းနေဆဲ... ။

⁂



www.burmeseclassic.com

www.burmeseclassic.com



## အိပ်မက်မှုန်တိုင်း အရိပ်လှိုင်းတမ္ဘွ

ညီမှိုင်းတစ်ယောက် သူ၏အိပ်မက်နတ်သမီးလေးနှင့် မတွေ့ရသည်မှာ ရက်တစ်ပတ်ကျော်ခဲ့ပေပြီ။ တောင်သမန်ပုံရိပ် ပန်းချီပြခန်းသို့ သူရဆိုသူ ဝင်ရောက်သောင်းကျန်းသွားသည့်နေ့မှစ၍ သူ၏အိပ်မက်နတ်သမီးလေး သျှီလာဝီတစ်ယောက် ပျောက်ချင်းမလှပျောက်သွားရသည့်အတွက် ညီမှိုင်းတစ်ယောက် ပူပန်နေမိသည်။

ထို့ကြောင့် ဝေမင်းအိမ်မှတစ်ဆင့် မန္တလေးကျုံးဘေးရှိ အဆောင်တစ်ခုတွင် နေထိုင်သည့်မြတ်ဆုနွေး၏သူငယ်ချင်း မြတ်နိုးဆိုသည့် မိန်းကလေးတစ်ဦးနှင့် အဆက်အသွယ်ရခဲ့သည်။

"သိပ်မလွယ်ဘူး ကိုညီမှိုင်းကိုသူရတို့က မြတ်ဆုကို ရွှေကန်နှီရုံအိမ်ကြီးထဲမှာ အကျယ်ချုပ်လို ထားကြတာ၊ မြတ်ဆုရဲ့အဖေကြီးဆိုတာကလဲ ရှေးရိုးတစ်ယူသန်သမားကြီးဆိုတော့ ကိုညီမှိုင်းလို ပန်းချီဆရာတစ်ယောက်ကို ဘယ်လိုမှ လက်ခံမှာမဟုတ်ဘူး၊ မြတ်ဆုကတော့ သနားစရာပါရှင်၊ ဖခင်ဖြစ်တဲ့နှလုံးရောဂါသမားကြီးကတစ်ဖက်၊ ချစ်တဲ့သူ ကိုညီမှိုင်းကတစ်ဖက်နဲ့ ကြားထဲမှာ သောကဝေဒနာတွေ ခါးစည်းပြီး ခံစားနေရတယ် ကိုညီမှိုင်းရယ်"

မြတ်နိုးထံမှ ကြားသိရသော သတင်းစကားများက အားရစရာမရှိလှ။ ရှေ့ဆက်ရမည့် အနာဂတ်ခရီးသည် မှုန်ဝါးဝါးနှင့် မရေမရာ။ သူ ရှေ့ဆက်၍ ဖွတ်တိုးရမည်လား နောက်ဆုတ်ရမည်လား။ ယခုအချိန်တွင် ညီမှိုင်းအတွက် အရေးကြီးဆုံးအရာမှာ မြတ်ဆုနွေးပင်ဖြစ်ပါ၏။

သူမ၏ဆုံးဖြတ်ချက်က ညီမှိုင်းအတွက် အနာဂတ်စံအိမ်ကို ပြောင်းလဲပစ်နိုင်စွမ်းရှိသည်။ မြတ်ဆုသည်သာ သူ့ဘက်မှ ထာဝရရပ်တည်ခဲ့မည်ဆိုလျှင် ညီမှိုင်းတစ်ယောက် ဓားတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်ရစေဦးတော့ မရှုံ့မကြောက်နှင့် ကျော်ဖြတ်မည်သာ။

သို့သော် ဖခင်နှလုံးရောဂါသမားကြီးကို မြတ်ဆု ထားရစ်နိုင်ခဲ့ပါမည်လား။ သျှီလာဝီ၏ ဒုတိယအကြိမ်မြောက် အချစ်သမိုင်းမှတ်တိုင်ကမ္ပည်းကို ရဲရဲဝံ့ဝံ့ စိုက်ထူကမ္ပည်းထိုးနိုင်ပါမည်လား။ သျှီလာဝီနှင့်ပုညတို့ကဲ့သို့ အဖြူရောင်သစ္စာကျိန်စာအတွက် ရဲဝံ့စွာ တိုက်ပွဲဝင်နိုင်ပါမည်လား။

ပဟေဠိပေါင်းများစွာ၊ လားပေါင်းများစွာနှင့် ညီမှိုင်းတစ်ယောက် အချစ်သောကပင်လယ်တွင် ရင်မောစွာဖြင့် ကူးခပ်နေရပါချေပြီတည်း။ စိတ်မောလူမောနှင့် စိတ်သောကဖိစီးနေသည်မို့ ဝေမင်းအိမ်နှင့်အတူ ညီမှိုင်း အရက်ကို ဖြေဆေးအဖြစ် သောက်သုံးမိသည်။

မရပါချေ။ အရက်မူးတာကတခြား၊ မြတ်ဆုကို မမေ့နိုင်သည်

www.burmeseclassic.com



ကတခြား။ သျှိုလာဝီကို တမ်းတနေမိသည်ကတခြား။ သူ၏ မြင်ကွင်းထဲတွင် သျှိုလာဝီပျောက်သွားလိုက်၊ ပေါ်လာလိုက်နှင့်၊ ဖြစ်နိုင်လျှင် ချာချာလည်အောင်မူးလျက် လောကကြီးကိုမေ့ပျောက်သွားချင်သည်။ သျှိုလာဝီကို တမ်းတလွမ်းမောနေမှု မှန်သမျှ သူ၏ကမ္ဘာမှ အပြီးအပိုင် ပျောက်ကွယ်သွားချင်သည်။

ထို့ကြောင့် ညိုမှိုင်းအရက်ကို တစ်ခွက်ပြီးတခွက်သောက်၏။ နောက်တစ်ခွက် ထပ်သောက်သည်။ နောက်ထပ် တစ်ခွက် နှစ်ခွက် သုံးခွက်။ နောက်ဆုံးတော့ ညိုမှိုင်းတစ်ယောက် သူ မေ့ဖျောက်ချင်လွန်းလှသော သျှိုလာဝီကိုသာ တကြော်ကြော် ဟစ်အော်တမ်းတရင်း

"သျှို လာ ဝီ... သျှို လာ ဝီ သျှို သျှို လာ"

ညိုမှိုင်းတစ်ယောက် သူ၏မသိစိတ်ဝိညာဉ်နှင့်အတူ အိပ်မက်ကမ္ဘာသို့တိုင် လွင့်မျောသွားလေသည်လား မသိ။ အသိစိတ်ဟူသမျှ ချာချာလည်ကာ သူ၏ခန္ဓာကိုယ်ကြီးတစ်ခုလုံး သူ့ရှေ့စားပွဲပြင်ပေါ်သို့ ဝုန်းခနဲ ပြိုလဲကျသွားပါချေတော့သည်။

၅

ညိုမှိုင်းတစ်ယောက် ခမ်းနားထည်ဝါလှသော တိုက်အိမ်ကြီး တစ်လုံး၏ရှေ့သို့ ရောက်ရှိနေပါ၏။ တိုက်တံခါးဝရှေ့ရှိ အင်္ဂတေ အုတ်တိုင်တွင် 'ရွှေကိန္နရီစံအိမ်' ဟု ရေးထိုးထားသည့် ကြေးဆိုင်းဘုတ်လှလှလေးကို တွေ့မြင်လိုက်ရသည်။ တစ်ချိန်တည်းမှာပင်





စံအိမ်ကြီးထဲမှ အသက် (၅၀) ခန့်ရှိ တိုက်ပုံအင်္ကျီဝတ်ကာ ပန်းနုရောင်ခေါင်းပေါင်းထားသည့် လူကြီးတစ်ယောက် ထွက်လာသည်ကို မြင်လိုက်ရသဖြင့် ညိုမှိုင်း ကပျာကယာမေးလိုက်သည်။

"ဒီမှာခင်ဗျာ... တစ်ဆိတ်လောက် မြတ်ဆုနွေးနဲ့ တွေ့ချင်လို့ပါ"

ညိုမှိုင်း၏အသံကြောင့် တိုက်ပုံဝတ်ပုဂ္ဂိုလ်ကြီးက ဖျတ်ခနဲလှည့်ကြည့်လိုက်ရာ...

"ဩော် ဟော်... ဘယ်သူများလဲမှတ်တယ်၊ ဟို တောင်သမန်အင်းစပ်မှာတွေ့ခဲ့တဲ့ ပန်းချီဆရာလေးပဲကိုး၊ ဘယ့်နှယ်... ကျုပ်ရဲ့အိမ်မှာတော့ မောင်ရင်လေးနဲ့ပတ်သက်တဲ့ အနုပညာပစ္စည်းတွေတော့ ရှိမယ်မထင်ပါဘူးနော်... ဟင်း ဟင်း ဟင်း"

ဦးရန်နောင်ဆိုသည့် ဤပုဂ္ဂိုလ်ကြီးက မြတ်ဆုနွေး၏ဖခင်ကြီး ဖြစ်နေပါချေပြီကော။ ယခုလည်း ထိုပုဂ္ဂိုလ်ကြီး၏ ထေ့ငေါ့ငေါ့စကားများကို ညိုမှိုင်း ဂရုမစိုက်နိုင်။ မြတ်နိုး၏ပြောပြချက်အရ မွေးရာပါ နှလုံးရောဂါအခံနှင့် ရွှေလှောင်အိမ်ထဲတွင် အချုပ်အနှောင်ခံရလျက် အိပ်ရာထက်တွင် လဲနေရှာပြီဖြစ်သည့် အိပ်မက်နတ်သမီးလေး သျှိုလာဝီ သို့မဟုတ် ချစ်ရသူမြတ်ဆုနွေးကို သူတွေ့ချင်လှပြီမို့ အုပ်ထိန်းသူဖခင်ကြီးထံ ခွင့်တောင်းနေခြင်းပင် မဟုတ်ပါလား။

"ကျေးဇူးပြုပြီး ကျွန်တော့်ကို မြတ်ဆုနဲ့ တွေ့ခွင့်ပေးပါခင်ဗျာ"

"ရော်... ခက်နေပြီ၊ ကျုပ် ဗမာစကားနဲ့ပြောနေတာပါ



www.burmeseclassic.com

www.burmeseclassic.com



မောင်ရင်၊ ကျုပ်ရဲ့သမီးမြတ်ဆုဟာ ကျုပ်ရဲ့နှလုံးသားတစ်ခုပါ၊ ကျုပ်ရဲ့နှလုံးသားဟာ ရောင်းကုန်ပစ္စည်းတစ်ခု မဟုတ်ပါဘူး၊ အဲဒီတော့ မောင်ရင် ဒီနေရာကနေ လှည့်ပြန်သွားတာ အကောင်းဆုံးပါပဲလေ''

ဦးရန်နောင်၏ ရှုရှထက်မြက်သော စကားလုံးများက ညိုမှိုင်း၏ ရင်သို့ ပြင်းထန်စွာ ထိရှုနစ်သွားလေသည်သို့။ ပန်းချီဆရာလေး ညိုမှိုင်းတစ်ယောက် ဝိဘိကျောက်ဆစ်ရုပ်တစ်ခုနှယ် ခေါင်းငုံ့ကာ တိတ်ဆိတ်သွားခဲ့ရပါချေပြီတည်း။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ အာဃာတ တရားတည်းဟူသော အဝိဇ္ဇာမောဟ အမှောင်တိုက်အောက်တွင် သန့်စင်ဖြူလွှသော သစ္စာတရားတို့သည် မှေးမှိန်ပျောက်ကွယ်သွားရတော့မည်လေလား။

ညိုမှိုင်းခမျာ ခေါင်းငိုက်စိုက်ချကာ လက်လျှော့၍ နောက်လှည့်ပြန်ရန် ပြင်လိုက်စဉ် သူ၏အကြားအာရုံတွင် မှန်တိုင်းကြားမှ လေပြည်ညင်းတိုက်ခတ်သံသဲ့သဲ့ကို ကြားလိုက်ရသလိုလို။

''အစ်ကိုရေ အစ်ကို''

ခေါ်သံသဲ့သဲ့နှင့်အတူ တိုက်အိမ်ကြီး၏တံခါးဝမှ ဖြူဖျော့ဖျော့ အရိပ်သဏ္ဍာန်တစ်ခု သို့မဟုတ် ဒေါသ အတ္တမာန်မာနတရားတို့အောက်မှ အစတေးခံချစ်သူ နှလုံးသားရုပ်ပုံလွှာကလေးကို ညိုမှိုင်း ဖျတ်ခနဲ မြင်လိုက်ရသည်မို့။

''ဟင်... သို့ လာ ဝိ''

ညိုမှိုင်းနှုတ်ဖျားမှ မွတ်သိပ်တမ်းတစွာဖြင့် ဟစ်ခေါ်လိုက်သည့် စကားလုံးသုံးလုံးက လေညင်းသွဲ့သွဲ့နောက်မှ လွင့်စဉ်ထွက်ကျ





လာပါ၏။ ထိုစဉ်မှာပင်...

'ဟီး ဟီး ဟီး ဟီး' 'ခွပ် ခွပ် ခွပ် ခွပ် ခွပ်'

ကျယ်လောင်စွာ ထွက်ပေါ်လာသည့် မြင်းဟီသံကြီးများနှင့် မြင်းခွာသံ တဖြောင်းဖြောင်းတို့က မုန်တိုင်းတစ်ခု၏ အကြိုနိမိတ်တစ်ခုနှယ် ဆူညံစွာ ထွက်ပေါ်လာကြပါချေပြီကော။ ထို့နောက်မှာတော့ မိုးထစ်ချုန်းသံနှယ် တော်လည်းသံကြီးတစ်ခုအလား အပြင်းထန်ဆုံးသော ပေါက်ကွဲမှုသံစဉ်တစ်ခုက ညိုမှိုင်းနှင့်မြတ်ဆုနွေးတို့ကြားဝယ် ဖြစ်ပေါ်လာခဲ့သည်။

''ဟေး မြတ်ဆု၊ ဒါ ဘာလုပ်တာလဲ၊ အိမ်ထဲကို ပြန်ဝင်စမ်း''

ခွာသံတဖြောင်းဖြောင်းနှင့် မြင်းညိုကြီးကိုစီးလျက် အမဲလိုက်ရာမှ ပြန်လာသည့် ရွှေကိန္နရီစံအိမ်ကြီး၏ အိမ်ရှေ့ဥပရာဇာ ကိုသူရက ရိုင်ဖယ်သေနတ်ကြီးတကားကားနှင့် ချစ်သူနှစ်ဦးကြားမှ ဝင်ရောက်ဟန့်တားလိုက်သည်။ တစ်ဆက်တည်းမှာပင် သူ၏ မြင်းညိုကြီးပေါ်မှ လွှားခနဲခုန်ဆင်းကာ ညိုမှိုင်းရှိရာသို့ ခပ်ကြမ်းကြမ်းလျှောက်သွားပါ၏။

''သို့လာဝိကျွန်းကို မင်းရောက်လာခဲ့တာဟာ ငါပိုင်ဆိုင်တဲ့ နှလုံးသားတစ်စုံကို လုယူဖို့ ရောက်လာခဲ့တာဆိုရင်တော့ ဟိုးဘက်တမလွန်မှာပဲ ရှာပြီးယူချေတော့ ပန်းချီဆရာရေ.. ဟင်း ဟင်းဟင်း''

ပြောပြောဆိုဆိုနှင့်ပင် သူရက ညိုမှိုင်း၏နှလုံးသားတည့်တည့်သို့ သူ၏ ရိုင်ဖယ်သေနတ်နှင့် ထိုးချိန်လိုက်သည်။

''ဟင်... အို... မပစ်နဲ့ မပစ်နဲ့၊ အစ်ကို့ကို မပစ်ပါနဲ့''

မြတ်ဆုနွေးထံမှ ထိတ်လန့်တကြား အော်ဟစ်တားမြစ်သံနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ ရိုပ်ခနဲ လှုပ်ရှားမှုတစ်ခုက သေနတ်ပြောင်းဝရှေ့မှ ပိတ်ကာ
လိုက်သည်။ မယုံကြည်နိုင်ဖွယ် သဗ္ဗာတရား၏အင်အားတစ်ခုလေလ
မသိ။ ချည့်နဲ့ဖြူဖျော့ဖျော့ ခန္ဓာကိုယ်လေးနှင့် မြတ်ဆုငွေး တစ်ယော
ကိုသူရ၏လက်ထဲမှ သေနတ်ကြီးကို ပြေးဝင်ဆွဲလုနေပါချေပြီကော

"ဟာ ဟေ့ ဟေ့... ဖယ် ဖယ်စမ်း မြတ်သု၊ မင်းရဲ့အချစ်
ပိုင်ဆိုင်ခွင့်ရဖို့သာဆိုရင် အတားအဆီးမှန်သမျှ ဟောဒီလောကကြီး
ကနေ ငါကိုယ်တိုင် မောင်းထုတ်ပစ်ရမယ်"

"အို... မဖယ်ဘူး မဖယ်ဘူး... မပစ်နဲ့ မပစ်နဲ့ 'အစ်ကို
မပစ်ပါနဲ့ ကိုသူရရယ်"

ညိုမှိုင်းမှာ သူ၏ရှေ့တွင် ရုန်းရင်းဆန်ခတ်နှင့် သေနတ်
နေကြသည့် မြတ်ဆုငွေးနှင့်သူရတို့ကို ခဏမျှ ကြောင်ငေး၍ ကြည့်
မိသည်။ နောက်မှ သတိဝင်လာသဖြင့် သူ၏ရှေ့မှ ဦးရန်နှောင်
တွန်းဖယ်ကာ ကျားနာကြီးတစ်ကောင်နှယ် ဖြစ်နေသည့် သူရထံ
ခုန်အုပ်ရန် ပြင်လိုက်စဉ်။

'ဒိုန်း'

"အင့်"

"ဟာ"

ရုတ်တရက် ကျယ်လောင်စူးရှစွာ ထွက်ပေါ်လာသည့် သေ
နတ်သံတစ်ချက်နှင့်အတူ မြတ်ဆုငွေးတစ်ယောက် တစ်စ တ
ညွတ်ခွေကျသွားခဲ့ပါချေပြီကော။

"ဟာ... မြတ် မြတ်ဆု"





"အိုး... သျှီလာဝီ သျှီလာဝီ"

စူးစူးဝါးဝါး ဟစ်အော်လိုက်သည့် အော်ဟစ်သံကြီးနှင့်အတူ ညိုမှိုင်းတစ်ယောက် အိပ်ရာထက်မှ လန့်၍ နိုးထလာခဲ့ပါတော့သည်။ တစ်ချိန်တည်းမှာပင် တစ်ဖက်ခုတင်ပေါ်မှ ဝေမင်းအိမ်မှာလည်း ညိုမှိုင်း၏ ယောင်ရမ်းကာဟစ်အော်သံကြီးကြောင့် လန့်၍နိုးလာခဲ့သည်ထင်... ။

သူ၏ခုတင်ပေါ်မှ အိပ်မှုန်စုံမွှားနှင့်ထကာ မုန်အိမ်မီးစာကို မြှင့်လိုက်ရင်း...

"ဟေ့ကောင် ညိုမှိုင်း... မူးမူးရူးရူးနဲ့ အိပ်ပျော်သွားပြီး ဘာတွေယောင်ပြီး သျှီလာဝီကို တကြော်ကြော်ခေါ်နေရတာလဲကွ"

ဝေမင်းအိမ်၏ အော်ငေါက်သံကြောင့် ညိုမှိုင်းတစ်ယောက် အိပ်ရာမှထလာပြီး ချွေးစီးများဖြင့် ရွဲနစ်နေသည့်မျက်နှာပြင်အား တဘက်တစ်ထည်နှင့် သုတ်ဖယ်နေပါ၏။ စင်စစ် ကိုသူရနှင့် မြတ်ဆုငွေးတို့အား စွဲလမ်းစိတ်ဖြင့် အိပ်ပျော်သွားခဲ့ရာမှ အိပ်မက်ဆိုးများ မြင်မက်ခဲ့ခြင်းပင် ဖြစ်သည်မဟုတ်ပါလား။

"ဟူး... ငါ့ကို ခွင့်လွှတ်ပါ သူငယ်ချင်း၊ သျှီလာဝီလေးကို စိတ်စွဲပြီး အိပ်မက်ဆိုးတွေ ကယောင်ကတမ်းမက်နေလို့ပါကွာ၊ အိပ်မက်ထဲမှာ ကို သူရလက်ချက်နဲ့ မြတ်ဆုလေး သေနတ်မှန်သွားလို့ ဝေမင်းရာ၊ ဘုရား ဘုရား... အိပ်မက်ဖြစ်နေလို့ တော်ပါသေးရဲ့ သူငယ်ချင်းရယ်... ဟူး"

"အင်း... မင်းတော့ သျှီလာဝီကြောင့် ရူးသွားဦးမယ် ညို



www.burmeseclassic.com

www.burmeseclassic.com



မှိုင်းရေ၊ ကြည့်လည်းလုပ်ပါဦး... တော်ကြာ စိတ်ရောဂါဆေးရုံ ပို့နေရဦးမယ်ဟေ့''

သို့ကာဝီနှင့်ပတ်သက်၍ တကယ်ပင် အရှုံးအမူး စွဲလ နေရှာသည့် သူငယ်ချင်းဖြစ်သူ ညိုမှိုင်းကိုကြည့်ကာ ဝေမင်းအ ကရုဏာဒေါသဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

သို့သော် သူ၏စကားကို ညိုမှိုင်းနားမဝင်နိုင်။ သူ့အတွေး သူ၊ သူ့အာရုံနှင့်သူ။ သူ၏အိပ်မက်ကမ္ဘာထဲတွင် သူ၏ချစ်သူ အိပ်မ နတ်သမီးလေးသို့လာဝီကို သဲသဲမဲမဲ ရှာဖွေနိုင်ရေးအတွက်သာ ရှ မှုးမှုး စဉ်းစားနေပါလေတော့သည်။

သန်းခေါင်ကျော်ညဉ့်သည် တိတ်ဆိတ်စွာ ခရီးနှင်လျှက်

ススス





## ပိုးချည်မျှင်ဖြင့် ညှတ်တွင်းဆင်ခြင်း

အမရပူရ၏ တန်ဆောင်တိုင်ပွဲတော်က (သုံး) ရက်တိုင်တိုင် ကျင်းပပြုလုပ်သဖြင့် တန်ဆောင်တိုင်ပွဲလာ ပရိသတ်များနှင့် တစ်ညလုံး စည်ကားသိုက်မြိုက်လျက်ရှိသည်။ ကျောက်တော်ကြီးဘုရား၊ တောင်သမန်အင်းပတ်ဝန်းကျင်နှင့် အမရပူရမြို့ကြီးထဲတွင် အထူးပင် စည်ကားရှုပ်ထွေးနေပါ၏။

ညိုမှိုင်းကလည်း ကြိုတောင့်ကြိုခဲ တန်ဆောင်တိုင်ပွဲတွင် သူငယ်ချင်းဖြစ်သူ ဝေမင်းအိမ်နှင့်အတူ လည်ပတ်သွားလာနေကြသည်။ အထူးသဖြင့် တောင်သမန်ကျောက်တော်ကြီးဘုရားတွင် ပို၍ စည်ကားလှသည်။

သည်လိုညမျိုးတွင် ချစ်ရသူမြတ်ဆုနွေးကို ညိုမှိုင်း ပို၍ သတိရနေမိပါ၏။ တစ်ဖက်မှလည်း ဌာနာပိုင်ကြီးဦးကျော်ခေါင်၏ သတိပေးစကားများကိုလည်း ကြားယောင်လာမိသည်။

''သည်လို လူစည်ကားတဲ့ပွဲတော်ကြီးတွေမှာ ဒုစရိုက်သမားတွေ ပိုပြီးကျက်စားလေ့ရှိကြတယ်လေ၊ မောင်ညိုမှိုင်းရဲ့အစ်ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



တုန်းကလည်း လူစည်ကားတဲ့ ရတနာ့ဂူပွဲတော်ကြီးမှာ သေဆုံးခဲ့ရတာကို မှတ်မိတယ်မဟုတ်လား၊ အထူးသဖြင့် ဒုစရိုက်သမားတွေဟာ တစ်နယ်တစ်ကျေးက မျက်နှာစိမ်းတွေကို ပစ်မှတ်ထားလေ့ရှိကြတယ်၊ မောင်ညိုမှိုင်းလှုပ်ရှားချင်တယ်ဆိုရင်လည်း သတိနဲ့သာ လှုပ်ရှားပေတော့၊ မောင်ရင့်နောက်မှာ ကျုပ်တို့မျက်ခြည်မပြတ် စောင့်ကြည့်နေမယ်၊ သေချာတာတော့ လောင်းစကားဝိုင်းတွေ ကျိတ်ဝိုင်းတွေရှိတဲ့ အရက်ဆိုင်တွေမှာ ဒီကောင်တွေခိုအောင်းပြီး အစာရှာလေ့ရှိကြတယ်"

ဟုတ်သည်၊ ဌာနာပိုင်ကြီး ဦးကျော်ခေါင်ပြောသကဲ့သို့ သူ၏အစ်ကိုကျောက်မောင်း သေဆုံးခဲ့စဉ်ကလည်း လွန်စွာစည်ကားသော ရတနာ့ဂူနတ်ပွဲကြီးတွင် ဖြစ်ခဲ့ရသည် မဟုတ်ပါလား။ ထို့ကြောင့် ကျောက်တော်ကြီးဘုရားနှင့် အနည်းငယ်လှမ်းသည့် မယ်ဇယ်ပင်တန်းများဘက်ရှိ အရက်ဆိုင်များဘက်သို့ ညိုမှိုင်းနှင့်ဝေမင်းအိမ်တို့ လျှောက်လာခဲ့ကြသည်။

ညိုမှိုင်းတို့ရောက်သွားတော့ အခန်းတွင်းရှိ စားပွဲတိုင်း၊ နေရာတိုင်း ဝိုင်းတိုင်းတွင် စားသောက်သူများနှင့် ပြည့်နေကြသဖြင့် အတွင်းခန်းဘက်ရှိ လောင်းကစားဝိုင်းများရှိရာသို့ ဝင်လာခဲ့ကြသည်။ အတွင်းခန်းတစ်နေရာတွင် လူအချို့ လေးကောင်ဂျင်ဝိုင်းတွင် ဝိုင်းအုံကာ ကစားနေကြသည်ကို ညိုမှိုင်းတွေ့လိုက်ရပါ၏။

ညိုမှိုင်းတို့က ဂျင်ဝိုင်းအနီးသို့တိုးကပ်သွားကာ ဒိုင်၏ဂျင်လှည့်ပုံ၊ လက်အယူအဆ၊ ဂျင်ကျသံများနှင့်အပင် အပတ်များကို သေချာစွာမှတ်သားနေပါ၏။ ထိုစဉ် ဒိုင်လုပ်သူက ရွှေဒင်္ဂါးပြားများကို တချွင်ချွင်





မြည်အောင် လှုပ်ခတ်ရင်း ဟစ်အော်မြူဆွယ်လျက် ရှိသည်။

"ဟော... ထိုးကြနော် ထိုးကြ၊ ကိုယ်ထိုးမှ ကိုယ်ရမှာနော်၊ ဘေးကနေ ရပ်ကြည့်နေလို့ အမြတ်မရှိဘူး၊ ယောက်ျားမှန်ရင် သွေးရဲရတယ်၊ ကိုင်း... ထိုးကြ ထိုးကြ'

ဒိုင်က ပြောပြောဆိုဆိုနှင့် ဂျင်ကိုလှည့်၍ ခွက်နှင့်အုပ်လိုက်သည်။ ဘေးမှ ဝိုင်းအုံနေသော ထိုးသားများက မိမိကြိုက်နှစ်သက်သော အကွက်များပေါ်သို့ ငွေသားများထိုးကြသည်။ ညိုမှိုင်းကမူ လက်လှည့်ပုံနှင့် ဂျင်ကျသံတို့ကို သေချာစွာ ဂရုတစိုက်နားထောင်နေပါ၏။ ပြီးမှ ကုတ်အကျီအရွေးထည်အိတ်ထဲမှ ရွှေဒင်္ဂါးငါးပြားကို ထုတ်ကာ ငါးရှဉ့်အကွက်ပေါ်သို့ တင်လိုက်သည်။

ဒိုင်လုပ်သူက ညိုမှိုင်း၏မျက်နှာကို ဖျတ်ခနဲ တစ်ချက်မော့ကြည့်လိုက်သည်။ ညိုမှိုင်းကမူ စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာလျက် အေးဆေးတည်ငြိမ်စွာပင် စောင့်ကြည့်နေပါ၏။

"ကိုင်း... ပြီးကြပြီလား၊ ထိုးကြဦးမလား၊ ပြီးတယ်ဆိုရင်လက်ရှောင်... ဟောဒီမှာ ပေါက်ကောင်ဖွင့်လိုက်ပြီ"

ဒိုင်ဖွင့်လိုက်သောအခါ ငါးရှဉ့်ရုပ်ပေါ်လာသဖြင့် ညိုမှိုင်းက အလျော်ရသည်။ ဒိုင်က ရွှေဒင်္ဂါးပြားများနှင့်ပင် အလျော်ပေးသည်။ နောက်တစ်ကြိမ်ဖွင့်သောအခါတွင်လည်း ညိုမှိုင်းထိုးတာမှန်သဖြင့် အလျော်ရပြန်ပါ၏။

ဤသို့ဖြင့် ဒိုင်က ဂျင်လှည့်ကာအုပ်လိုက် ညိုမှိုင်းက ဂျင်ကျသံနှင့် အပတ်ရေ၊ အပင်ရေတွက်ကာ ထိုးလိုက်နှင့် မကြာမီ ဒိုင်ရှုံး

ကြယ်စင်သစ်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



တွင် ပုံချထားသည့် ရွှေဒင်္ဂါးများအားလုံး ညိုမှိုင်းရှေ့သို့ ရောက်သွားပါချေတော့သည်။

"ခင်ဗျား ဒီညအဖို့ ကံကောင်းသွားသလို ကျုပ်တို့ကတော့ ကံဆိုးသူမောင်ရှင်ဖြစ်သွားတယ်၊ ကိုင်း ဒီညတော့ ဒိုင်ပါလာတဲ့ ရွှေဒင်္ဂါးတွေ ကုန်သွားပြီမို့ ဒိုင်ပိတ်လိုက်ပါပြီ။ နောက်နေ့ညမှ ပြန်ပြီးဖွင့်ပါတော့မယ်"

လေးကောင်ဂျင်ဝိုင်းဒိုင်ပိတ်သွားသဖြင့် ထိုးသားတချို့ တခြားသော လောင်းကစားဝိုင်းများဆီသို့ ခြေဦးလှည့်သွားကြသည်။ ထို အချိန်တွင် ညိုမှိုင်း ရှေ့သို့ အရပ်ပုပု အသားညိုညိုနှင့် အသက် (၅၀) ကျော်ခန့်ရှိ ခါးကုန်းကြီးတစ်ယောက် ရောက်လာပြီး ရွှေဒင်္ဂါး ပြားများကိုထည့်ရန် ဆာလာအိတ်တစ်လုံး လာ၍ပေးသည်။

"အင်း... မောင်ရင်လေးကိုကြည့်ရတာ လောင်းကစား တော်တော်လေး အကျိုးပေးပုံရတယ်၊ ကစားဝိုင်းတွေမှာ မောင်ရင် လေးလို ထိုးတဲ့သူ ရှားတယ်ကွဲ့၊ ဟင်း.. ဟင်း... မောင်ရင်လေး တွေ့တဲ့လောင်းကစားဒိုင်တွေတော့ ကံဆိုးမိုးမှောင်ကျကုန်တာပေါ့လေ ဟင်း... ဟင်း"

"ဩော်... ဦးကြီးက ဒီဆိုင်ကပဲလား"

ညိုမှိုင်းက ဝေမင်းအိမ်အား မျက်ရိပ်ပြကာ အနီးမှ ခွာ လိုက်ပြီး ရွှေဒင်္ဂါးများကို ခါးကုန်းကြီးပေးသော ဆာလာအိတ်လေးထဲ သို့ထည့်ကာ စပ်စုလိုက်သည်။

"ဟင့်အင်း... ဒီဆိုင်ကမဟုတ်ပါဘူး။ ကျုပ်က တောင်





သမန်နယ်သားပါ၊ နာမည်က လှုလှုတဲ့၊ ဒါပေမဲ့ ဒီနာမည်ကို ဘယ်သူ ကမှ မခေါ်ကြပါဘူး။ အားလုံးက ခါးကုန်းကြီးလို့ပဲ ခေါ်ကြတယ်လေ၊ ဟိုးဘက်တောင်သမန်ကုန်းပေါ်က စံအိမ်ကြီးမှာ စောင့်ရှောက်နေတဲ့ သူပါ မောင်ရင်လေးရယ်"

"ဟင်... ဒါဆို ဦးလှုလှုက ဟို ဟို တောင်သမန်းကုန်းထိပ် က မိစ္ဆာအိမ်ကြီးကို စောင့်တဲ့အစောင့်ပေါ့... ဟုတ်လား"

"ဟင်း ဟင်း... ဆိုပါတော့ကွယ်"

ဘာရယ်မသိ၊ ခါးကုန်းကြီးဦးလှုလှု၏စကားကြောင့် ညိုမှိုင်း ထိတ်ခနဲ ရင်ခုန်သွားမိသည်။ ထိုအချိန်တွင် ဝေမင်းအိမ်က အပြင် ထွက်သည့်အခန်းပေါက်ဝအနီးတွင် စီးကရက်သောက်ရင်း ညိုမှိုင်းတို့ ၏ အရိပ်အခြေကို စောင့်ကြည့်နေပါ၏။

"ကိုင်း... ဒီညတော့ ကျွန်တော်နိုင်တဲ့အထိမ်းအမှတ်နဲ့ ဦးလှုလှုနဲ့လည်း မိတ်ဆွေဖြစ် တစ်ခုခုစားသောက်ကြရအောင်၊ ကျွန် တော် ဒကာခံပါ့မယ်၊ ကဲ... အခန်းပြင်ကို သွားကြစို့"

အခန်းပြင်ဘက်သို့ရောက်တော့ လူရှင်းသော စားပွဲတစ်လုံး တွင် ထိုင်လိုက်ကြသည်။ ထို့နောက် နှစ်ယောက်သား ကြိုက်နှစ်သက် ရာ အစားအသောက်များကို မှာလိုက်သည်။

"အင်း... ကြည့်ရတာ မောင်ရင်လေးက လောင်းကစားမှာ တော်တော်လေးကျွမ်းကျင်ပုံရတယ်၊ ဒီလိုနေရာမျိုးမှာ တော်ရုံတန်ရုံ လူတွေဆိုရင် ခွက်ခွက်လန်အောင် ရှုံးသွားကြတာကွဲ့"

"ဟင်း ဟင်း... ကျွမ်းကျင်လှတယ်လို့ မဟုတ်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဝါသနာကြီးတာပါ၊ ပြောရရင်တော့ အလောင်းအစားနဲ့ ပတ်သက်လာရင် ထမင်းမေ့ ဟင်းမေ့ဆိုတာမျိုးပေါ့၊ ဦးလူလှရယ်"

ညီမှိုင်းကပင် စတင်၍ အမှောင်ထဲသို့ မြားတစ်စင်း ပစ်လွှတ်လိုက်သည်။ ပစ်မှတ်ထိလျှင်လည်းထိ၊ မထိလျှင်လည်းနေ။

ခါးကုန်းကြီးဦးလူလှကလည်း ညီမှိုင်းကို မသိမသာ အကဲခတ်ရင်း ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ကာ လေသံတိုးတိုးဖြင့် ညီမှိုင်းအား သွေးတိုးစမ်းလိုက်သည်။

"ဒါနဲ့ မောင်ရင်လေးက လောင်းကစားဘက်မှာ တကယ် ဝါသနာပါတာလား၊ ဒါဆိုရင် ကြေးကြီးကြီးနဲ့ ပွဲကြီးပွဲကောင်းတစ်ပွဲ ရှိတယ်၊ မောင်ရင်လေး စိတ်ဝင်စားတယ်ဆိုရင် ကျုပ်စီစဉ်ပေးမယ် ဘယ့်နှယ်လဲ"

"အိုး... လုပ်လိုက်လေ ဦးလူလှရဲ့၊ ဘယ်မှာလဲ ဘယ်လို လောင်းကစားမျိုးလဲ၊ ဒီမှာ ကျွန်တော်နိုင်ထားတဲ့ရွှေဒင်္ဂါးတွေ ရှိတာပဲ"

စားပွဲပေါ်တွင် ချထားသည့် ရွှေဒင်္ဂါးအိတ်ကို ပုတ်ပြလိုက်ရင်း ညီမှိုင်းခပ်သွက်သွက်ပင် အဖြေပေးလိုက်ပါ၏။ ထိုစဉ် မှာထားသော အစားအစာများရောက်လာသဖြင့် စကားစပြတ်သွားကြသည်။

"ကဲ... စားလိုက်သောက်လိုက်ကြဦးစို့ ဦးလူလှ၊ အစား အသောက်က လူနဲ့အတည့်ဆုံးပဲဗျို့... ဟင်း ဟင်း"

ညီမှိုင်းက အရက်ပုလင်းကို စတင်၍ဖွင့်ကာ တစ်ခွက်ငှဲ့၍ ခပ်ကြမ်းကြမ်းသောက်လိုက်သည်။ ဦးလူလှကလည်း အရက်တစ်ခွက် ငှဲ့ကာ သောက်ရင်း အစားအသောက်ကို တို့ကာပင့်ကာပင်စားနေပါ၏





ထိုအချိန်တွင် ဝေမင်းအိမ်တစ်ယောက် ညီမှိုင်းတို့နှင့် နောက် ကျောပေးစားပွဲတစ်လုံးတွင် ရောက်ရှိနေပြီး အအေးတစ်လုံးမှာကာ သောက်ရင်း အခြေအနေကို စောင့်ကြည့်လျက်။

"ဒီလိုရှိတယ်ကွဲ... မောင်ရင်က ဧည့်သည်ဆိုတော့ ဒီမြို့က အကြောင်းတွေကို သိပ်ပြီးသိမှာမဟုတ်ဘူး၊ စောစောက မောင်ရင် ပြောတဲ့ တောင်သမန်ထိပ်က မိစ္ဆာအိမ်ကြီးက သရဲတာအားခြောက်တာ၊ ကျုပ်တောင် နေ့ခင်းဘက်မှာပဲ စောင့်ပေးနိုင်တာ၊ ညဘက်တွေမှာ တော့ မစောင့်ရဲလို့ ဒီအတိုင်းပဲ ပစ်ထားရတာ"

"ဩော် ဦးလူလှရယ်... ဒီခေတ်ကြီးထဲမှာ သရဲတစ္ဆေဆို တာတွေ ရှိနိုင်ပါဦးမလား၊ ကျွန်တော်ကတော့ မယုံဘူး၊ ဘာသရဲ တစ္ဆေကိုမှလည်း မကြောက်ဘူး"

ညီမှိုင်း၏စကားကြောင့် ခါးကုန်းကြီးဦးလူလှ ကျိတ်၍ သဘောကျသွားသည်။ သို့သော် ဟန်မပျက်ဘဲ အရက်ခွက်ထဲသို့ အရက်ထည့်လိုက်ရင်း...

"ဒါဆိုရင်တော့ အလုပ်ဖြစ်ပြီး မောင်ရင်လေးရေ၊ အဲဒီ သရဲခြောက်တဲ့စံအိမ်ကြီးထဲမှာနေတဲ့သူတိုင်း တစ်ယောက်ပြီးတစ် ယောက် သေဆုံးခဲ့ကြတော့ နောက်ဆုံး ဘယ်သူမှ မနေဝံ့ကြတော့ ဘာကွဲ့၊ ကျုပ်ပြောတဲ့ ပွဲကြီးပွဲကောင်းဆိုတာက အဲဒီစံအိမ်ပျက်ကြီးရဲ့ အခန်းတစ်ခန်းထဲမှာ တစ်ညအိပ်ဝံ့တဲ့သူရှိရင် လောင်းကြေးထပ်ပြီး အလောင်းအစားလုပ်တာကို ပြောတာပေါ့"

"ဟ... တယ်ဟုတ်ပါလား၊ ကျွန်တော်တောင် စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



လာပြီ ဦးလူလု၊ ဒါနဲ့ လောင်းကြေးက ဘယ်လိုလဲဆိုတာ ပြောပါဦး"

"လောင်းကြေးကိုပြောလိုက်လို့ မောင်ရင် ဒီထက်ပို၍ စိတ်ဝင်စားသွားဦးမှာ၊ အခုလောလောဆယ်ထွက်နေတဲ့ လောင်းကြေးကတော့ ငါးဆ တစ်ဆပေါက်တယ်လေ၊ စံအိမ်ကြီးမှာ အိပ်ဝံ့တဲ့သူက ရွှေဒင်္ဂါးဆယ်ပြားထပ်ရင် တစ်ဖက်က ငါးဆယ်ထပ်ပေးတယ် ဒါပေမဲ့ လက်တွေ့မှာတော့ ဘယ်သူမှ အိပ်ဝံ့တဲ့သူမရှိပါဘူး မောင်ရင် လေးရယ်"

ဦးလူလုပြောပြနေသည်များကို စိတ်ဝင်စားစွာ နားထောင်ရင်း မှ ညိုမှိုင်းစားသောက်ခြင်းများကို ရပ်တန့်လိုက်သည်။ ထို့နောက် စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ် ထုတ်ယူကာ မီးညှိရှိုက်ဖွာနေ စဉ် ဦးလူလုက မပြီးဆုံးသေးသည့် မိစ္ဆာအိမ်ဇာတ်လမ်းကို ဆက်ပြော နေပါလေ၏။

"ကုန်ခဲ့တဲ့ သုံးလကျော် ရတနာ့ဂူနတ်ပွဲကြီး ကျင်းပတုန်း အချိန်လောက်ကလည်း အဲဒီ မိစ္ဆာစံအိမ်ကြီးမှာ အလောင်းအစား တစ်ခု ဖြစ်ခဲ့သေးတယ်လေ၊ စိတ်မကောင်းစရာပဲ မောင်ရင်လေး အဲဒီအိမ်မှာ တစ်ညအိပ်ပြီး အလောင်းအစားလုပ်သွားတဲ့ ဟိုဘာလဲ နယ်လှည့်လက်ဝှေ့သမားဆိုလား ဘာဆိုလား အင်း... သူလည်း တခြားသူတွေလိုပါပဲကွာ၊ နောက်တစ်နေ့မနက်မိုးလင်းတော့ စံအိမ် ကြီးထဲက ခုတင်ကြီးပေါ်မှာ နှလုံးသွေးရပ်ပြီး သေသွားခဲ့တာပါပဲ မောင်ရင်လေးရေ"

ရတနာ့ဂူနတ်ပွဲတွင် သေဆုံးသွားခဲ့ရသည့် အစ်ကိုကြီး





ကျောက်မောင်း၏အကြောင်းကို ပြောနေသည်မို့ ညိုမှိုင်း၏နှလုံးသွေး တို့ ဆူပွက်နာကျင်လာကြသည်သို့၊ ထို့ကြောင့် ညိုမှိုင်း ဆုံးဖြတ်ချက် တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်သည်။

"ကျွန်တော် အဲဒီစံအိမ်ကြီးမှာ တစ်ညမဟုတ်ဘူး၊ နှစ်ညသုံး ညတောင် အိပ်ပြလိုက်မယ်၊ ဒါပေမဲ့ လောင်းကြေးက ဘယ်လောက် အတိုင်းအတာအထိ လက်ခံသလဲဆိုတာ သိချင်တယ် ဦးလူလု"

"လောင်းကြေးငွေကတော့ ကာယကံရှင်ကြိုက်သလောက် လောင်းကြေးထပ်နိုင်တယ်၊ အကန့်အသတ်မရှိဘူး၊ ဒါပေမဲ့ မောင်ရင် လေး သေသေချာချာစဉ်းစားပြီးမှ လုပ်ပါကွယ်၊ အဲဒီ မိစ္ဆာစံအိမ်ကြီးမှာ အိပ်သွားကြတဲ့သူတိုင်း တစ်ယောက်မှအသက်ရှင်ရက်နဲ့ ပြန်ထွက် မလာနိုင်ကြဘူးနော်၊ တော်ကြာ တစ်စုံတစ်ခုများ လွဲချော်သွားခဲ့ရင် အို ဖွဲဟဲ့... လွဲပါစေ၊ ဖယ်ပါစေ"

"ဟင်း ဟင်း ဟင်း... ကျွန်တော့်အတွက် စိုးရိမ်မနေပါနဲ့ ဦးလူလု၊ ကျွန်တော့်ကို ဗေဒင်ဆရာက ဟောထားတယ်၊ ချစ်သူခင်သူ ပေါများပြီး အသက်ကလည်း (၁၂၀) ရှည်မယ်တဲ့လေ၊ ဟင်း.. ဟင်း ကဲ.... ကြာတယ်... လောင်းကြေးထပ်မယ့်သူတွေကိုသာ ဒီကို ခေါ်လာခဲ့တော့၊ ကျွန်တော်ကတော့ ဟောဒီနိုင်ထားတဲ့ ရွှေဒင်္ဂါးတွေ အကုန်လုံးလောင်းကြေးထပ်မှာ... နောက်ပြီး ဦးလူလုကိုလည်း ဘောက်ဆူးပေးခဲ့ဦးမှာနော်"

ညိုမှိုင်းမှာ အရက်မူးပြီး စကားများများပြောသည့်ဟန်ဖြင့် တမင်တကာပင် ကျယ်ကျယ်လောင်လောင် ပြောနေပါ၏။ တစ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



တည်းမှာပင် ဗ္ဗာနာပိုင်ကြီးဦးကျော်ခေါင် လွှတ်ထားသည့် (အရိပ်လု
များ ရှိခဲ့လျှင်လည်း တစ်ခါတည်း ကြားသွားစေရန် ရည်ရွယ်လျှ
ပြောလိုက်ခြင်းဖြစ်သည်။

"ဟို ဟို... မင်း မင်း တကယ်ပြောတာလား မောင်ရင်

"ရော် ... ခက်တော့နေပြီ၊ ကျားကိုက်ပါတယ်ဆို
အပေါက်လေးနဲ့လားလို့ မေးသလိုဖြစ်နေပြီ၊ တကယ်ပြောတာ
ဦးလူလုရယ်၊ ကျွန်တော်က လောင်းကစားလုပ်ရမယ်ဆိုရင်
ငရဲကြီးရှစ်ထပ်ထိ သွားရ သွားရ... လုပ်မှာပဲဗျ... နော်"

ညီမှိုင်း၏စကားဆုံးသည်နှင့် ခါးကုန်းကြီးဦးလူလုမှာ ဆိုင်
မှာ ကပျာကယာ ထွက်သွားသည်။ ညီမှိုင်းမှာ စီးကရက်ကိုသ
တစ်လိပ်ပြီးတစ်လိပ် သောက်ရင်း အေးအေးဆေးဆေးပင် ကုလ
ထိုင်တွင် ထိုင်လျက် ဦးလူလုပြန်အလာကိုသာ စောင့်နေလိုက်ပါတော
သည်။





## အရွှေရာယ်ထောင်ချောက်သို့ တိုးဝင်ခြင်း

စီးကရက်နှစ်လိပ်တိတိ ကုန်သွားသောအချိန်တွင် ခါးကုန်းကြီး ဦးလူလုနှင့် လူသုံးယောက်ပါလာသည်။ ထောင်ထောင်မောင်းမောင်းနှင့်လူနှစ်ယောက်က ဘောင်းဘီရှည်၊ ကုတ်အင်္ကျီကိုယ်စီနှင့် အလယ်မှလိုက်ပါလာသည့် အသားဖြူဖြူ၊ ဆံပင်ခေါင်းတုံးဆံတောက်နှင့် အသက် (၃၀) ခန့်လူရွယ်ကမူ လေးလံသောအိတ်အနက်ကြီး တစ်လုံးကို ဆွဲလျက် ဆိုင်အတွင်းသို့ ဝင်လာကြသည်။

သူတို့အားလုံး ညီမှိုင်း၏စားပွဲတွင် ဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။ ခါးကုန်းကြီးဦးလူလုက သူခေါ်လာသည့် မျက်နှာစိမ်းသုံးဦးနှင့် ညီမှိုင်းကို မိတ်ဆက်ပေးသည်။ သို့သော် မျက်နှာစိမ်းသုံးဦးစလုံး၏ မျက်လုံးများက စားပွဲပေါ်မှ ညီမှိုင်း၏ ရွှေဒင်္ဂါးပြားအိတ်ဆီသို့သာ ဝေ့ဝေ့နေကြသည်။ ညီမှိုင်းကလည်း သူတို့ယူဆောင်လာသည့် ရွှေဒင်္ဂါးအိတ်မည်းကြီးကို ပို၍ စိတ်ဝင်တစားကြည့်လိုက်ရင်း...

"အဟင်း ဟင်း... ရွှေဒင်္ဂါးတွေနဲ့ပဲ ဟို လောင်းကြေးထပ်မှာနော်၊ နောက်ပြီး ဦးလူလုပြောတဲ့အတိုင်း ငါးဆ-တစ်ဆပေးမယ်

www.burmeseclassic.com



ဆိုတာ မှန်ပါတယ်နော်''

''ဟုတ်ပါတယ်၊ ဒါ့ထက် လောင်းကြေးထပ်မှာက ခင်

လား''

''ဟုတ်တယ်... ကျွန်တော်ပဲ၊ ဟောဒီအိတ်ထဲက ရွှေ
တွေ အကုန်လောင်းမှာ၊ဘယ့်နှယ်...လက်ခံနိုင်ပါ့မလား နောင်ကြီး

ညီမှိုင်းက အရက်မူးသမားဟန်ဖြင့် ခပ်ရင့်ရင့်စိန်ခေါ်
လောင်းကြေးဖွင့်လိုက်သည်။

''ကြိုက်တယ် ... အဲဒီလိုစိတ်ဓာတ်ရဲရဲကို ကြိုက်တ
ကဲ... သူ့ရဲ့အိတ်ထဲက ရွှေဒင်္ဂါးတွေ ဘယ်လောက်ရှိသလဲဆို
ရေကြည့်ကြမယ်''

ခေါင်းတုံးဆံတောက်၏စကားကြောင့် လူထွားကြီးတ
ယောက်က ညီမှိုင်း၏ အိတ်ထဲမှ ရွှေဒင်္ဂါးများကို စားပွဲပေါ်သို့ သွန်
ကာ ရေတွက်ကြည့်ကြသည်။ စုစုပေါင်း တစ်ရာ့ငါးဆယ်တိတိရှိသ
ကို တွေ့ရသည်။

''ဒီမှာ တွေ့လား... မင်းရဲ့ရွှေဒင်္ဂါးတွေက တစ်ရာ့ငါးဆ
ရှိတယ်၊ ငါတို့ဘက်က လောင်းကြေးက ငါးဆဆိုတော့ ဟောဒီ
ရွှေဒင်္ဂါးပြား ခုနစ်ရာ့ငါးဆယ် ကြေးထပ်တယ်၊ ကိုင်း... အိတ်ထဲ
ရွှေဒင်္ဂါးတွေ ထုတ်ပြီး ရေကြစမ်းဟေ့''

လူထွားကြီးတစ်ယောက်က သူတို့ယူလာသည့် အိတ်ကြီးထဲ
ရွှေဒင်္ဂါးများကို စားပွဲပေါ်သို့ သွန်ချလိုက်ရာ မီးရောင်အောက်တွင်
တဝင်းဝင်းတလက်လက်နှင့် ရွှေပုံကြီးသဖွယ် ဖြစ်သွားပါလေ





အမြဲ--ပွဲဝိုင်းမှ စားသောက်နေသူများကလည်း ရွှေဒင်္ဂါးပုံကြီးနှင့်
ကြေးထပ်ကာ လော--နေသည့် အလောင်းအစားပွဲကြီးပွဲကောင်းကို
စိတ်ဝင်တစားနှင့် ဝိုင်းကြည့်နေကြပါတော့သည်။

ထို့နောက် ညီမှိုင်း၏ ရွှေဒင်္ဂါးများနှင့် ၎င်းတို့ထံမှ လောင်း
ကြေးထပ်ထားသော ရွှေဒင်္ဂါးများကို အိတ်တစ်လုံးထဲတွင် စု၍ထည့်
ကာ ထုတ်လိုက်ကြသည်။

''ကိုင်း... ဟောဒီမှာ စာချုပ်၊ သေသေချာချာဖတ်ပြီးကြည့်
လိုက်ဦး၊ နောက်ဆုံးအခွင့်အရေးပဲ၊ သဘောမတူရင် လောင်းကြေး
ပြန်ရွှာလို့ရသေးတယ်နော်''

''ဟာ ဟ... ကြောက်မွေးပါရင် ဇာကနာနဲ့ ဆွဲနုတ်ပစ်မယ်၊
ကဲ... ပြစမ်းပါဦး အဲဒီစာချုပ်ကလေး''

ညီမှိုင်းကလည်း ရိသဲ့သဲ့ပြောရင်း စာချုပ်ကိုယူကာ ဖတ်
ကြည့်လိုက်သည်။ စာချုပ်မှာ နှစ်ဦးသဘောတူ အလောင်းအစား
ပြုလုပ်ထားသော စာချုပ်ဖြစ်ပြီး အကြောင်းကြောင်းကြောင့် တစ်စုံ
တစ်ခုဖြစ်ခဲ့ပါလျှင် မိမိ၏တာဝန်သာဖြစ်ကြောင်း ရေးသားထားခြင်း
ဖြစ်သည်။ ပြင်ဆင်ရန်အချက်မရှိသဖြင့် လက်မှတ်ထိုးရမည့်နေရာတွင်
ညီမှိုင်း ခပ်သွက်သွက်ပင် လက်မှတ်ထိုးပေးလိုက်သည်။

''ဒါ့ထက် နေပါဦး... ဟို လောင်းကြေးငွေ ရွှေဒင်္ဂါးအိတ်ကို
ဘယ်သူက တာဝန်ယူမှာလဲ''

''ဟင်း ဟင်း... ဘယ်သူမှ တာဝန်ယူစရာမလိုပါဘူး၊
မင်းအိပ်ရမယ့် စံအိမ်ထဲက အခန်းထဲကို မင်းကိုယ်တိုင် တစ်ပါတည်း



www.burmeseclassic.com

www.burmeseclassic.com



ယူသွားလိုက်၊ အေး.. တစ်ခုတော့ရှိတယ်၊ ပြိုင်ပွဲစည်းကမ်းအရ အခန်းထဲကို မင်းဝင်ပြီးတာနဲ့ အပြင်ကနေ အခန်းတံခါးကို သော့ခတ်ထားမယ်၊နောက်တနေ့မနက်မှာ သက်သေတွေကိုခေါ်လာပြီး ကျုပ်တို့ တံခါးလာဖွင့်တဲ့အချိန်မှာ မင်း မှည့်တစ်ပေါက်မှမစွန်းခဲ့ဘူးဆိုရင် အဲဒီ ရွှေဒင်္ဂါးအိတ်ကို ထမ်းပြီးပြန်သွားလို့ရပြီ အဲ တစ်စုံတစ်ခုဖြစ်ခဲ့ရင်တော့ စာချုပ်ထဲကအတိုင်း မင်းရဲ့ကုသိုလ်ပဲပေါ့ကွာ''

ခေါင်းတုံးဆံတောက်နှင့်လူက ညိုမှိုင်းကိုကြည့်ကာ ရှည်လျားစွာ ရှင်းပြလိုက်သည်။

''စည်းကမ်းချက်တွေက ဒါပဲလား''

''ဒါပဲလေ၊ ဘယ်နှယ်လဲ... မင်း အဆင်ပြေပါ့မလား''

''အပေါ့ ပေါ့... ကျွန်တော်က အရက်နှစ်လုံးလောက်ဝယ်ပြီး အခုပဲ အဲဒီစံအိမ်ကြီးကို သွားအိပ်တော့မလို့ဗျို့ ဟား ဟား''

ပြောပြောဆိုဆိုနှင့် စားပွဲပေါ်မှ ရွှေဒင်္ဂါးအိတ်ကို ညိုမှိုင်းက လှမ်းယူရုံနှိပြင်လိုက်စဉ်...

''ဟိုး ဟိုး... ခဏလေးနေပါဦး၊ အခုမှ ကိုးနာရီကျော်ကျော်ပဲ ရှိသေးတယ်၊ အလောင်းအစားပွဲ အောင်မြင်သွားတဲ့အထိမ်းအမှတ်နဲ့ ငါတို့အားလုံး တစ်ခွက်တစ်ဖလားလောက် သောက်ကြဦးစို့လား... ဟင်း ဟင်း... မင်းရဲ့ ရဲစွမ်းသတ္တိကိုလည်းဂုဏ်ပြုရင်း တို့က ညှိခံကျွေးမွေးပါရစေဦး''

ခေါင်းတုံးဆံတောက်နှင့် ခေါင်းဆောင်ဖြစ်ဟန်တူသူက ပြောပြောဆိုဆိုနှင့် စားပွဲထိုးများကို လက်ခုပ်တီးခေါ်ကာ စားသောက်ဖွယ်





ရာများကို ချက်ချင်း ပြင်ဆင်စေသည်။ မကြာခင် အကောင်းစား ဝီစကီတစ်ပုလင်းနှင့် စားစရာအချို့ ရောက်လာကြသည်။

ခေါင်းတုံးဆံတောက်ကိုယ်တိုင် အရက်ပုလင်းကိုဖွင့်ကာ ညိုမှိုင်းထံသို့ ကမ်းပေးလိုက်သဖြင့် မငြင်းသာတော့ဘဲ သောက်လိုက်ရသည်။ စားသောက်ကြရင်း နောက်ထပ်တစ်ခွက် ထည့်၍ပေးသောအခါတွင်မူ...

''ဟိုး ဟိုး.. တော်ပြီ စောစောက သောက်ထားတာတွေလဲ ရှိသေးတယ်၊ ဟိုအိမ်ကြီးထဲကျရင်လည်း ထပ်ပြီးသောက်ဦးမှာဆိုတော့ အခုကတည်းက သိပ်မူးနေလို့မဖြစ်ဘူးလေ၊ ကဲ... ခင်ဗျား တို့ရဲ့ နာမည်ကျော် တောင်သမန်ထိပ်က မိစ္ဆာသူရဲအိမ်ကြီးကို ချီတက်ကြစို့၊ ဟင်း ဟင်း... အရက်မူးမူးနဲ့ တစ်ညလောက်အိပ်ရုံနဲ့ ရွှေဒင်္ဂါးပြား (၅၀၀)ကျော်တောင် အချောင်ရဦးတော့မှာပါလား ဟဲ ဟဲ ဟဲ''

ညိုမှိုင်းက လျှာလေးအာလေးဖြင့် ခပ်ယိုင်ယိုင်ထလိုက်သည်ကို ဦးလူလှက ဘေးမှ အသာအယာထိန်းလိုက်ပါ၏။ ဤသည်ကို ကြည့်ကာ လောင်းကြေးထပ်ထားသည့် ခေါင်းတုံးဆံတောက်ပိုင်ရှင်က ကျေနပ်စွာပြုံး၍ ကြည့်နေလိုက်သည်။

ထို့နောက်မှာတော့ ဆိုင်ရှေ့မှ မြင်းလှည်းတစ်စီးပေါ်သို့ ညိုမှိုင်းကိုတင်ကာ တောင်သမန်အင်းကြီးဘက်ဆီသို့ မောင်းထွက်သွားကြပါတော့သည်။ ထိုအခါမှ ဆိုင်တွင်ကျန်ရစ်ခဲ့သည့် ဝေမင်းအိမ် တစ်ယောက် စတင်၍ လှုပ်ရှားပါလေတော့သည်။

k k k



www.burmeseclassic.com

www.burmeseclassic.com



## ရွှေတံခါးတို့ဖြတ်၍ မိစ္ဆာစံအိမ်သို့အဝင်

လပြည့်ညဟုဆိုသည့်တိုင် တိမ်မျှင်မြူငွေ့တို့ ခပ်ပါးပါး ဖုံးအုပ်ထားသဖြင့် တောင်သမန်ဝန်းကျင်တွင် မှုန်ရေးရေးမျှသာ ရှိပါ၏။

ရေနံချေးများ အထပ်ထပ်သုတ်ထားသည့် တောင်သမန်ထိပ်မှ ငါးဆောင်ပြိုင်စံအိမ်ကြီးက တိတ်ဆိတ်သောညဉ့်ယံတွင် မကောင်းဆိုးဝါးကြီးတစ်ကောင် ငုတ်တုတ်ငိုက်မျဉ်းနေသည်နှင့် တူလှသည်။

ညိုမှိုင်းကို ခေါင်းတုံးဆံတောက်နှင့် ခါးကုန်းကြီး ဦးလူလှတို့က စံအိမ်ကြီးထဲသို့တိုင် လိုက်ပို့ပေးကြသည်။ အိမ်ကြီးတစ်ခုလုံး မှောင်မည်းတိတ်ဆိတ်နေသည်မို့ ဖယောင်းတိုင်မီးကိုသာ ထွန်းညှိ၍ ဝင်ရောက်ကြပါ၏။

အပြင်တံခါးမကြီးမှအစ အတွင်းတံခါးများအဆုံး ခါးကုန်းကြီး ဦးလူလှထံတွင်ရှိသော သော့တွဲကြီးဖြင့် တစ်ခုပြီးတစ်ခု ဖွင့်ပေးနေသည်ကို ညိုမှိုင်း သတိပြုမိသည်။ တံခါးချပ်ကြီးများမှာ ကျွန်းတံခါးများ ဖြစ်ကြပြီး အောက်ထပ်တစ်ခြမ်းပျက်စီးနေသည့်တိုင် အပေါ်ထပ်





မှ အခိုင်အခန့် ရှိနေဆဲပင်။

အပေါ်ထပ်သို့တက်သော လှေကားမှာ ကျွန်းလှေကားကြီး ပြီး လက်ရန်းများမှာ ပွတ်လုံးတိုင်များဖြစ်ကြသည်။ အပေါ်ထပ်ရှိ ခန်းများမှာ ပိတ်ထားသည်ကိုသာ တွေ့ရပါ၏။ မကြာမီ ညိုမှိုင်း စ်ညတာ အိပ်စက်ရမည့်အိပ်ခန်းထောင့်ရှိ အခန်းတွင်းသို့ သော့ဖွင့် ာ ဝင်ရောက်လာခဲ့ကြသည်။ လူမနေသည်မှာကြာပြီထင့်။ ဖုန်များ မှိုက်များနှင့် ညှီစို့စို့ အနံ့အသက်များကို ညိုမှိုင်းထိတွေ့ခံစားလိုက် သည်။

ဟုတ်သည် ကြီးမားကျယ်ပြောသလောက် အဆောင်ဆောင် ခန်းခန်းနှင့် တည်ရှိသော ဤမိစ္ဆာစံအိမ်ကြီးထဲဝယ် အထီးကျန် စ်ယောက်တည်း တစ်ညလုံး နေထိုင်နိုင်ဖို့ဆိုသည်က တွေးကြည့်ရုံ နှင့်ပင် ကျောချမ်းထိတ်လန့် တုန်လှုပ်ဖွယ်ရာပါတည်း။

"ကိုင်း ရော့... ဒီမှာ မီးခြစ်နဲ့ဖယောင်းတိုင်၊ တစ်ခုတော့ တယ်... အဲဒီဖယောင်းတိုင်ကုန်သွားရင်တော့ အမှောင်ထဲမှာ တစ် ယောက်တည်း နေပေတော့၊ ဒါပေမဲ့ ဒီစံအိမ်ကြီးထဲမှာ မင်းအတွက် ဖော်တွေ အများကြီးရှိပါတယ်၊ ဒီအိမ်ကြီးထဲမှာ ဟိုးအရင်ကတည်း သေသွားကြပြီး မကျွတ်မလွတ်ကြသေးတဲ့ ဝိညာဉ်တွေ, နာနာ ာဝတွေ အများကြီးရှိတယ်၊ မကြာခင် မင်းဆီကို သူတို့တစ်တွေ ဖော်လုပ်ပေးကြဖို့ ရောက်လာလိမ့်မယ်၊ ကဲ... ဂွတ်နိုက်၊ ဒီည ဒို့ မောင်ရင် ကံကောင်းနိုင်ပါစေကွာ"

ခေါင်းတုံးဆံတောက်နှင့်ပုဂ္ဂိုလ်က ညိုမှိုင်းအား ရိသဲ့သဲ့နှင့်



www.burmeseclassic.com

www.burmeseclassic.com



မခံချိမခံသာ နောက်ပြောင်ရင်း အခန်းထဲမှ ထွက်ကာ အပြင်ဘက်
နေ၍ ညိုမှိုင်း၏အခန်းအား သော့ခတ်လိုက်ကြသည်။

'ဘုန်း ဘုန်း ဘုန်း'

ထို့နောက် တံခါးကို တဘုန်းဘုန်းနှင့် သုံးချက်ပုတ်ကာ
အောက်ထပ်သို့ ပြန်ဆင်းသွားကြပါတော့သည်။ မကြာမီ အသံဗလံ
ဟူသမျှ ပျောက်ကွယ်သွားကြပြီး တစ်အိမ်လုံး သုသာန်တစ်စပြင်ကဲ့
နှယ် ငြိမ်သက်တိတ်ဆိတ်သွားကြပါတော့သည်။ သံတိုင်များဖြင့်
ကာရံထားသည့် ပြတင်းပေါက်မှ အောက်သို့လှမ်းကြည့်လိုက်တော့
လူ (၄) ယောက် ပြန်ထွက်သွားသည်ကို ဝိုးတဝါးလရောင်အောက်တွင်
မသဲမကွဲ မြင်တွေ့လိုက်ရသည်။

"အင်း... ဘာလိုလိုနဲ့ နာမည်ကျော်စံအိမ်ကြီးထဲမှာ ငါ
တစ်ယောက်တည်း ကျန်ခဲ့တာပါလား၊ ကေန္တ ဒီအခန်းထဲက ဟိုခုတင်
ကြီးပေါ်မှာ ငါ့ရဲ့အစ်ကို သေခဲ့ရတာ ဖြစ်မယ်"

ညိုမှိုင်းက တစ်ကိုယ်တည်းတွေးဘင်ယူဆရင်း ပြတင်းတံခါး
များကို လုံခြုံမှုရှိမရှိ သေချာစွာ စစ်ဆေးကြည့်နေမိသည်။ အပြင်
ဘက်တွင် မှန်တံခါးများ တပ်ဆင်ထားပြီး အတွင်း၌ သံတိုင်များ
တပ်ထားသောကြောင့် စိတ်ချရပါ၏။ လိုလိုမယ်မယ် တံခါးမကြီးကို
အတွင်းမှ ချက်ချထားလိုက်ပြီး စားပွဲကြီးတစ်လုံးကိုပါ ဖိကပ်၍
ပိတ်ထားလိုက်သည်။ ထို့ပြင် အောက်ခံကြမ်းပြင်၊ မျက်နှာကြက်နှင့်
နံရံများကိုပါ အသေးစိတ် စစ်ဆေးကြည့်နေပါ၏။ သို့သော် မည်သည့်
နေရာမှ မသင်္ကာဖွယ်ရာ မတွေ့ရချေ။





"အင်း... ဘယ်နေရာမှာမှ မသင်္ကာစရာဆိုလို့ တစ်ခုမှ
မတွေ့ရပါလား။ ဒါဆိုရင် အခန်းထဲက ပစ္စည်းတွေကိုပဲ စစ်ဆေး
ကြည့်ရတော့မှာပဲ"

ထို့နောက် အခန်းထဲတွင် ဖယောင်းတိုင်မီးနှင့် သေသေချာ
ချာ စစ်ဆေးကြည့်ပြန်ပါ၏။ အခန်းထဲတွင် ပရိဘောဂပစ္စည်းများက
များများစားစား မရှိ။ အခန်းထောင့်ရှိ ကြေးခုတင်ကြီးတစ်လုံးကိုသာ
တွေ့ရသည်။ ခုတင်ကြီးမှာလည်း ကနုတ်ပန်းများဖြင့် ပုံဖော်ထားသည့်
ရှေးဟောင်းခုတင်ကြီးဖြစ်သည်။

ခုတင်အောက်တွင် ဘာမျှမရှိ။ ခုတင်ပေါ်တွင်မူ မွေ့ရာ၊
စောင်၊ ခေါင်းအုံးတို့သာ ရှိကြသည်။ အခြားမသင်္ကာဖွယ်ရာ ဘာမျှ
မတွေ့ရ။ သို့သော် ထူးခြားသည်က ခုတင်ခြေရင်းဘက်နံရံတွင် ပန်းက
နုတ်များဖြင့် ဘောင်ခတ်ထားသော ပန်းချီကားချပ်ကြီးပင်။ ပန်းချီဆရာ
တစ်ယောက်ဖြစ်သဖြင့် အခန်းတစ်ခန်း၏ဖွဲ့စည်းပုံနှင့် ပန်းချီကားချပ်
များ ထားရှိရမည့်နေရာကိုသိသည်။ ယခုတွေ့မြင်ရသည့် ပန်းချီကား
ချပ်မှာ နေရာမှန်တွင် ချိတ်ဆွဲထားသည့်ပန်းချီကားချပ် မဟုတ်။

ရာခိုင်နှုန်းအရတွက်ချက်ကြည့်လျှင် ပန်းချီကား ချိတ်ဆွဲ
သည့်နေရာမှာ အခန်းတစ်ခု၏ ခေါင်းရင်း သို့မဟုတ် ဘေးနှစ်ဖက်
တို့တွင်သာ များသောအားဖြင့် ချိတ်ဆွဲထားလေ့ရှိကြသည်။ ယခုကဲ့သို့
ညသူမျှ ခြေရင်းဘက်တွင် ချိတ်ဆွဲခြင်းမရှိကြ။

ထိုပန်းချီကားချပ်ကို ညိုမှိုင်း ဖယောင်းတိုင်မီးအလင်းရောင်
တွင် သေချာစွာကြည့်သည်။ ပန်းချီကားမှာ စိတ္တဇဆန်သော အနီရောင်



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားတစ်ခုဖြစ်သည်။

တောင်စွယ်နေကွယ်ချိန်တွင် ပါးကွက်အာဃာသားတ
ယောက်က သွေးစွန်းဓားကြီးတစ်လက်ကို ကိုင်ထားသည့်အပြင် သူ့
ဘယ်ဘက်လက်တွင်လည်း သွေးစိမ်းရှင်ရှင် စီးကျနေသည့် ဆံပ
ဖားလျားနှင့် ခေါင်းပြတ်ကြီးတစ်ခုကို ကိုင်စွဲထားသည်။

ခက်ထန်ကြမ်းရှသည့်မျက်နှာတွင် မုတ်ဆိတ်ကျင်စွယ်များက
ရှုပ်ထွေးပွေလိမ်လျက်။ မျက်နှာအမူအရာက ရက်စက်ကြမ်းကြု
သလောက် မာန်ပါပါကြည့်နေသော မျက်လုံးအစုံက မီးဝင်းဝင်
တောက်နေသကဲ့သို့ ပန်းချီကားချပ်တစ်ခုလုံး ခြုံ၍ကြည့်လိုက်လျှင်
သွေးပျက်ချောက်ချားဖွယ် အနိဋ္ဌာရုံမြင်ကွင်းမှာ လွန်စွာမှ အသက်ဝ
လွန်းလှပါပေ၏။

ပန်းချီကားတစ်ချပ်လုံး၏ အသက်မှာ သွေးတစ်စက်စက်က
နေသော ခေါင်းပြတ်ကြီးနှင့် သွေးစွန်းနေသည့် ဓားကြီးတစ်လက်
ကြည့်နေသူ၏ ရင်ဘတ်ထဲထိတိုင် ထိုးဖောက်ဝင်ရောက်နိုင်စွမ်းရှိသည့်
မီးတောက်မျက်လုံးတစ်စုံတို့က လွန်စွာမှအသက်ဝင်လှပါ၏။

ညိုမှိုင်းက ပန်းချီကားကြီးအနီးသို့ လျှောက်လာပြီး သေချာ
စွာ စစ်ဆေးကြည့်ပြန်ပါ၏။ ဤပန်းချီကားချပ်ကြီးသည် လျှို့ဝှက်ထ
များဖြစ်နေလေမည်လားဟူသော အတွေးများဖြင့် စစ်ဆေးကြည့်သည်
တိုင် နံရံတွင် အသေရိုက်ကပ်ထားသဖြင့် ထိုအတွေးတို့ကို စွန့်လွှ
လိုက်ရပြန်သည်။

ထိုစဉ် ခြေထောက်တွင် စေးထန်းထန်းအရာများ ကပ်ငြိလာ





သဖြင့် သေချာစွာ ငုံ့ကြည့်လိုက်စဉ် စိုထိုင်းခြောက်ကပ်စပြုနေသော
သွေးကွက်အချို့ကို အံ့ဩစွာ တွေ့လိုက်ရသည်။ ၎င်းသွေးကွက်များမှာ
ပန်းချီကားထဲရှိ ခေါင်းပြတ်ကြီးအောက်တည့်တည့်တွင် ရှိနေပါ၏။

ညိုမှိုင်း ထိုင်လိုက်ပြီးလက်ဖြင့် အသေအချာတို့ထိနမ်းကြည့်
လိုက်တော့လည်း လူသွေးအစစ်များဖြစ်ကြောင်း သိလိုက်ရသည်။

"ရော်... ဘယ်လိုဖြစ်တာလဲ၊ ဒီသွေးကွက်တွေက လူ့သွေး
အစစ်တွေပဲ၊ ဘာကြောင့် ဒီပန်းချီကားရဲ့ ခေါင်းပြတ်ကြီးတည့်တည့်
အောက်မှာ ရှိနေရတာလဲ၊ အင်း... အလောင်းအစားပြိုင်ပွဲကတော့
စပြီထင်တယ်"

ညိုမှိုင်းက ပန်းချီကားကြီး[illegible]လှည့် သွေးကွက်များကို
တစ်လှည့် သေချာစွာကြည့်ရင်း တစ်[illegible]ယ်တည်း ရေရွတ်လို[illegible]သည်။
ဟုတ်သည်။ ယနေ့ညအဖို့ အဓိက[illegible]ရမည့်အချက်မှာ ဤ
အနိဋ္ဌာရုံပန်းချီကားကြီးပင်ဖြစ်သည်[illegible]ချက်ချမိသည်။

"ဖြစ်နိုင်တယ်၊ ဒီအခန်းထဲ[illegible]ကဲ့သို့တိုင်း
တစ်စုံတစ်ခု၊ ဒါမှမဟုတ် ထိတ်လန့်ကြောက်ရွံ့စရာ မြင်ကွင်းတစ်ခုခု
ကို ကြောက်လန့်တကြား တွေ့လိုက်ရလို့ လန့်ဖျပ်ပြီး နှလုံးသွေး
ရပ် သေဆုံးသွားခဲ့ရတာမှန်ရင် အဓိကတရားခံဟာ ဟောဒီ ပန်းချီကား
ကြီးနဲ့ တစ်နည်းတစ်ဖုံ ပတ်သက်နေဖို့များတယ်"

ညိုမှိုင်းတစ်ယောက် ပန်းချီကားကြီးအနီးတစ်ဝိုက်တွင် ဂရု
တစိုက် လေ့လာရင်း သူ၏တွေးဆချက်များကို သူကိုယ်တိုင် အတည်
ပြုလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လင်းဖြာနေသည့်လရောင်သည် အခန်းတွင်းသို့တိုင် ထိုးဖောက်နေရာယူလာခဲ့သည် မဟုတ်ပါလား။

"ဟူး... တော်ပါသေးရဲ့၊ လရောင်အလင်းက အခန်းထဲထိရောက်လာလို့ မမြင်နိုင်မယ့်အန္တရာယ်ကိုတော့ သိပ်ပူစရာမလိုတော့ဘူး၊ အရေးကြီးတာက ငါအိပ်ပျော်သွားလို့တော့မဖြစ်ဘူး၊ အခုထက်ထိတော့ ဘာအနှောင့်အယှက်မှ မတွေ့ရသေးဘူး၊ ဒီအတိုင်းသာ သက်ကြီးတော့ ရွှေဒင်္ဂါးခုနစ်ရာကျော် အလွယ်တကူရဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ အန္တရာယ်တစ်ခုခုကတော့ ငါ့ဆီကို မလွဲမသွေ ရောက်လာမှာပဲ၊ ငါ သတိထားနေမှဖြစ်မယ်"

ညှိမှိုင်းမှာ ပက်လက်လှန်အိပ်နေရင်းမှ သူ၏ညာဘက်လက်အနီးတွင် အဆင်သင့်ချထားသော ပစ္စတိုသေနတ်ပေါ်သို့ လက်တင်ထားလိုက်သည်။ ပြီးလျှင် မကြည့်မဖြစ် မြင်နေရသည့် ပန်းချီကားကြီးဆီသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ အဏုမြူဆီဆေးများဖြင့် ရေးဆွဲထားသဖြင့် မှိုတဝါးလရောင် အလင်းအောက်တွင် အရောင်များလင်းလက်ကာ အသက်ဝင်လှုပ်ရှားလာသယောင်ပင် ထင်ရသည်သို့။

ဟုတ်သည်။ သူ၏အကြည့်တွင် ပန်းချီကားကြီးထဲမှ ပါးကွက်အာဏာသားကြီး၏ မျက်လုံးကြီးများသည် အရောင်တလက်လက်နှင့် စူးရဲတောက်ပလာပြီး ပန်းချီကားကြီးထဲမှ ထွက်လာကာ သူ့အားဓားဖြင့် ခုတ်လိုက်တော့မည့်နှယ်... ။

ထိုအချိန်တွင်...

ххх





## သစ္စာတရား၏ ဘက်တော်သားများ

တန်ဆောင်မုန်းလပြည့်ည၏ လပြည့်ဝန်းကြီးသည် မြူခိုးတိမ်ရိပ်များ ခပ်ပါးပါးဖုံးလွှမ်းနေသဖြင့် ပြည့်ပြည့်ဝဝ မသာနိုင်ရှာပြီထင့်။ ကြယ်စင်စုစုလေးများပင် ဟိုတစ်စု သည့်တစ်စုဖြင့် ဖုံးတချို့ကွယ်တချို့နှင့်... ။

လပြည့်ည ကောင်းကင်တစ်ခုလုံးအားပါးကျလျ မြူငွေ့မှိုင်းသားများက ပိတ်ဖုံးကာဆီးထားသည်မို့ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကျင်းပလျက်ရှိသော တောင်သမန်တစ်ဝိုက်တွင် လရောင်ကမှိန်ဖျော့ဖျော့သာရှိနေပါ၏။

ထို့အတူ တောင်သမန်အင်းကို ကျောပြုကာ ဆောက်လုပ်ထားသည့် ရှေးကိန္နရီစံအိမ်ကြီးကလည်း မှုန်ဝါးဝါး လပြည့်ည၏ ရင်ခွင်ထဲတွင် တိတ်ဆိတ်ငြိမ်သက်စွာ အိမ်မောကျနေသည်သို့။

တစ်ချိန်တည်းမှာပင် ရွှေအိမ်ရွှေနန်းဘုံမြင့်ထက်တွင် စံမြန်းခွင့်ရခဲ့သော်လည်း ဘဝကို လွတ်လပ်စွာ ပျံသန်းခွင့်မရရှာသည့်



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဆုနွေး၏ သွယ်ပြောင်းသောလက်ချောင်းလေးများ အိပ်ရာခင်းများ၊ စောင်များ၊ ခန်းဆီးလိုက်ကာစများကို တစ်ခုနှင့်တ ဆက်ချည်ကာ လွှတ်မြောက်ခြင်းကြိုးတစ်ချောင်းအဖြစ် ဖန်တီးနေ ချေပြီကော။

"အစ်ကို့ကို မခွဲနိုင်လို့ အစ်ကိုရှိရာကို မြတ်ဆု လိုက်လာ ပါပြီ အစ်ကိုရယ်"

ခုတင်တိုင်တွင် ခန်းဆီးကြိုးစကို ခိုင်ခိုင်ချည်လိုက်ပြီး ပြတ ပေါက်မှတစ်ဆင့် တိုက်အောက်ခြေ မြေပြင်ဆီသို့ ပစ်ချလိုက်သည် တိမ်မည်းညို့တို့ ဖုံးအုပ်နေသဖြင့် လရောင်က မှုန်ဝါးဝါးသာရှိနေပါ

မှုန်ရေးရေး တိုက်အောက်ခြေမြင်ကွင်းကို မြတ်ဆု မကြည့်ဝံ့ဝံ့၊ ကြည့်ဝံ့ဝံ့နှင့် ငုံ့ကြည့်လိုက်သည်။ အလင်းရောင်နည်း သဖြင့် သဲကွဲစွာ မမြင်ရ။ သို့သော် တစ်စုံတစ်ရာသော မမြင်နိုင်သေ အင်အားတစ်ခုက သူမအား ညှို့ယူခေါ်ငင်နေသည်သို့. . . ။

ပြတင်းပေါက်ဘောင်ပေါ်မှ ကျော်ခွကာ ခန်းဆီးစကို လ နှစ်ဖက်နှင့် ဆုပ်ကိုင်လိုက်ပြီး မြတ်ဆုနွေး တိုက်ကြီးပေါ်မှ စတင် ဆင်းလာတော့ အရှေ့အရပ်ဆီတွင် အရုဏ်ဦးရောင်ခြည်တို့က ယု သန်းစပင် ပြုနေပါပြီကော။

"သမီးမိုက်ကို ခွင့်လွှတ်ပါတော့ အဖေရယ်"

မြတ်ဆုနွေး၏ တီးတိုးတောင်းပန်သံလေးများက အရုဏ် လေပြည်တွင် စီးမျောသွားပါချေတော့သည်။ ထိုသို့သောအချိန်တွ

ﾑ ﾑ ﾑ





## မရဏာသေမင်းလျှို့ ဥက်ထောင်ချောက် သို့မဟုတ်

ထိုသို့သောအချိန်တွင်. . .

ပန်းချီကားချပ်ကြီးထဲမှ ပါးကွက်သားကြီးက ယခုပင် ပန်းချီ ကားကြီးထဲမှ ထွက်လာကာ သွေးစွန်းဓားကြီးဖြင့် ရက်ရက်စက်စက် ခုတ်ပိုင်းတော့မည့်အတိုင်း ယိမ်းထိုး လှုပ်ရှားလျက် ရှိပါချေပြီတည်း။

"ဟာ"

ညိုမှိုင်း ထိတ်လန့်တကြား ဟစ်အော်လိုက်ရင်း သူ့မျက်လုံး ကို သူပြန်၍ ပွတ်သပ်ကြည့်လိုက်မိသည်။ ဒုတိယအကြိမ် ပန်းချီကား ကြီးကို ပြန်ကြည့်လိုက်ချိန်တွင် ပန်းချီကားထဲမှ ပါးကွက်သားကြီး၏ ဦးခေါင်းမှာ မရှိတော့။ ကြည့်နေရင်းမှပင် ဦးခေါင်းကြီးက ထူးခြားစွာ ပျောက်ကွယ်သွားပါချေပြီကော။

"ဟင်. . . ဘုရား ဘုရား. . . ဘယ်လိုဖြစ်ကုန်ကြပြီလဲ"

ရုတ်တရက် ပြောင်းလဲသွားသောမြင်ကွင်းကြောင့် သူ၏ သေနတ်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်သည်။ သူ့အတွက် ရွှေဒင်္ဂါး



www.burmeseclassic.com

www.burmeseclassic.com



(၅၀၀) ကျော်တန် အန္တရာယ်ကြီးသည် စတင်ရောက်ရှိလာပြီလေလား။

ညိုမှိုင်းအံ့သြထိတ်လန့်စွာနှင့် ကြည့်နေစဉ်မှာပင် ပန်းချီကားထဲမှ ပါးကွက်သားကြီးမှာ ကိုယ်တစ်ပိုင်းမျှသာ ကျန်ပါချေတော့သည်။

"ဟ... ဘာတွေလဲဟေ့၊ ဒီ ဒီ ပန်းချီကားကြီးက ဟို ဟိုဟာ"

ညိုမှိုင်း ပန်းချီကားကြီးဆီသို့ အာရုံရောက်လျက်ရှိစဉ် အပေါ်မှ တဖြည်းဖြည်း နိမ့်ဆင်းကျလာသည့် အန္တရာယ်အရိပ်မည်းကြီးကို သတိမပြုမိခဲ့၊ စင်စစ် သူ့အပေါ်မှ ခုတင်နှင့်ကွက်တိနီးပါးရှိသည့် လေးလံသော အမိုးကြီးက အသံလုံးဝမထွက်ဘဲ တဖြည်းဖြည်း နိမ့်ကျလာသဖြင့် ပန်းချီကားကြီးကို ကွယ်သွားခြင်းဖြစ်ကြောင်း ညိုမှိုင်း မသိနိုင်ခဲ့။

သူရိပ်စားသိရှိလိုက်ရသောအချိန်မှာတော့ အန္တရာယ်အမိုးကြီးက သူ၏မျက်နှာနှင့် တစ်တောင်ခန့်ပင် မကွာတော့။ အသံဗလံလုံးဝမကြားရဘဲ အန္တရာယ်ပင် အမိုးကြီးနိမ့်ဆင်းကျလာပုံမှာ ညင်သာလွန်းလှသဖြင့် နိမ့်ဆင်းလာသည်ဟုပင် မထင်ရ။ အနားသို့ရောက်မှ သိရသည်မှာ ခုတင်နှင့်ပုံစံ တစ်ဆိုဒ်တည်း ပြုလုပ်ထားသည့် (အန္တရာယ်အမိုးကြီး) တွင် ဆိုဖာကြီးတစ်ခုကပ်ထားကြောင်းသိလိုက်ပါ၏။

"ဟာ"

'ဝေါ ဖရော ဝုန်း'

(အန္တရာယ်အမိုးကြီး) သို့မဟုတ် (မရဏဆိုဖာကြီး) သူ၏ကိုယ်ပေါ်သို့ ရောက်လုရောက်ခါနီးမှ ညိုမှိုင်း ကပျာကယာ အောက်သို့





လိမ့်ချလိုက်သည်။ သူ အောက်သို့ ဝုန်းခနဲကျသွားသည်နှင့် အောက်မှ မွေ့ရာကြီးနှင့် အပေါ်မှ နိမ့်ဆင်းကျလာသည့် (အန္တရာယ်ဆိုဖာ) ကြီးတို့ တစ်ခုနှင့်တစ်ခု ပိပိရိရိ ဖိကပ်သွားကြပါလေတော့သည်။

"ဟာ... ဘုရား ဘုရား... ဒါ ဒါ တကယ့်သေမင်းဘမန် ထောင်ချောက်ကြီး တစ်ခုပါလား"

ညိုမှိုင်း ကပျာကယာနေရာမှထကာ (အန္တရာယ်ဆိုဖာအမိုးကြီး)ကို လက်နှစ်ဖက်ဖြင့် အားထည့်ကာ မ,ကြည့်သည်။ လုံးဝ မလှုပ်နည်းနည်းလေးမျှမလှုပ်ဘဲ ခုတင်ကြီးနှင့် တစ်ဆိုဒ်တည်း တသားတည်း ဖိကပ်နေသည်ကိုသာ အံ့သြစွာ တွေ့လိုက်ရပါတော့သည်။

သည် (မရဏဆိုဖာ) ကြီးအောက်သို့ ရောက်သွားသူမှန်သမျှ မည်သို့မျှ ရုန်းထွက်၍မရတော့ဘဲ မကြာခင်မှာပင် အသက်ရှူကျပ်ကာ သေဆုံးသွားကြရမည်မှာ သေချာလှသည်။ ဤသို့ဆိုလျှင် သူ၏အစ်ကိုကြီး ကျောက်မောင်း နှလုံးသွေးရပ်ကာ သေဆုံးခဲ့ရခြင်းမှာ ဤမရဏဆိုဖာကြီးကြောင့်ပင် ဖြစ်ပါချိမ့်မည်။

"ဘုရား ဘုရား... ငါသာ သူတို့ခပ်ထားတဲ့ ဆေးမိပြီး အရက်မူးလွန်တဲ့ပုံစံနဲ့ ခုတင်ပေါ်မှာ အိပ်ပျော်နေခဲ့ရင် ဒီအချိန်လောက်ဆို အသက်ပျောက်နေပြီပေါ့။ တောက်... ခေတ်တော်အကြံပက်စက်ပြီး ယုတ်မာရက်စက်တဲ့သူတွေပဲ၊ ဟင်း ဟင်း... တွေ့ကြသေးတာပေါ့ ဦးလူလှရယ်"

ညိုမှိုင်းတစ်ယောက် ဖြစ်စဉ်ကိုကြည့်ကာ ဒေါသ အကြီးအကျယ် ထွက်နေမိသည်။ ကြိုတင်ကြံစည်၍ ပစ္စည်းယူ လူသတ်သည့်



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အစည်းတစ်ခုနှင့် သူရင်ဆိုင်ကြုံတွေ့နေရပြီ မဟုတ်ပါလား။

"အင်း... ဒီ ခါးကုန်းကြီးနဲ့ ခေါင်းတုံးဆံတောက်အဖွဲ့ရဲ့ နောက်မှာ ကြိုးကိုင်ချယ်လှယ်တဲ့ ဆရာကြီးတစ်ယောက်တော့ ရှိရမယ်၊ ဟုတ်တယ်... မနက်မိုးလင်းတာနဲ့ ခါးကုန်းကြီးတို့အဖွဲ့တွေ ဝမ်းသာအားရနဲ့ ရောက်လာကြမှာ သေချာတယ်၊ အဲဒီတော့"

ညိုမှိုင်း တန်ပြန်စစ်ဆင်ရေးတစ်ခုကို ကြံတင်၍ စီစဉ်ပါတော့သည်။ အခန်းတံခါးပေါက်တွင် ပိတ်ဆို့ကာဆီးထားသည့် စားပွဲခုံကြီးကိုဖယ်ရှင်းလိုက်ပြီး တံခါးချက်ကိုပါ ပြန်၍ဖွင့်ပေးထားလိုက်သည်။

ထိုအချိန်တွင် ခုတင်ပေါ်တွင် ဖိကပ်ထားသည့် (မရဏဆိုဖာကြီး) သည် အပေါ်သို့ တဖြည်းဖြည်းပြန်တက်သွားပြီး အပေါ်မျက်နှာကြက်တွင် ပိပိရိရိနှင့် ခြေရာလက်ရာမပျက် ပြန်၍ကပ်သွားပါ၏။ အသံဗလံဟူ၍ စိုးစဉ်းမျှမကြားရ၊ မကြာမီ အခန်းထဲတွင် အခြေအနေက ယခင်အတိုင်းပင် ပြန်လည်၍ ငြိမ်သက်သွားပါချေ၏။

ထိုစဉ် အရှေ့အရပ်ဆီမှ မနက်အရုဏ်သည် ဖြန့်ကြက်နိုးထရန် အားယူစပြုနေပါချေပြီတည်း။

၂

နံနက်ခင်းနေခြည်က တောင်သမန်ကုန်းထိပ်ရှိ နာမည်ကျော်ငါးဆောင်ပြိုင်စံအိမ် သို့မဟုတ် မိစ္ဆာစံအိမ်ကြီးပေါ်သို့ ယှက်ဖြာကျဆင်းလျက် ရှိသည်။ နံနက်ခုနစ်နာရီခန့်မှာတော့ ခါးကုန်းကြီးဦးလူလှနှင့်





ခေါင်းတုံးဆံတောက်တို့အဖွဲ့ (၃) ယောက် မိစ္ဆာစံအိမ်ကြီး၏ အိမ်ရှေ့တံခါးပသို့ ရောက်ရှိလာခဲ့ကြသည်။

စံအိမ်စောင့် ခါးကုန်းကြီးက တံခါးမကြီးသော့ကို ဖွင့်နေစဉ် ခေါင်းတုံးဆံတောက်နဲ့ပုဂ္ဂိုလ်က အိမ်ကြီးထဲသို့ ချောင်းကြည့်လိုက်ပြီး

"အင်း... ငါတို့ သူ့ရဲ့အသက်နဲ့လဲပြီး ရွှေဒင်္ဂါး (၁၀၀) ကျော် လာပြီးပေးတဲ့ အလှူရှင်လေးရဲ့ အလောင်းကိုတော့ ဒီတစ်ခါကောင်းကောင်းသင်္ဂြိုဟ်ပေးရမယ်ဟေ့"

"ဟုတ်တယ် အာစရိ.. အခုလောက်ဆို ကြေးခုတင်ကြီးပေါ်မှာ အရင်လူတွေလိုပဲ ဆန့်ဆန့်ကြီး သေနေလောက်ပြီ အာစရိရေ... ဟင်း ဟင်း ဟင်း"

"အင်း ... သချိုင်းဝါသချိုင်းကုန်းမှာတော့ မြေပုံတစ်ခုထပ်ပြီးတိုးဦးတော့မှာပဲ"

တစ်ယောက်တစ်ယောက်နှင့် ပြောဆိုကြရင်း ငါးဆောင်ပြိုင်စံအိမ်ကြီးအတွင်းသို့ ဆူညံစွာ ဝင်ရောက်လာကြသည်။ ထို့နောက် လှေကားကြီးမှတစ်ဆင့် အပေါ်ထပ်သို့ တက်လာကြပြီး ညိုမှိုင်းအားထားခဲ့သော အခန်းတံခါးကို သော့ဖွင့်၍ ဝင်လာခဲ့ကြသည်။

အခန်းတွင်းရှိ ကြေးခုတင်ကြီးပေါ်မှာတော့ ညိုမှိုင်းက ကောက်လက်အနေအထားဖြင့် ငြိမ်သက်လျက်ရှိပါချေပြီ။ သူ့အနီးရှိ စားပွဲပေါ်မှာတော့ လောင်းကြေးထပ်ထားသည် ရွှေဒင်္ဂါးထုပ်ကြီးက အဆင်သင့်။

"ဟိုမှာ တွေ့လား... အရင်လူတွေအတိုင်းပဲ မှုးမှုးနဲ့ အိပ်



www.burmeseclassic.com

www.burmeseclassic.com



ပျော်နေတုန်း သူ့ကိုယ်သူ ဘယ်လိုသေသွားမှန်းတောင် သိလိုက်ပုံမ ဘူး။ ဟော့ ဟော့... ငါလည်း ဆရာကြီးဆီရောက်မှပဲ ဒီလူ ဘယ်သူ လဲဆိုတာ သိခဲ့ရတာ၊ ဟို... ပန်းချီပြခန်းက ပန်းချီဆရာညိုမှိုင်းတဲ့ နောက်ပြီး ဆရာကြီးက ထပ်ပြီးမှာလိုက်သေးတယ်... အဲဒီ ပန်း ဆရာကောင် တကယ်သေဆုံးသွားပြီဆိုရင် ငါတို့ကို ထပ်ပြီး ဘောက် ဆူးပေးဦး မယ်တဲ့လေ... ဟင်း ဟင်း ဟင်း''

''ဟင်... ဟုတ်လား၊ ဒါ ဒါဆိုရင် ဒီ ဒီပန်းချီဆရာ ဆရာကြီးနဲ့ ရန်ငြိုးရှိနေတဲ့သူဖြစ်ရမယ်၊ ဒီလိုဆို အခု ဒီကောင် သေသွားပြီဆိုတော့ ငါတို့ ဆရာကြီးဆီက ဘောက်ဆူးထပ်ပြီးရမှ ပေါ့နော်... ဟုတ်လား''

''ဟင်း ဟင်း... ဒါပေါ့ကွာ၊ စားရက်ကြီးတော့ မှတ်ဆိတ် များစွဲတယ်ဆိုတာ၊ ကိုင်း... လောင်းကြေးငွေတွေယူပြီး သူ့ သင်္ချိုင်းကုန်းကို ပို့လိုက်ကြဦးစို့ရဲ့၊ အင်း... ပုလိပ်တွေကတော့ ထုံးစံအတိုင်း နည်းနည်းပါးပါး မေးကြမြန်းကြဦးတော့မှာပေါ့ကွာ''

ခေါင်းတုံးဆံတောက်နှင့်ပုဂ္ဂိုလ်က ရယ်ရယ်မောမောနှင့် ပြော ဆိုရင်း ကြေးခုတင်ကြီးအနီးသို့ တိုးကပ်လာကြသည်နှင့် ညိုမှိုင်း မျက်လုံးဖွင့်ကြည့်လိုက်ပြီး ဝုန်းခနဲထထိုင်လိုက်သည်။

''ဟင်''

''ဟာ... အိုး''

''ဟင်... မင်း မင်း မသေ မသေဘူး... ဟုတ်လား''

တစ်ချိန်တည်းမှာပင် ညိုမှိုင်း၏လက်ထဲမှ သူတို့အား ချိန်





ရွယ်ထားသည့် ပစ္စတိုသေနတ်ကို တွေ့လိုက်ကြရသည်မို့...

''ဟာ... မင်း မင်း မင်း ဘယ်သူလဲ''

''ငါ ဘယ်သူလဲဆိုတာ မင်းတို့ဆရာကြီးက သိထားတယ် ဆို၊ အေး... မင်းတို့ဆရာကြီးဆိုတာကိုတော့ ငါသိချင်တယ်၊ ကဲ ပြောစမ်း... ဘယ်သူလဲဆိုတာ''

လူလေးယောက်စလုံး နီးကပ်စွာ ချိန်ရွယ်ထားသည့် ညိုမှိုင်း ၏ သေနတ်ကို တွေ့မြင်လိုက်ကြသဖြင့် မလှုပ်ဝံ့ကြတော့ဘဲ မျက်လုံး ပြူး မျက်ဆန်ပြူးနှင့် ရပ်နေကြသည်။ ထိုအချိန်တွင် ဝေမင်းအိမ်၏ သတင်းပေးမှုကြောင့် ကြိုတင်၍ စောင့်ဆိုင်းနေကြသည့် ဌာနာပိုင်ကြီး ဦးကျော်ခေါင် ခေါင်းဆောင်သော ပုလိပ်အဖွဲ့က မိစ္ဆာစံအိမ်ကြီးကို စနစ်တကျ ဝိုင်းရံထားလိုက်ကြချေပြီ။

''ကဲ ပြောလေကွာ... မင်းတို့ရဲ့ဆရာကြီး ဘယ်သူလဲဆို တာ၊ ဘာလဲ... ခြေထောက်တွေ တစ်ချောင်းစီ ပစ်ချိုးပြီးမှ ပြောကြ မှာလား''

''ဟို ဟို ဟို''

'ကျွဲ ကျွဲ... ဝုန်း'

''ဟာ... အို''

ရုတ်တရက် မမျှော်လင့်ဘဲ မျက်နှာကြက်အမိုးပေါ်မှ (မရဏ ဆိုဟာ) ကြီးက ဝုန်းခနဲ ပြုတ်ကျလာသဖြင့် ညိုမှိုင်းနောက်ဘက်သို့ အထိတ်တလန့် လှည့်ကြည့်လိုက်စဉ် ခါးကုန်းကြီးဦးလှလှတို့လူစု အရှိန်းရှန်းနှင့် အခန်းထဲမှ ပြေးထွက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း ဒုန်း ဒုန်း'

'ဒိုင်း ဒိုင်း ဒိုင်း'

"ဟေး... ဟိုမှာ ပုလိပ် ပုလိပ်တွေ... ပြေး ပြေး"

အချိန်မီရောက်လာကြသော ဌာနာပိုင်ကြီးဦးကျော်ခေါင်တို့အဖွဲ့က အခန်းထဲမှ ပြေးထွက်လာသူများကို ပစ်ခတ်ဖမ်းဆီးရန် ကြိုးစားလိုက်သည်။

'ဒိုင်း ဒိုင်း ဒိုင်း'

"အ"

ဦးကျော်ခေါင်တို့ ပစ်ခတ်လိုက်သော ကျည်ဆန်တစ်တောင့်က ကံဆိုးသူ ခါးကုန်းကြီးဦးလူလု၏ ခြေထောက်ကိုရုပ်၍ ထိမှန်သွားသဖြင့် နေရာတွင်ပင် ခွေခနဲလဲကျသွားပါတော့သည်။ ကျန်ထွက်ပြေးသူများနောက်သို့ ပုလိပ်တပ်ဖွဲ့ဝင်များ ပြေးလိုက်သွားကြသည်။

"ဟေး မောင်ညိုမှိုင်း... ဘယ်လိုလဲ အခြေအနေကောင်းရဲ့လား"

အသံအောအောကြီးနှင့် ဟစ်အော်ရင်း အခန်းထဲသို့ဝင်လာသည့် ဌာနာပိုင်ကြီးဦးကျော်ခေါင်၏အသံကြီးကြောင့် ညိုမှိုင်း ချက်ချင်းပင် ဖြေကြားလိုက်ရသည်။

"အိုကေ... ကျွန်တော် ဘာမှမဖြစ်ဘူး ဦးကျော်ခေါင်ခင်ဗျားတို့ရောက်လာတာ အချိန်ကောင်းပဲ၊ ဒီမှာ အိမ်စောင့်ခါးကုန်းကြီးကိုတော့ ဒဏ်ရာနဲ့မိထားတယ်၊ ကျန်တဲ့သူတွေတော့ ထွက်ပြေးသွားကြတယ်"





"ကိစ္စမရှိဘူး... ဒီကောင်တွေ မြေအပြင်ဘက်ကို မရောက်ပါဘူး၊ ကျုပ်လူတွေ တစ်ခြံလုံးကို ကွက်တစ်ကောင် ထွက်ပြေးလို့မရအောင် ဝိုင်းဆို့ထားကြတယ်၊ အလို... ဟို ဟို ခုတင်ကြီးပေါ်က ဘာကြီးတုံး မောင်ညိုမှိုင်း"

ဌာနာပိုင်ကြီးဦးကျော်ခေါင်က ကြေးခုတင်ကြီးပေါ်တွင် အပေါ်မှ သံပိုက်လုံးကြီးတန်းလန်းနှင့် တွဲထားသည့် လူသတ်တရားခံ (မရဏဆိုဖာ) ကြီးကို တအံ့တသြကြည့်ရင်း မေးလိုက်ခြင်းဖြစ်သည်။

"ဟင်း ဟင်း... အဲဒါ လူတွေကို လက်သည်မပေါ်အောင် သတ်ပစ်တဲ့ (မရဏဆိုဖာ) ကြီးပေါ့ ဦးကျော်ခေါင်"

"ဗျာ... ဟင် အို"

ညိုမှိုင်း၏ စကားကြောင့် ဌာနာပိုင်ကြီးဦးကျော်ခေါင် အပါအဝင် အားလုံးက ကြေးခုတင်ကြီးနှင့် အံဝင်ခွင်ကျရှိနေသည့် လေးလံသော သံပြားကစ် (မရဏဆိုဖာကြီး) ကို စိတ်ဝင်တစား ဝိုင်းကြည့်နေကြပါတော့သည်။

///



www.burmeseclassic.com

www.burmeseclassic.com



## အန္တရာယ်ခံတွင်းသို့ တိုးဝင်ကြသူများ

"ဟောဒီ ကြေးခုတင်ကြီးက အခုလောလောဆယ် တီထွင်ထားတာမဟုတ်ဘူး ဦးကျော်ခေါင်၊ ဟို ရှေးမြန်မာမင်းတုန်းမင်းလက်ထက်မှာ မင်းကင်းမြို့စားကြီးဆောက်လုပ်ခဲ့တဲ့ ငါးဆောင်ပြိုင်စံအိမ်တော်ကြီးတစ်ဆောင်ပဲ၊ ဒါပေမဲ့ မင်းကင်းမြို့စားကြီးနဲ့ပြိုင်ဘက်ရန်ငြိုးဖွဲ့ခဲ့ဖူးတဲ့နန်းတွင်းအမတ်တစ်ဦးက စံအိမ်တော်ကြီးတစ်ခုလုံးကို တာဝန်ယူပြီး ဆောက်လုပ်ပေးရတဲ့ အကြံအမှုနဲ့ ပူးပေါင်းပြီး ဟောဒီ (လူသတ်သံကပ်ဆိုဖာကြီး) ကို ကြေးခုတင်ကြီးနဲ့ စရွေးကိုက်ပြုလုပ်စီမံစေခဲ့တယ်လေ"

"အဲဒါကြောင့် မင်းကင်းမြို့စားကြီးရဲ့ အဆက်အနွယ်တွေ တစ်ယောက်ပြီးတစ်ယောက် ကံတော်ကုန်သေဆုံးခဲ့ကြရတာပေါ့၊ အဲဒီနန်းတွင်းအမတ်ကြီးဟာ သူမလိုလားတဲ့သူ ရန်ဘက်ဆိုတဲ့သူ တွေကို ဒီ (လူသတ်သံကပ်ဆိုဖာကြီး) နဲ့ ကြေးခုတင်ကြီးပေါ်မှာ သတ်ပစ်ခဲ့တယ်၊ ဒါက ကျွန်တော် မကြာခင်ကမှ သိခဲ့ရတာပါ"





ညှို့မှိုင်းရှင်းပြနေသည်များကို နားထောင်ရင်း သံပိုက်လုံးနှင့် တွဲထားသည့် (မရဏသံကပ်ဆိုဖာကြီး) ကို ဦးကျော်ခေါင် အနီးကပ်လေ့လာကြည့်နေပါ၏။ အတွင်းတစ်နေရာ ဒါမှမဟုတ် လျှို့ဝှက် တစ်နေရာမှ တစ်စုံတစ်ယောက်က ထိုသံပိုက်လုံးကို ချိန်းတစ်ခုနှင့် တွဲထားပြီး လိုအပ်သည့်အချိန်တွင် ဆွဲတင်၊ ဆွဲချ ပြုလုပ်ပေးဟန်ရှိသည်။ ထို့ကြောင့် ခုတင်နှင့် စရွေးကိုက်ပြုလုပ်ထားသည့် (မရဏ သံကပ်ဆိုဖာကြီး) တဖြည်းဖြည်းနိမ့်ကျလာသည်ကို အမှောင်ထဲတွင် မသိလိုက်ရပါဘဲ သို့မဟုတ် အိပ်မောကျနေရင်းနှင့် ရက်ရက်စက်စက် ဖိသတ်ခံလိုက်ရခြင်းပင် ဖြစ်သည်။

"ဒီဘက်ခေတ်ကိုရောက်လာတော့ ဒီခုတင်ကြီးနဲ့ မရဏသံပြားကပ် ဆိုဖာကြီးရဲ့ လျှို့ဝှက်ချက်ကို သိထားတဲ့လူတစ်ယောက် ဒါမှမဟုတ် ဒုစရိုက်အဖွဲ့အစည်းတစ်ခုက တွေ့ရှိသွားကြပြီး ဒီ လူသတ် လက်နက်ကြီးကို အသုံးပြုပြီး စီးပွားရှာကြတော့တာပဲ ဖြစ်မယ်၊ ကျွန်တော့်ရဲ့အစ်ကိုဟာလည်း ဒီ ဒုစရိုက်ကောင်တွေရဲ့ လှည့်ကွက်ထဲမှာ ဝင်သွားတာနေမှာပေါ့၊ ဒီမိန္ဒာစံအိမ်ကြီးမှာ တစ်ညအိပ်တဲ့သူရှိရင် လောင်းကြေးတွေ လေးငါးဆပိုပေးပြီး အလောင်းအစားတွေ လုပ်ကြတယ်၊ သူတို့ အိပ်ခိုင်းတဲ့အခန်းထဲမှာ တစ်ညအိပ်လိုက်ရုံနဲ့ လောင်းကြေးငွေတွေအများကြီးရမှာဆိုတော့ ဘယ်သူမဆို လောင်းကြမှာပဲ၊ အဲ... ပိုပြီးဆိုးတာက လောင်းကြေးထပ်ပြီး သွားခဲ့ရင် အဲဒီလူကို အရက်မူးအောင်တိုက်ရင်တိုက်၊ ဒါမှမဟုတ်ရင် အရက်ထဲကို အိပ်ဆေးခတ်ပြီး အဲဒီမိန္ဒာစံအိမ်ကြီးကို ပို့လိုက်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဒါဆိုရင် ဒီကောင်တွေဟာ အကွက်ကျကျ ကြို တင်စီစဉ်ကြပြီးမှ လောင်းကြေးငွေလည်းယူ၊ လူကိုပါ လက်စတုံးလိုက် တဲ့ သဘောပဲပေါ့ မောင်ညိုမှိုင်း"

"ဟုတ်ပါတယ် ဦးကျော်ခေါင်၊ နောက်ပြီး အခန်းထဲမှာရှိတဲ့ လူသတ်ပန်းချီကားကြီးကလည်း လူ့ရဲ့စိတ်ကို ပိုပြီး သွေးပျက် ချောက် ချားသွားအောင် တမင်တကာ ဖန်တီးထားခဲ့တာပဲ၊ ပန်းချီကားအောက် မှာ သွေးကွက်တွေ ဖန်တီးပြီး ပိုမိုထိတ်လန့်ချောက်ချားအောင် လုပ်ပြီး နောက်ဆုံး ကြောက်ကြောက်နဲ့ ခုတင်ပေါ်မှာ အိပ်ပျော်အောင် ကြိုး စားအိပ်ခဲ့ကြရင်းက (မရဏသံပြားကပ်ဆိုဖာ) ကြီးအောက်မှာ လည့်စင်းပြီး အသက်ပေးသွားကြတော့တာပဲ ဦးကျော်ခေါင်ရေ"

"တောက်... တော်တော်ကြီးကို အကြံပက်စက်တဲ့လူတွေပဲ မောင်ညိုမှိုင်း၊ ဒီအတိုင်းဆို ဒီကောင်တွေကိုမိတာနဲ့ ထိုက်တန်တဲ့ ပြစ်မှုတွေခံရအောင် ကျုပ်တို့ထပ်ပြီးကြိုးစားရမယ်"

ထိုစဉ်မှာပင် ထွက်ပြေးသူများနောက်သို့ လိုက်သွားကြသည့် ပုလိပ်သားအချို့ ပြန်ရောက်လာကြပြီး ဌာနာပိုင်ကြီးဦးကျော်ခေါင်ထံ သတင်းပို့ကြသည်။

"အခြေအနေ ထူးခြားပါတယ် ဌာနာပိုင်ကြီး၊ ကျွန်တော်တို့ တစ်တွေ ထွက်ပြေးသွားကြတဲ့ လူစုနောက်ကို လှမ်းပြီး ချက်ချင်းလိုက် ကြပါတယ်၊ ဒါပေမဲ့ ဒီကောင်တွေဟာ မြို့ပြင်ပေါ်ကိုလည်း ထွက် မလာကြဘူး၊ အိမ်ကြီးထဲမှာလည်း မတွေ့ရဘဲ ခြေရာပျောက်သွားပါ တယ် ဌာနာပိုင်ကြီး"





"ဟော... ဒီလိုဆိုရင် ဒီကောင်တွေက ဒီမိစ္ဆာအိမ်ကြီးထဲက နေ ကိုယ်ယောင်ဖျောက်ပြီး ထွက်သွားကြတာလား၊ ဒါမှမဟုတ် မြေလျှိုးပြီး မိုးပျံသွားကြတာလားကွ... ဟော၊ သွားကြ... တစ်အိမ် လုံး မြေလှန်ပြီး ရှာကြ"

ဌာနာပိုင်ကြီးဦးကျော်ခေါင်က ဒေါသတကြီးရေရွတ်ရင်း ညိုမှိုင်းထံသို့ လှည့်ကြည့်၏။ပြီးလျှင် ပုလိပ်သားတစ်ယောက် လက်ထဲ တွင် ဒဏ်ရာနှင့်ညည်းညူနေသည့်ခါးကုန်းကြီးအား မေးဆတ်ပြရင်း

"လာ မင်းအောင်... စာသင်ကြီးနောက် လိုက်သွားရ အောင် မောင်ညိုမှိုင်း၊ ဒီခါးကုန်းကြီးကို ထစ်ချက်ကြည့်ထားပေးပါ"

ဦးကျော်ခေါင်မှာ ညိုမှိုင်းအား မျက်စိတစ်ဖက် မှိတ်ပြလိုက်ပြီး အစောင့်ပုလိပ်သားလေးကိုပါခေါ်ကာ အခန်းထဲမှ ထွက်သွားသည်။ ညိုမှိုင်းကလည်း ချက်ဆိုနားခွက်က မီးတောက်ပြီးသား။

ဦးကျော်ခေါင်တို့ထွက်သွားသည်နှင့် အခန်းတံခါးကို ချက်ထိုး ကာ ပိတ်လိုက်သည်။ ပြီးလျှင် သူ့အား ပြူးပြူးပျာပျာ ကြည့်နေသည့် ခါးကုန်းကြီးဦးလူလှရှေ့တွင်ရပ်ကာ လက်ထဲမှ ပစ္စတိုသေနတ်နှင့် ပတ်ခနဲ ချိန်ရွယ်လိုက်သည်။

"ဟင်... မင်း မင်း မင်း ဘာ ဘာလုပ်မလို့လဲ"

"သတ်မလို့၊ ခင်ဗျားကြီးကို သတ်ပစ်မလို့၊ ကျုပ်မေးတာကို အမှန်အတိုင်းမဖြေရင် ခင်ဗျားရဲ့ခြေထောက်တွေကို ပစ်ချိုးပြီး သတ်မှာ။ ဟင်း ဟင်း... ပြီးခဲ့တဲ့ ရတနာ့ဂူနတ်ပွဲရာသီတုန်းက သောဒီ မိစ္ဆာစံအိမ်ကြီးထဲက ဒီအခန်းထဲမှာ ခင်ဗျားတို့ အရက်မူးအောင်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပြီး ရက်ရက်စက်စက် သတ်ပစ်ခဲ့ကြတဲ့ တွေ့မရှောင်ကျော်မောင်းဆိုတာ ကျုပ်ရဲ့အစ်ကိုအရင်းပဲ၊ ဟင်း ဟင်း... ဒီတစ်ခါတော့ ခင်ဗျားအလှည့်ပဲ ဦးလှူလှ''

ပြောပြောဆိုဆိုနှင့် ဦးလှူလှ၏ဒဏ်ရာရထားသည့် နံစောင်းကို သေနတ်ပြောင်းနှင့် ခပ်ဖိဖိ ထောက်လိုက်သည်။

''အ အား အား... ဟို ဟို... ကျုပ် ကျုပ်ကို မ မ မသတ်ပါနဲ့၊ မင်း မင်း သိချင်တာတွေအားလုံး ပြောပြပါ့မယ်၊ အီး ဟင်း... ကျွတ် ကျွတ်''

''ဟင်း ဟင်း... မဆိုးဘူး၊ ခင်ဗျားကြီး အခြေအနေကို သဘောပေါက်လွယ်တာပဲ၊ ကဲ... ဟောဒီစံအိမ်ကြီးရဲ့ မြေအောက်ခန်းနေရာရယ်, နောက်ပြီး ငါ့ကို သိပ်ပြီးသေစေချင်နေတဲ့ မင်းတို့ရဲ့ ဆရာကြီးဆိုတာရယ်၊ ကဲ ပြော... မြန်မြန်ပြော''

နောက်ဆုံး ခါးကုန်းကြီးဦးလှူလှတစ်ယောက် ညို့မှိုင်းနှင့် ဦးကျော်ခေါင်တို့၏လှည့်ကွက်ထဲသို့ ကျရောက်ခဲ့ရပါတော့၏။ ညို့မှိုင်းမှာ ဦးလှူလှ၏စကားများကို နားထောင်နေရင်းမှ ဒေါသကြောင့် နှလုံးသွေးတို့ပင် ဆူပွက်လှုပ်ရှားလာကြသည်သို့။ ထိုအချိန်တွင်...

*

အရုဏ်နံနက်ခင်းနှင့်အတူ ရွှေကိန္နရီစံအိမ် သို့မဟုတ် ရွှေလှောင်ချိုင့်ထဲမှ ထွက်ပြေးလာခဲ့သည့် မြတ်ဆုနွေးတစ်ယောက် ညို့မှိုင်းတည်းခိုသည့် လိပ်ဆံခွန်ရွာမှ ဝေမင်းအိမ်၏နေအိမ်သို့ ရောက်လာတော့ နံနက် (၆) နာရီကျော်ကျော်ခန့် ရှိပေပြီ။





''ဟင်... ဒါ ဒါဆိုရင် အစ်ကို အစ်ကိုညို့မှိုင်းက ဟို ဟို... တောင်သမန်ထိပ်ကမိစ္ဆာအိမ်ကြီးမှာပေါ့... ဟုတ် ဟုတ်လား ကိုဝေမင်း၊ ဘုရား ဘုရား... အဲဒီစံအိမ်ကြီးက မကောင်းဆိုးဝါးတွေ ရှိတဲ့ မိစ္ဆာအိမ်ကြီးပဲ၊ အဲဒီမှာ ညအိပ်တဲ့သူတွေမှန်သမျှ တစ်ယောက်မှ အသက်ရှင်လျက် ပြန်ထွက်လာတာ မရှိဘူးဆိုတာ ကိုဝေမင်း မသိဘူးလား၊ ဟို ဟို... အစ်ကို့ကိုရော မတားလိုက်ဘူးလားရှင်''

ဝေမင်းအိမ်ထံမှ ကြားလိုက်ရသော သတင်းစကားကြောင့် မြတ်ဆုနွေး၏ ရင်တစ်ခုလုံး ဗလောင်ဆူကာ စိုးရိမ်စိတ်တို့က နှလုံးသွေးတို့ကို ဆူပွက်လှုပ်ခတ်လာစေသည်သို့...။ ချစ်သူရှိရာသို့ ယုံကြည်အားကိုးစိတ်အပြည့်ဖြင့် အပြေးကလေးရောက်လာသူအား စိုးရိမ်ဖွယ်သတင်းစကားက မြတ်ဆုနွေး၏နှလုံးသားကို ဓားထက်ထက်နှင့် ခွဲချလိုက်သည့်နှယ်ပါတည်း။

''သိပ်လည်း မစိုးရိမ်ပါနဲ့ မြတ်ဆု၊ ဟို... ဌာနာပိုင်ကြီး ဦးကျော်ခေါင်တို့ကလည်း ညို့မှိုင်းနောက်မှာ အရိပ်လိုကပ်ပြီး လိုက်နေကြတာပါ၊ နောက်ပြီး အဲဒီမိစ္ဆာစံအိမ်ကြီးမှာ အလောင်းအစားနဲ့ ညအိပ်တဲ့ကိစ္စကလည်း ညို့မှိုင်းကိုယ်တိုင် ဌာနာပိုင်ကြီးဦးကျော်ခေါင်နဲ့ စည်းဝါးရိုက် စီစဉ်ပြီးမှ လုပ်ကိုင်ကြတာပါ မြတ်ဆု''

''ဟင်... ဘယ် ဘယ်ကဘယ်လို ဌာနာပိုင်ကြီးဦးကျော်ခေါင်က ပါလာရတာလဲ၊ အစ်ကို အစ်ကိုညို့မှိုင်းက ဟို ဟို... ပုလိပ်တွေနဲ့ပေါင်းပြီး ဘာတွေဖြစ်နေတာလဲ ကိုဝေမင်း၊ တစ်ဆိတ် မြတ်ဆုကို ရှင်းပြပါဦး ရှင်ရယ်''



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဆုနွေး၏ သနားစဖွယ် အငိုမျက်နှာကြောင့် ဝေမင်းအိမ်မှာ ညိုမှိုင်း၏ လျှို့ဝှက်ထားသည့် ဘဝတစ်စိတ်တစ်ပိုင်းနှင့် ဥာနာပိုင်ကြီးဦးကျော်ခေါင်တို့နှင့် ပူးပေါင်း၍ မိစ္ဆာစံအိမ်ကြီးမှ လျှို့ဝှက်ချက်မှုခင်းများကို ဖော်ထုတ်နေပုံတို့ကို မြတ်ဆုနွေးအား ရှင်းပြပြောဆိုလိုက်ရပါလေ၏။

"ဟင်... ဒါ ဒါဆို ဟို အဲ အဲဒီ ဒုစရိုက်အဖွဲ့က လူသတ်သမားတွေရဲ့ အန္တရာယ်ကနေ အစ်ကို အစ်ကို လွတ် လွတ်ပါ့မလား ရှင်၊ ဟို ဟို မြတ် မြတ်ဆုတို့ လိုက်သွားကြရင်ကောင်းမယ်ထင်တယ်"

"အခုပဲ အဲဒီ မိစ္ဆာစံအိမ်ကြီးဘက်ကို ကျွန်တော် သွားတော့မလို့ ပြင်နေတာ၊ ဟို မြတ်ဆုရောက်လာလို့သာ ရှင်းပြနေရတာ နောက်တောင်ကျနေပြီလား မသိဘူး"

"အို... မြတ်ဆုမှ မသိတဲ့ဟာ၊ ကဲ... ဒါဆိုရင် အခုသွားကြမယ်လေ"

ညိုမှိုင်းအတွက် စိုးရိမ်ပူပန်စိတ်က ဖိစီးနေပြီမို့ မြတ်ဆုနွေးမှာ နေအိမ်မှ ထွက်ပြေးလာခဲ့သည်ကိုပင် အမှတ်မရနိုင်ရှာပြီထင့်၊ ဝေမင်းအိမ် လှမ်းပေးသည့် ဆိုင်ကယ်စီးဦးထုပ်ကို ခေါင်းတွင်ဆောင်းလိုက်ပြီး ဆိုင်ကယ်နောက်မှ လိုက်ပါသွားပါချေတော့သည်။

ဘီအက်စ်အေဆိုင်ကယ်ကြီးက လိပ်ဆံခွန်ရွာမှ ထွက်ကာ ရှန်ကာဝီကို ဖြတ်ကျော်လျက် တောင်သမန်တံတားကြီးရှိရာသို့ ဦးတည်မောင်းနှင်လျက်။ ထိုအချိန်တွင်...

kkk





## မိစ္ဆာစံအိမ်အတွင်းမှ လျှို့ဝှက်ချက်များ

ခါးကုန်းကြီးဦးလူလုက လှေကားအောက်ရှိ သေတ္တာကြီးတစ်လုံးရှေ့တွင် ရပ်လိုက်ပြီး လှေကားခုံအောက်ကွယ်မှ ခလုတ်တစ်ခုကို ဖိနှိပ်လိုက်သည်။ သေတ္တာကြီးက တကျွိကျွိမြည်ကာ တစ်ဖက်သို့ လည်ထွက်သွားသည်။

မြင်တွေ့လိုက်ရသည်က သေတ္တာကြီးအောက်ကြမ်းပြင်မှ လျှို့ဝှက်အံဖုံးတံခါးတစ်ခု။ ထိုအံဖုံးက လက်ကိုင်သံကွင်းမှဆွဲ၍ ဖွင့်လိုက်တော့ လျှို့ဝှက်မြေအောက်ခန်းသို့ဆင်းသည့် လှေကားတစ်ခုကို ဘွားခနဲ တွေ့လိုက်ရပါတော့သည်။

ညိုမှိုင်းက ခါးကုန်းကြီးဦးလူလုနောက်မှ သတိနှင့်ဆင်းလိုက်လာသည်။ ညိုမှိုင်းနောက်မှာတော့ ဥာနာပိုင်ကြီးဦးကျော်ခေါင်နှင့် ပုလိပ်သားတချို့က သေနတ်များကို အသင့်ကိုင်လျက်လိုက်ပါလာကြသည်။ စင်စစ် ဥာနာပိုင်ကြီးဦးကျော်ခေါင်က ညိုမှိုင်းနှင့်ပေါင်းကာ ခါးကုန်းကြီးဦးလူလုအား ခြောက်လှန့်ကြိမ်းမောင်းပြီး လျှို့ဝှက်မြေ



www.burmeseclassic.com

www.burmeseclassic.com



အောက်ခန်းကို စစ်မေးစေခဲ့ခြင်းဖြစ်သည်။

မြေအောက်ခန်းထဲတွင် မည်သည့်နေရာကရရှိသည်မသိ။ အလင်းရောင်ဖျော့ဖျော့က ဖြန့်ကြက်ကျဆင်းလျက်။ လူအများစု ဖြစ်သဖြင့် ခြေသံများကိုမူ ထိန်းချုပ်၍မရ။

"သတိထား မောင်ညိုမှိုင်း... ဒီကောင်တွေအုပ်စု ဒီမြေအောက်ခန်းထဲမှာ ပုန်းခိုနေကြလိမ့်မယ်၊ ဒီမှာ ခါးကုန်းကြီး... ဒီမြေအောက်ခန်းထဲမှာ အခန်းတွေ ဘယ်နှခန်းရှိသလဲ၊ ဘယ်လောက်တောင်ကျယ်သလဲ"

"ဟို ဟို... အခန်းတွေကတော့ အများကြီးပဲ ဌာနာပိုင်ကြီး။ အပေါ်က စံအိမ်ကြီးလောက်ကိုကျယ်တယ်၊ နောက်ပြီး ဟို ဟို... ရွှေ ရွှေ ဒင်း..."

'ဒိုင်း'

"အင့်"

ရုတ်တရက်ကြားလိုက်ရသော သေနတ်သံတစ်ချက်နှင့်အတူ ရှေ့ဆုံးမှ ခါးကုန်းကြီးဦးလှလှတစ်ချက်မျှ ညည်းတွားကာ ခွေကျသွားသည်။

"ဟာ... သေနတ်နဲ့ဆီးပစ်တယ် ဦးကျော်ခေါင်"

"ရတယ်... မောင်ညိုမှိုင်း အကွယ်မှာပဲ ဝပ်နေတော့၊ ကျုပ်တို့ ဝင်ပြီးရှင်းမယ်"

'ဒိုင်း ဒိုင်း ဒိုင်း'

"ဟေ့... လက်နက်ချကြ၊ မင်းတို့ ဘယ်လိုမှ ပြေးမလွတ်တော့ဘူး၊ တစ်ခြံလုံး ငါတို့ ပုလိပ်အဖွဲ့က ဝိုင်းထားပြီးပြီ"

တသင်ကြီးဦးညိုပု၏ အော်ဟစ်အမိန့်ပေးသံကြီးက သေနတ်သံများကြားတွင် ပဲ့တင်ဟိန်း၍ ထွက်လာသည်။ ရုတ်ရုတ်သဲသဲကြားတွင် ညိုမှိုင်းရှေ့သို့ လှစ်ခနဲ ပြေးထွက်သွားသည်ကို မည်သူမျှ သတိမထားမိလိုက်ကြ။ မြေအောက်ခန်းကျယ်ကြီးထဲတွင် ဖွဲ့စည်းထားသော အခန်းငယ်လေးများက များပြားလှသဖြင့် ဌာနာပိုင်ကြီးဦးကျော်ခေါင်တို့ နှစ်ဖွဲ့ ဖွဲ့ကာ ဝင်ရောက်စီးနင်းကြသည်။

သေနတ်သံများကို ကြားနေရသော်လည်း ရန်သူ၏လှုပ်ရှားမှုကို မတွေ့ရသဖြင့် ဦးကျော်ခေါင်တို့ အရမ်းကာရော မဝင်ရဲကြ။ ခါးကုန်းကြီးဦးလှုလှကို တစ်ချက်တည်းနှင့် အပိုင်ပစ်ချနိုင်သည့် ရန်သူကို အထင်မသေးရဲ။ စင်စစ် မြေအောက်ခန်းထဲသို့ ဆင်းကာ ပုန်းအောင်းနေကြသည့် ရန်သူများမှာ စိတ်ကြိုက်နေရာများတွင် နေရာယူလျက် ဝင်ရောက်လာသည့် ပုလိပ်များကို အပိုင်ပစ်ခတ်နေခြင်းပင်။

"ဟာ... ဒီကောင်တွေ သေနတ်ကိုင်တဲ့အဆင့်ထိတောင်ရှိ တယ်ဆိုတော့ ကေန္တ ဒုစရိုက်ဂိုဏ်းကြီးတစ်ဂိုဏ်း ဖြစ်ဖို့များတယ်၊ ဟို... ခါးကုန်းကြီး မသေခင်ပြောသွားတဲ့ စကားအရဆိုရင် ရွှေ ရွှေ ဒင်္ဂါးအတုလုပ်တဲ့ဂိုဏ်းများလား မသိဘူးဟေ့"

"ဖြစ်နိုင်တယ် ဌာနာပိုင်ကြီး၊ ဒီကောင်တွေအဖွဲ့က ရွှေဒင်္ဂါးတွေ သုံးလေ့သုံးထရှိတယ်၊ လောင်းကစားဝိုင်းတွေမှာ ရွှေဒင်္ဂါးတွေပဲ ပလူပျံနေတာ တွေ့ရတယ်၊ ဟော ဟော ဟို ဟိုမှာ ဘာတွေလဲ"







www.burmeseclassic.com

www.burmeseclassic.com



ဌာနာပိုင်ကြီးဦးကျော်ခေါင်တို့အဖွဲ့ အခန်းတစ်ခုထဲသို့ ဝင်ရောက်လိုက်သည်နှင့် စက်ပစ္စည်းအချို့နှင့် သေတ္တာပုံးလေးများကို စီစီရီရီ တွေ့လိုက်ကြရပါ၏။ သေချာစွာ အနီးကပ်၍ စစ်ဆေးကြည့်လိုက်တော့ ရွှေဒင်္ဂါးအတုလုပ်သည့်စက် ဖြစ်နေသည်ကို အံ့ဩစွာ တွေ့လိုက်ရသည်။

"ဟာ... ဒါ ဒါ ရွှေဒင်္ဂါးအတုလုပ်တဲ့ စက်ကြီးပဲ၊ သေချာပြီ ဒီကောင်တွေကို အပိုင်ဖမ်းမှုဖြစ်မယ်၊ ရဲဘော်တို့ သတိထားကြပေ့"

"ဟို ဌာ ဌာနာပိုင်ကြီး... ဒီ ဒီ ဒီသေတ္တာလေးတွေထဲမှာ ရွှေ ရွှေ ဒင်း ဂါး ရွှေဒင်္ဂါးတွေ တွေ့ရတယ်"

ရွှေဒင်္ဂါးအတုလုပ်သည့်စက်ကိရိယာများနှင့် ရွှေဒင်္ဂါးအတုများကို တွေ့နေရသည့်တိုင် တရားခံ ဒုစရိုက်သမားများကိုမူ တစ်ယောက်မျှ မတွေ့ရသဖြင့် ဦးကျော်ခေါင် စဉ်းစားချိန်ဆနေပါ၏။ စောစောက ခါးကုန်းကြီးဦးလူလှအား ပစ်သတ်သွားသည့်သေနတ်သမားသည် မည်သည့်နေရာတွင် ပုန်းခိုနေပါသနည်း။

ထိုအချိန်တွင် ဝေမင်းအိမ်နှင့် မြတ်ဆုတို့၏ဆိုင်ကယ်က တောင်သမန်ထိပ်မှ မိစ္ဆာအိမ်ခေါ် မင်းကင်းမြို့စားကြီး၏ ငါးဆောင်ပြိုင်စံအိမ်ကြီးရှေ့သို့ ဝူးခနဲ ဆိုက်ရောက်လာခဲ့သည်။

သူတို့ရောက်ရှိလာတော့ ခြံဝင်းကြီးထဲတွင် လက်နက်ကိုင်ပလိပ်များက ဝိုင်းရံစောင့်ကြပ်နေကြသည်ကို တွေ့မြင်လိုက်ကြရသည်။ စံအိမ်တံခါးဝအနီးမှ စာသင်ကြီးဦးညီပုက ဝေမင်းအိမ်ကို သိသဖြင့် သတိပေးစကားပြောလိုက်သေးသည်။





"ဪ... မောင်ဝေမင်းတို့ပါလား၊ မောင်ညီမှိုင်းနဲ့ဌာနာပိုင်ကြီးတို့တော့ မြေအောက်ခန်းထဲမှာ ဝိုက်စိပ်တိုက်ရှာနေကြသေးတယ်၊ တရားခံတွေ အကုန်လုံး မမိသေးဘူးကွဲ့၊ သတိထားပြီးသွားကြ"

ချစ်ရသူညီမှိုင်းတစ်ယောက် ယခုအချိန်အထိ အသက်ရှင်လျက် ရှိသေးကြောင်း မြတ်ဆုနွေး သိလိုက်ရသဖြင့် ထိတ်ခနဲဝမ်းသာသွားမိသည်။ သို့သော်လည်း တရားခံများကို ယခုအချိန်ထိ မဖမ်းမိသေးသဖြင့်လည်း စိုးရိမ်နေမိပြန်ပါ၏။ ထို့ကြောင့် ဝေမင်းအိမ်တို့နှစ်ယောက်မှာ စံအိမ်ကြီးအတွင်းသို့ ဝင်ရောက်ခွင့်မရကြ။ အပြင်မှသာ အခြေအနေကို စောင့်ကြည့်နေကြရသည်။

ထိုအချိန်တွင် ညီမှိုင်းတစ်ယောက် သူအလိုရှိသည့် ဆရာကြီး ဆိုသူအား သဲကြီးမဲကြီး ရှာဖွေလျက်ရှိပါ၏။ အခန်းဖွဲ့စည်းပုံများနှင့် ရှုပ်ထွေးလှသည့် မြေအောက်ခန်းကြီးထဲတွင် တစ်ခန်းဝင်တစ်ခန်းထွက်ရှာဖွေနေသည့်တိုင် ထူးထူးခြားခြားပျောက်ဆုံးနေသည့် တရားခံများကတော့ ခြေရာလည်းပျောက် ရေလည်းနောက်နေဆဲပါတည်း။

"ဒါဆိုရင် ဟောဒီမြေအောက်ခန်းထဲကနေ အပြင်ကိုထွက်တဲ့ လျှို့ဝှက်မလွယ်ပေါက်တံခါးရှိမယ်ထင်တယ်၊ ဒီကောင်တွေ အဲဒီနေရာကများ ထွက်သွားခဲ့ရင်"

အချိန်မရှိတော့ပြီမို့ ညီမှိုင်း ထိုမလွယ်ပေါက်ကို အပြေးအလွှား ရှာဖွေနေမိသည်။ မကြာမီ ကျဉ်းမြောင်းသော စကြံလမ်းကြောင်းတစ်ခုကို တွေ့ရှိလိုက်သဖြင့် ထိုလမ်းကြောင်းအတိုင်း သတိနှင့်ပြေးဝင်လာခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရိပ်ခနဲ ပြေးထွက်သွားသည့် လူရိပ်တစ်ခုနှင့်အတူ ခပ်လှမ်းလှမ်းမှ ထွက်ပေါက်တစ်ခုကိုပါ ညိုမှိုင်းတွေ့လိုက်ရသည်။ ထိုအချိန်တွင် အပြင်မှ ဆူညံစွာထွက်ပေါ်လာသော သေနတ်သံများကိုပါ ကြားလိုက်ရသည်။

'ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း'

တစ်ဆက်တည်းမှာပင် မလှယ်ပေါက်မှ ပြန်ကွေ့၍ ပြေးလာသော လူရိပ်တစ်ခုနှင့် မျက်နှာချင်းဆိုင်လိုက်မိသည်တွင်...

ဒိုင်း'

ရုတ်တရက်ထွက်ပေါ်လာသော သေနတ်သံတစ်ချက်နှင့်အတူ ညိုမှိုင်း၏ညာလက်မောင်းကို ကျည်ဆန်ထိမှန်သွားပြီး လက်ထဲမှ ပစ္စတိုသေနတ်ပါ လွင့်စဉ်ထွက်သွားသည်။

"အင့်"

အပြင်မှ တိုးဝင်လာသော အလင်းရောင်ကြောင့် သူ့ရှေ့မှ သေနတ်သမား၏ မျက်နှာကို ညိုမှိုင်းတွေ့မြင်လိုက်ရသည်။

"သူရ"

နာကြည်းစွာပင် လွင့်စဉ်ထွက်ကျလာသော စကားလုံးများနှင့်အတူ သူရ၏မျက်နှာကို ညိုမှိုင်း စူးစူးနစ်နစ်ကြည့်လိုက်သည်။ ထိုစဉ် သူ့အား သေနတ်နှင့်ချိန်ရွယ်ထားသည့် သူရထံမှလည်း နာနာကြည်းကြည်းလေသံကြီးဖြင့်...

"ဟုတ်တယ် ညိုမှိုင်း... သို့လာဝီကို မင်းရောက်လာတာဟာ ငါ့အတွက် နတ်ဆိုးတစ်ကောင် ရောက်လာသလိုပဲကွ၊ ညာက





တည်းက ငါကိုယ်တိုင် မင်းဆီလာပြီး အသေသတ်ပစ်လိုက်ရမှာကွ ဟင်း .... ဟင်း"

"ဘာလဲ... မင်းရဲ့လူကြီးလူကောင်းအမည်ခံမျက်နှာဖုံးကို ငါ ဆွဲချွတ်လိုက်မှာစိုးလို့လား၊ သိပ်နောက်ကျသွားပြီ သူရ၊ ခါးကုန်းကြီး ဦးလူလှမသေခင် အားလုံးဖြောင့်ချက်ပေးပြီး ဝန်ခံသွားပြီလေ၊ ဟင်း ဟင်း... အခုတော့ မင်းရဲ့မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးမျက်နှာဖုံးကြီးက ဘွားဘွားကြီးပေါ်လာပြီ မဟုတ်လား၊ သူရလို့ခေါ်တဲ့ ရွှေဒင်္ဂါးတုဂိုဏ်းခေါင်းဆောင်ကြီးရဲ့... ဟင်း ဟင်း ဟင်း"

ညိုမှိုင်း၏အချက်ကျကျစကားကြောင့် သူရတစ်ယောက် ရှူးရှူးရှားရှားနှင့် ဒေါသူပုန်ထကာ ညိုမှိုင်း၏နှလုံးသားတည့်တည့်သို့ သေနတ်နှင့် တန်းခနဲ ချိန်ရွယ်လိုက်သည်။

"တောက်... မင်းဟာ ငါ့ဘဝကိုလည်း ဖျက်ဆီးပစ်တယ်၊ ငါ့ရဲ့ချစ်သူကိုလည်း ငါ့လက်ထဲကနေ လုယူဖို့ကြိုးစားတယ်၊ အေး.. ငါ့ရဲ့နှလုံးသားကို လုယူဖို့ဆိုရင်တော့ ဟိုး နောက်ဘဝတမလွန်မှာပဲ ရှာပြီးယူချေပေတော့ ပန်းချီဆရာရေ"

သူရတစ်ယောက် ဒေါသတကြီး အော်ဟစ်ကာ သေနတ်ခလုတ်ကို ဆွဲရန်ပြင်လိုက်စဉ်မှာပင်...

"အို... မပစ်နဲ့ မပစ်နဲ့ အစ်ကို မပစ်ပါနဲ့"

ရိပ်ခနဲ လှုပ်ရှားမှုတစ်ခုက မလှယ်ပေါက်တံခါးဆီမှ ပြေးဝင်လာပြီး သူရ၏သေနတ်ကိုင်လက်ကို ဆွဲယူရန် ကြိုးစားလိုက်သည်။

ဟုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဆုနွေး၏မယုံကြည်နိုင်ဖွယ် သစ္စာတရား၏အင်အားက အချစ်အတွက် တွန်းအားပေးလိုက်သည်ထင့်။ သူရ၏လက်ထဲမှ သေနတ်ကို မိမိရရဆုပ်ကိုင်ကာ ဆွဲယူလုယက်နေပါချေပြီကော။

"ဟာ… မြတ်ဆု မြတ်ဆု၊ မလုပ်နဲ့… မလုပ်နဲ့လေ"

"အို… ဖယ်စမ်း မြတ်ဆု၊ ငါ့လက်ကိုလွှတ်စမ်း၊ မင်းရဲ့ အချစ်ကို ပိုင်ဆိုင်ရဖို့ဆိုရင် ငါ့ရှေ့ကိုရောက်လာတဲ့ အတားအဆီး မှန်သမျှ ဟောဒီလောကကြီးထဲကနေ မောင်းထုတ်ပစ်ရမယ်… ဖယ်… ဖယ်စမ်း"

"အို… မဖယ်ဘူး မပစ်နဲ့… မပစ်နဲ့၊ အစ်ကိုညိုမှိုင်းကို မပစ်ပါနဲ့ ကိုသူရရယ်"

ထိုစဉ်မှာပင် ဒဏ်ရာတစ်ဖက်နှင့်ညိုမှိုင်းမှာ မြတ်ဆုနွေးနှင့် ထွေးလုံးရစ်ပတ်ဖြစ်နေသည့် သူရထံသို့ ရှိသမျှအင်အားဖြင့် လှမ်းခုန် ခုန်အုပ်လိုက်သည်တွင်…

'ဒိန်း'

ကျယ်လောင်စူးရှစွာ ထွက်ပေါ်လာသည့် သေနတ်သံတစ် ချက်နှင့်အတူ သူရနှင့် လုံးထွေးနေသည့် မြတ်ဆုနွေး၏ ခန္ဓာကိုယ် လေးမှာ တဖြည်းဖြည်း ညွတ်ခွေကျသွားပါ၏။

ထိုအဖြစ်အပျက်ကို သူရရောညိုမှိုင်းပါ တဒင်္ဂမျှ ငေးကြောင် ကြည့်နေကြသည်။

အတန်ကြာမှ…

"ဟာ… သွေး သွေးလာစီ"





"အို… မြတ်ဆု မြတ်ဆု မြတ်ဆု"

သူရတစ်ယောက် အံ့သြထိတ်လန့်စွာဖြင့် လက်ထဲမှသေနတ် ကို ပစ်ချလိုက်ပြီး မြတ်ဆုနွေးရှိရာသို့ ပြေးလာစဉ်…

'ဒိုင်း ဒိုင်း ဒိုင်း'

'အား အင့်'

ဌာနာပိုင်ကြီးဦးကျော်ခေါင်၊ စာသင်ကြီးဦးညီပုတို့ ပိုင်း၍ ပစ်ခတ်လိုက်သည့် ကျည်ဆန်များက သူရ (ခေါ်) လူသတ်သမား ရွှေဒင်္ဂါးတုကိုအားခေါင်းဆောင်ကြီး၏ ခန္ဓာကိုယ်အနှံ့အပြားသို့ ပြေးလွှား ဝင်ရောက်သွားကြပါတော့သည်။

မိန္တာစံအိမ်ကြီးထဲသို့ ဝင်ရောက်ခွင့်မရသဖြင့် ဝေမင်းအိမ်နှင့် မြတ်ဆုနွေးတို့နှစ်ယောက် ခြံဝင်းကြီးထဲတွင် စိုးရိမ်စိတ်ဖြင့် ရှာဖွေနေ ကြစဉ် အိမ်နောက်ဖေးဘက်မှ ပစ်ခတ်သံများကြားလိုက်ရသည်။

ထို့ကြောင့် ထိုနေရာသို့ အပြေးအလွှား ရောက်ရှိလာကြစဉ် မလွယ် ပေါက်တစ်ခုမှ ပြေးထွက်လာကြသည့် ဒုစရိုက်သမားတစ်စုနှင့် ပုလိပ်အဖွဲ့တို့ ရင်ဆိုင်တိုက်ပွဲဖြစ်နေကြသည်ကို တွေ့လိုက်ကြခြင်း ဖြစ်သည်။

"အို… ဟို ဟိုမှာ ပစ်ခတ်ကုန်ကြပြီ ကိုဝေမင်း"

"ဟင်… မြတ်ဆု မြတ်ဆု မသွားနဲ့ မသွားနဲ့လေ၊ ပစ်ခတ် နေတဲ့ကြားမှာ အန္တရာယ်ရှိတယ်"

သို့သော် ဝေမင်းအိမ်၏ ဟန့်တားချက်က နောက်ကျသွားခဲ့ ပါပြီ။ မြတ်ဆုနွေးတစ်ယောက် ချစ်ရသူညိုမှိုင်းအတွက် စိုးရိမ်ပူပန်



www.burmeseclassic.com

www.burmeseclassic.com



စိတ်က အရာအားလုံးထက် စိုးမိုးနေသည် မဟုတ်ပါလား။

အချိန်မီ လေးပင် ဖြစ်ပါ၏။

ရှေ့မြင်ကွင်းထဲတွင် မည်သို့မျှ မျှော်လင့်မထားသော ကိုသူရက ချစ်သူညိုမှိုင်းအား သေနတ်နှင့်ပစ်ခတ်ရန် ချိန်ရွယ်ထားသည်ကို တွေ့မြင်လိုက်ရသည်နှင့်...

"အိုး... မပစ်နဲ့ ... မပစ်နဲ့... အစ်ကို့ကို မပစ်နဲ့"

မယုံကြည်နိုင်ဖွယ် အချစ်၏အင်အားနှင့် သစ္စာတရားတို့၏ တွန်းအားတို့က မြတ်ဆုနွေးအတွက် ခွန်အားတစ်ခုဖြစ်စေခဲ့ပြီထင်၏။

သူ၏အင်အားလေးနှင့် ကိုသူရ၏လက်ထဲမှသေနတ်ကို ဝင်ဆွဲ၍ လုခဲ့ရာမှ မတော်တဆထွက်သွားသည့် ကျည်ဆန်တစ်တောင့်က သစ္စာရှင်မလေးမြတ်ဆုနွေး၏ရင်ကို စူးနစ်စွာ ထွင်းဖောက်သွားခဲ့ပြီတည်း။

"သျှီ... သျှီလာ... မြတ်ဆု မြတ်ဆု... ဖြစ်မှဖြစ်ရလေ မြတ်ဆုရယ်"

ညိုမှိုင်းတစ်ယောက် ဒဏ်ရာများကြားမှ ရင်ဝတွင်သွေးများ ရွှဲနစ်နေသည့် ချစ်ရသူ မြတ်ဆုနွေး ခေါ် သျှီလာဝီမင်းသမီးလေးအား ပွေ့ချီလိုက်ပါ၏။

ထိုစဉ် မြတ်ဆုနွေးထံမှ မပီဝိုးဝါးစကားသံတချို့က နှလုံးအိမ်အတွင်းမှ ယိုစီးထွက်ကျလာကြသည်သို့..., ။

"အ... အ အစ်ကို... ဘာ ဘာမှ မ မဖြစ်ဘူးနော်၊ မြတ် မြတ် ဆုလေ၊ အင်း... ကျွတ် ကျွတ် အား"





"မြတ်ဆု... မြတ်ဆု စားမပြောပါနဲ့လား၊ ဟို ဟို သိပ်မောနေလိမ့်မယ်နော်၊ အစ်... အစ်ကိုလေ"

သနားစဖွယ် အချစ်သစ္စာရှင်မလေး၏ နှုတ်ခမ်းလေးက တရွရွနှင့် တစ်စုံတစ်ရာကို ပြောချင်နေလေသည်လား။

ညိုမှိုင်းပွေ့ချီ ထားသည့်ကြားမှ လက်အစုံက တလှုပ်လှုပ်နှင့်၊

ထို့ကြောင့် ညိုမှိုင်းက နီရဲသောသွေးတို့ စွန်းထင်းပေကျံနေသည့် မြတ်ဆုနွေး၏လက်ကလေးကို ဆွဲယူကာ သူ၏မျက်နှာတွင် အသာအယာကပ်ထားလိုက်သည်။

"အင်း... ကျွတ် ကျွတ် အ မြတ်ဆုကို မြတ်ဆု သိပါတယ် အစ်ကိုရယ်၊ အစ်ကို့ကို မြတ်ဆု သိပ် သိပ်ပြီးချစ် ချစ်တယ်၊ ဟို ဟို မြတ်ဆုမျက်လုံးတွေ ဘာ.. ဘာမှ မ ... မမြင်ရတော့ဘူး အစ်ကို... အင်း အ"

ညိုမှိုင်းတစ်ယောက် မျက်ရည်ဖုံးသောမျက်လုံးတို့ဖြင့် ချစ်ရသူ မြတ်ဆုနွေးကို ကြေကွဲစွာ ကြည့်ရင်း ကုသိုလ်ကြွမှာမကောင်းခဲ့လေသော သူတို့နှစ်ဦး၏ဘဝကို ရင်ကွဲကြေဇနေမိသည်။

"မြတ်... မြတ်ဆုလေးရယ်"

"အစ်ကို အ အ အစ်ကိုရယ်... နောင် နောင်တမလွန်ဆိုတာ ရှိခဲ့မယ်ဆိုရင် ဟို ဟို အစ်ကို့ရဲ့အိပ်မက်ထဲက သျှီ သျှီလာဝီ မင်း မင်းသမီးလို သ သစ္စာတရားကို တိုင်တည်ပြီး ဖြစ်လေရာ ဘ ဘဝ အ ဆက်ဆက်မှာ အခုလို ကြ ကြ မှာ ဆိုး ဆိုးမျိုးနဲ့ မ မ ကြုံတွေ့ပါရစေနဲ့လို့ ဆု ဆု ဆု တောင်း အင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ… မြတ် မြတ်ဆု"

ညှိုမှိုင်း၏ ထိတ်လန့်ကြောက်ရွံ့စွာ ဟစ်အော်လိုက်သောအသံကြီးက စကြဝဠာတစ်ခွင်လုံးတစ်လျှားထိတိုင် ပဲ့တင်ရိုက်ခတ်သွားလေသည်လား။ မည်သို့ဆိုစေ သို့လာဝီမှ အချစ်သစ္စာရှင် အလှပန်းတစ်ပွင့်ကတော့ မုန်တိုင်းအဆင့် လေအပင့်တွင် ကြွေလွင့်သွားခဲ့ရပါချေပြီတည်း။

k k k





**တောင်သမန်ထိပ်က မိန္ဒာအိမ်နိဂုံး**

BURMESE CLASSIC

မိုးငွေ့မြူငွေ့များက တောင်သမန်အင်းနှင့် သို့လာဝီကျွန်းတစ်ဝိုက်တွင် အုံ့ဆိုင်းဝေ့ဝဲလျက်။ သစ်ရွက်သစ်ခက်များပေါ်မှ တပေါက်ပေါက်ကျလျှက်ရှိသော နှင်းမိုးစက်ကျသံတချို့ကသာ စည်းချက်နာရီသံအလား တဖျောက်ဖျောက်နှင့် ကျဆင်းနေကြသည်။

သရက်ရိပ်တွင်ခိုကာ တကီးကီးနှင့် တစ်ကောင်တည်း အော်မြည်နေသည့် ငှက်ခါးတစ်ကောင်၏အဖော်ကွဲတေးသံကသာ လေးလေးမှန်မှန် ထွက်ပေါ်လျက် ရံဖန်ရံခါ ကမ်းစပ်သို့လာရောက် ရိုက်ခတ်သည့် တောင်သမန်အင်းရေလှိုင်းပုတ်သံကလည်း သဘာဝဆန်လှသော ဂီတသံကဲ့သို့… ။

သို့လာဝီကျွန်းထက်ရှိ အုတ်ဂူဖြူဖြူလေးရှေ့မှာတော့ သက်မဲ့ကျောက်ဆစ်ရုပ်တစ်ခုနှယ်။ ညှိုမှိုင်းရပ်နေသည်မှာ အချိန်ကြာမြင့်လှပါချေပြီ။

မျက်ရည်စတို့ဖြင့် ဝေ့သီနေသည့် ရီဝေသောမျက်လုံးအစုံက



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းအုတ်ဂူတွင် ရေးထိုးထားသည့် ကမ္ပည်းစာတန်းလေးကို ငေး စူးနစ်စွာ ကြည့်နေပါ၏။

အချစ်သစ္စာရှင်မလေး

မြတ်ဆုနွေး

အသက် (၂၁) နှစ်

(၁၅-၁၂-၃၉) တွင် ကွယ်လွန်အနိစ္စရောက်သည်။

စာတန်းလေး ညိုမှိုင်းဖတ်နေရင်းမှပင် တဖြည်းဖြည်းမှုန်ဝိုး ဝေဝါးသွားပါ၏။

ရင်ထဲတွင် စူးခနဲ နင့်နင့်နဲနဲ ဖြစ်သွားချိန်တွင် မျက်ရည်တစ် စက်က ညိုမှိုင်း၏ပါးပြင်ထက်သို့ ပွန္နေးစွာ လိမ့်ဆင်းကျလာခဲ့သည်။

တစ်ချိန်တည်းမှာပင် သျှိုလာဝီပုရပိုက်မှတ်တမ်းထဲမှ သျှိုလာ ဝီမင်းသမီးလေး၏ သစ္စာကျိန်စာကို ညိုမှိုင်းပြန်လည်၍ ကြားယောင် လာမိသည်။

ဘဝများစွာ ဝေးဝေး၊
သံသရာမှာ ကွာကွာ၊
တမလွန်မှာ ရှိရှိ၊
အရှင့်အပေါ် ချစ်ခဲ့မိသော မေတ္တာတရားသည်
မြူတစ်မှုန်မျှ လျော့ပါးမသွားခဲ့ပါ။
ဤသစ္စာစကား မှန်ကန်ပါက
အရှင်ဖြတ်မည့် ငါ၏လည်ချောင်းသွေးနီနီတို့သည်
ဆွတ်ဆွတ်ဖြူစီးကျပါစေသတည်း။





တစ်ရံရောအခါက စစ်ကိုင်းမင်းလက်ထက် သားတော် အိမ်ရှေ့စံမင်းသား နန္ဒယော်ဓာ၏ သျှိုလာဝီမင်းသမီးလေးအပေါ် မဆင်မခြင်ပြုမှုမိခဲ့သော အမှားတစ်ခုကြောင့် သျှိုလာဝီကျွန်းတစ်ကျွန်း လုံး ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တိုင် သျှိုလာဝီမင်းသမီး၏ သစ္စာ ကျိန်စာသင့်ခဲ့ရသည်ဟု သျှိုလာဝီပုရပိုက်တွင် ဖတ်ရှုခဲ့ရသည်။ ယခု အချိန်တွင်လည်း။

တဖြုတ်ဖြုတ်နှင့် ကြွေသက်ကျလာသော ခရေပွင့်အချို့ ကြောင့် ညိုမှိုင်း၏ လွင့်ပျံ့နေသော စိတ်အာရုံတို့ ငြိမ်သက်စပြုလာခဲ့ သည်။

သို့တိုင်အောင် မျက်ဝန်းအိမ်မှာတော့ မျက်ရည်စတို့က ဝေ့သီ လျက် ရှိနေဆဲ၊

"ဪ... အိပ်မက်ကမ္ဘာထဲက သျှိုလာဝီမင်းသမီးလေး ရယ်... အခုဆိုရင် မင်းရဲ့ ဖြူစင်တဲ့ သစ္စာတရားတွေနဲ့အတူ ငြိမ်းချမ်း တိတ်ဆိတ်တဲ့ အုတ်ဂူဖြူဖြူလေးရဲ့အောက်မှာ ထာဝရအိပ်မောကျ နေရှာပြီပေါ့ကွယ်၊ မင်း ဆုတောင်းခဲ့သလို နောင်တမလွန်ဆိုတာ ရှိခဲ့ရင် သန့်စင်တဲ့လောကသစ္စာတရားတွေနဲ့သာ တည်ဆောက်ထားတဲ့ အဖြူရောင်သစ္စာဘုံဗိမ္မာန်လေးထဲမှာ ထာဝရငြိမ်းချမ်းစွာ နေနိုင်ပါစေလို့ အစ်ကို ဆုတောင်းခဲ့ပါတယ် သျှိုလာဝီလေးရယ်"

သျှိုလာဝီကျွန်းပေါ်မှာတော့ အဖော်ကွဲငှက်ခါးတစ်ကောင်၏ လွမ်းဆွတ်ဖွယ် အော်မြည်သံလေးက ကြေကွဲစွာ လွင့်ပျံ့စီးမျောနေဆဲ၊ ခရေရွက်တို့ကလည်း တဖြုတ်ဖြုတ် ကြွေသက်ကျနေဆဲ။



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ထိုအတူ တောင်သမန်အင်းထက်တွင်လည်း မြူနှင်းမိုးငွေ့တို့က ယှက်သန်းဝေ့ဝဲနေဆဲ ... ။

" ယောနိသောမနသိကာရ "
ဝေဖန်အကြံပေးစာများကို မျှော်လင့်လျက် . . .
သက်မင်းဂျူလိုင်
PH - 09.73000738

အမရပူရတစ်ဝိုက်နှင့် တောင်သမန်ဇာတ်လမ်းတစ်ပုဒ်ကို ရေးဖွဲ့ပေးရန် တောင်းဆိုထားကြသည့် (ငယ်သူငယ်ချင်းတစ်စု)အတွက် ရည်ညွှန်း၍ ဤဝတ္ထုကို ရင်နှင့်ရင်း၍ ရေးဖွဲ့ခဲ့ပါကြောင်း ... ။

(စာရေးသူ)

ကြယ်စင်သစ်စာပေတိုက်

www.burmeseclassic.com